www.burmeseclassic.com

စစ်ကိုင်း ဦးဘိုးသင်း

# မနုစာရီ



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

မနုစာရီကား မိဖုရားကြီး၏ သဘောတော်အရ သမီးတော်အဖြစ်နှင့် တည်ရ၍ မပြီးမပြတ်နိုင်သော တရားတို့ကို စီရင်ရသည့်ပြင် ဘုရင်မင်းမြတ်ကိုလည်း အကြံပေးအဖြစ်နှင့် တည်ရ၏။ အိမ်ရှေ့မင်း သုစိတ္တနှင့် တိုင်ပင်တွဲဖက်၍လည်း နိုင်ငံတော် ကြီးကျယ်ကောင်းစားအောင် ဆောင်ရွက်ရခြင်းကား မပြတ်မလပ်လောက်ပင် ဖြစ်နေ၏။

"ပြုံးသောမျက်နှာ၏ အတွင်း၌ (မာယာ) သန်လျက်ဓားသည် တမြည့်မြည့်သွေးကာ ထက်လျက် ရှိသည်။"

"အကျိုးကို လိုလားဟန်နှင့် ဟန်ဆောင်ကာ မျက်နှာပြသောသူ၏ အတွင်း၌ လျှို့ရန်မီးတုတ်သည် အသင့် ဖြစ်နေသည်။"

"မနုစာရီက သင်တို့ကို ချစ်သလို သင်တို့က မနုစာရီကို ချစ်၍ မနုစာရီ၏ သွန်သင်ထားချက်ကို မဖျက်ပါနှင့်။"

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | နို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | နို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | နို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ဖုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## စစ်ကိုင်း ဦးဘိုးသင်း [ ၁၈၉၀–၁၉၇၃ ]

သရက်ခရိုင် မင်းတုန်းမြို့ မြို့သစ်ကုန်းရပ်၌ အဖ ဦးဘိုးသာ၊ အမိ ဒေါ်ရွှေဆိတ်တို့က ၁၈၉၀ ပြည့်နှစ် ဇူလိုင် ၃၁ ရက် ကြာသပတေးနေ့တွင် မွေးဖွားသည်။ မွေးချင်း သုံးယောက်တွင် ဒုတိယမြောက် သားဖြစ်၍ အမည်ရင်း ဦးဘိုးသင်း ဖြစ်၏။

မန္တလေး ဆရာအတတ်သင် နော်မန်ကျောင်းမှ ဆရာဖြစ်သင် အောင်ခဲ့သည်။

မြစ်ကြီးနားမြို့တွင် ကျောင်းဆရာအဖြစ် စတင် အမှုထမ်းသည်။ ဗန်းမော်တွင် ကျောင်းဆရာ၊ ခေတ္တပညာအုပ်၊ တစ်ဖန် ရန်ကုန်ကူးသန်းရောင်းဝယ်ရေး သတင်းစာ လက်ထောက် အယ်ဒီတာ၊ တောင်သာ 'အေ'နယ် ဒုတိယပညာအုပ်၊ ထိုစဉ်ပင် 'ပညာမဏ္ဍိုင်' သတင်းစာကို တစ်လ တစ်ကြိမ် ဦးစီးထုတ်သည်။ တောင်သာ၊ စစ်ကိုင်း၊ မော်လိုက်၊ ထားဝယ်တို့တွင် ခေတ္တပညာအုပ် လုပ်ခဲ့သည်။ မလွတ်လပ်ဟု ယူ၍ အလုပ်ထွက်ပြီး စာရေးဆရာဘဝသို့ ကူးပြန်သည်။ တစ်ဖန် မြစ်ကြီးနား ပညာအုပ်အဖြစ် ဂျပန်ဝင်စထိ အမှုထမ်းပြီးနောက် အငြိမ်းစားယူခဲ့သည်။

ကျောင်းဆရာ ဖြစ်လာသောအခါ သူရိယ၊ ကူးသန်းရောင်းဝယ်ရေး စသည့် သတင်းစာများတွင် လည်းကောင်း၊ သူရိယ၊ ပညာအလင်း စသည့် မဂ္ဂဇင်းများတွင် လည်းကောင်း ဝတ္ထုတိုနှင့် ဆောင်းပါးများ ရေးသည်။ 'မိန်းမတို့အတွက်'၊ 'ယောကျ်ားတို့အတွက်'၊ 'ကျောင်းသားတို့အတွက်' စာအုပ်များကို သူရိယတိုက်မှ ထုတ်ခဲ့သည်။ 'သားသမီးများ ကြီးပွားရေးလက်စွဲကျမ်း' ကို ပြုစုသည်။ ကျောင်းသားများအတွက် 'မင်္ဂလသုတ် အကျယ်ကျမ်း'၊ 'လောကသာရ အဖြေ'၊ 'စိန္တကျော်သူ အဖြေ'၊ 'ကျည်းကန်ကိုရင်ကြီး မေတ္တာစာ အဖြေ'၊ 'ဘလ္လာတိယပျို့အဖြေ'၊ 'မူလတန်းသဒ္ဒါ'၊ 'မြန်မာသဒ္ဒါ ပထမတွဲ၊ ဒုတိယတွဲ' ရေးခဲ့သည်။ ကျောင်းသုံး ပြဋ္ဌာန်းအဖြစ် တိုင်းရင်းသားဘာသာ ကျောင်းများအတွက် 'ကိုးသိန်းမောင်'၊ 'ဦးအောင်စေယျ'၊ 'စလေမင်းခွေး'၊ အင်္ဂလိပ်ကျောင်းများအတွက် 'ခရီးသည်ကြီး'၊ 'ခေတ်သစ်မောင်'၊ အမျိုးသားကျောင်းများအတွက် 'တို့တိုင်းပြည်'တို့ကို ရေးသည်။ 'ပင်လယ်ပျော် သီသီ'၊ 'တို့ပြည်'၊ 'ဖာတစ်လုံး ခေါင်းကျား' တို့မှာ ကျောင်းစာကြည့်တိုက်သုံး ဖြစ်လာသည်။ ဝတ္ထုနှင့် ကျမ်းစာအုပ် ၉၀ ကျော်နှင့် မထုတ်ဖြစ်ခဲ့သည့် စာအုပ် ၂၀ ကျော် ပြုစုခဲ့သည်။ ထုတ်ဝေပြီး စာအုပ်များအနက် ဖာတစ်လုံး ခေါင်းကျား (၁၉၃၈)သည် အစောပိုင်း ထင်ရှားသောဝတ္ထု ဖြစ်သည်။ ရုပ်ရှင်အဖြစ်ပါ အောင်မြင်ခဲ့သည်။ ငမဲကျွန်ဝတ္ထုသည် ၁၉၅၄ ခု စာပေဗိမာန်ဆု ရရှိသည်။ သူ့အမြင်နှင့် သူ့အတွေး (၁၀–တွဲ)[၁၉၆၅–၆၆]သည် သိမှတ်ဖွယ်ရာ၊ ဆင်ခြင် စဉ်းစားဖွယ်ရာ အများ ပါဝင်သောကြောင့် တစ်မူထူးခြားသည်။ စစ်ကိုင်းဦးဘိုးသင်း ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ (၁၉၇၉)သည်ကား မိမိ၏ ပျော့ကွက်၊ ညံ့ကွက်များကို ပွင့်လင်းရိုးသားစွာ တင်ပြထားသည့် အတ္ထုပ္ပတ္တိ ထူးပင် ဖြစ်သည်။ 'ရွှေချိုးဖြူ' ကလောင်ခွဲကိုလည်း အသုံးပြုသည်။

၁၀ ဒီဇင်ဘာ ၁၉၇၃ တွင် ကွယ်လွန်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၉–၂၀၁၁ ထုတ်
ရာပြည့်စာအုပ်များ


၂၉၁။ စစ်ကိုင်းဦးဘိုးသင်း၏ မေကျွန် (၁၉၅၄ ခု စာပေဗိမာန်ဆုရ ဝတ္ထု)
၂၉၂။ မဟာဓမ္မသင်္ကြံ ၏ သာသနာလင်္ကာရစာတမ်း
၂၉၃။ ဓေယျသခ်ယာ ၏ ရွှေဘုံနိဒါန်း (ပြည့်စုံ ထုတ်ဝေခြင်း)
၂၉၄။ ပီမိုးနင်း၏ ရွှေလရောင်.....ထိုးနှင့် နောက်ထွေ့ ဝတ္ထုတိုသစ်များ
၂၉၅။ မောင်ပေါ်ထွန်း၏ အဖေသူဌေး၏ စီးပွားရေး လုပ်ငန်းသင်ကျောင်း
(Rich Dad's The Business School by Robert T. Kiyosaki & Sharon L. Lechter)
၂၉၆။ ထက်မြက်၏ ပါဝက် မုရှာရက်ဖ်
[In The Line Of Fire (A Memoir) by Pervez Musharraf]
၂၉၇။ မစ္စတာမောင်မှိုင်း၏ ဓမ္မစေတီ
၂၉၈။ ဂန္ထလောက လက်ရွေးစင် ခေါင်းကြီးပိုင်းများ(၁၉၂၈–၃၅)
၂၉၉။ မောင်သန်းဆွေ(ထားဝယ်)၏ ကုန်းဘောင်အလွန် [ဒုတိယအုပ်]
၃၀၀။ တင်မောင်မြင့်၏ အင်နာကာရနီနာ (ANNA KARENINA by Leo Tolstoy)
[ မူရင်းအတိုင်း အပြည့်အစုံ ဘာသာပြန်]
၃၀၁။ ရာပြည့်ဦးစိုးညွန့်၏ ၂၀ ရာစု မြန်မာစာရေးဆရာ ၁၀၀ [ဒုတိယအုပ်]
၃၀၂။ ဇော်ဂျီ၏ သခင်ကိုယ်တော်မှိုင်းဋီကာ
၃၀၃။ စစ်ကိုင်းဦးဘိုးသင်း၏ ဖာတစ်လုံး ခေါင်းကျား
၃၀၄။ မဲထီးဆရာတော်၏ ထေရဝါဒ သာသနာဆက်အလင်းပြ ဝံသဒီပနီ
၃၀၅။ သခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံနှင့် စစ်ကိုင်းပြန်မှာတော်ပုံ
၃၀၆။ ကျော်အောင်၏ မြန်မာပြည် လွတ်လပ်ရေးတိုက်ပွဲ
[Last and First in Burma (1941-1948) by Maurice Collis]
၃၀၇။ ဦးကုလား ရာဇဝင်ချုပ်


၂၀၁၁ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ


၃၀၉။ ထွန်းသစ်၏ ရှာရွှန် သို့မဟုတ် ရာဇဝင်တွင်တဲ့ သူရဲကောင်း
၃၁၀။ မှော်ဘီဆရာသိန်း၏ ရှေးဖြစ်စာတမ်း၊ နောင်းဖြစ်စာတမ်းနှင့် ရှေးဟောင်း ရှေးဖြစ်စာတမ်း
၃၁၁။ ဆရာလွန်း(သခင်ကိုယ်တော်မှိုင်း)၏ မှန်နန်းရာဇဝင်တော်သစ် [ပထမအုပ်]
၃၁၂။ စစ်ကိုင်းဦးဘိုးသင်း၏ စလေမင်းနွေး
၃၁၃။ စစ်ကိုင်းဦးဘိုးသင်း၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ


ရာပြည့်စာအုပ် ၃၀၈

# မနုစာရီ

စစ်ကိုင်း ဦးဘိုးသင်း


ရာပြည့်စာအုပ်တိုက်
အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁၊ ၇၁၀၁၀၃


www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက် [၅၀၁ ၃၉၉ ၁၂ ၁၀]
မျက်နှာဖုံး ခွင့်ပြုချက် [၅၀၁ ၄၄၄ ၁၂ ၁၀]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ် – (၁၉၅၈) သွေးသောက်ကုမ္ပဏီ
ဒုတိယအကြိမ် – (၂၀၁၁) ရာပြည့်စာအုပ်တိုက်
အုပ်ရေ [၅၀၀]
(ဖေဖော်ဝါရီ ၂၀၁၁)

❑

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ
ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်
အေဇက်

❑

မျက်နှာဖုံး ပန်းချီ
ဗဂျီအောင်စိုး၏ လက်ရာကို လင်းဝဏ္ဏ ဒီဇိုင်းဖွဲ့သည်။

❑

တန်ဖိုး
၁၅၀၀ ကျပ်

၈၉၅.၈၃
ဘိုးသင်း၊ ဦး၊ စစ်ကိုင်း
မနုစာရိ / စစ်ကိုင်း ဦးဘိုးသင်း။
– ရန်ကုန်၊ ရာပြည့်စာပေ၊ ၂–ကြိမ်၊ ဖေဖော်ဝါရီ ၂၀၁၁။
၂၇၅ – စာ၊ ၁၁.၅ x ၁၈ စင်တီ။
(၁) မနုစာရိ

# မာတိကာ


| | | |
|---|---|---|
| – | နိဒါန်း | ၉ |
| ၁။ | ပန်းမြိုင်လယ် | ၁၁ |
| ၂။ | သာနယ်ဆွေ | ၂၇ |
| ၃။ | ထွေထွေဆန်း | ၄၅ |
| | – မိဖုရားနှင့် ပုရောဟိတ် | ၇၆ |
| | – ပြဿနာ ဖြေသော ညီလာခံ အခမ်းအနား | ၁၀၆ |
| | – မယားလု ပြဿနာ | ၁၁၃ |
| ၄။ | ဖြစ်တန်းက တစ်ဖုံ | ၁၃၅ |
| | – နိုင်ငံတော့်အင်အား | ၁၆၅ |
| ၅။ | ကြမ္မာဖန်တီး အချစ်မီး | ၁၇၆ |
| | – သူဌေးကတော် မျောက်မွေးခြင်း | ၁၉၅ |
| ၆။ | ရသေ့နှင့် မင်းကြီး | ၂၁၀ |
| | – ဒွါရဝတီပြည်မှ အမေးပုစ္ဆာ လေးရပ်ကို ဖြေပြီ | ၂၂[illegible] |
| ၇။ | မဖြေသာ | ၂၅၈ |


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## နိဒါန်း

ကမ္ဘာ၌ သတ္တဝါတို့တွင် လူဆိုသော သတ္တဝါသည် အေးချမ်းသာယာမှုကို အလိုရှိသည်ဟု အဆိုရှိသည်။ သို့သော် ထိုအဆိုသည် အဆိုမျှသာလျှင် တစ်ရံတစ်ခါ ဖြစ်နေတတ်၏။

ပညာရှိတို့၏ စကားသည်ကား အကြင်လောကသည် တရားအားရှိသော လောကဖြစ်၏။ ထိုအားနှင့်အညီ ထိုလောကသည် အေးချမ်းသာယာသော လောကကို ဖြစ်စေနိုင်ချေသည်။

တရားဆိုသည်ကား အဘယ်နည်း။ လောဘ၊ ဒေါသ၊ မာနတို့ကို သတ်နိုင်သမျှ သတ်နေခြင်း ဖြစ်၏။ လောဘ၊ ဒေါသ၊ မာနတို့ကို သတ်နေခြင်းကား ဖြူစင်သောစိတ်ထား ရှိခြင်း၊ ကိုယ်၏ အပြစ်ကိုသာမြင်၍ သူတစ်ပါး၏ အပြစ်ကို မရှုခြင်း (ဝါ) မလိုလားခြင်း၊ မိမိ၏ ကိုယ်ကျိုး၊ ကိုယ့်စီးပွား၌ လောကအတွက် လျစ်လျူပြုနိုင်သမျှပြု၍ သူတစ်ပါး၏ အကျိုးစီးပွားတို့ကို ဆောင်ရွက်ခြင်းသည်လျှင် လောဘ၊ ဒေါသ၊ မာနတို့ကို နည်းပါးနိုင်သမျှ နည်းပါးအောင် ကျင့်ကြံနေထိုင်ခြင်း ဖြစ်၏။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လျှင် တစ်စတစ်စ ဆုတ်ယုတ် ပျက်စီးလာသောအခါ လူတို့၌ လက်နက်မိုးရွာ၍ ကမ္ဘာ၌ လူကုန်လုမတတ်ဖြစ်အောင် သေကျေပျက်စီးပြီးနောက် တရားတည်သော လူမျိုးစုအဖြစ်နှင့် ကြွင်းကျန်ပြီးသော် မြို့ရွာနိုင်ငံ တည်ထောင်ပြီးလျှင် လူယဉ်ကျေးအဖြစ်နှင့် ထင်ထင်ရှားရှား ဖြစ်ပေါ်လာသော လူမျိုးစုကား ယခု "မြန်မာ" ဟု ခေါ်သော မွန်ဂိုလူမျိုးများပင် ဖြစ်ချေသည်။

ထိုလူမျိုးစုကြီးသည် မြေသြဇာကောင်း၍ ဘူမိနက်သန်ကောင်းသော ဧရာဝတီမြစ် အနောက်ပိုင်းဒေသတို့၌ မြို့ပြပြည်ရွာတို့ကို ထီးနန်းနှင့်တကွ တည်နေကြရာတွင် ဤဝတ္ထု၌ "သက်သာပြည်ကြီး" သည် ပြည်သိမ် ပြည်ငယ်ကလေးမျှသာ ဖြစ်ချေသည်။ ဘုရင်မင်းမြတ်သည်ကား တရားနှင့်အညီ အုပ်စိုးသော ဘုရင်မင်းမြတ်ဖြစ်၍ မှူးကြီး မတ်ကြီးတို့၏ အလိုနှင့် အမြဲညှိနှိုင်းကာ အုပ်ချုပ် စီမံတော်မူလေသည်။

# အခန်း(၁)

## ပန်းမြိုင်လယ်

ကမ္ဘာ၏ တည်မြဲနိုင်ရန် ဖြစ်သော နေ လ နက္ခတ်တာရာတို့၏ ရွေ့ရှားသွားလာမှုဖြင့် သိဟ်ရာသီအချိန်၌ တောပန်း တောင်ပန်းတို့ဖြင့် သစ်တောကြီးကို တန်ဆာဆင်လျက် ရှိ၏။ စိမ့် စမ်း ရေကျော် ချောင်း မြောင်း အင်းအိုင်တို့၌လည်း ရေပြည့်လျှမ်းလျက် သားငါးပုစွန်တို့နှင့် တင့်တယ်ကာ တန်ဆာဆင်လျက် ရှိ၏။ စိမ်းလန်း ရွှမ်းစိုလျက်ရှိသော သစ်တောကြီးသည်လည်း အပွင့်၊ အသီး၊ အညွှန့်၊ အခက်တို့နှင့် လည်းကောင်း၊ မိမိတို့၏ အပေါ်၌ ပေါက်ရောက်ကာ မွှေးကြိုင်သော ရနံ့တို့ဖြင့် သင်းကြိုင်ကာ တောအလုံးကို ထုံနေစေသော ပမုန်းပန်းတို့ဖြင့် လည်းကောင်း ပြိုင်နှိုင်းသကဲ့သို့ ရှိနေလေ၏။

ထိုအတွင်း တစ်ခုသော မြက်ကွင်းကြီးတစ်ခု၌ နွားပေါင်း များစွာသည် အစာစားလျက် ရှိ၏။ ထိုမြက်ကွင်းကြီး အနီး၌ ကျောက်လုံး

www.burmeseclassic.com



ကျောက်ခဲကလေးများ၊ သဲအနည်းငယ်များတို့နှင့် တန်ဆာဆင်ကာ ကြည်လင် အေးမြစွာနှင့် စီးဆင်းနေသော ချောင်းငယ်သည် ရှိ၏။ ထို ချောင်းငယ်၏ ကမ်း၌ ဝါးရုံပင်များ၊ ကျည်းပင်များတို့သည်လည်း ထို ချောင်းငယ်ကို တင့်တယ်စေလျက် အထူးအေးမြကာ ရှိလေ၏။

ထိုချောင်းငယ်အတွင်း၌ ငါးအမျိုးမျိုးများတို့သည် သဘာဝ အလျောက် သွားလာ လှုပ်ရှားကာ ရှိနေ၏။ ယင်ပျား၊ သစ်ခေါင်းပျား၊ မြေပျား စသော ပျားတို့သည်လည်း အေးမြသော ချောင်းထဲ၌ ရေသယ်ယူ နေကြခြင်းဖြင့် လည်းကောင်း၊ ကမ်းအနီးရှိ ကျည်းပင်မှ ကျည်းပွင့်များ တွင် လည်းကောင်း၊ ဝါးရောင်းပန်းများတွင် လည်းကောင်း၊ ပန်းဝတ်ရည် များကို သယ်ယူကာ ပျားငယ်တို့၏ အစာကို ဖြစ်စေခြင်းဖြင့် လည်း ကောင်း သဘာဝသဘောကို ဆောင်ကာ တည်နေ၏။

ထိုသို့ ချောင်းငယ်ကလေး၌ စာရီသည် ထမင်းထုပ်ကို ဖြေ၍ စားသောက်ပြီးသော် ထမင်းလုံးကလေးများ၊ ဟင်းဖတ်ကလေးများ၊ မုန့်ဖတ်ကလေးများတို့ကို ငါးတို့အား ကျွေးခြင်းဖြင့် ပျော်မွေ့ကာ ရှိနေ ပုံ ပေါ်၏။

စာရီသည် သဲများ၊ ကျောက်လုံး ကျောက်ခဲကလေးများနှင့် အေးမြ သော အရိပ်ရှိ ချောင်းကမ်းငယ်တွင် တစ်ခါတစ်ရံ ကစားနေလေ့ ရှိ၏။ ချောင်းထဲရှိ ငါးများ၏ သဘာဝ ရေနှင့် ပန်းဝတ်ရည်များကို သယ်ယူ နေသည့် ပျားများ၏ သဘာဝ၊ ချောင်းငယ်အနီး မြက်ကွင်းကြီးထဲ၌ နွားအနည်းငယ်နှင့် ရော၍ အစာစားနေသော ချေငယ်များ၊ ဆတ်များ၊ ဒရယ်များ စသော သားတို့၏ သဘာဝတို့ကို လေ့လာ လိုက်စားခြင်း လည်း ပြုတုံ၏။





စာရီသည် တောကြီးအလယ်၌ လူသူကင်းမဲ့စွာဖြင့် ကြီးရ၍ အိမ်ထောင်သူ လူတို့သဘောကို မဝင်ဆံ့နိုင်စေကာမူ တိရစ္ဆာန်တို့၏ သဘောကို (ဝါ) တိရစ္ဆာန်တို့၏ အလေ့ကို သုံးသပ်ခြင်းဖြင့် ကာမဂုဏ် သရဖူ အကြောင်းနှင့် ပတ်သက်ကလည်း မိမိ တတ်ကျွမ်းထားသော ကာမသျှတ္တရကျမ်း၌ အဓိပ္ပာယ်နက်ကို ချဲ့လျက် ရှိပုံပေါ်၏။

ထိုမှတစ်ပါး သတ္တဝါတို့၏ သဘော၊ သတ္တဝါတို့တွင် လူတို့၏ သဘောကိုလည်း သုံးသပ်မိခြင်းဖြင့် လူတို့ကို သိမ်းချုပ် အုပ်စိုးမှု သျှတ္တရ၌ အဓိပ္ပာယ်အကျယ်ကို ချဲ့နေဟန် ရှိ၏။

များသောအားဖြင့်ကား စာရီသည် လူ့သျှတ္တရကျမ်း၊ တိုင်းပြည့် သျှတ္တရ၊ နိုင်ငံသျှတ္တရကျမ်းများ၊ ကောင်းကင် နေ လ သျှတ္တရ ကျမ်းများ တို့ကို နွားကျောင်းနေရင်းတွင် ပြုစုကာ ရှိထားလေသည်။

စာရီသည် တစ်ယောက်တည်းသော အမျိုးသမီး အဖြစ်နှင့် တောကြီး အလယ်တွင် တည်နေ၏။ ၎င်း၏ မိဘများဖြစ်သော ရသေ့နှစ်ပါးသည် ပြပ်မွှာပြည်သို့ လားပြီဟု စာရီသည် အယူရှိနေ၏။

စာရီ၏ အကြောင်းကား ဤသို့လျှင် ကတည်း။

နံ့သာနီ တောအုပ်ကြီး၏ တောင်တော၊ မြောက်တောတို့၌ မုဆိုး တို့၏ အကြီးအမှူး နှစ်ယောက်သည် ရှိ၏။ တောင်တော မုဆိုးမှူးကြီး ထံ၌ အလွန်လှပသော သားတစ်ယောက်ကို ဖွားမြင်၏။ ထိုနေ့မှာပင် မြောက်တော မုဆိုးကတော်၌ အသွေးအရည်နှင့် တကွသော သတို့သမီး ကို ဖွားမြင်၏။ အမည် မှည့်အံ့သောနေ့၌ တောင်တော မုဆိုးကြီး၏ သားကို "စန္ဒား" ဟု အမည်ပေး၍၊ မြောက်တော မုဆိုးကြီး၏ သမီးကို "သောရီ" ဟု အမည်ပေး၏။

www.burmeseclassic.com



စန္ဒာ:နှင့် သောရီတို့သည် အချိန် အရွယ် ရောက်လတ်ကြသော် မိဘတို့သည် ထိမ်းမြားလက်ထပ်ပေးရန် သဘောတူညီကြလေ၏။

စန္ဒာ:သည် အိမ်ထောင်မှု၊ မေထုန်မှုတို့၌ အလွန် စက်ဆုပ်ဘိသကဲ့သို့ သောရီသည်လည်း အလွန် စက်ဆုပ်ဘိ၏။ ထို့ကြောင့် စန္ဒာ:သည် သောရီထံသို့ အောက်ပါ သဝဏ်ပေတိုကို ပို့ရန် စေလွှတ်လေ၏။

"အဘယ်နှမ၊ ငါသည် ကာမဂုဏ် မေထုန်မှုကို ရွံရှာ စက်ဆုပ်လှပါသည်။ ထို့ကြောင့် နှမသည် အကျွန်ုပ်အား ကာမဂုဏ် မေထုန်သဘောနှင့် ပတ်သက်၍ တစ်ရံတစ်ဆစ်မျှ မကြည့်ဘူး ဆိုခဲ့သော် ကျွန်ုပ်သည် မိဘများ၏ အလိုကို လိုက်လျောပါအံ့။"

သောရီထံမှလည်း စန္ဒာ:ထံသို့ အောက်ပါ သဝဏ်လွှာကို အပို့ခိုင်းလေ၏။

"ပျို့မောင်၊ အကျွန်ုပ်သည် ကာမ မေထုန်မှုကို အလွန် ရွံရှာမုန်းတီးပါသည်။ လုံးလုံး မနှစ်မြို့ပါ။ ထို့ကြောင့် မောင်သည် အကျွန်ုပ်အား တပ်မက်သောစိတ်နှင့် တစ်ရံတစ်ဆစ်မျှ စိတ်မကူးပါဟု ဆိုခဲ့သော် မိဘတို့၏စကား သဘောတူပါအံ့။"

ထိုသို့ သဝဏ်ပို့ရန် လာသော သူနှစ်ယောက်သည် လမ်းခရီးတစ်ဝက်၌ မျက်နှာချင်း ဆိုင်မိကြသဖြင့် တစ်ဦး၏ သဝဏ်လွှာကို တစ်ဦးက ယူပြီးသော် မိမိ၏ အရှင်၊ အရှင်မများထံသို့ ပြန်ကြလေ၏။

ဤနည်းဖြင့် စန္ဒာ:နှင့် သောရီသည် မိဘတို့၏ အိမ်ရာဆောင်နှင်းပေးခြင်းကို လက်ခံသော်လည်း တစ်ယောက်နှင့် တစ်ယောက် လက်လွန်ခြေလွန် ပြုမည်ကား တစ်ယောက်ကို တစ်ယောက် တပ်မက်သော စိတ်နှင့်ပင် တစ်ရံတစ်ဆစ်မျှ မျက်နှာချင်း မဆိုင်ကြချေ။ ထိုသို့သော သဘာဝ





ကြောင့် စန္ဒာ:နှင့် သောရီကို အိမ်ရာဆောင်နှင်း၍ သုံးနှစ်မြောက်သောအခါ ၎င်းတို့သည် မိဘများထံ ခွင့်ပန်လျက် တောအုပ်သို့ ဝင်ပြီးသော် ရသေ့ဝတ်ကာ သူတော်ကောင်းများ၏ အကျင့်ကို ကျင့်ကြသဖြင့် ဈာန်အဘိညာဉ်သို့ပင် ဆိုက်နေကြလေ၏။

တစ်နေ့သော အချိန်တွင် စန္ဒာ:သည် မသာသော မျက်နှာနှင့် သစ်သီးရှာရာမှ ပြန်လာ၏။ သောရီသည်လည်း မတော်သော မျက်နှာနှင့်ပင် ပြန်လာ၏။ ထိုမသာသော ရသေ့နှစ်ဦးသည် ကျောင်းသခ်မ်းစကြံဦးတွင် မျက်နှာဆိုင် ဆိုင်မိလတ်သော် ဤသို့သော စကားသည် ဖြစ်၏။

'မောင်၊ မည်သို့သော သဘောနှင့် မျက်နှာ မသာပါသလဲ'

'နှမ၊ မည်သို့သော သဘောနှင့် မျက်နှာ မသာပါသလဲ'

'ကျွန်ုပ်သည် စိမ်းစိုပျိုနုသော တောအုပ်အတွင်း သစ်သီးခြင်းကို ချ၍ ရေစမ်းတွင် နားနေစဉ် ကျွန်ုပ်၏ မြဲသောကသိုဏ်းကို ဝင်လျက် အနာဂတ်ကို ဆင်ခြင်လတ်သော် နောင် ဆယ်နှစ်ရှိသော် မျက်စိကွယ်ရပေလတ္တံ့။ ထို့ကြောင့် မသက်သာသော နှလုံးသည် ဖြစ်ဘိ၏'

'မောင်၊ အကျွန်ုပ်သည်လည်း ညိုသော တောအုပ်အတွင်းမှ ရသာအမျိုးစုံသော သစ်ဥ၊ သစ်ဖုများနှင့် မစုပ်ပျားအုံတို့ကို ယူ၍ ပြန်လာရာ စိမ်းဖန့် ကြည်လင်၍ ငွေရောင်အဆင်းနှင့်တူသော ရေချောင်းငယ်ကလေးအနီးတွင် တံချူ ခက်ရင်း တူရွင်းနှင့်တကွ သစ်သီးခြင်းကို ချလျက် နားနေသောအခိုက် ထိုမြဲသော ကမ္မဋ္ဌာန်းကို အာရုံဝင်၍ ထင်လာသောအခါ အနာဂတ်ကို သုံးသပ်မိပါသည်။ ထိုအခါ အကျွန်ုပ်သည် ဆယ်နှစ်ရှိသောအခါ မျက်စိကွယ်မည်ဟု ထင်မြင်မိပါသည်'

www.burmeseclassic.com



ထိုသို့ ပြောဆို၍ စကြံဦး၌ ရသေ့နှစ်ဦးသည် ခေါင်းချင်းဆိုင်လျက် မှိုင်ကာ နေကြသည်တွင် အတတ်အမျိုးမျိုး၌ ပါရဂူဖြစ်၍ ဈာန်အဘိညာဉ်၌ အလွန်မြင့်သော ၎င်းတို့နှင့် အဆွေဖြစ်သူ “ရသေ့ဖြူ” သည် ရောက်လာတော့၏။

ရသေ့ဖြူလည်း အဆွေနှစ်ဦး၏ မသက်မသာသော သဘောကိုမြင်၍ မေးရာ၊ စန္ဒားနှင့် သောရိသည် မိမိတို့၏ ထင်မြင်သော အကြောင်းတို့ကို ပြောပြသဖြင့် ဤသို့ ပြောလေ၏။

‘အဆွေတို့၊ စိုးရိမ်ကြောင့်ကျဖွယ် စိုးစဉ်းမျှ မရှိ။ သင်တို့သည် ဥတု၏အချိန်ကို မှတ်၍ သင်တို့အား လုပ်ကျွေးသမှု ပြုရန်ကိုရဖို့ သားသို့မဟုတ် သမီးကို ဖြစ်စေပါလော့’

‘အဆွေ၊ သင်သည် အဘယ်ကြောင့် ကျွန်ုပ်ကို ညစ်ညမ်းစွာ ဆဲဘိသနည်း’

‘အဆွေ၊ အသင်သည် အကျွန်ုပ်ကို အဘယ်ကြောင့် ယုတ်ညံ့စွာ ကျိန်ဆိုပါသနည်း’

‘အဆွေတို့၊ အသင်တို့ လွဲမှားလေပြီ။ အဆွေတို့သည် ဗြဟ္မာ့ပြည်က လာသော သူတို့ ဖြစ်တန်ရာသည်။ သို့ရာတွင် အသင်တို့သည် လောက၌ မြတ်သောသူတို့ဟု ဆိုအပ်သော သူတို့၏ထံ၌ လူ့ဘဝသို့ ရောက်ရရန် သန္ဓေယူလိုသော်လည်း ထိုသူတို့ထံ၌ ဥပုသ်သုံးသော ကာလနှင့် ကြုံကြိုက်သဖြင့် အခွင့်မရလေသောကြောင့် မုဆိုးတို့ထံမှာ သန္ဓေယူရလေပြီ။ အဆွေတို့၌ မည်မျှလောက်ပင် ဆုံးရှုံးနစ်နာရပါသနည်း၊ စဉ်းစားပါကုန်။ သူ့အသက်အား သတ်ပုတ်ညှဉ်းဆဲခြင်း အထုံကို မိခင့်ပဋိသန္ဓေ ကတည်းကဖြင့်လျှင် သင်တို့၌ အာရုံရမိလေပြီ။ ထိုအာရုံသည်





ဘဝါ ဘဝက သင်တို့ ပြုမိသော အကုသိုလ်ကံကို ထောက်ပံ့နေလေတော့ပြီ’

ရသေ့နှစ်ပါးကား စိုက်၍ နားထောင်နေကြလေပြီ။

‘ထိုသို့လျှင် အဆွေတို့၌ ပဋိသန္ဓေ၏ မစင်ကြယ်မှုဖြင့် ဈာန်အဘိညာဉ်ကို ရတန်သလောက် မရနိုင်ဘဲ ဆုတ်ယုတ်၍ အတတ်ပညာ၌ ခေါင်းပါးလေတော့ပြီ။ ရှည်သော လူ၏ အသက်ကိုလည်း မဖြစ်စေနိုင်’

‘အင်း... အင်း’

‘ကျွန်ုပ်သည်ကား ဈာန်အဘိညာဉ် တန်ခိုးနှင့်ပင် ကြည့်လတ်သော် ဗြဟ္မာ့ပြည်က လာ၍ စုတေရာ၌ သမားအတတ်ဖြင့် အသက်မွေးသော သူတော်ကောင်းထံတွင် ဝင်စားရသောကြောင့် အကျွန်ုပ်၏ ဇာတိပဋိသန္ဓေသည် အဆွေတို့၏ ဇာတိပဋိသန္ဓေထက် မြင့်မြတ်ဘိသည်။

‘ထိုကြောင့် အကျွန်ုပ်သည် အတတ်ပညာမျိုး၌ ပါရဂူမြောက်တတ်ကျွမ်း၍ ဈာန်အဘိညာဉ်၌လည်း ထက်မြက်သဖြင့် နဂါးပြည်၊ နတ်ပြည်တို့ကိုပင် သွားနိုင်ပြီ။ လဗိမာန်သို့ တက်၍ နေနေနိုင်သည်’

‘ဟုတ်ကဲ့... ဟုတ်ကဲ့’

‘အဆွေတို့၊ သတ္တဝါမည်သည် သံသရာ လှည့်ရရာ၌ မိမိကောင်းနှင့် မပြီး။ မိဘကောင်း၊ ဆရာကောင်း၊ ပတ်ဝန်းကျင်ကောင်းတို့နှင့် ပြည့်စုံရန်လည်း လိုချေသည်’

‘ဟုတ်ကဲ့... ဟုတ်ကဲ့’

‘ကျွန်ုပ် ဆက်၍ စကားဆိုဦးမည်’

‘ဆိုပါဦးလော့ အဆွေ’

‘နံ့သာနီ တောအုပ်၌ ရက္ခစိုး နတ်မင်းကြီးသည် စုတေစိတ် ကျရ



www.burmeseclassic.com

www.burmeseclassic.com



တော့မည် ဖြစ်သဖြင့် မိဘကောင်းကို ရှာရာ အသင်တို့ကို တွေ့သည်။ အသင်တို့သည် ကာမမေထုန်မှု၌ စက်ဆုပ်ခြင်းဖြင့် ရှောင်ကွင်းနေသော ကြောင့် သက်သာပြည် သေသောက်ကြူး၊ ကစားကြူး စစ်သူကြီးမင်း၏ မိန်းမထံတွင် ပဋိသန္ဓေ ယူရလေသည်။ ထိုနတ်မင်းကြီး၏ အဖို့ကား အလွန် နစ်နာလေတော့ပြီ။

'ထိုကြောင့် ထိုနတ်မင်းကြီးကို မြင်သော နတ်သမီး နှစ်ယောက် သည် သင်တို့၏ အပေါ်၌ အမျက်ထားခြင်းအားဖြင့် ကျိန်ဆဲလေရကား သင်တို့သည် နောင်ဆယ်နှစ် ရှိသောအခါ မျက်စိကွယ်ရမည်'

'ဟင်း... ဟင်း'

'သင်တို့အား ထောက်မရန် သမီးရတနာကောင်း ရနိုင်ပေမည်။ ထိုသမီးရတနာကား ကောင်းကင်ဘုံ၌ ဗိမာန်ထက်တွင် တစ်ကိုယ်တည်း 'စာရီ" မည်သော နတ်သမီးတည်း။ ထိုနတ်သမီးသည် သင်တို့၏ထံသို့ သမီးအဖြစ်နှင့် လာသည်ကို သင်တို့ အခွင့်ပြုကြလော့။ သို့မဟုတ်က တောကြီးအလယ်၌ အလွန် ဆင်းရဲသတတ်ပေတည်း'

ရသေ့နှစ်ဦးကား ချုံးချ၍ ငိုလေ၏။

'အဆွေတို့၊ ညှိုးငယ်ခြင်းကို မဖြစ်စေလင့်။ မနှစ်မြို့ခြင်းကို မဖြစ်တဲ့လင့်။ ကာမသံဝါသ အမှုကား ရုပ်ဟု ဆိုအပ်သော မြူဓာတ်ချင်း ပေါင်းစပ်ဆုံခြင်းသာ မဟုတ်။ စိတ်အာရုံကူးခြင်းဖြင့် သာယာမှုကြောင့် လည်းကောင်း၊ အသံကြားခြင်းဖြင့် သာယာမှုကြောင့် လည်းကောင်း၊ မျက်စိအာရုံအားဖြင့် သာယာမှုကြောင့် လည်းကောင်း ပေါင်းဖော်ခြင်း ကို ဖြစ်စေနိုင်၍ သန္ဓေတည် စွဲနိုင်၏။ ဤခေတ် ဤအခါ ဤလူ့ အဆင့် အတန်း၌ကား မြင်ခြင်းအားဖြင့် လည်းကောင်း၊ ကြားခြင်းအားဖြင့်





လည်းကောင်း သန္ဓေမှုကို ဖြစ်စေတဲ့သေး၏။ မကြည်မသာ မဖြစ်ကြ လင့်၊ အရှင်မ၌ ဥတုအချိန်ကို မှတ်၊ ဤနှစ်ယောက်သော သူတို့၏ ပြုံးကြည်စွာ ကြည့်မြင်ခြင်းဖြင့် သန္ဓေမှုကို ဖြစ်စေလေလော့'

ထိုသို့ ပြောဆို၍ ရသေ့ဖြူသည် မိမိ၏ သခ်မ်းသို့ ပြန်သွားလေ၏။

ထိုသို့သော သဘောဖြင့် စာရီသည် လူ့ဘဝသို့ ရောက်လာရ၏။ အသက် ငါးနှစ် အရွယ်မှစ၍ ရသေ့ဖြူက အတတ်ပညာ အမျိုးမျိုးကို စာရီအား သင်ကြားပေးသဖြင့် စာရီအသက် ဆယ်နှစ်သို့ ရောက်သော် စာရီ၏ မိဘ ရသေ့နှစ်ဦးသည် မျက်စိကွယ်ခြင်းသို့ ရောက်လေ၏။

စာရီကား မိဘနှစ်ပါးကို သစ်သီးသစ်မြစ် ရှာဖွေလျက် တောကြီး အလယ်တွင် လုပ်ကိုင် ကျွေးမွေးကာ နေလေ၏။ မိဘတို့၏ ဝတ္တရား အရပ်ရပ်ကိုလည်း ကုံငစေလေ၏။

စာရီသည် မိဘများအား လုပ်ကျွေးသမှု ပြုသောအားဖြင့် အသက် ဆယ့်ခြောက်နှစ် အရွယ်တွင် တံချူ ခြင်းတောင်းကို ဆွဲလျက် သစ်သီး အလို့ငှာ တော၌ လှည့်လည်နေစဉ် စမ်းချောင်း၌ မုဆိုးတစ်ယောက်သည် ဆတ်ကြီးတစ်ကောင်အား ပစ်သတ်အံ့ဟု ချိန်ရွယ်နေသည်ကို တွေ့၏။ ဆတ်ကြီး၏ အနီး၌ ဆတ်မကြီးနှင့် ဆတ်ကလေးလည်း ရှိ၏။ စာရီ သည် ဆတ်နှင့် မုဆိုးတို့၏ အပေါ်၌ ဖြူစင်သောစိတ်ကို ထား၍ ဤ ဆတ်တို့သည် ဘေးကင်းစေသတည်းဟု အာရုံပြုနေ၏။

မုဆိုးသည် လေးညှို့ကို ဆွဲ၍ မရနိုင် ဖြစ်သဖြင့် 'အင့်... ဟင်' ဟု တိုးတိုးညည်းတွားကာ တောင်မြောက် လေးပါးကိုကြည့်ရာ တော လယ် အဝတ်အစား ခမောက်နှင့် တံချူကိုင်လျက်၊ ခြင်းတောင်းကို လွယ် လျက် ရှိသော စာရီကို မြင်သဖြင့် ဤသို့ ငေါက်ငမ်းတော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟယ် သူယုတ်မာ၊ ဘာကြောင့် ငါ့လာဘ်ကောင်ကို နင် ပိတ်ပင်ဘိသနည်း'

'ဦးလေး၊ သူများအသက်ကို လိုက်သတ်နေသော ဦးလေးကား မြတ်ပါသလား' ဟု ပြုံးလျက် စာရီသည် ချိုသောအသံနှင့် ပြန်ကြား၏။

'အေး... ငါ မြတ်တယ်'

'ဦးလေးဟာ သူတကာ အသက်စည်းစိမ်ကို လိုက်ပြီး သတ်နေပါလျက် မြတ်သည် ဆိုသော စကားအတွက် ကျွန်မမှာ ပြဿနာဖြစ်နေပါသည်'

'လူမှာ အတတ်ပညာ ရှိပါလျက် မကန်းရာ'

'ဦးလေး အမိန့်ရှိတော်မူပါ'

'ငါသည် သူ့အသက်ကို သတ်ခြင်း၊ သေစေခြင်းကား မကောင်းမှုကို ဖြစ်သည်ဟု သိသည်။ သို့သော် မုဆိုးတည်းဟူသော သဘာဝကို ငါ ဆောင်သည်။ ထိုဆောင်မှုဖြင့် လောဘ၊ ဒေါသ၊ မာန မကင်းလျှင် အပါယ်သို့ ကျမည်ဟုလည်း ငါသိသည်။ သို့သော် ငါ့ကို မှီခိုနေသော မိန်းမ၊ သားသမီးများတို့အား အသက်မြင့်ရှည်၍ လူ့ဘဝ၌ စခန်းသွားနိုင်စေရန် ငါသည် အပါယ်သို့ အကျခံပြီးလျှင် ဤအလုပ်ကို လုပ်သည်ဟု တူမငယ် သိစေလိုသည်။

'တူမငယ်သည် ငါ့ကို ရှုတ်ချစရာ တစ်လမ်းရှိသည်။ ကာမဂုဏ်ယစ်မူးမှုဖြင့် အိမ်ထောင်ပြုသည်။ အိမ်ထောင်ပြု၍ သားသမီး ထွန်းကားသည်။ သားသမီး မယား၏ သံယောဇဉ်ကြောင့် ကိုယ့်ကိုယ်ကိုယ် အနွံအတာခံ၍ ဤအလုပ်ကို လုပ်ဘိသည် ဟူ၍ ဖြစ်သည်။

'တူမငယ်၊ ငါသည် ဤကဲ့သို့ မဟုတ်၊ ကာမဂုဏ်အားဖြင့်





အိမ်ထောင်မပြု၊ ဤမိန်းမသည် သားသမီး မွေးဖွားလိုသည်။ အဘယ်ကြောင့်။ လူ့ပြည်သို့ လာလိုသောသူများကို သူ ရောက်လာစေချင်သည်။ သူ ရောက်လာစေချင်၍ ငါ့ထံ ချဉ်းကပ်သည်။ ထိုသဘောဖြင့် သူ့ကို ငါ သိမ်းပိုက်၍ ငါ့ကိုယ်ကိုငါ အနွံအတာခံလျက် လုပ်ကျွေးသည်။ ယခု ငါသည် သားကောင်ကို ပစ်အံ့သောငှာ မြားကိုလွှတ်သည်။ သင်၏ သတ္တဝါများ အပေါ်၌ ဖြူစင်သော စိတ်ဓာတ်ကို ထားမှုကြောင့် ငါ၏ လေးညှို့ကို ဆွဲ၍မရ။ ထို့ကြောင့် ငါ့မှာ သားကောင်များ ပြေးကြလေပြီ။ ထိုအမှုဖြင့် ငါ့မယား၊ ငါ့သားသမီးတို့သည် အငတ်ပြဿနာနှင့် ရင်ဆိုင်ကောင်း ရင်ဆိုင်ရပေတော့မည်။ ထိုသဘောအရ ငါသည် ငါ့ကိုယ်ကို အနွံအတာခံ၍ သားမယားကို မုဆိုးစည်းမျဉ်းဖြင့် လုပ်ကျွေးသောကြောင့် မြတ်သည်။ တူမငယ်သည် ငါ့သားမယားကို ငတ်စေတော့မည် ဖြစ်၍ ယုတ်သည်'

'ဦးလေး၊ ဦးလေး၏ မုဆိုး စည်းမျဉ်းကို နာပါရစေ'

'ငါသည် လောဘ၊ ဒေါသ၊ မာန လွန်ခြင်းဖြင့် သားကောင်ကို မသတ်၊ ဝမ်းစာမျှတရုံသာ သတ်သည်။ သတ်သော သားကောင်မှာ အငယ်နှင့် သားမများ မဖြစ်စေရ။ အဘယ်ကြောင့်။ သားငယ်ကလေးများသည် သားဘဝ၌ ကံ၏ တန်ခိုးအလျောက် မပျော်ပိုက်ရသေး၊ သားမသည် သားများကို ပွားစေနိုင်သည်။ သားထီးတစ်ကောင်နှင့် သားမများသည် သားကောင်ဘဝကို ပျော်ပါးစွာနှင့် စည်ပင်စေနိုင်သည်။ သားမတစ်ကောင်နှင့် သားထီးများစွာသည် သားဘဝကို ဆိတ်သုဉ်းစေသည်'

'ဦးလေး၊ ကျွန်မ၏ ယုတ်ညံ့မှုသည် ဤမျှသာပါလော'

'တူမငယ်၊ သင်သည် သားကောင်များ၏ ဘေးကို ဟန့်တားနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သင့်မိဘ မျက်စိမမြင်သည်ကို သင် ဟန့်မတားနိုင်။ ထို့ကြောင့် တူမငယ်သည် ယုတ်သည်။ ဟယ်... သူယုတ်မ'

'ဦးလေး၊ အကြောင်းကို လင်းတော်မူပါဦး'

'တူမငယ်၊ သင်သည် ကျေးဇူးရှိ၍ (ဝါ) မိဘဟူသော ကျေးဇူးကြောင့် သင် လုပ်ကျွေးသမှု ပြုသည်။ ဤကား သံယောဇဉ် ငြိတွယ်မှုကြောင့် ငါ မချီးမွမ်း။ ကျေးဇူးရှိသူကို ကျေးဇူးပြုခြင်းထက် ကျေးဇူးမရှိသူ အပေါ်၌ ကျေးဇူးပြုခြင်းသည် မြတ်၏။ ထို့ထက် ရန်သူ့အပေါ်၌ ကျေးဇူးပြုမှုသည် သာ၍မြတ်၏'

'ဟုတ်ကဲ့'

'သူမငယ်၊ မဖောက်မပြန် သဘော၌ကား မိဘ မရှိ။ သားသမီး မရှိ။ သဘာဝနှင့် သဘောသာ ရှိသည်။ မိဘ သဘောအတိုင်း သားသမီးအပေါ်၌ ဖြူစင်သောစိတ်နှင့် မိဘဝတ်ကို ပြုရမည်။ သားသမီး သဘောအတိုင်း မိဘအပေါ်၌ ဖြူစင်သောစိတ်ဖြင့် သားသမီး၏ ဝတ်ကို ပြုရမည်။ သံယောဇဉ်သဘောနှင့် ယှဉ်ချေသော် ဆားငန်သောဟင်းနှင့် တူချေသည်'

'ဦးလေး၊ ကျွန်မ လင်းပါပြီ' ဟု စာရီသည် ဆို၍ မုဆိုးအား ရှိခိုးဦးချကာ ကန်တော့ပြီးသော် ရွှေပြာအနည်းငယ်နှင့် ပူဇော်လေ၏။

မုဆိုးနှင့် စာရီကား လမ်းခွဲကြလေ၏။ စာရီသည် သခ်မ်းသို့ မပြန်မီ တောတွင်းကပင် မိဘအပေါ်၌ ဖြူစင်သော စိတ်ဓာတ်နှင့် "ငါ့မိဘသည် ငါ့ကို မြင်နိုင်ကြပါစေ" ဟု အာရုံပြု၏။ ထိုသို့နှင့် စာရီသည် သစ်သီးခြင်းကို ရွက်လျက် တံချူကို လက်ဆွဲပြီးသော် ကျောင်းသခ်မ်းသို့ ပြန်ရောက်





လာရာ ရသေ့နှစ်ပါးကား မိမိ၏ သမီးကို မျက်စိအလင်း ရနေပြီ ဖြစ်၍ မသိသောကြောင့် ဤသို့ ဆို၏။

'ဟယ် လုံမငယ်၊ သင်ကား နတ်သမီးကဲ့သို့ တင့်တယ်သော အဆင်းရှိ၏။ ဆံကျစ်ကို ပြု၍ ထုံး၏။ ခြင်းတောင်းကို ရွက်၏။ တံချူ လက်စွဲလျက်လည်း လာ၏။ သင် ဘယ်သူနည်း'

'ခမည်းတော်ဘုရား၊ ကျွန်မကား ခမည်းတော် မယ်တော်တို့၏ သမီး စာရီပါတည်း' ဟု ပြောလတ်လေသော် မိဘနှစ်ပါးသည် သမီး၏ ချစ်ခြင်းဖြင့် နမ်းရှုပ်ကြလျက် မျက်ရည်ကျမိလေရာ၊ စာရီလည်း 'ခမည်းတော်နှင့် မယ်တော်ဘုရား၊ သံယောဇဉ် (ငြိတွယ်ခြင်း) ကို ဖြတ်၍ ဖြူစင်သော သဘောကို ထားတော်မူပါဘုရား' ဟု ပြောကြားခြင်း ပြုလေ၏။

စာရီသည် မိဘနှစ်ပါး အပေါ်၌ သံယောဇဉ် ဖြတ်လျက် ဖြူစင်သော သဘောနှင့် အသက်ဆယ့်ကိုးနှစ်တိုင် လုပ်ကျွေးလေ၍ မိဘနှစ်ဦးဖြစ်သော ရသေ့နှစ်ပါးကား စာရီ အသက်ဆယ့်ကိုးနှစ်တွင် လူ့ဘဝကို ငြီးငွေ့သဖြင့် ဗြဟ္မာ့ပြည်သို့ မြန်းကြွလေတော့သည်။

စာရီကား ယခုအခါ၌ တစ်ယောက်တည်းသာ ဖြစ်၍ ၎င်း၏ အဖော်များမှာ တစ်ခါတစ်ရံ ဆင်များ၊ တစ်ခါတစ်ရံ ကျားများ၊ မျောက်များ စသည်ဖြင့် တောသား တိရစ္ဆာန်တို့သာလျှင် ဖြစ်ချေ၏။

တစ်နေ့သော ညအချိန်၌ စာရီသည် သခ်မ်း၏ စင်္ကြံသို့ ထွက်၍ တိမ်ပုပ်တို့ဖြင့် ဖုံးလိုက်၊ ကြည်လင် ဝင်းထိန်စွာ ထွက်ပေါ်ခိုက်ဖြစ်သော လကို စိုက်ကာကြည့်လျက် မိကျောင်းကို ကောက်ကိုင်ပြီးသော် ဘာယာ



www.burmeseclassic.com

www.burmeseclassic.com



စွာ ညှိပြီးလျှင် သီချင်းသီကာ စောင်းကို တီးနေ၏။ ထိုသီချင်းမှာ အောက်ပါအဓိပ္ပာယ် ရှိ၏။

လရောင်သည် လူတို့၏ စိတ်နှလုံးကို အေးမြရွှင်ကြည်စေ၏။

ထိုသို့ ရွှင်ကြည်စေသော လရောင်ကိုပင် မည်သို့သော အပြစ်ကြောင့် မိုးတိမ်တိုက်တို့သည် ဖုံးအုပ်ပါဘိသနည်း။

ထိုမိုးတိမ်တိုက်တို့သည် ဆိုးသွမ်း ညစ်ညမ်းစေသလော။

မိုးတိမ်တိုက်တို့သည် မိုးရေကို ဖြစ်စေ၍ လောကကို စည်ပင်သာယာ ဝပြောစေသည်။

တိမ်တိုက်အတွင်းမှ ထွက်ပေါ်လာသော လရောင်သည် တိုး၍ အရောင်မထွက်သော်လည်း ထိုလရောင်ကို တိုးတက်ကာ လင်းသည်ဟု လူများ ထင်မှတ်ကြသည်။ စင်စစ် လောက၏ အဖြစ်အပျက်သည် မျက်လှည့်ပြခြင်းမျှသာ ပါတကား။

ထိုအတွင်း ရသေ့ကြီး ဦးဖြူသည် ရောက်လာ၍ ဤသို့ ပြော၏။

‘ချစ်သမီး တင်းတိမ်ရောင့်ရဲပါရဲ့လား’

‘တင်ပါဘုရား’

‘ချစ်သမီးသည် လိမ္မာသလား၊ မိုက်သလား’

‘မိုက်လှပါသည် ဘုရား’

‘ဘာကြောင့်လဲ’

‘တပည့်တော်မသည် အိမ်ထောင်မပြုလိုသော စိတ်သို့သာ ညွတ်လျက် နေခြင်းကြောင့်ပါ ဘုရား’

‘ငါ့သမီးရဲ့ အမြင်ကို ဆိုစမ်း’





‘မိန်းမသည်သည် ကမ္ဘာ၌ လူနေကို တည်ထောင်နိုင်ရန် လူများကို မွေးဖွားရပါမည် ဘုရား။ ထိုလူတို့အထဲတွင် မိန်းမသည်သည် သစ်ပင်အမျိုးမျိုးတို့ တည်ရာ မြေနှင့်တူခြင်းကြောင့် အယုတ်၊ အလတ်၊ အမြတ် လူများကို ဖြစ်ထွန်းစေရာ၌ အကြား၊ အမြင်၊ အတတ်ပညာနှင့် ပြည့်စုံသော မိန်းမတို့၌ လောကတွင် လူမျိုးကောင်းတို့ ပြန့်ပြောစေရန် သာ၍ အိမ်ထောင်ပြုရန် လိုခြင်းကြောင့်ပါ ဘုရား’

‘အကြား၊ အမြင်၊ အတတ်ပညာတို့၌ တည်သော မိန်းမတို့သည် လူမျိုးကောင်းများကို လောက၌ ပြည့်တင်းစေရန် မိန်းမမြတ်များ ဖြစ်လေသလော’

‘ဤသို့လည်း မဟုတ်ရာပါ ဘုရား’

‘အဘယ်သို့နည်း’

‘အကြင်မိန်းမသည် အကြား၊ အမြင်၊ အတတ်ပညာတို့နှင့် ပြည့်စုံ၍ စာပေများကို တတ်အံ့။ ထိုမိန်းမသည် စာပေများကို ဝါသနာထုံ၍ လေ့လာအံ့၊ ထုံအံ့။ နည်းပေးလမ်းပြ ဆရာကောင်းထံ၌ တည်အံ့။ ထိုမိန်းမသည် မိန်းမမြတ် ဖြစ်နိုင်တတ်ကြောင်းပါ ဘုရား’

‘အင်း… သည်တွင်မျှသာလား’

‘အကြင်မိန်းမသည် လောက၏ ကိရိယာတန်ဆာဖြစ်သော လူတို့၏ သွားလာ နေထိုင် ဖြစ်ပျက်မှု အစဉ်တို့၌ လည်းကောင်း၊ ကမ္ဘာ၏ ကိရိယာတန်ဆာဖြစ်သော တောတောင် ရေမြေ သမုဒ္ဒရာ နေ လ နက္ခတ်တာရာ မိုးတိမ် လေတို့၌လည်း သုံးသပ်ဆင်ခြင်တတ်၍ ဝေဖန်ပိုင်းဖြတ်ပြီးသော် အကြောင်းအကျိုးကို ရှာဖွေတတ်လျက် မိမိ၌ တင်စားတတ်ရပါမည် ဘုရား’



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ငါ့သမီး၊ သင်သည် လောကတွင် အကျော်တစော အထင်တရှား ဖြစ်ရဦးမည်။ သင့်မိဘများ ငါ့အား လွှဲအပ်ခဲ့သည့်အတိုင်း ငါ စိတ်ချရတော့ပြီ'

ထိုသို့ ဆိုကာ ရသေ့ဖြူသည် စာရီ့ထံမှ ဖဲခွာသွားလေတော့၏။

□

## အခန်း(၂)

## သာနယ်ဆွေ

စာရီသည် သစ်ဆင်းလဲ၌ နွားကျောင်းနေရင်း ပုအိုက်လှသဖြင့် ကျည်းပင်ရိပ်၊ ဝါးရုံပင်ရိပ်တို့ဖြင့် မိုးကာသကဲ့သို့ ရှိသည့် သဲကျောက်တို့၏ အောက်မြေသာလျှင် ဖြစ်သော အေးမြသည့် ရေအိုင်အတွင်း၌ ရေသုံးသပ်လျက်ရှိ၏။

ထိုအတွင်း မြင်းခွာသံတို့ကို ကြားရ၍ နားစွင့်ကာ နေ၏။ စာရီ၏ နွားများ၊ စိုင်များ၊ ဒရယ်များတို့သည် ခေါင်းကိုမော့လျက် နားရွက်ပေကာ ရှိနေကြ၏။

မြင်းခွာသံတို့ကား တဖြည်းဖြည်း နီးကပ်သည်ထက် နီးကပ်လာပြီးသော် စာရီ သုံးသပ်နေသော ရေအိုင်အနီးသို့ ချဉ်းကပ်လာမိကြရာ စာရီသည် ရေမှတက်၍ ထိုမြင်းသည်များထံသို့ အဝတ်စင်းလင်းနှင့် သွားရောက်တွေ့လေ၏။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်းသည်တို့၏ အရှင်သခင်ကား ရဲရင့်စွာ လာရောက်တွေ့သော စာရီကို အလွန်အံ့အားသင့်၍ ငေးစိုက်ကာ ကြည့်နေ၏။ ဤသို့လည်း တွေးဆ၏။

"အလွန်တရာ လှပပါကလား၊ တောစိုးနတ်သမီးပါလား။ နေပြည်တော် မြို့ပြပြည်ရွာတို့၌ ဤမျှလောက် တင့်တယ်လှပသော အမျိုးသမီး ရတနာ မရှိယောင်တကား။ အသို့နည်း၊ သူ၏ အဆင်းအင်္ဂါ လက္ခဏာကြီးငယ်တို့ကို ချီးမွမ်း၍ပင် ကုန်နိုင်ဟန် မရှိပါတကား"

စာရီကား ဤသို့လျှင် ခပ်ဆတ်ဆတ် ခပ်တင်းတင်း မေးလေ၏။

'သည်ကို လာလို့ သင် ရန်သူထင်သော သင့်နောင်တော်ကို တွေ့ပါ့မလား'

'ဟယ်... တောပျော်၊ သင်ကား ဘယ်သူလဲ'

'ငါကား စာရီမည်သော တောပျော်တည်း'

'မမစာရီ၊ အဝတ်ကို ဝတ်ပါဦးလော့'

'သင်မင်းသားရဲ့ စကားကို ငါ နားလည်တယ်၊ ငါ့ကို အရှက်မရှိဟု သင် ဆိုလိုတယ်။ အရှက်ကို သင်မသိ၊ အကြောက်ကို သာ၍မသိ။ သာမန်လူတို့ သမုတ်သော အရှက်အားဖြင့် ငါ့မှာ ရှက်ဖွယ်မရှိ၊ အဘယ်ကြောင့်။ ယောက်ျားဟာ မိန်းမကို ရှက်တယ်၊ သာမန်သဘောအရ မိန်းမဟာ ယောက်ျားကို ရှက်တယ်။ ထားတော့၊ ငါဟာ မိန်းမချင်းကို ရှက်ရဦးမလား၊ သည်မှာ ယောက်ျားပါသလား၊ သင် ယောက်ျားလား'

'ကျွန်ုပ်သည် ယောက်ျား၊ ကျွန်ုပ်၏ နောက်က ပါသော မြင်းသည်တော်တို့လည်း ယောက်ျား၊ မမစာရီသည် တောကြီးထဲ၌ တစ်ယောက်တည်း ပျော်ပါးနေခြင်းကြောင့် ယောက်ျားကို မသိလေသလော'





'သင် မင်းသား၊ လူမှာ အထီးအင်္ဂါ ပါတိုင်း ယောက်ျားထင်သလား၊ ရယ်စရာစကားကို ဆိုပြန်တယ်။ စာရီ ရယ်ချင်တယ်'

'မမစာရီ၊ အဝတ်ကို ဝတ်ပါဦးလော့၊ ဝတ်ပြီးသောအခါ ဆိုဖွယ်ရာ စကားကို ဆိုပါလော့'

စာရီသည် ကျည်းပင်ရိပ်သို့သွား၍ အဝတ်များကို ဝတ်ရာ ဝတ်လုံမှာ အစိမ်းရောင်၊ ခါးရန်းကြိုးမှာ အနီ၊ နောက်လှန်ချထားသော ဆံပင်က ခေါက်၍ ချည်ထားသည်မှာလည်း အနီတို့ ဖြစ်၏။ လက်တွင် တသူမျှသော တည်နှစ်သား ပြောင်လက်နေသည့် တုတ်ကို စွဲကိုင်ထား၏။

စာရီသည် မင်းသားနှင့်တကွသော နောက်ပါတို့ကို ခေါ်သဖြင့် မင်းသားနှင့် မြင်းသည်တော် တချို့သည် ကျည်းပင်ရိပ်၌ နေကြ၍၊ မြင်းသည်တော် တချို့သည် ဝါးရုံပင်ရိပ်များ၌ နေကြ၏။ အနီးရှိမြက်ခင်း၌ စိုင်၊ ဆတ်၊ ချေ ရောရာ နွားအုပ်သည် ဣန္ဒြေရရနှင့် အစာစားနေ၏။

စာရီသည် မင်းသားနှင့် စကား ဤသို့ ဆိုလေ၏။

'မိန်းမ မည်သည်ကား ကိုယ်ဖို့ကောင်းကိုသာ သိသည်။ ကိုယ်ကောင်းရန်အတွက် သူတစ်ပါး မည်ကဲ့သို့ နစ်နာမည်ကို မသိ။

'မိန်းမ မည်သည် ရန်သူနှင့် မိတ်ဆွေကို မခွဲခြားတတ်။ ကိုယ်၏ လိုဘကိုသာ ရှေးရှုသည်။

'မိန်းမ မည်သည် ကျေးဇူးသဘောကို နားမလည်။ ကိုယ့်လိုဘကို ရအောင် ယူတတ်သည်။

'မိန်းမ မည်သည် အရှက်အကြောက်ကို နားမလည်'

'မမစာရီ၊ မမစာရီ စကားကို မောင်တော်လေး နားမလည်ပါ။ အကျယ်ကို ချဲ့ပါဦးလော့'



www.burmeseclassic.com

www.burmeseclassic.com



'မောင်တော်ကလေး နားထောင်လော့'

'မောင်တော်လေး နားစိုက်ပါတယ်'

'နံ့သာနီတောအုပ်၌ သီတင်းသုံး နေထိုင်တော်မူ၍ ရှာန်ဘိညာဉ် ရနေသော ရသေ့ကြီးဖြူသည် တစ်နှစ်တစ်ကြိမ် သက်သာပြည့်ရှင် ဘုရင်မင်းမြတ်ထံ ဥကင်သမင်္ဂလာ အခမ်းအနားသို့ ဝင်လျက် ပူဇော်ကန်တော့ခြင်းကို ခံသဖြင့် ဤသို့ ဆိုလတ္တံ့သော အကြောင်းကို ထိုရသေ့ သူတော်မြတ် မိန့်ကြားတော်မူချက်အရ စာရီ သိတော့ပြီ။ ထိုသဘောကြောင့် ဆရာတော် ရသေ့အရှင်သူမြတ်သည်လည်း နန်းတော်သို့ တစ်နှစ်တစ်ကြိမ် ဝင်ရောက်မြဲအတိုင်း ဝင်ရောက်တော်မူခြင်း မရှိတော့ပေ'

မင်းကလေး သုမိတ္တကား ငိုင်၍ တွေနေ၏။

'နားဆောင်၊ သက်သာပြည့်ရှင် ဘုရင်မင်းမြတ် နာဂဒတ္တတွင် ဆောင်ညာစံဒေဝီ မဟေသီ မိဖုရားခေါင်ကြီး ကဋ္ဌနဝတ်ရီသည် သားတော်ကလေး ပြုံးပြုံးကြည်ကြည်ကို ထားခဲ့ရလျက် နတ်ပြည်သို့ တက်သွားတော်မူသောအခါ၊ ကဋ္ဌနဝတ်ရီ၏ ညီမတော် ကုမာဒေဝီကို မိဖုရားကြီး ပြု၍ ထီးနန်းတင်သောအခါ ကုမာဒေဝီမှာ သားတော်ကလေး သုမိတ္တကို မီးရှူးသန့်စင် မျက်နှာမြင်တော်မူလေရာ၊ ဘုရင်မင်းမြတ် နာဂဒတ္တသည် ကုမာဒေဝီအား အလွန်နှစ်သက်ခြင်းကို ဖြစ်၍ "ငါ့အချစ် အနှစ် ကုမာ၊ သင် မိဖုရားအား ငါ ဆုသနားပြီ။ လိုအပ်သောဆုကို ယူလော့" ဟု ဆိုတော်မူတော့ပြီ။ မိဖုရား ကုမာဒေဝီလည်း "အဆင်သင့် အရေးရောက်သောအခါ ယူပါမည်" ဟု ဆုခံထားသည်တဲ့ သုမိတ္တ'

သုမိတ္တမင်းသားသည် နားစိုက်နေလေ၏။

'သင်မင်းသား၊ မင်းကြီးကား အနာဂတ်ကို မမြော်မြင်၊ မိဖုရား





အား ချစ်ခြင်းကိုသာဝင်၍ ချစ်ခြင်းတည်းဟူသော တဏှာပေမ၊ ချစ်ခြင်းဖြစ်သော ထိုချစ်မှုကို သတိသမ္ပဇဉ တရားနှင့် တည်းဖြတ်ခုတ်ထွင် ရှင်းလင်းခြင်း မရှိဘဲ ဒေါသ၏ အစွမ်းအားဖြင့် မိဖုရားအား ဆုပေးတော့ပြီ။ ထိုကြောင့် ထိုမင်းကြီးသည် အထီးဖြစ်တုံလျက် မိန်းမဖြစ်ချေသည်။ အကြောင်းသော်ကား မိန်းမတို့၏ သွားလာရာလမ်းကို လောဘ၊ ဒေါသ၊ မာနတို့နှင့်သာ တန်ဆာဆင်လျက် ရှိလေရကား ဘေးဥပဒ်အန္တရာယ်သည် ကျရောက်တတ်ခြင်းကြောင့် ဖြစ်ချေသည်'

မင်းသားကား တွေ၍ စဉ်းစားနေ၏။

'နားထောင်၊ မင်းကြီး၌ နတ်ရွာပြောင်းသွားသော မိဖုရားကြီး၏ သားတော် သုစိတ္တသည် အရွယ်ရောက်လတ်၍ အိမ်ရှေ့ရာကို နှင်းအပ်မည့်အချိန် ရောက်သော် မိဖုရားကြီး ကုမာဒေဝီသည် မင်းကြီးထံ၌ ဤသို့သောဆုကို ဗိုလ်ပုံအလယ်၌ တောင်းခံတော်မူလေ၏။

' "နေနတ်နွယ် ရွှေဘုန်းတော်ရှင်ဘုရား၊ ကိုယ်တော်အရှင်သည် ကုမာအား ဆုပေးတော်မူခဲ့ပြီ။ ထိုဆုကို ယခု သနားတော်မူပါဘုရား"

' "လိုအပ်သောဆုကို တင်၊ မိဖုရားမြတ်"

' "မင်းမင်း နောင်နောင် မြတ်ဘုန်းခေါင်ဘုရား၊ သားတော်ကလေး သုမိတ္တအား အိမ်ရှေ့ရာကို ပေးသနားတော်မူပါ ဘုရား"

'သုမိတ္တ၊ မိဖုရားကား၊ အသင်၏ မယ်တော် မိဖုရားကြီးကား မိန်းမပီသသည်။ မိန်းမတို့၏ မျက်စိကို လောဘသည် အစဉ်ဖုံးအုပ် ကာကွယ်လျက် ရှိသည်။ ထို့ကြောင့် မိန်းမတို့သည် အပ်နဖားထိုးနိုင်သော သူကန်း ဖြစ်သည်။ မိန်းမတို့မည်သည် ကောင်းစားခြင်း တည်းဟူသော စည်းစိမ်ချမ်းသာကိုသာ မြင်သည်။ ထိုစည်းစိမ်အတွက် သတ္တဝါများ၌ ဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ မိမိ၌ လည်းကောင်း ကျရောက်မည့် ဘေးဒဏ်ကို မမြင်။ ထို မိန်းမသည် ကချေသည်တို့၏ အကကို မြင်သိတတ်သော အကန်းတည်း။

'သို့သော် ဤသည်တို့ကား မိန်းမ၏ သဘာဝတည်း။ ယောကျ်ား တို့၌ ထိုသို့သာ ဖြစ်ချေသော် ထိုယောကျ်ားသည် မျိုးဥနှစ်လုံးရှိသော မိန်းမတည်း။ မိန်းမသဘောကို စဉ်းစား'

သုမိတ္တသည် အလင်းရောင်ကလေး၏ အစကို မြင်တော့ပြီ။

'စကားဆက် ဝေးသွားပြီ၊ သုမိတ္တ နားထောင်။ ထိုအခါ မင်းကြီး သည် "ဟယ်... သူကန်း" ဟု ဗိုလ်ပုံအလယ်တွင် ဆိုတော့ပြီ။ မင်းကြီး ကား မာနအားဖြင့် မိမိကန်းသည်ကို မမြင်။ သူကန်းသည်ကိုသာ ထင် ၍ သူကန်းဟု မိဖုရားကို ငြိုငြင်စေလျက် "ငါ့သားတော်ကြီးကို အဘယ်သို့ မျက် ရသနည်း" ဟု မိန့်တော်မူ၏။

'မိဖုရားကား လိမ္မာတော်မူသည်။ ထိုအချက်၌ ယောကျ်ားမြတ် စိတ် ဝင်တော်မူသည်။ သို့သော် မိန်းမတို့၏ ဇာတိစိတ်ကို မစွန့်သော အားဖြင့် ကောက်တကျစ်ဉာဏ်လည်း ရှိသည်။ ထို့ကြောင့် မိဖုရား ကုမာ ဒေဝီသည် မျက်နှာတော် မပျက်ဘဲ ကြည်ခြင်းဖြင့် တည်လျက်သာ ရှိပြီး လျှင် ညီလာခံသဘင် ကွဲစေလေ၏။

'မိဖုရားကား မင်းကြီးသည် ကတိမတည်။ သစ္စာကို ချွတ်ယွင်း စေသည်ဟု မှူးကြီး မတ်ကြီး သေနာပတိတို့ကို ဂိုဏ်းပြုလျက် တဖြည်း ဖြည်း အင်အားစုလေရာ၊ သက်သာပြည် မှူးမတ်စုတို့သည် ကွဲလျက် သက်သာပြည့်ရှင် ဘုရင်နာဂဒတ္တ၏ ညီလာခံသဘင်သည် ငြင်းခုံမှုဖြင့် သာ မညီမညွတ် ရှိလာလေတော့ပြီ။

'ပြည်တွင်း ပြည်ပတို့၌လည်း နောက်ပါ အဖွဲ့အစည်းတို့ကို





လျှို့ဝှက်ကာ ဂိုဏ်းတည်ထောင်လျက် အင်အားစုတော့သည်။ အင်အား ပြည့်သောအခါ သားတော် သုမိတ္တအား ထွက်၍ ပုန်ကန်ထောင်ထား ခြားနားစေတော့သည်။

'မှားသလား မင်းသား'

မင်းသားကား တွေ၍ ငိုင်နေ၏။

'မင်းသားသည် သက်သာပြည်သား၊ သက်သာပြည်သားဖြစ်၍ သက်သာပြည်၏ အကျိုးကို လိုလားရမည်။ သို့မှ သက်သာပြည်မှ လူ တစ်ယောက် ဖြစ်ရမည်'

မင်းသားသည် မျက်ရည်စို့လာ၏။

'မောင်တော်ကလေး သုမိတ္တ၊ မောင်တော် ငယ်သေးသနော်၊ တက္ကသိုလ်ကိုလည်း မရောက်ဖူးပေပဲကိုး။ ပညာရှိနှင့်လည်း ကင်းကွာ သကိုး။

'ပြုံးသော မျက်နှာ၏ အတွင်း၌ သန်လျက်ဓားသည် တမြည့်မြည့် သွေးကာ ထက်လျက် ရှိသည်။

'အကျိုးကို လိုလားဟန်နှင့် ဟန်ဆောင်ကာ မျက်နှာပြသော သူ၏ အတွင်း၌ လျှို့ရန် မီးတုတ်သည် အသင့်ဖြစ်နေသည်။

'သားတော်ကလေး သုမိတ္တသည် ထွက်တော်မူ၍ ပုန်ကန်ထောင် ထား ခြားနားသောအခါ မယ်တော် ကုမာဒေဝီသည် အကျိုးကို လိုယောင် နှင့် ရွှေမျက်ရည်ယိုရှဲ ငိုပွဲဆင်ကာ မင်းကြီးထံသို့ဝင်၍ ဦးအောင် လျှောက် တင်ပြီးသော် နောင်တော် သုစိတ္တအား နှိမ်နင်းရန်လွှတ်ဖို့ တင်လျှောက် လေတော့ပြီ။ သားတော်ရှင် သုမိတ္တအား အဆိုး ဆို၍ ပုံချတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ပရိယာယ် မာယာမှု၌ လိမ္မာသောသူ၏ နောက်တွင် ရန်ပြုဖျက်ဆီးရန် လက်နက်တို့သည် အသင့် ရှိနေတတ်သည်'

သုမိတ္တသည် တွေလျက် စဉ်းစားနေ၏။

'သုမိတ္တ၊ ပုန်ကန်ထောင်ထား ခြားနားသော သုမိတ္တနှင့် နောင်တော် သုစိတ္တတို့သည် စစ်ဦးချင်းဆိုင်၍ ခင်းကာ ဆိုင်ပြိုင် တိုက်ခိုက်ရသည်။ နောက်ပါ သက်သာပြည်သား ဗိုလ်ချေအချင်းချင်း တိုက်ခိုက်၍ သေကျေပျက်စီးကြရသည်လည်း များချေသည်။ စစ်တလင်းရပ်ကွက်ဖြစ်သော သက်သာနိုင်ငံထဲတွင် မီးလောင်နေသည်။

'ကိုယ်ကျိုး၊ ကိုယ့်စီးပွားအတွက် အမျိုးတူချင်းဖြစ်သော လူပေါင်းများစွာသည် မည်မျှလောက် သေကျေပျက်စီးရသနည်း။ ဤကား မိန်းမအကြံ ဖြစ်၍ ပြုသောသူသည် မိန်းမတည်း'

သုမိတ္တကား လက်တွင် ကိုင်လျက်ရှိသော ဓားကို ချက်ချင်း လွှတ်ပစ်လိုက်လေ၏။

'မောင်တော်ကလေး သုမိတ္တ၊ နားသာဦး။ ပွဲတော်အတူတည်၊ အတူကစား၊ အဆောင်တော်အတွင်းမှာ အတူနေသော ညီတော်နောင်တော်သည် စစ်ချင်းဆိုင်၍ ပြိုင်ကာ ကစားရာ နောက်ဆုံး၌ ညီတော်နှင့် သုစိတ္တသည် မျက်နှာချင်း ဆိုင်မိတော့ပြီ။ ညီတော် သုမိတ္တသည် နှမ်းကျ၍ ပန်းလုပြီ၊ မတတ်နိုင်တော့ပြီ။ ရဲမက်တို့သည် လက်လျှော့ကာ ဖယ်ကုန်ကြပြီ။ နောင်တော် သုစိတ္တကား ညီတော် သုမိတ္တကို ဖမ်းရတော့မည်။ အဖမ်းမခံ ခုခံခဲ့သော် သတ်ရတော့မည်။ နောင်တော်သည် ညီညီကို မဖမ်းရက်၊ မသတ်ရက်၊ မျက်ရည်တော်သည် ကျလာပြီ။ ရင်တွင် ဆို့လာပြီ၊ အာခံတွင်းသည် ခြောက်ကပ်လာတော့ပြီ။ နောက်ဆုံး၌ နောင်





တော် သုစိတ္တသည် လက်စွဲတော်ဓားကို မြင်းပေါ်မှ လွှင့်ပစ်ခဲ့၍ ညီတော့်ထံမှ ဖဲခဲ့ပြီးသော် တောသို့ ဝင်လေပြီ။ ထိုနောင်တော်ကို ညီတော်သည် ဗိုလ်ပါစုရုံး၍ ဖမ်းရန် လိုက်ရှာသည်။ ထိုညီတော်သည် (ဝါ) သုမိတ္တသည် မိန်းမ မဟုတ်တုံလော။ စာရီသည် နား၊ မျက်စိ၊ အသိဉာဏ်တို့ ကင်းသဖြင့် မိန်းမနှင့် အချိန်မကုန်စေလို၊ အချိန်မကုန်နိုင်'

'မမစာရီ၊ မောင်တော်ကလေး ယောက်ျား ဖြစ်ပါတော့ပြီ'

'ခဏ ရပ်နားကြဦး၊ တိရစ္ဆာန်တွေကို ရေချလိုက်ဦးမယ်' စာရီကား တိရစ္ဆာန်များကို ရေချပြီးနောက် အရိပ်တစ်ခု၌ နေနေစေ၍ မင်းသားနှင့် တကွသော နောက်ပါတို့ကို သခ်မ်းသို့ ခေါ်ဆောင်သွားလေ၏။

သုမိတ္တနှင့် တကွသော နောက်ပါတို့သည် စာရီ၏ သခ်မ်းသို့ ရောက်၍ မကြာမီပင် သုစိတ္တသည်လည်း စာရီ၏သခ်မ်းသို့ ဆိုက်ရောက်လာရာ၊ ညီနောင်နှစ်ပါးတို့သည် ဝမ်းနည်းကြေကွဲစွာနှင့် ငိုကြလေ၏။ သုမိတ္တ မင်းသားလည်း မယ်တော်၏ အလိုသို့ လိုက်လျောမိသဖြင့် မှားကြောင်းကို နောင်တော့်ထံတွင် ဝန်ခံခြင်း ပြုလေ၏။

စာရီကား မင်းသားနှစ်ပါးကို ကြည့်လျက် မည်သို့မျှ စကားမဆိုဘဲ ဆိတ်ဆိတ်နေလေ၏။ သုစိတ္တ နောင်တော်ကား ဤသို့ ဆို၏။

'ညီတော်မောင်၊ ညီတော်မောင်သည် တိုင်းတော် ပြည်တော်သို့ ပြန်၍ ခမည်းတော်တုရားထံတွင် လျှောက်တင်လေလော့။ ငါကား ထီးနန်းစည်းစိမ်ကို ရွံရှာစက်ဆုပ်၍ ဤတောတွင်ပင် ရသေ့ရဟန်း ပြုလုပ်ကာ သစ်ရွက် သစ်ခက်သာလျှင် အမိုး၊ ဝါးသာလျှင် ဇရိင်၊ သစ်ခက်သာလျှင် အကာ အဖြစ်တို့နှင့် မွေ့လျော်လျက် သစ်သီး၊ သစ်ဉ၊ သစ်ဖုတို့ဖြင့်သာ မျှတကာ အသက်မွေးတော့အံ့။ ညီတော်သာလျှင် အိမ်ရှေ့ရာထူးကို ယူ၍



www.burmeseclassic.com

www.burmeseclassic.com



မိထွေးတော် ဘုရား၌ သာယာလှသော ထီးနန်း စည်းစိမ်တော်ကို လက်ခံသိမ်းပိုက်လေလော့။ ငါကား ဤတောအုပ်၌ပင်လျှင် ကသိဏ်းဝင်၍ ဈာန်အဘိညာဉ်ကို အားထုတ်တော့အံ့'

ထိုအခါ သုမိတ္တမင်းသားသည် စီးယိုကျဆင်းသော မျက်ရည်ရှိ မျက်နှာနှင့် နောင်တော်ထံ ဤသို့ တင်လေ၏။

'မြတ်နောင်တော်ဘုရား၊ မယ်မယ်ဘုရား၏ လှည့်စားမှုဖြင့် မှားယွင်းမိသည်ကို နောင်ဘုရား သည်းခံတော်မူပါ။ နောင်ဘုရား၏ အမိန့်တော်သည် ညီတော်၏ အသည်းနှလုံးကို ပျက်ပြုန်းစေပါတော့သည်။ နောင်ဘုရား၏ ထိုသို့သော မိန့်တော်သံသည် ဘုရားညီတော်၌ မိုးကြိုးထစ်သံကဲ့သို့ တုန်လှုပ် ချောက်ချား စေပါတော့သည်။

'နောင် ဘုရားသာလျှင် သက်သာပြည်တော်၏ ထီးမွေနန်းမွေကို ဆက်ခံတော်မူရန် ခမည်းတော်ဘုရား ချီးမြှင့် မြှောက်စားတော်မူသော အိမ်ရှေ့အရာ၌ တည်တော်မူပါ ဘုရား'

'ဟုတ်ရိုးလား ညီတော်မောင်၊ လောက၌ ကာမဂုဏ်မည်သည် သတ္တဝါတို့အား လှည့်လည်နေရသော သံသရာဝဲ ဝဋ္ဋဒုက္ခ အမျိုးမျိုးကို ရစ်ပတ်ကာ မပြတ် ဖြစ်စေတော့သည်။ ထိုကာမဂုဏ်တို့၌ အိမ်ရှေ့မင်း တည်းဟူသော ရာထူးစည်းစိမ်နှင့် အစိုးတရ အာဏာရှိသည်၊ ဂုဏ်ရှိသည် ဟူသော တင့်ပကြီးမြင့်မှု ဖြစ်သည့် ထီးနန်းရိပ်ငြိမ် တည်းဟူသော စည်းစိမ်တို့ကို တပ်မက် စွဲလမ်းနှစ်သက်ခြင်းသည် ကန်းသည်။ ကန်းသောကြောင့် မိုက်သည်။ မိုက်သောကြောင့် ရမ်းသည်။ ရမ်းသောကြောင့် ရူးသည်။ ထိုသူသည် မိတ်ဆွေကိုလည်း ပြစ်မှားသည်။ ကျေးဇူးရှင်ကိုလည်း ပြစ်မှားသည်။ ပညာရှိ သူတော်ကောင်း တရားရှင် ဟူ၍လည်း





မသိ။ မိဘ ညီအစ်ကို ဆွေမျိုးဉာတိ ဟူ၍လည်း မသိ။ ညီတော်မောင်၊ ကာမဂုဏ် စည်းစိမ်ဘေးဆိုသည် အလွန် ကြောက်စရာ ကောင်းလှ ပါကလား။ ကံကောင်း၍၊ သတိဝင်လာ၍၊ သတိဝင်လာ၍ ပါလား။ အတူတူ အိပ်၊ အတူတူ ကစားခဲ့၊ အတူတူ ပွဲတော်တည်၊ နှစ်ကိုယ့်တစ်စိတ် နေခဲ့သော ညီမောင်ကို ကိုကိုဘုရား လက်လွှန်တော့မလို့ ပါကလား။ ထို့ကြောင့် ညီတော်မောင်၊ ကိုကိုဘုရားကား လျှော်တေမှီးပြီး မြိုင်ကြီးမှာသာ ပျော်တော့မည်။ ခမည်းတော်ဘုရားထံ၌သာ သံတော်ဦး တင်လိုက်ပေတော့'

'ကိုကိုဘုရား၊ ဘုရားညီတော်ကား ကိုကို မပါသော် ပြည်တော်သို့ မပြန်။ ကိုကိုဘုရားနှင့် အတူ သစ်သီးဝလံကိုမှီပြီး မြိုင်ကြီးအတွင်းမှာ ကိုကိုဘုရားနှင့် အတူ ပျော်ပါတော့မည် ဘုရား'

ထိုခဏ၌ စာရီသည် တောသူမ အဝတ်ရိုးရိုးဖြင့် သုစိတ္တနှင့် သုမိတ္တ ညီနောင်နှစ်ပါးတို့ စကားဆိုနေရာသို့ လာရောက်ကာ စေ့စေ့ကြည့်နေ၏။ ကျေနပ်နှစ်သိမ့်ကြပြီလား ဟုလည်း မေး၏။ ညီနောင် နှစ်ပါးတို့ကလည်း သူတို့သည် နေပြည်တော်သို့ မပြန်ဘဲ ရသေ့ပြုလုပ်၍ တောတွင်းမှာပင် နေတော့မည်ဟု ဆိုသဖြင့် စာရီသည် ဤသို့ ဆိုလေတော့၏။

'မောင်တော်တို့ကို မေးရလိမ့်မယ်'

'မေးပါ မမစာရီ'

'လူ့ပြည်သို့ လာရန် ပဋိသန္ဓေနေတော့ အဘယ်ကြောင့် ဘုရင့်နန်းတော်ကို နှစ်သက်ပါသလဲ'

'မမစာရီ၊ သည်လို အာရုံတပ်မိခဲ့မည် မထင်ပါ'

'ပရမ်းပတာ ရောက်တတ်ရာရာ စုတေစိတ်ကျလို့ ပဋိသန္ဓေ နေရ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကြုံကြိုက်သလို ဖြစ်ရတဲ့ဘဝ ဆိုရင် ယခုကဲ့သို့ သူတော်ကောင်း စိတ်သဘော ရှိနိုင်ပါ့မလား'

ညီနောင်နှစ်ပါးကား တွေ၍ စဉ်းစားနေ၏။

'နားထောင် မောင်တော်များ'

'အမိန့်တော်ရှိပါ၊ မိန့်တော်မူပါ'

'သူမြတ်တို့၏ အိမ်ထောင်၌ အဖသည် သားကောင်း သမီးကောင်း၊ အမိသည် သားကောင်း သမီးကောင်းတို့ အလို့ငှာ အိမ်ရာထောင်ခြင်းကို ပြုကြ၏။ ထိုသို့သော မိဘများထံ၌ ဤသူတို့ထံတွင် တည်နေရသော် ငါ၏ လူ့ဘဝသည် တန်ဖိုးရှိအံ့ဟု စုတေစိတ်ကျကာ ပဋိသန္ဓေ တည် လာရသော သားသည် သုံးချက်ညီမင်္ဂလာနှင့် ပြည့်စုံသောသူ ဖြစ်၍ ထိုသူသည် လောကတွင် အဓိပတိ လူဖြစ်ရာ၏။

'သို့တည်းမဟုတ် မိဘတို့သည် သဘာဝအလျောက် ကာမဂုဏ် သဘောနှင့် အိမ်ထောင်ပြုသော်လည်း စုတေလာသော သူသည် ဤ မိဘသည် မြတ်သော မိဘတည်း၊ ဤမိဘထံ၌ ခိုလှုံရသော် ငါသည် လူဖြစ်ရအံ့ သတည်းဟု ပဋိသန္ဓေ လာနေသော သူသည်လည်း မြတ်သော သူ ဖြစ်ရာ၏။

'ထိုမြတ်သောသူတို့သည် မိဘတို့ကြောင့် လည်းကောင်း၊ အပ ပယောဂတို့ကြောင့် လည်းကောင်း မကောင်းမှု၊ မကောင်းသော အကျင့် တို့၌ ရဲရင့်ပြုကျင့်မိစေကာမူ ကြာသည် နေအရုဏ်သင့်က ပွင့်ရဘိသကဲ့ သို့ ပညာရှိ သူတော်ကောင်းတို့နှင့် တွေ့ရဘိသော် ဖြောင့်မှန်သော လမ်း သို့သာ ရောက်တတ်ရာ၏။

'မောင်တော်တို့အား မေးဦးမည်'





'အမိန့်ရှိတော်မူပါ'

'သက်သာပြည်သည် ယခု တိုင်းကျဉ်း ပြည်ကျဉ်းကလေးပင် မဟုတ် လား'

'ဟုတ်ပါသည်'

'တိုင်းသူပြည်သားတို့ အကျိုးငှာ သက်သာပြည်ကြီးသည် တိုင်းကြီး ပြည်ကြီး ဖြစ်လာသည်ကို မလိုလားကောင်းပေဘူးလား'

'လိုလားအပ်ပါသည်'

'မောင်တော်ကလေး'

'လိုလားအပ်ပါသည်'

'ထိုသို့ တိုင်းကြီး ပြည်ကြီး ဖြစ်ရန် ဘယ်သူ့တာဝန်လဲ၊ ယခု ခေတ်ရဲ့ သဘောအခြေ၌ လက်လုပ်လက်စား သာမန်မိလက္ခူ၊ ကူလီ လက်လုပ်လက်စားတို့ရဲ့ တာဝန်ဟု ထင်သလား'

'မထင်ပါ'

'ဘယ်သူ့တာဝန်လဲ'

'မင်းသားများ ရှေ့ဆောင်မှုသည် တာဝန်ပါ'

'နေမင်းမျိုးတို့ရဲ့ ကျင့်ရိုးဖြစ်တဲ့ ရသေ့လုပ်ပြီး မိုး၊ နေ၊ လေ လုံရုံ သော အရိပ်၊ ရသမျှသောသစ်သီး၊ ဖန်ရည်စွန်းသော အဝတ်တို့နှင့် တင်းတိမ်ရောင့်ရဲကာ မနေရာ၊ မနေအပ်ဟု မဆိုလို။ နေရာ၏၊ နေအပ် ၏။ သို့သော် တိုင်းပြည်ထီးနန်းကို သိမ်းမြန်းအုပ်ချုပ်၍ ပြည်သူတို့ရဲ့ အကျိုးစီးပွားကို ဆောင်ပြီးမှ တောထွက်ကာ ရသေ့ရဟန်းလုပ်သော် သာ၍ မသင့်လျော်ပါလား'

'မမစာရီ အသို့ ဆိုတုံဘိသနည်း၊ ရှေ့နစ်သောသူကို နစ်စဉ်ခဏ၌



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ရသော် ထိုသူသည် အသက်ဘေးမှ ချမ်းသာတုံသေး၏။ သုစိတ္တသည် ကာမဂုဏ် တည်းဟူသော ကိလေသာ ရေကြော၌ နစ်မွန်းသဖြင့် ယခု တရားတည်းဟူသော ဖောင်သမားသည် ကယ်တင်ခဲ့လေပြီ။ အသို့လျှင် ကြောက်မက်ဖွယ်သော ထိုရေယဉ်၌ တစ်ဖန်ပြန်၍ နစ်ရသလော'

'မမစာရီ၊ သုမိတ္တကား မြွေဟောက်မှုတ်ခြင်းဖြင့် ကန်းသောမျက်စိနှင့် ဆူးချုံကို တိုးမိခဲ့ပြီ၊ မပြစ်မှားအပ်သော နောင်တော် သူတော်ကောင်းကို ပြစ်မှားမိချေပြီ။ မမစာရီ ကယ်တင်ခြင်း တည်းဟူသော ဆေးဝါးကြောင့် ယခု အလင်းကို ရခဲ့ပြီ။ အသို့လျှင် မျက်စိကို တစ်ဖန်ပြန်၍ ကွယ်ရပါအံ့နည်း'

'မင်းသားတို့၊ မင်းသားတို့ ပြောသော စကားသည် သူတော်ကောင်းတို့ သဘောနှင့်ကား မှန်သည်၊ သဘော၏ အစဉ်ဖြင့်လည်း မှန်သည်။ သို့သော် သူမြတ်တို့၏ သဘောနှင့်ကား မှားသည်ဟု အဘယ်ကြောင့် မဆိုရာသလော၊ စာရီသည် သာကေဆောင်၍ အမှောင်ကို လင်းစေအံ့'

'ဆိုတော်မူ၊ မိန့်တော်မူ...'

'လူ့ဘောင်၌ လူလုပ်ရခြင်းသည် နေ့စဉ်နှင့်အမျှ ကာမဂုဏ်တည်းဟူသော မစင်ဘင်ပုပ်တို့၏ လိမ်းကျံခြင်းကို ခံနေရ၏။ ဤလည်း မှန်၏။ တစ်နည်းအားဖြင့်ကား လူ့ဘုံ၌ လူလုပ်နေရခြင်းသည် မိမိကိုယ်ကို အနောတက္က ရေစင်နှင့်ချိုးကာ ချေးညှော်တို့ကို စင်ကြယ်စေပြီးလျှင် နံ့သာရေစင်နှင့် မွှမ်းမံလိမ်းကျံခြင်းလည်း ဖြစ်၏ ဟု စာရီ ဆိုတုံသေး၏။ အကြောင်းသော်ကား ခပ်သိမ်းသော ဘုရားလောင်းတို့သည် မြတ်စွာဘုရားထံမှာ နိယာတ ဗျာဒိတ်တော်ကို ခံယူရသော ဘဝ၌ နိဗ္ဗာန် မဂ်ဖိုလ်ကို ယူမည်ဆိုသော် ယူနိုင်၏။ အဘယ်ကြောင့် သံသရာရှည်ရအောင်





ဘုရားဆုကို တောင်း၍ ဘဝအမျိုးမျိုးဖြင့် ကျင်လည်ကာ ဆင်းရဲကို ခံဘိသနည်း၊ များစွာသော သတ္တဝါတို့၏ အကျိုး၊ လောက၏ အကျိုးကြောင့်...'

ညီနောင်နှစ်ပါးသည် စိုက်၍ တွေနေ၏။

'အကယ်၍သာ ထိုကဲ့သို့ ဘုရားအဖြစ်ကို ရအောင် မိမိကိုယ်ကို မိမိ အနွံအတာ အဆင်းအရဲခံ၍ သံသရာပြင်ကျယ် ရေပင်လယ်တွင်း၌ အပင်ပန်းခံကာ မကူးချေသော် များစွာသော သတ္တဝါတို့သည် ဆင်းရဲတွင်းမှ မထွက်နိုင်ရာ။ လောကသည်လည်း မှောင်အတိသော် လည်းကောင်း၊ ဟင်းလင်းဟာလာ အတိသော်လည်းကောင်း မဖြစ်ရာသလော။ ထို့ကြောင့် မြတ်စွာဘုရားကို လောကသုံးပါး၌ အမြတ်ဆုံးဟု ဆို၍ ဘုရားလောင်းကို ဖြစ်လေရာဘဝ၌ မြတ်သည်ဟု သူတော်ကောင်း ပညာရှိတို့သည် ဆိုတုံသေး၏။

'လူတို့၌ သတ္တဝါတို့၏ အကျိုးစီးပွားကို မငဲ့ဘဲ ကိုယ်ကျိုးကိုယ်ကောင်းကိုသာ ရှာသော သူတို့သည် ကြောက်စရာကောင်းသော သူတို့ ဖြစ်သင့် မဖြစ်သင့်ကို သတိပြုလော့'

ညီနောင် နှစ်ပါးတို့သည် စဉ်းစားသကဲ့သို့ ရှိနေ၏။ စာရီလည်း ဆက်၍ ဤသို့ ဆိုပြန်၏။

'လောက၌ လူအသီးသီးတို့သည် မိမိတို့၏ အင်အားနှင့်အညီ သူတစ်ပါး၏ အကျိုးစီးပွားကို ဆောင်ကြ၏။ ထိုလောကသည် သာယာသော လောကဖြစ်၏။ ထိုသာယာသော လောကအလို့ငှာ သူတစ်ပါး၏ အကျိုးကိုဆောင်သော သူတို့တွင် အစိုးတရ ဖြစ်သောသူ၊ အကြီးအကဲ ဖြစ်သောသူ၊ မင်းမှူးမတ်တို့သည် ဆောင်သော်ကား ထိုလောက၏ သိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပြီးစီးရာရောက်၍ မောင်တော် သုမိတ္တသည် ထီးမွေနန်းမွေခံ အိမ်ရှေ့ကိုယ်တော် အဖြစ်နှင့် လည်းကောင်း၊ မောင်တော်ကလေး သုမိတ္တသည် အိမ်ရှေ့အမွေခံ စစ်သူကြီး သေနာပတိ အဖြစ်နှင့် လည်းကောင်း တိုင်းပြည် လူမျိုး၏ အကျိုးကို ဆောင်ရွက်မည် ဖြစ်ချေသော် သက်သာပြည်သိမ် ပြည်ငယ်ကလေးသည် တိုင်းကြီးပြည်ကြီး ဖြစ်လာရာ၏။ ထိုပြည်၏အရှင် ဘုရင်မင်းမြတ်သည် တန်ခိုးကြီးသော ဘုရင်မင်းမြတ် ဖြစ်လာရ၍ အတိုင်းတိုင်း အပြည်ပြည်၌ ထင်ရှားကျော်စောပြီးသော် အမင်းမင်းတို့နှောင် ဖြစ်ရလျက်၊ ပဏ္ဏာ လက်ဆောင်တော်တို့နှင့် ယို့လျက် သင့်တင့်ညီမျှ လာရမည် ဖြစ်ချေသည်။ မောင်တော်နှစ်ပါးသည် ယောက်ျားမြတ်တို့ရဲ့ ထုံးကို နှလုံးထားလျက် အဘယ်ကြောင့် တိုင်းပြည် လူမျိုး၏ အကျိုး၊ တိုင်းပြည်လူမျိုး၏ မဏ္ဍိုင်ကြီးဖြစ်သော ဘုရင်မင်းမြတ်၏ အကျိုးကို မဆောင်ရွက်ဘဲ နေသင့်ပါသနည်း၊ ဆောင်ရွက်ကြပါကုန်လော့။ ကိုယ်ကျိုး ကိုယ်စီးပွား အလို့ငှာ (ဝါ) လှည့်လည်ရအံ့သော သံသရာ၌ အကျိုးစီးပွားကောင်း အစစ် အလို့ငှာ တောသို့ကပ်၍ ရောင့်ရဲခြင်းဖြင့် ကသိုဏ်းတစ်ခုခု၊ အာရုံကောင်းတစ်ခုခုနှင့် ပျော်မွေ့သင့်သည် အတိုင်း ပျော်မွေ့လိုသော် တိုင်းပြည်လူမျိုးကို ကယ်ဆယ်မြှင့်တင်ဖို့ရန် ထီးမွေနန်းမွေခံ မြင့်မြတ်သူ ကလေးများကို ထားခဲ့ပြီးမှ ချဉ်းကပ်ကြရာသတည်း'

'မမစာရီ၊ လောကတည်းဟူသော မှောင်ရိပ်အတွင်း၌ လမ်းသွားရခြင်းဖြင့် ဆူးချုံကိုလည်း တိုးမိရာ၏။ ချောက်ထဲသို့လည်း ကျရရာ၏။ ကြောက်စရာ မကောင်းလှပေဘူးလား'

'မောင်တော်များ သတိပြုလော့၊ လောက၌ တရားတည်သော သူ





သည် အမြဲလင်းလျက် ရှိသည်။ ထိုအလင်းဖြင့် မြင့်မြတ်သော ဘဝသို့ တက်လှမ်းရမြဲတည်း'

'တရားတည်သော သူကား အသို့ပါနည်း မမစာရီ'

'သုမိတ္တ၊ လောက၌ တရားတည်သော သူကား လောက၌ လောဘကို နည်းနိုင်သမျှ နည်းသောသူ၌ အလင်းရသည်ထက် ရလာ၍ တရားတည်သည်ထက် တည်လာနိုင်သော သူတည်း။ ထိုလောဘနည်းသော သူသည်သာလျှင် သူတစ်ပါး၏အကျိုး၊ တိုင်းပြည်လူမျိုး၏ အကျိုးကို ဆောင်နိုင်သော သူတည်း။ ဒေါသနည်းသောသူ အဖြစ်နှင့်လည်း တည်နိုင်သရွေ့ တည်ရာ၏။ ထိုဒေါသနည်းသော သူသည်သာလျှင် သူတစ်ပါး၏ အကျိုးကို ဆောင်ရွက်နိုင်ရာသတည်း'

'ဒေါသကို ဆိုဦးလော့'

'မောင်တော် သုမိတ္တ၊ ဒေါသသည်ကား ငိုခြင်းလည်း ဒေါသ၊ ရယ်ခြင်းလည်း ဒေါသ၊ သာယာခြင်းလည်း ဒေါသ၊ မသာယာခြင်းလည်း ဒေါသ ဖြစ်ချေ၏။ သူတစ်ပါးအပေါ်၌ ဖြူစင်သောစိတ်၊ သနားသောစိတ်၊ သူ၏ ချမ်းသာခြင်းကို လိုလားသောစိတ်၊ ကိုယ့်လောက၏ ကောင်းသော အကျိုးစီးပွား၌ လျစ်လျူပြု၍ တင်းတိမ်ရောင့်ရဲနိုင်သော စိတ်တို့သည် သူတစ်ပါးအပေါ်၌ အပြစ်ဆိုရန် ကျသော ဒေါသကို သိမ်းဆည်းခြင်း မည်၏။ ကိုယ်၏ သာယာခြင်း၊ မနှစ်မြို့ဖွယ် ရှိခြင်းကို သည်းခံနိုင်ခြင်းတို့သည် ကိုယ်၏ ဒေါသကို ချုပ်တည်းထားရာ ရောက်၏။ ထိုမှတစ်ပါး သဘာဝအားဖြင့် ထူးထွေသော၊ သာမန်သော ရောဂါဝေဒနာတို့သည် ကျရောက်တတ်၍ ၎င်းတို့ကို မခုခံနိုင်သဖြင့် ဒေါသဖြစ်ရတုံ၏။ ထိုဒေါသတို့ကို ကာကွယ်ခုခံရန်ကား တစ်နေ့တာတွင် တစ်ချိန်ကို သတ်မှတ်၍ အခါတည်းဟူသော ကမ္မဋ္ဌာန်း တစ်ခုခု၊ ကသိုဏ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကို ပွားများအားထုတ် ပိုင်စွဲထားသည် ရှိသော် ရောဂါဝေဒနာ တည်းဟူသော ဆင်းရဲတွေ့လာလတ်လျှင် ထိုအာရုံကို ဝင်စေခြင်းဖြင့် ရောဂါဝေဒနာကြောင့် ရအပ်သော ဒေါသအပြစ်ကို ကာကွယ်နိုင်ရာ၏။

'မာနသဘောသည်လည်း လောကကို ထောင်းထောင်းညက်ညက် ကြေစေနိုင်သဖြင့် ထိုမာန လျော့စေရန်မှာ ငါကား အဆုံး၌ သေရမည်၊ စည်းစိမ်ကို စွန့်၍ သွားရမည်။ သို့ကြောင့် အသို့လျှင် "ငါ" ဟု ထောင်လွှားသင့်သနည်း။ လူအားလုံး၊ သတ္တဝါအားလုံးသည် မြူးတုံကြီးကို ဖြစ်ပေါ်ပေါက်ပွားစေသည့် ရုပ်ဓာတ်အစု ခံစားခြင်း၊ မှတ်သားခြင်း (ပညတ်တင်ခြင်း)၊ ပြုပြင်ခြင်း (ဝါ) အလိုရှိရာကို ပြုလုပ်ဆောင်ရွက်ခြင်း၊ အထူးပြုကာ သိခြင်းတို့ ဆိုသော နံဓာတ် အစုတို့ချည်းသာ ဖြစ်သဖြင့် အတူတူပါ တကား။ ကြုံကြိုက်ရသော ဘဝ၌ ကိုယ့်တာဝန်နှင့် ကိုယ့်တာဝန် ကိုယ့်စခန်းကို ယူပြီးလျှင်၊ လောကတည်းဟူသော ကပွဲ၌ ဝင်ပြီးလျှင် ကရပါတကားဟု အောက်မေ့လျက် မိမိကိုယ်ကို မိမိ အမြဲ နှိမ့်ချကာ သဘောထား ပြုမူ ဆောင်ရွက်ရာချေသည်။ ကောင်းမြတ်လှပေစွ။

'မောင်တော် မင်းသားတို့၊ လောကသည် ကြောက်စရာ မဟုတ်၊ ကကြိုးနှင့် သီချင်းကို တတ်သိသည်ရှိသော် လောက၌ မြင့်မြတ်အောင် တရားတည်သောသူ အဖြစ်နှင့် ကနိုင်ရာသတည်း။ သတ္တဝါသည် လောကကို မှီ၍ မြင့်မြတ်နိုင်သတည်း'

မင်းသား ညီတော် နောင်တော် နှစ်ပါးတို့လည်း စာရီ၏ အဆုံးအဖြတ်ကို သဘောတူညီကြလေသည်။

▢

## အခန်း(၃)

## တွေတွေဆန်း

နံ့သာနီ တောအုပ်ကလေး၌ သဘာဝအားဖြင့် ခိုင်မြဲစွာ တည်ရှိသဖြင့် သားစား တိရစ္ဆာန်ကြီးတို့သည် တစ်စတစ်စ ရွှေ့ပြောင်းသွားကြကုန်၏။ အဘယ်ကြောင့်ဆိုသော် သားစား တိရစ္ဆာန်ကြီးတို့ကား သဘာဝအားဖြင့် ဉာဏ်ရှိ၏။ ရဲရင့်၏။ ခက်ထန်ကြမ်းကြုတ်၏။ ထို့ကြောင့် အချင်းချင်း အအုပ်ပြု၍ လည်းကောင်း၊ အစုအသင်းပြု၍ လည်းကောင်း မတည်ကြကုန်။ အသားမစားဘဲ မြက်စား၊ သစ်ရွက်စား တိရစ္ဆာန်တို့ကား သဘာဝအားဖြင့် အအုပ်ပြု၍ လည်းကောင်း၊ အသင်းအစု ပြု၍ လည်းကောင်း ညီညွတ်စွာ နေကြခြင်းကြောင့် သားစားတိရစ္ဆာန်တို့သည် မြက် သစ်ရွက်စား တိရစ္ဆာန်တို့ကို ညီညွတ်နေမှုကြောင့် အိုသေ၊ နာသေမှတစ်ပါး ဖမ်းဆီး စားသောက်ရရန် ခဲယဉ်းခြင်းကြောင့် တောပြောင်းကာ သွားကြခြင်း များလေ၏။

မာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထိုမှတစ်ပါးလည်း မျောက်ဝံကြီးများ၊ လူဝံကြီးများတို့သည် သားစား တိရစ္ဆာန်တို့ကို တွေ့တိုင်းလောက်ပင် တိုက်ခိုက် မောင်းနှင်ပစ်ခြင်းကြောင့် သားစား တိရစ္ဆာန်တို့သည် တောရွှေ့သွားခြင်း များနေကြလေသည်။

ထို့ကြောင့် စာရီ၏ တိရစ္ဆာန်အုပ်ကိုလည်း စာရီသည် ဘေးမဲ့ လွှတ်လေသည်။ ထိုတိရစ္ဆာန်အုပ်ကား စာရီသည် ငယ်ရွယ်စဉ်က နို့အလို့ငှာ မွေးထားရသော နွားမနှစ်ကောင်က ဆက်လက် ပေါက်ဖွားလာကာ တိရစ္ဆာန်အုပ် ဖြစ်နေလေသည်။ ယခု ထိုတိရစ္ဆာန်အုပ်ကား နံ့သာနီ တောအုပ် အတွင်း၌ စိုင်များ၊ ဆတ်များ၊ ဒရယ်များကဲ့သို့ လှည့်လည်ကာ နေကြလေ၏။

ထို့ကြောင့် စာရီကား အေးချမ်းစွာ ကျမ်းရင်း အရပ်ရပ်ကို ပြုစုကာ ရှိနေလေ၏။

တစ်နေ့သော နေ့လယ်အချိန်တွင် ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ အင်းဝိဇ္ဇာ လေးယောက်တို့သည် မိမိတို့ တတ်နိုင်သော ဝတ္ထုပစ္စည်းနှင့် လာရောက် ပူဇော်ကြလေ၏။

ဆေးဝိဇ္ဇာကား ဆေးနှင့်၊ ပြဒါးဝိဇ္ဇာကား ပြဒါးပြာနှင့်၊ သံဝိဇ္ဇာကား သံသေဓာတ်လုံးနှင့်၊ အင်းဝိဇ္ဇာကား သိဒ္ဓိပြီးသော ကြာနီပန်းတို့နှင့် ပူဇော်ကြခြင်း ဖြစ်၏။

ဝတ္ထုကား ဤသို့လျှင် ဖြစ်၏။

ဆေးဝိဇ္ဇာသည် လောလောလတ်လတ် သေသော မိန်းမကို ယူ၍ ဓာတ်သွင်းထားသဖြင့် အသက်ရှိသူ အိပ်နေသကဲ့သို့ ဖြစ်၏။





[စကားချပ်။ ။မြန်မာတို့ ရေးထုံးမှာ အံစိမ်းသေများကို ချက်ချင်း သုသာန်သို့ပို့ကာ သင်္ဂြိုဟ်ပစ်ရမည် ဖြစ်၏။ ထိုသဘောကား ဝိဇ္ဇာ၊ ဇော်ဂျီတို့ လှည့်ဖြားထားသော အယူဝါဒ ဖြစ်၏။ မိန်းမ အစိမ်းသေကိုသာ ဆိုလျှင် မသင့်လျော်၍ ယောကျ်ား အစိမ်းသေများကိုပါ ထည့်ထား၏။]

ကလေး မမွေးနိုင်၍ သေသွားသော မိန်းမကိုသော် လည်းကောင်း၊ မွေးဖွားပြီးနောက် တစ်စုံတစ်ခုသော အကြောင်းကြောင့် မီးနေရက်အတွင်း သေသွားသော မိန်းမကိုသော် လည်းကောင်း လူရှင်ကဲ့သို့ ဖြစ်အောင် အတတ်နှင့် ပြုပြင်၍ ဝိဇ္ဇာ၊ ဇော်ဂျီတို့သည် ပျော်ပါးကြ၏။

ဤဝတ္ထုတွင်ကား ဆေးဝိဇ္ဇာက ဓာတ်မပျက်ရအောင် ဓာတ်သွင်းထားသော မိန်းမအလောင်းကို ပြဒါးဝိဇ္ဇာက သွားလာလှုပ်ရှားနိုင်အောင် ပြုလုပ်၏။ သံဝိဇ္ဇာကကား ပြုံးရယ်ခြင်း၊ ချစ်စဖွယ်ပြုခြင်းတို့ ဖြစ်လာအောင် ပြုလုပ်၏။ အင်းဝိဇ္ဇာကကား သာယာအေးကျူးစွာ သီချင်းဆိုတတ် စကားပြောတတ်အောင် ပြုလုပ်ထား၏။

ထို့ကြောင့် ထိုဝိဇ္ဇာလေးဦးသည် ထိုမိန်းမငယ်ကို သူ ရသင့်သည်၊ ငါ ရသင့်သည်ဟု လုကြရာ စာရီထံသို့ တရားဆုံးဖြတ်ခံရန် ရောက်လာကြ၏။

သဘာဝသျှတ္တရကို နားလည်သော စာရီသည် ‘သင်တို့သည် နောက်ခုနစ်ရက်ရှိမှ လာခဲ့ပါ’ ဟု ရက်သတ်မှတ်ကာ ဝိဇ္ဇာလေးဦးကို ပြန်လွှတ်လိုက်လေ၏။

ဝိဇ္ဇာမိုရ် လေးယောက်ကား အတတ်ပညာသာ ရှိသည်၊ သဘာဝကိုကား နားမလည်ချေ။ ထိုသို့ လူသေကို လူရှင်ကဲ့သို့ ဖြစ်လာအောင်



www.burmeseclassic.com

www.burmeseclassic.com



စီရင်နိုင်သော်လည်း လူရှင်ကဲ့သို့ ဖြစ်လာသည့် အလောင်းသည် ခုနစ်ရက် ရှိသောအခါ ဆွေးမြည့် ပျက်စီးသွားလေသည်။ အကယ်၍ ဆေးစီရင်၍ ထားသော်ကား ထိတွေ့သော် လည်းကောင်း၊ စည်၊ မိုးခြိမ်းသံ ကဲ့သို့သော အသံနှင့် ရိုက်ခတ်မိသော အခါ၌ လည်းကောင်း ပုံရွှဲ့ ပျက်စီးသွားရလေသည်။

ထို့ကြောင့် ဝိဇ္ဇာလေးဦးသည် မိမိတို့ စီရင်ထားသော မိန်းမကို ခုနစ်ရက်စေ့၍ သွားရောက်ကြည့်သောအခါ ရွှံ့စရာလိလိ ပျက်စီးနေသည်ကို တွေ့ရသဖြင့် တရားရကြပြီးသော် စာရီကား အမြင်ကြီးလှပေစွဟု ကျေးဇူးတင်ပြီးလျှင် လာရောက်ပူဇော်ကြကာ စာရီ၏ သခ်မ်း၌ပင် ဥပုသ်သုံးနေကြလေ၏။

ထိုအခိုက်အတန့်၌ လူကြီးငါးယောက် မိလက္ခုတို့၏ အဝတ်အစားနှင့် စာရီထံ ရောက်လာ၏။ စာရီကား နောက်ဆုံးမှ ခမောက်ကို ဆောင်းကာ ပုဆိုးကို တိုတိုဝတ်၍ အင်္ကျီကို ကျောတွင်တင်လျက် ပါလာသောလူကြီးသို့ သွားရောက်ကာ ဦးခိုက်ပြီးသော် ဤသို့ ဆို၏။

'ဘုန်းတော်ရှင်ဘုရား၊ ကြွရောက်လာတော်မူခြင်းသည် ကောင်းသောလာခြင်း ဖြစ်ပါစေသတည်း။ ဤမြတ်သော နေရာအခင်းသို့ ကြွတော်မူပါလော့။ ဘတို့၊ ဤအခင်းသန့်၌ အဆင့်အတန်းနှင့် အညီ နေရာယူပါလော့'

'အရှင်မ၊ ကျွန်တော်တို့အား မည်သို့ ကြက်သီးထဖွယ်ရာသော စကားကို ဆိုပါဘိသနည်း၊ သည်းခံတော်မူပါ'

'ရွှေဘုန်းတော်ရှင်ဘုရား၊ ကျေးတော်မျိုးမ စာရီအား မလှည့်စားသင့်ပါ ဘုရား'





'အရှင်မ၊ အရှင်မ၏ သိမြင်ခြင်းကို ဖြေပါလော့'

'မင်းမင်းဆွေ ဘုရား၊ ကိုယ်တော်အရှင်ကား မိလက္ခုတို့ကဲ့သို့ အင်္ကျီကိုမဝတ်ဘဲ ပခုံး၌တင်ကာ လာ၏။ နူးညံ့ပျော့အိသော အရှင်ဘုရား၏ အသားအရေတော်ကား ငါဘုရင်မင်းမြတ်၏ အသားအရေဟု သက်သေခံလျက် ရှိပါ၏။ ကိုယ်တော်အရှင်သည် ခမောက်ကို ဆောင်း၍ လာလင့်ကစား ကိုယ်တော်အရှင်၏ နဖူးသည် လည်းကောင်း၊ နှာရောင်တော်သည် လည်းကောင်း၊ ပါးစပ်တော်သည် လည်းကောင်း ငါ ဘုရင်မင်းမြတ်ဟု ပြလျက် ရှိပါသည်။ ကိုယ်တော်အရှင်သည် အောက်ပိုးကျိုက်ထားလင့်ကစား မခွင်သောပေါင်နှင့် ဒူးရေ၊ သလုံးတော်၊ ဖနောင့်တော်တို့သည် ဤကား ဘုရင်မင်းမြတ်ဟု ကြော်ငြာသံပေးကာ ရှိလေတော့ပြီ။ အရှင်မင်းကြီး ရှေ့က ပညာရှိဟု ဆိုအပ်သော အမတ်ကြီး၊ သို့မဟုတ် ဝန်ကြီးလေးပါးသည် ကျောမလုံ၍ နောက်ပြန်ပြုကာ ရှိသေခြင်း အထိမ်းအမှတ်ကို ပြသနေရချေတော့ပြီ၊ နေရာတော် ယူတော်မူပါ ဘုရား'

မင်းကြီးနှင့် တကွသော အမတ်ကြီး လေးပါးတို့သည် တင့်အပ်သော နေရာတို့ကို ယူ၍ မင်းကြီးသည် ဤသို့ မိန့်တော်မူလေ၏။

'စာရီမယ်၊ တစ်ခုသော ပြဿနာသည် ဤသို့ ဖြစ်နေသည်။ ထိုပြဿနာကို ရှင်းပါလော့'

'သက်သာနေပြည်တော်၌ ပညာရှိပေါင်း စုံလင်ပါလျက် ပြဿနာတစ်ခုကို ဖြေရမည်ဟု ဖြစ်ပေါ်လာသည်မှာ ကျေးတော်မျိုးမအား ဉာဏ်စမ်းလာသည့် သဘောနှင့် အကျုံးဝင်နေသောကြောင့် ဖြေဆိုခွင့်မှ ချမ်းသာပေးတော်မူပါ ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



'အဖိုးတန်ပါဘိ စာရိမယ်၊ ဤစကားမျှနှင့်ပင် သမီးတော်ကို ငါ နှစ်သက်လှပေပြီ။ ဥာဏ်စမ်းလိုခြင်းကြောင့် မဟုတ်၊ ထိုပြဿနာကို ပြေလည်အောင် မတတ်နိုင်ခြင်းကြောင့် သမီးတော်ထံသို့ ရောက်လာရခြင်းပါ။ ဖြေဆိုပါလော့'

'ပြဿနာတော်ကို မိန့်ခွင်းတော်သာပါ ဘုရား၊ နေပြည်တော် ပညာရှိများပင် မလင်းနိုင်ပါက ကျေးတော်မျိုးမလည်း လင်းနိုင်ဖို့ ခဲယဉ်းလှပါ ဘုရား'

'နားထောင်၊ သည်လို ချစ်သမီး၊ ငါတို့၏ နံနက်ညီလာခံတွင် အဖိတ်နေ့တိုင်း နှစ်သူခန့်ရှိ၍ လုံးပတ် ထွာဆိုင်ခန့်ရှိ မြွေကြီးတစ်ကောင်သည် လာရောက်ပြီးလျှင် ရာဇပလ္လင်ကို မေးတင်ကာ ရှိနေပါသည်။ ညီလာခံကွဲမှ ထိုမြွေကြီးသည် ပြန်ဆင်းပြီးသော် သူ၏တွင်းထဲသို့ ပြန်ဝင်သွားချေသည်။ ထိုသဘောကား အသို့နည်း'

'ရွှေဘုန်းတော်ရှင် ဘုရား၊ ထိုသဘောကို လျှောက်တင်ရမည်မှာ အလွန်ထိခိုက်မည် ဖြစ်ပါ၍ လိုရင်းကိုသာ တင်ပါရစေ ဘုရား'

'ချစ်သမီး သဘောအတိုင်း တင်'

'မင်းမင်းတို့၏ ဆွေဘုရား၊ ဤမြွေကြီးကား ဥစ္စာစောင့် မြွေကြီးဖြစ်ရာ အဖိုးအနဂ္ဃတန်သော ပတ္တမြားကို စောင့်ထိန်းလျက် ရှိကြောင်းပါ ဘုရား'

အမတ်ကြီးလေးဦးကား ဤမြွေ၌ ပတ္တမြား အဘယ်က ရခဲ့သနည်းဟု သရော်ပြောင်လှောင်ဘိ သကဲ့သို့ စကားဆိုလေ၏။

'ချစ်သမီး၊ ဤပတ္တမြားကို တူး၍ယူရသော် မရတန်သလော'

'ရွှေဘုန်းရှင် ဘုရား'





'တင်...'

'ဤတွင်း၌ တူးသည်ရှိသော် တူးသည်နှင့် တစ်ပြိုင်နက် ဥစ္စာစောင့်မြွေက အဆိပ်နှင့် မှုတ်ထုတ်သဖြင့် မျက်စိကန်းကြရကုန်အံ့။ တစ်နည်းအားဖြင့် ရအောင်၊ တွေ့အောင် တူးသည် ရှိသော် ဤမြွေကြီး၏ ဘေးနှင့် တူးသည့်သူ အားလုံးသည် သေကျေပျက်စီးရလတ္တံ့။ ဤမြွေကြီးသည် ညီလာခံသဘင်သို့ ဝင်၍ လာရောက် ညီလာခံသည်ကို ဘေးပြုက တစ်နန်းတော်လုံး ဘေးဖြစ်ရပါလတ္တံ့။ ကြာသော် ဤမြွေကြီးသည် အဖိတ်နေ့၌ ရာဇပလ္လင်ထက်သို့ တက်၍ခွေကာ ညီလာခံခြင်းကို ပြုပေလတ္တံ့'

'ချစ်သမီး မကယ်ဆယ်နိုင် မတားမြစ်နိုင်သလော'

'ရွှေဘုန်းတော်ရှင် ဘုရား၊ မိစာရီကား ဤမျှထိ မစွမ်း။ ဤအချက်၌ကား ဈာန်အဘိညာဉ်ရသော ရသေ့၊ ရဟန်းတို့၏ အရာပါ ဘုရား'

'ခက်သည် သမီးတော်'

'မခက်ပါ ဘုရား'

'တင်...'

'ရွှေဘုန်းတော်ရှင် ကိုးကွယ်သော ဈာန်ရ ရသေ့ကြီး ရသေ့ဖြူသည် ရှိပါသည်။ ထိုရသေ့ဖြူ ကိုယ်တော်သည် ဘုန်းဘုရား သတိလစ်၍ တရားညစ်မည်းသဖြင့် နန်းတော်သို့ ကြွလာမြဲအတိုင်း မလာသည်မှာ နှစ်ကာလအပိုင်းအခြား အတော်ပင် တာရှည် လေးမြင့်ခဲ့ပါပြီ။ ထိုရသေ့ ဘုရားထံသို့ ကိုယ်တော်အရှင် ကြည်ညိုလေးမြတ်စွာနှင့် တောင့်တပါက ထိုရသေ့ဆရာဘုရားသည် ရောက်လာ၍ မြွေကြီး၏ထံမှ ပတ္တမြားကို ယူပေးနိုင်ကောင်းပါသည် ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



'အင်း သဘောကျပြီ၊ ပြဿနာတစ်ခုလည်း ရှိသေးတယ် သမီးတော်'

'အမိန့်တော်ရှိပါ ဘုရား'

'သမီးတော်၊ ငါ့နန်းတော်၌ မိဖုရားကြီးရဲ့ ကိုယ်လုပ်တော် အပျိုတော် တစ်ယောက် ရှိတယ်။ သည်အပျိုတော်ကလေး တစ်ယောက်ကို တစ်စုံတစ်ယောက်သော ယောကျ်ားသည် ညဥ့်မှာလာ၍ ကြူးလွန်တော်ကားကြောင်းကို တိုင်တန်းခြင်းကြောင့် အမှုထမ်းများကို စောင့်နေဖမ်းဆီးစေသော်လည်း မမိ မရနိုင် ဖြစ်နေရာ၊ ယခုမှာ ကိုယ်လေးလက်ဝန်ပင် ရှိနေတော့ပြီ။ ထိုယောကျ်ားလည်း မပေါ်လာ ရှိချေပြီ။ ထို့ကြောင့် မည်သို့သော ယောကျ်ားသည် လာရောက် ကျူးကျော်သည်ကို ပေါ်ဖို့ လိုနေသည် သမီးတော်'

'ရွှေဘုန်းတော်ရှင် ဘုရား'

'သမီးတော် တင်'

'ယင်းကိစ္စ၌ ကာယကံရှင် သတို့သမီးကို စစ်ဆေးပြီးမှ သမီးတော် ထိုပြဿနာကို ဖြေရှင်းနိုင်ကောင်းပါ ဘုရား'

'အင်း... မှန်ပေတယ်၊ သမီးတော်ထံ၌ မည်သည့် ကျမ်းဂန်များကို ပြုစုပြီး အသင့် ရှိပါသလဲ'

'ကျေးတော်မျိုးမကား လူ့သျှတ္တရကျမ်း၊ တိုင်းပြည်သျှတ္တရ၊ နိုင်ငံ့သျှတ္တရကျမ်းများ၊ ကောင်းကင် သျှတ္တရကျမ်းတို့ကို နောင်ချဲ့ထွင်နိုင်သော ပညာရှိ ပေါ်ပေါက်လာက မာတိကာအားဖြင့် ချုပ်၍ ရေးမှတ်ထားခြင်းမျှသာ ရှိပါသည် ဘုရား'

နာဂဒတ္တ ဘုရင်မင်းမြတ်သည် စာရီကို အလွန်နှစ်သက်၍ စာရီ၏





သခ်မ်းမှ ဖဲခဲ့လျက် မိမိ၏ ထားခဲ့သော နောက်ပါများကို ယူပြီးလျှင် နေပြည်တော်သို့ ပြန်ခဲ့လေ၏။

ဘုရင်မင်းမြတ် နာဂဒတ္တသည် နေပြည်တော်သို့ ရောက်လတ်သော် အဖိတ်နေ့သို့ မရောက်မီ ည၌ မိဖုရားမြတ်နှင့် မိမိတို့၏ဆရာ ရသေ့ဖြူကို မှန်းကာ ကန်တော့ပြီးသော် တောင်းပန် တောင့်တလေ၏။

နောက်တစ်နေ့ အဖိတ်နေ့ ညီလာခံ၌ ရသေ့ဖြူသည် ကောင်းကင်ခရီးဖြင့် မင်းကြီး၏ နန်းတော်သို့ ရောက်လာ၏။ မင်းကြီးလည်း ဈာန်အဘိညာဉ်ရ ရသေ့ကြီးအား ညီလာခံသဘင်၌ ပလ္လင်ပေါ်သို့ တင်၍ အနိမ့်အကျပြုကာ မိဖုရား မှူးမတ် ဗိုလ်ပါများနှင့် ခစားကာ နေ၏။

ထိုအခါ မြွေကြီးလည်း ရှေးကကဲ့သို့ ရာဇပလ္လင်ကို မေးတင်၍ နေ၏။ ရသေ့ကြီးကား ဤသို့ ဆို၏။

'အသင်မင်းကြီး၊ သတိကိုပြုလော့။ အသင် မင်းကြီးသည် ဤပြည်တော်သာ၌ တရားနှင့်အညီ မင်းပြု၏။ သီတင်းသီလနှင့် ပြည့်စုံ၏။ ကောင်းသော ကျင့်ဝတ်၌ မြဲ၏။ သို့စဉ်လျက် ဤပတ္တမြားရတနာကို စွဲလမ်းတပ်မက်မှုဖြင့် ကောင်းရာသုဂတိသို့ မလားရဘဲ အဆိပ်ပြင်းထန်လှသည့် မြွေပြိတ္တာ ဖြစ်နေရချေပြီ။ ဤပတ္တမြားသည် ရတနာလော၊ အသင်မင်းကြီး၏ ရန်သူလော၊ အသင်၏ သုခချမ်းသာကို လိုသော် ဤပတ္တမြားကို ယူ၍ စွန့်လော့။ ထိုလောဘကို သတ်လော့။ အသင့်အတွက် ဘုံဗိမာန်သည် တုသိတာနတ်ပြည်၌ အချည်းနှီး မဖြစ်စေလင့်'

မြွေကြီးသည်ကား ထိုသို့ ရသေ့ကြီး ဟောသော တရားကို ကြားနာရသည်ရှိသော် ညီလာခံသဘင် အလယ်မှဆင်း၍ တွင်းသို့ ဝင်လေ၏။

ရသေ့လည်း မင်းကြီးနှင့် မှူးမတ်တို့အား ဆုံးမစကားကို အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ် ဆိုနေစဉ် မြွေကြီးသည် အလျှံပြောင်ပြောင် အရောင်မျိုးစုံနှင့် ထွန်းလင်းတောက်ပသော ပတ္တမြားကြီးကို ချီယူလာ၍ နာဂဒတ္တမင်းကြီး၏ ရှေ့၌ချပြီး ခဏဒ္ဓပင် ထိုမြွေအဖြစ်မှ မင်းပရိသတ်အလယ်တွင် စုတေ စိတ်ကျလေ၏။

ထိုသို့ မြွေကြီး စုတေ စိတ်ကျသည်နှင့် တစ်ပြိုင်နက်ပင် နန်းတော်အထက် ကောင်းကင်ပြင်မှ သာယာသော နတ်စောင်း နတ်ငြင်း အသံတို့သည် ဖြစ်ပေါ်လာပြီးသော် တိတ်ဆိတ်သွားလေ၏။ ရသေ့ကြီးလည်း မင်းကြီးနှင့် တကွသော ဗိုလ်ထုအား ဤသို့သော တရားကို ဖြစ်စေလေ၏။

'အသင်တို့၊ သတိပြုကြလော့။ ထီးနန်းစည်းစိမ်၊ ရွှေထီးရွှေနန်း၊ ဥစ္စာပစ္စည်း၊ လယ်ယာမိုးမြေ၊ ရွှေငွေရတနာ၊ ကျောက်သံပတ္တမြား စသည်တို့သည် အသင်တို့ နှစ်သက်စရာ မဟုတ်။ အသင်တို့အား ဆင်းရဲကြီးစွာကို ဖြစ်စေမည့် ဝတ္ထုပစ္စည်းတို့တည်း။

'ဘုရင်မင်းမြတ်၊ မိဖုရားကြီးနှင့် တကွသော မှူးမတ် ဗိုလ်ပါများ။ ဤမြွေကြီးကား အခြားမဟုတ်၊ သက်သာပြည်ကို အစိုးရတော်မူသော မြားဦးကိုင် ဘုရင်မြတ်တည်း'

'တင်ပါ့'

'မြားဦးကိုင် ဘုရင်မင်းမြတ်သည် အင်းဝိဇ္ဇာအဖြစ်နှင့် ပေါက်မြောက်သော ဘုရင်မင်းမြတ်တည်း။ အခါတစ်ပါး၌ မြားဦးကိုင် ဘုရင်မင်းမြတ်သည် မိဖုရားမြတ်အား ခေတ္တ နန်းတော်ကိုလွှဲအပ်၍ တောတောင်ကြီးထဲ၌ ပျော်ပါးနေရာ ဒွါရာဝတီပြည်မှ မိဖုရားကို ခိုးယူလာသော သံဝိဇ္ဇာ





တစ်ယောက်နှင့် တွေ့၍ မိဖုရားကို ပြည်တော်သို့ ပြန်ပို့စေပြီးသော် ထိုသံဝိဇ္ဇာကို ဒဏ်ခတ်မည် ပြု၏။

'ထိုအခါ သံဝိဇ္ဇာလည်း ပတ္တမြားမျက်ရှင်ကို လက်ဆောင်ပြု၍ မြားဦးကိုင် မင်းကြီးထံတွင် ပြစ်ဒဏ်မှလွတ်ရန် တောင်းပန်၏။ မင်းကြီးလည်း ပတ္တမြားမျက်ရှင်၏ အာနိသင်ကို သံဝိဇ္ဇာအား မေး၏။ သံဝိဇ္ဇာလည်း အရှင်မင်းကြီး၊ ဤပတ္တမြားမျက်ရှင်သည် မည်သို့မျှ အာနိသင်မရှိ။ လူတို့ နှစ်သက်ခြင်းသာလျှင် ဖြစ်ဘိ၏ဟု ဆို၏။

'မင်းကြီးလည်း ထိုပတ္တမြားကို နှစ်သက်၍ သံဝိဇ္ဇာအား အပြစ်မှလွတ်ပြီးသော် နေပြည်တော်သို့ ပြန်လာ၏။ မင်းကြီးသည် ထိုပတ္တမြားကို မိဖုရားကြီးအား လည်းကောင်း၊ နန်းရင်းဝန်ကြီး စသော မှူးမတ်သေနာပတိတို့အား လည်းကောင်း ပြ၏။ မြင်သူတို့သည် ထိုပတ္တမြားကို အလွန် နှစ်သက်ကြကုန်၏။

'ထို့ကြောင့် မင်းကြီးသည် ထိုပတ္တမြားကို ကိုယ်နှင့်မကွာ ထား၍ အမြဲစောင့်ထိန်း၏။ အခါတစ်ပါးသော် မင်းကြီးသည် ဝိဇ္ဇာတို့၏ ဘုရင်လည်း ဖြစ်နေ၍ တောတွင်းဝိဇ္ဇာ အစည်းအဝေးသို့ သွားရမည် ဖြစ်သဖြင့် ဤပတ္တမြားကို ယူဆောင်သွားက အခြားသော ဝိဇ္ဇာများက မင်းကြီးသည် သံဝိဇ္ဇာထံမှ လက်ဆောင်တန်ခိုးကို ယူထားနှင့်ပြီဟု ထင်ကြမည်ကို စိုးရိမ်သဖြင့် ထိုပတ္တမြားကို ယူဆောင်မသွားလို။ ထားခဲ့ပြန်သော်လည်း မိဖုရား စသည်တို့သည် တွေ့ရှိက ယူဆောင် အသုံးပြုခဲ့သည် ရှိသော် မိမိ၌ ဘေးဥပဒ် ဖြစ်သတတ်ဟု ပတ္တမြားသည် သိဒ္ဓိရှိသည် ထင်၍ ကိုယ်၏ ရေးရာအတွက် စဉ်းလဲပြီးသော် မထားခဲ့လို။ ထို့ကြောင့် ပတ္တမြား



www.burmeseclassic.com

www.burmeseclassic.com



ကို အဝတ်ညစ်နှင့် ထုပ်ပြီးလျှင် တွင်းနက်တစ်ခုထဲ၌ ထည့်ထားခဲ့ပြီးသော် တောတွင်းဝိဇ္ဇာ အစည်းအဝေးသို့ သွားလေသည်။

'မြားဦးကိုင် မင်းကြီးသည် တောတွင်းဝိဇ္ဇာများ အစည်းအဝေးပြီးသောအခါ ပြဒါးရှင်လုံးကို ငုံ၍ ကောင်းကင်ခရီးဖြင့် ပြန်လာရာ၊ လမ်းတွင် ကြီးစွာသော မိုးသက်မုန်တိုင်းနှင့် တွေ့လေရကား ကောင်းကင်ခရီး လမ်းပျောက်၍ တစ်ခုသော တောအုပ်အတွင်းသို့ သက်ဆင်းရရှာလေသည်။

'မြားဦးကိုင် မင်းကြီးသည် တောကြီးအတွင်း၌ ခရီးမှားကာ ရောက်သွား၍ တောအုပ်အတွင်း ချုံစေးပျစ်များပေါ်၌ ရောက်လေ၏။ မင်းကြီးသည် ထိုချုံစေးပျစ်ပေါ်မှ တွားကာ ဆင်းသက်လာရာ ငုံထားသော ပြဒါးရှင်လုံးသည် ပါးစပ်တွင်းမှ ထွက်ကျကာ တောကြီးအတွင်း၌ ပျံသန်းသွားလေ၏။

'မြားဦးကိုင် မင်းကြီးကား အင်းဝိဇ္ဇာပင် ဖြစ်လင့်ကစား ပထဝီသိဒ္ဓိ၊ ဥဒကသိဒ္ဓိမျှသာ ပေါက်သေး၍ အာဟာရသိဒ္ဓိနှင့် အာကာသသိဒ္ဓိကား မပေါက်သေးသောကြောင့် တောကြီးထဲ၌ ဆာလောင်ခြင်း ဖြစ်လာ၏။ ထို့နောက် ထိတ်လန့်ကြောက်ရွံ့ခြင်း ဖြစ်လာ၏။ ထိုသို့ ထိတ်လန့်ကြောက်ရွံ့ခြင်း ဖြစ်လာသောကြောင့် ၎င်း၌ရှိသော တန်ခိုးတို့သည် ကွယ်ပျောက်လေ၏။

'ထိုသို့နှင့် ထိတ်လန့် ကြောက်ရွံ့နေသော မင်းကြီးသည် လွင်၌ တောင်မြောက်လေးပါးကို ကြည့်ရှုကာ ညနေရန် နေရာကို ဆင်ခြင်နေသည်တွင် မိမိ၏ထံသို့ လူကဲ့သို့သော သတ္တဝါတစ်ခုသည် လာနေ၏။





ပါးစပ်မှလည်း တီးတိုး တီးတိုးနှင့် အသံဖြစ်၍ တဖြည်းဖြည်း နီးကပ်လာလေရာ အဆုံး၌ မင်းကြီးသည် မတိမ်းသာဘဲ လူဝံနှင့် တွေ့ရလေ၏။

'လူဝံသည်ကား အမဖြစ်၍ မင်းကြီးကို ပြုံးကြည်စွာ ကြည့်ပြီးသော် ကျောတွင်ပိုးကာ ခေါ်ဆောင်သွားလေ၏။ မင်းကြီးကား အလွန်ကြောက်ရွံ့ခြင်း ပြင်းပြလာလေသည်။

'လူဝံမသည် ထိုသို့ မင်းကြီးကို ပိုး၍ယူသွားရာ လွင်တစ်ခုတွင် ဆင်အုပ်နှင့်တွေ့၍ မိမိ ပိုးယူလာသော မင်းကြီးကို သတိမေ့ပြီးသော် ဆင်အုပ်မှ အလွန်ကြီးသော ဆင်တစ်ကောင်ကို ဖမ်းကာ စီးတော့ပြီ။ ဆင်လည်း လူဝံမကို ကြောက်၍ ပြေးမိပြေးရာ ပြေးရလေပြီ။ လူဝံကားတွေ့သမျှ သစ်ပင်ကိုင်းတို့ကို ချိုး၍ ဆင်ကိုရိုက်ပြီးသော် အပြေးခိုင်းသဖြင့် ဆင်လည်း ပြေးမိပြေးရာ ပြေးရရာ မင်းကြီးသည် လူဝံမ၏ကျောက်ကုန်းထက်မှ လွင့်စဉ်ကာ ကျသွားလေ၏။

'မင်းကြီးကား တောကြီးထဲ၌ ဒဏ်ရာပြင်းထန်သဖြင့် မထနိုင်ဘဲ နန်းတော်သို့ စိတ်ရောက်သွား၏။ ၎င်းမှဆက်၍ မိမိ၏ ပတ္တမြားမျက်ရှင်သို့ စိတ်ရောက်လျက် မိမိ၏ ပတ္တမြားကို သူတစ်ပါး ရကောင်းသတတ်ဟု အောက်မေ့ကာ ပတ္တမြားကိုစွဲ၍ မင်းကြီးသည် ကံကုန်တော်မူရလေသည်။ ထို့ကြောင့် မင်းကြီးသည် ထိုပတ္တမြားကို စွဲပြီးသော် မြွေပြိတ္တာဖြစ်ရလေတော့သည်။

'ငါ့အား ထိုအကြောင်းကို ငါ၏ဆရာ ကဝိသီရိ ဆရာကြီးသည် မိန့်ကြားခဲ့လေသည်'

ရသေ့ကြီးသည် မင်းကြီးနှင့် တကွသော ညီလာခံအား ထိုကဲ့သို့ အကြောင်းကို လင်းပြပြီးနောက် 'မြားဦးကိုင် ဘုရင်မင်းမြတ်သည် အဘယ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဤကဲ့သို့ တွေ့ကြုံရပုံကို လင်းပြရန်သည်ကား ငါ့အရာ မဟုတ်၊ အသင်တို့ သိလိုသော် စာရီမအား မေးကြားကုန်လော့’ ဟု ပြောဆိုလေ၏။

ရသေ့သည် မင်းကြီး နန်းတော်၌ ဆွမ်းစားပြီးနောက် မိမိ၏တော သို့ ပြန်တော်မူလေ၏။

ဘုရင်မင်းမြတ်သည်ကား ထိုကဲ့သို့ တွေ့ကြုံနေရသော အကြောင်း၌ ပြည့်ပြည့်စုံစုံ အကြောင်းအရပ်ရပ်ကို သိတော်မူလို၍ စာရီအား နန်းတော်သို့ ဆောင်ယူကာ ချီးမြှောက်ပြီးလျှင် သဘာကို ပြုလိုသော်လည်း နေပြည်တော်၌ ပညာရှိဟု တင်မြှောက်ထားသော အမတ်ကြီး လေးပါးနှင့်ကား သဘောမညီညွတ်သဖြင့် နှလုံးတော်မသာ ဖြစ်နေလေ၏။

သုစိတ္တနှင့် သုမိတ္တ နောင်တော်ညီတော် နှစ်ပါးတို့သည်ကား စာရီ၌ အလွန်ညွတ်သော စိတ်သည် ရှိသည်ဖြစ်၍ တစ်နေ့သောည ညီလာခံ အစဲတွင် ခမည်းတော်ဘုရင် မင်းကြီးထံ ဝင်ရောက်ခစားလေ၏။ မင်းကြီး လည်း ဤသို့ ဆိုတော်မူ၏။

‘သားတော်များ အကြောင်းထူးသလား’

‘ထူးလှပါတယ် ဘုရား’

‘သုမိတ္တ ဘာများ ထူးသလဲ’

‘နောင်ဘုရား တင်တော်မူ’

‘ယခု နေပြည်တော်၌ မရှင်းမလင်းသော ပြဿနာများအတွက် မမစာရီကို နေပြည်တော်သို့ ပင့်ပြီးလျှင် ရှင်းလင်းစေရန် သင့်လျော်ပါ သည် ဘုရား’





‘သုစိတ္တ၊ ငါလည်း အလိုရှိပါတယ်။ ဒါပေမဲ့ ပညာရှိဖြစ်တဲ့ မှူးကြီး မတ်ကြီးများက သဘော မညီမညွတ်သေးဘူး’

‘သားတော်မောင် တင်ပါရစေ ဘုရား’

‘သုမိတ္တ တင်’

‘နေပြည်တော်၌ ပညာရှိဆိုတဲ့ မှူးကြီးမတ်ကြီးများဟာ တကယ် အစစ်အမှန် ပညာရှိ မဟုတ်ပါ။ အယောင်ဆောင် ပဲပြားပင်တွေပါ ဘုရား’

‘သုမိတ္တ၊ သားတော်မောင် ကြမ်းလှပါကလား’

‘ဘုန်းဘုရားသားတော် အတည့်အလင်း တင်ပါရစေ ဘုရား’

‘တင် သုမိတ္တ’

‘ခမည်းတော်ဘုရား ပညာရှိ သမာဓိရှင်ဟု မြှောက်စားတော်မူထား သော သိန်း၊ ဝိုင်း၊ မိန်း၊ ကောင်း အမတ်ကြီး လေးပါးသည် အစစ်အမှန် ပညာရှိ ဖြစ်ခဲ့ချေသော် ကိုယ်လုပ်တော် မယ်ရီရီ၌ ရှိသော သန္ဓေသား သည် မည်သည့်သန္ဓေ၊ မည်သို့ရသည်ဟု တည့်တည့်လင်းလင်း တင်ကြ ပါစေ။ ဘိုးတော်မင်းတရားကြီး ဘုရင်မင်းမြတ် ဖြစ်ရရာတွင် ဥဒကသိဒ္ဓိ၊ ပထဝီသိဒ္ဓိ ပေါက်နေသော အင်းဝိဇ္ဇာ ဖြစ်ပါလျက် အဘယ်ကြောင့် ဤကဲ့သို့ ဆုံးရှုံးရသည် ဟူသော ပြဿနာကို အတည့်အလင်း ရှင်းပြ ပါစေ ဘုရား’

‘အင်း...’

‘တင်ပါရစေ ဘုရား’

‘သားတော် မောင်စိတ္တ တင်’

‘ဤမျှသော ပြဿနာကိုမျှ မလင်းနိုင်သော ပညာရှိများသည် ထို့ထက် နက်နဲသော အမှုကိစ္စတို့ကို တွေ့ရချေသော် မြွေကလေးငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



သည် ဖားကြီးကို မမျိုနိုင်သဖြင့် ထိုမြွေကလေးသည် ဖားကြီး၏အစာ ဖြစ်သွားရဘိ သကဲ့သို့ ကြုံကြိုက်ရတတ်ပါသည်'

'အင်း...'

'ဘိုးတော်ဘုရားသည် ဤကဲ့သို့ မသင့်မလျော် ပျက်စီးတော်မူရ သဖြင့် သက်သာပြည်ကြီးသည် ခေတ္တ မင်းသုဉ်းနေသော နိုင်ငံတော် ဖြစ်သွားရသဖြင့် ခမည်းတော်ဘုရား ရွှေလက်ထက်တော်၌ ပြည်သိမ် ပြည်ငယ် ဖြစ်နေရပါသည် ဘုရား။ ထို့ကြောင့် ပညာရှိလေးဦး ထား၍ ချီးမြှင့်မြှောက်စားတော်မူထားသော အမတ်ကြီး လေးပါး၏ စကားဖြင့် ပြည်တော်ကြီးကို မထိခိုက်စေသင့်ပါ ဘုရား'

'ဘုရားသားတော် တင်ပါရစေ ဘုရား'

'သားတော်မောင် သုမိတ္တ တင်'

'ဤပညာရှိလေးဦးသည် အစစ်ပညာရှိ မဟုတ်ပါ။ မိမိ၏ ကြီးမြင့် ရေး၊ စီးပွားကိုငဲ့လျက် နောက်ပါတို့ကို သိမ်းသွင်းပြီးသော် စည်းစိမ်ကို လုနေကြတဲ့ (ဝါ) ရာထူးရာခံကို လုနေကြတဲ့ စည်းစိမ်ငတ်၊ ရာထူးငတ် တွေပါ ဘုရား။ ဤအမတ်ကြီးတို့သည် မယ်မယ်ဘုရားက ဘုရားသား တော်အား အိမ်ရှေ့ပေးအပ်လိုသည်ကို တရားသဖြင့် ပညာရှိပီသစွာ မပြ ဘဲ သူတို့၏ ကောင်းစားရေးကိုသာ ငဲ့လျက် ဘုရားသားတော် အိမ်ရှေ့ ဖြစ်လျှင် သူတို့သာ နန်းရင်းဝန်ကြီး စသော ရာထူးရာခံတို့၌ တည်မြဲ လျက် နေခြင်းကို လိုပါသောကြောင့် မယ်မယ်ဘုရား၏ အလိုသို့ ပါဝင် ပြီးသော် ယိမ်းနွဲ့ပါ ဖြစ်ချေသောကြောင့် ဘုရားသားတော်သည် နေပြည် တော်က ထွက်၍ ပုန်ကန်ခြင်းကို ပြုမိပါသည်။ ချစ်ကြည်လှစွာသော နောင်ဘုရားကိုပင်လျှင် ပြစ်မှားမိပါသည်။ ဤကား ရာထူးတည်းဟူ





သော လောဘ။ ဘုရားသားတော်သာ မမစာရီနှင့် မတွေ့ရခဲ့သော် သက်သာပြည်သည် ပျက်စီး၍ သက်သာမင်းဆက် ထပ်တုံးပြီးသော် သက်သာ ပြည်သူပြည်သားသည် ခွေးလေးပျားကဲ့သို့ အနှံ့အပြား လွင့်ပါး သွားရဖို့ရန်သာ ဖြစ်ပါသည်။ ယခု မမစာရီ ကယ်၍ တိုင်းပြည်တည်တံ့ ခိုင်မြဲခြင်း ရှိပါသည်။ ထို့ကြောင့် မမစာရီကို ပင့်ချီကာ ချီးမြှင့် မြှောက် စားသင့်ကြောင်းပါ ဘုရား'

'ငါလည်း စာရီကို နှစ်သက်ပါသည်'

'ပင့်ချီတော်မူပါ ဘုရား'

'သည်လိုလေ သားတော်မောင်များ'

'အမိန့်တော်မြတ်ကို နာခံလျက်ရှိပါ ဘုရား'

'သားတော်များ အလိုရှိသည့်အတိုင်း စာရီမယ်ကို ပင့်ချီပေါ့၊ သို့သော် ဤပြဿနာ နှစ်ခုအတွက် ယာယီမျှပင် တည်ပါစေဦး၊ သဘာ ကိုလည်း ကြီးကျယ်စွာ မပြုဘဲ ညည်းသီလာခံ၌သာ ပညာရှိလေးဦး၊ နန်းရင်း ဝန်ကြီး၊ အတွင်းဝန်ကြီးများနှင့် ဤပြဿနာနှစ်ရပ်ကို တပ်အပ်ကျ ထင်ရှား ရှင်းလင်းစေသင့်တယ်'

'ဦးတည့်ရပ်ပါ ဘုရား'

သုစိတ္တနှင့် သုမိတ္တာ ညီနောင်နှစ်ပါးတို့သည် ခမည်းတော်ထံမှ ဤ မျှသာ အခွင့်အမိန့် ရရှိသည်ကိုပင်လျှင် ဦးထိပ်ထက်တင်လျက် စာရီ၏ ထံသို့ သွားရောက်ကာ တပ်တောင်တာ ဗိုလ်ထုနှင့် သိုင်းသိုင်းဝိုင်းဝိုင်း ပြုပြီးလျှင် စာရီကို ပင့်ချီလေ၏။

စာရီလည်း မင်းသားများ၏ ပင့်ချီမှုကို မငြင်းမပယ်သော်လည်း မိမိအား ခမ်းနားစွာ ပင့်ချီမှုကို လက်မခံသောအားဖြင့် လိုအပ်သော



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကို မှတ်ပြီးသော် မိမိဘာသာ သဘာဝအလျောက် လာမည့် အကြောင်းကို မှာထား၍ မင်းသားတို့အား ပြန်လွှတ်လိုက်လေ၏။

မင်းသားတို့သည်ကား နေပြည်တော်သို့ ပြန်လျက် အချိန်ကို မှတ်ပြီးသော် ပြည်တော်အဝင်မှ စာရီကို ကြိုဆိုပင့်ချီရရန် ကြိုဆိုကာ စောင့်ဆိုင်းနေကြလေ၏။

စာရီသည်လည်း ဆတ်ညိုတစ်ရှဉ်းဆွဲသော စွတ်ဖားဖြင့်လျှင် သက်သာနေပြည်တော်သို့ ဦးစီးငမှူးဖြင့် လာခဲ့ရာ ကျားကြီးနှစ်စီးသည် သက်တော်စောင့်အဖြစ်နှင့် နောက်ပါးက ထက်ကြပ်မကွာ ပါလာလေ၏။

မင်းသားညီနောင်လည်း စာရီ ရောက်လာရာ အလွန် ဝမ်းသာသမျှနှင့် နှုတ်ဆက်၍ ယမကာ၊ ဖျော်ရည်တို့ဖြင့် ခရီးမဆိုက် ဝတ်ကိုဖြစ်စေပြီးလျှင် ညီတော်သုမိတ္တသည် မြင်းသည်တော်များနှင့် တပ်ဦးပြုကာ ရှေ့ကချီ၍ ပင့်ဆောင်သဖြင့် နောင်တော် သုစိတ္တသည် စာရီ၏ စွတ်ဖားနောက်မှ မြင်းတော်စီးကာ အခြံအရံနှင့် လိုက်ပါလာ၏။ စာရီ၏ သက်တော်စောင့် ကျားကြီးနှစ်စီးကား တော်ရာ တောသို့ဝင်လျက် ၎င်းတို့၏သခင် အပြန်ကို စောင့်ဆိုင်းနေလေ၏။

သုစိတ္တလည်း ထိုကျားကြီး နှစ်စီးတို့အား လတ်ဆတ်သော အမဲသားတို့နှင့် အစာကို ဖြည့်တင်းစေရန် မင်းစေတို့အား မှာထားကာ ကုံစေလေ၏။

ဤသို့ဖြင့် စာရီကို မင်းသားနှစ်ပါးသည် တောင်ဥယျာဉ်တော်သို့ ပင့်၍ များစွာသော အပျိုတော်များတို့နှင့် ငြိမ်းချမ်းစွာ ပြုစုထားလေ၏။

ဘုရင်မင်းမြတ်၏ ထိုနေ့ ညီလာခံကို စောစောရုပ်သိမ်း၍ ဘုရင်မင်းမြတ်၏ ဥပုသ်ဆောင်တော်တွင်း၌ ဘုရင်မင်းမြတ်၊ မိဖုရားခေါင်ကြီး၊





ပညာရှိလေးဦး၊ အမတ်ကြီးများ၊ နန်းရင်းဝန်ကြီး၊ အတွင်းဝန်များ၊ လွှတ်တော် တရားသူကြီးများတို့ စုံညီရောက်ရှိကာ တည်နေကြလေ၏။

သတ်မှတ်သော အချိန်သို့ ရောက်၍ ပဟိုရ်တီးလတ်သော် စာရီသည် မင်းသားနှစ်ပါးကို ရှေ့ပြုလျက် အပျိုတော် အခြံအရံနှင့် ဘုရင်မင်းမြတ်၏ ခြေတော်ရင်းသို့ ဆိုက်ရောက်လာလေ၏။

'သမီးတော် စာရီ၊ ငါ တောင့်တနေတဲ့ ပြဿနာကို ရှင်းပါလော့'

'ကာယကံရှင် ကိုယ်လုပ်တော်ကလေး ရောက်ရှိပါပြီလား ဘုရား'

'အပါးတော်က ခစားလျက်ပါ'

'ညီမတော်ကလေးရဲ့ အမည်'

'မယ်ရီရီပါ အစ်မတော်'

'ယောက်ျားတစ်ယောက်နှင့် အကာလ ညဉ့်အခါ အခန်းထဲမှာ မတွေ့ရမီ မည်ကဲ့သို့သော အမှုများကို လိုက်ပါ ဆောင်ရွက်မိပါသလဲ'

ရီရီသည် တွေ၍ စဉ်းစားနေ၏။

'သတိထား၍ စဉ်းစားပြီး မမှားရအောင် ခပ်ဖြည်းဖြည်း ပြောပါ'

'တင်ရပါမည် ဘုရား'

'တင်...'

'ဘုန်းဘုရား၊ ကျွန်တော်မျိုးမသည် ခေါင်ကြီးဘုရား နေပြည်တော်ကို နံနက်ခင်းမှာ ရထားစီးလျက် လှည့်လည် ကြည့်ရှုရာတွင် လိုက်ပါရပါသည် ဘုရား'

'ဟုတ်ပြီ၊ လမ်းခရီးမှာ မည်သို့သော ထူးဆန်းသည်ကို တွေ့ရဘိသနည်း'

'သူဖုန်းစားထက် နိမ့်ကျလျက် အရူးကဲ့သို့ ဝတ်ဆင်ပြီးလျှင် သမီး



www.burmeseclassic.com

www.burmeseclassic.com



တွင် အမှိုက်ပုံမှ အဝတ်ညစ်၊ အဝတ်စုတ်တို့ကို ကောက်ယူနေသော သူတစ်ယောက်ကို တွေ့ရပါသည်'

'သည်အခါမှာ ရိရိက ဘယ်လိုများ ဆိုသလဲ'

'ဟယ်... သူယုတ်၊ ခေါင်ဘုရား ကြွလာတာကို မသိဘူးလား၊ ဖယ်လော့။ လမိုင်းသားများ မမြင်ဘူးလား၊ ရှေ့တော်ပြေး ဘာငေးနေသလဲလို့ ဆိုမိပါသည်'

'အသည်သူက ဘာပြန်ပြောသလဲ'

'ဘာမျှ ပြန်၍ မပြောပါ'

'လမ်းမဖယ်ဘူးလား'

'ဖယ်ပါသည်'

'ကောင်းပြီ မိုလ်ထုရင်၊ သေချာစွာ နားဆင်တော်မူကြပါ။

'ခေါင်ခေါင်ဘုရား ပြည်ကို ရှုစားတော်မူရန် ထွက်ကြွလာရာ လမ်းတွင် တွေ့ရသောသူကား အရူးမဟုတ်၊ သူတောင်းစား လူညံ့လည်း မဟုတ်၊ သာမန်သော ဒွန်းစဏ္ဍား အချည်းနှီးသော သူလည်း မဟုတ်၊ သူမြတ်တည်း'

'ဟယ်...' ဟု ပညာရှိလေးဦးနှင့် ၎င်း၏ ဂိုဏ်းပါတို့သည် "ဟယ်" ကြကုန်၏။

'နားတော် ဆင်ကြပါဦးရှင်၊ ဤသူမြတ်ကား ဂန္ဓာရီလမ်းကို လိုက်နေသည့် သိဒ္ဓိပေါက် ဝိဇ္ဇာတစ်ဦး ဖြစ်ချေသည်'

'ဟာ... ဟယ်'

'ဝိဇ္ဇာမည်သည် ဤသို့ မကျင့်ရာ၊ မပြုရာ၊ မတင့်တယ်သော အမှုကို မလုပ်ရာဟု ထင်ကြပေလိမ့်မည်'





'မှန်တယ်'

'ဝိဇ္ဇာတို့၌ ရေလမ်း၌ ပြီးစီးခြင်း၊ ကုန်းခရီး၌ ပြီးစီးခြင်း၊ ကောင်းကင်ခရီးဖြင့် ပြီးစီးခြင်း၊ လက်နက်အကာအကွယ်၌ ပြီးစီးခြင်း၊ သျှို (ဗီယ) ၌ ပြီးစီးခြင်း၊ အာဟာရ၌ ပြီးစီးခြင်း၊ ရွှေငွေတို့၌ ပြီးစီးခြင်းတို့နှင့် အဆင့်အတန်းအလိုက် ပြီးစီးကြကုန်၏'

သဘာကား တိတ်နေ၏။

'အလိုရှိသမျှ (လောကီ) ၌ ပြီးစီးခြင်း တည်းဟူသော မနောမယိဒ္ဓိ ဝိဇ္ဇာမိုရ်သည်ပင်လျှင် နေရာထိုင်ခင်း၌ လည်းကောင်း၊ အဝတ်၌ လည်းကောင်း မပြည့်စုံခြင်းသည် ရှိ၏။ ထို့ကြောင့် ခပ်သိမ်းသော ဝိဇ္ဇာတို့၌ နေရန် နေရာနှင့် အဝတ်တို့သည် လိုနေ၏။ သဘာသည် ဆင်ခြေတက်လော့'

သဘာကား တိတ်၍နေ၏။ စာရီကား ဤသို့ ဆက်၍ ပြော၏။

'ဝိဇ္ဇာတို့သည် လူတို့၏ နေရာအရပ်သို့ ရောက်အံ့။ ၎င်းတို့သည် များသောအားဖြင့် ဇရပ်၌ လည်းကောင်း၊ သာမန် လူဆင်းရဲအိမ်၌ လည်းကောင်း၊ သာမန်သော လူအောက်တန်းစား သုံးမရသောလူ၊ ရှုးသွပ်သော လူတို့ပမာ ပြု၍ လာရောက် တည်းခိုလေ့ ရှိတတ်၏။ အဘယ်ကြောင့် ဤသို့ တည်းခိုဘိသနည်း'

သဘာကား တိတ်၍နေ၏။ ပညာရှိဆိုသူ လေးဦးသော အမတ်ကြီးတို့သည်လည်း ပါးစပ်ကို အသုံးပြုရန် စကားအတိမ်းကို ဂရုပြုနေဟန် ရှိလေ၏။ စာရီကား မတွန့်ဘဲ ရဲရဲကြီး ဆက်၍ ပြောလေ၏။

'လူတို့မည်သည် (ဝါ) မိမိ၏ လောကရေးအတွက် ကောင်းစားကြီးပွားရန် အလိုရှိနေသော သူတို့သည် ဝိဇ္ဇာတို့နှင့် တွေ့လိုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့် တွေ့လိုသနည်း။ မိမိ၏ လောကအတွက် အလိုရှိသည်ကို ရရှိနိုင်ရန် ဝိဇ္ဇာထံ၌ တောင်းဆိုလိုခြင်းကြောင့် ဖြစ်၏။ အချို့တို့မှာ ပိယအတွက်၊ အချို့မှာ သျှိုအတွက်၊ အချို့မှာ မျက်လှည့်အတွက်၊ အချို့မှာ ရွှေငွေအတွက်၊ အချို့မှာ ရာထူးတိုးရန်၊ မိမိ အလိုရှိသည်အတိုင်း ပြီးမြောက်ရန် စသည်ဖြင့် ဝိဇ္ဇာတို့ထံမှ တောင်းဆို၏။ ဝိဇ္ဇာတို့သည် ပေးနိုင်သလား၊ အချို့ဝိဇ္ဇာတို့သည် ပေးနိုင်၏။ ပေးနိုင်သော်လည်း မပေးသည်သာ များ၏။ ပေးထိုက်သော သူအားသာ ကြည့်၍ပေးခြင်း ဖြစ်၏။ ပေးထိုက်သော သူတို့လည်း မရှိသလောက် ဖြစ်၏။ အဘယ်ကြောင့်။ လောဘ၊ ဒေါသ၊ မာနကို လူတို့သည် မချုပ်တည်းခြင်းကြောင့် ဖြစ်ချေ၏။ လောဘ၊ ဒေါသ၊ မာနတို့ကို မချုပ်တည်းသော သူတို့အား ၎င်းတို့ တောင်းဆိုတိုင်း (ဝါ) အလိုရှိသည်အတိုင်း ပေးချေသော် ကလေး၏လက်သို့ လက်နက်ကို အပ်ထားဘိသကဲ့သို့ ဖြစ်၍ လောကကို ဖျက်ဆီးလိုက်သည်နှင့် တူနေမည် ဖြစ်ခြင်းကြောင့်တည်း'

'မှန်သည်' ဟု မင်းကြီး၊ နန်းရင်းဝန်ကြီး၊ အတွင်းဝန်များတို့သည် နှုတ်မြွက်ကြကုန်၏။ စာရီသည် ဆက်၍ ပြောပြန်၏။

'ဝိဇ္ဇာတို့သည် အာဟာရ သိဒ္ဓိကိုလည်း ပြီး၏။ ဓနသိဒ္ဓိကိုလည်း ပြီး၏။ သို့သော် အရက်ကို ဖုံးလွှမ်းရန် အဝတ်သိဒ္ဓိကို မပြီးသဖြင့် အဝတ်အတွက် လျှော်များကိုလည်း တောရ၏။ ကျားရေ၊ သစ်ရေ၊ ဆွေးရေ စသည်ဖြင့် တိရစ္ဆာန်တို့၏ သားရေကိုလည်း ရှာရ၏။ အဝတ်အတွက် ၎င်းတို့သည် ပင်ပန်းကုန်၏'

'မှန်တယ် မင်းကြီးများ၊ ငါကိုယ်တော်မြတ် သဘောပေါက်ပြီ'

'အချို့သော ဝိဇ္ဇာမတို့သည် လျှော်ကိုလည်း မတောနိုင်၊ တိရစ္ဆာန်





တို့၏ သားရေကိုလည်း မရနိုင်သောကြောင့် တစ်ထည်သော အဝတ်မျှသာနှင့်သာ တင်းတိမ်ရလျက် ဂူအောင်းပြီးသော် တုံးလုံးနေရခြင်းသာ များလေ၏။

'ယခု တွေ့ရသော ပြဿနာ၌ကား ဝိဇ္ဇာစိုရ်သည် အဝတ်အလို့ငှာ မြို့သို့ ချဉ်းကပ်၏။ အိမ်ဈေး၌ အဝတ်ကို ရွှေငွေတို့နှင့် မဝယ်ဝံ့။ အဘယ်ကြောင့်။ လုပ်ရတ်လမ်းဖြင့် တည်ရသော ရွှေငွေတို့သည် အလွန်သိမ်မွေ့သဖြင့် တွင်းထွက် ရွှေငွေတို့နှင့် မတူချေ။ တွင်းထွက် ရွှေငွေတို့ကား ကြမ်းကုန်၏။ ခက်တရော် ရှိကုန်၏။ ထိုသဘောကြောင့် မသိသော ဈေးသည်တို့သည် ဝိဇ္ဇာလက်မှ ရွှေငွေတို့ကို မနှစ်သက် လက်မခံကြချေ။ တတ်သိသော သူတို့ကား ဝိဇ္ဇာကို ရွှေငွေတို့အားဖြင့် လက်မလွှတ်ဘဲ အတင်း ကပ်ကြပေတော့မည်'

'အင်း... မှန်တယ်'

'ထိုသဘောကြောင့် ဝိဇ္ဇာသည် လူတို့ စွန့်ပစ်သော အဝတ်တို့ အလို့ငှာ ပုံသကူ အဝတ်တို့ကို အမှိုက်ပုံတို့၌ ရှာ၏။ ထိုအခါ ခေါင်ခေါင်ဘုရားသည် ထိုသူနှင့် သွား၍ တွေ့၏။ ကိုယ်လုပ်တော်ခေါင်း ရီရီသည် ထိုဝိဇ္ဇာကို မထိမဲ့မြင် ပြုရုံနှင့်မျှမက ထိုဝိဇ္ဇာအပေါ်၌ ယုတ်ညံ့သော စကားကို ဆိုလေတော့ပြီ'

'မှန်၏လော ရီရီ'

'မှန်လှကြောင်းပါ ဘုရား'

'ဤဝိဇ္ဇာကား သူတော်ကောင်း ဖြစ်သည်။ ပုံသကူ အဝတ်နှင့်သာ တင်းတိမ်၍ ရဟန်းဝိဇ္ဇာ ပြုလုပ်ရန် ကြံရွယ်နေချေပြီ။ ထိုသူတော်သည် ရီရီကို သနားမိသည်။ "ငါ့အပေါ်၌ သူ၏ ဝစီကံအားဖြင့် ကျ[illegible]လွန်မိ



www.burmeseclassic.com

www.burmeseclassic.com



တော့ပြီ။ ထိုအပြစ်အားဖြင့် ဝဋ်လည်ရတော့မည်” ဟု ရီရီကို ကယ်တင်ရန် သူ အလိုရှိတော့ပြီ’

‘အင်း...’

‘ရီရီကား မိန်းမတို့၏ ကျင့်ဝတ်သိက္ခာနှင့် ပြည့်ပြည့်သော ကိုယ်လုပ်တော်မကလေး ဖြစ်သည်။ မိမိ၏ သခင်မထံ၌ မျက်နှာလို၍ သခင်မ၏ တင့်တယ်မှုကို များစွာ အလိုရှိပါသည်။ ထို့ကြောင့် သူရူး၊ သူတောင်းစား အသွင်နှင့် အဝတ်စုတ်များနှင့် တကွသော ဝိဇ္ဇာကို နိမ့်ကျစွာ ပြောဆိုမိတော့ပြီ။ ထိုဝစီကံကား ရီရီမှာ ဝန်လေးသည်ကား မှန်ဘိသည်။ ထိုသို့သော ရီရီသည် သူ၏ခန်းဆောင်၌ ညအိပ်ရာဝင်သောအခါ ပူအိုက်သဖြင့် လေသွန်ပြတင်းကို ဖွင့်၍ အိပ်ချေပြီ။

‘ထိုအခိုက်အတန့်၌ ရီရီ နံနက်က တွေ့သော ဝိဇ္ဇာသည် သူ၏ ကိုယ်၌ မင်းမှုထမ်းများ ဝတ်ဆင်သည့် အဝတ်ကို ဝတ်၍ လေသာပြတင်းပေါက်မှ ဝင်၍ ရောက်လာနှင့်ချေပြီ’

‘အင်း...’

‘အဝတ်လို၍ အဝတ်အလို့ငှာ အဝတ်စုတ်များကို လိုက်လံရှာဖွေကောက်ယူနေသော ဝိဇ္ဇာသည် ထိုလူတန်းစေ့ တင့်တယ်သော အဝတ်တို့ကို ဘယ်က ရခဲ့ပြန်သနည်း။ ဝိဇ္ဇာသည် အကြောင်းကိစ္စ အကြီးတကျယ် ရှိလာ၍ မင်းမှုထမ်းတစ်ယောက်ထံ၌ အဝတ်တစ်စုံကို ရွေးပေးပြီးသော် ယူလာခဲ့ပေသည်။ ထိုအဝတ်ကို ဆင်သ၍ ရီရီ့ အခန်းတွင်းသို့ ရောက်လာခဲ့ပေသည်။

‘ဝိဇ္ဇာသည် စင်းစင်းကလေးနှင့် ညောင်စောင်းပေါ်တွင် အိပ်စက်နေသော ရီရီကို တွေ့ရပြီး သူယောင်မကလေးကဲ့သို့ သူ အောက်မေ့ဟန်





ရှိသည်။ ဝိဇ္ဇာသည် ကိုယ်ကိုပုတ်၍ လှုပ်ကာ ရီရီကို နှိုးတော့ပြီ။ ရီရီ နိုးလာတော့ ကိုင်း... ညီမလေးရီရီ မရှက်နှင့်၊ ဆက်၍ဆင့်ကာ ဘုရင်မင်းမြတ်ထံတွင် သံတော်ဦး တင်ပေလော့’

‘ရွှေဘုန်းတော်ရှင် ဘုရား’

‘တင်...’

‘ယခု မမစာရီ ဖော်ဖွင့်လိုက်သည့်အတိုင်း အမှန်ဖြစ်ပါသည်။ ဘုရားကျွန်မသည် နိုးလာသောအခါ လန့်၍ အော်မည်အပြုတွင် ထိုသူကား သန်လျက်ကို ပြ၍ ခြိမ်းခြောက်ပြီးသော် သူ အလိုရှိရာကို သုံးကြိမ်တိုင် ကျူးလွန်သွားပါသည်’

‘အင်း၊ ဆက်တင်...’

‘ဘုရားကျွန်မကား...’ ဟု စကားဆိုတင်ပြီးမှ ရီရီသည် ရှက်သဖြင့် စကားကို မဆက်ဘဲ တန့်ပြီးလျှင် ရပ်ကာ နေလေသည်။ စာရီကား ဤအချက်၌ ပြဿနာကို ပြေစေသော တရားသူကြီးမ ပီသစွာ ဤသို့ ဖြေဆိုလေပြီ။

‘သဘာရှင် မိန်းမပျိုတို့မည်သည် မိမိနှင့် အကျွမ်းတဝင်နေသောယောကျ်ားကိုပင် ပထမ တွေ့ဦးစ၌ ဤအရာတွင် ကြောက်လန့်၍ မဝံ့ရှိချေသည်။ ဤအရာ၌ သျှတ္တရသဘောမှာ မိန်းမတို့ကို ကျားနှင့်အတူထားသည်။ အသို့နည်း။ ကျားသည် လူသားကို မစားဖူးသေးမီ လူကိုကြောက်ရွံ့ခြင်းကား များသောအားဖြင့်။ သို့သော် လူသားကို စားဖူးသောကျားသည် လူကို မကြောက်တော့၍ လူသားကိုသာ အမြဲ တောင့်တသကဲ့သို့ ရှိခြင်းမှာ ယေဘုယျအားဖြင့် မိန်းမပျိုတို့၌ သဘာဝဖြစ်ချေသည်’



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ချစ်သမီး၊ သဘာဝ သျှတ္တရ သဘောကား နက်နဲဘိစွ။ ဆိုပါဦးလော့'

'ရွှေဘုန်းတော်ရှင်ဘုရား၊ ယခင် ပြခဲ့သော ကျား၏ ဥပမာကဲ့သို့ ရီရီသည် မနေ့ညက တွေ့ကြုံရသော သူကို သူ၏အခန်းမှ လေသာပြတင်းကို ဖွင့်၍ မျှော်နေတော့ပြီ။ ဝိဇ္ဇာကား ယမန်က ကဲ့သို့ပင် ပေါ်လာပြန်ပြီ။ ဝိဇ္ဇာသည် ထိုသို့သောကိစ္စ၌ အဘယ်ကြောင့် ယုတ်ညံ့သော အဝတ်အစားအသွင်နှင့် မလာရောက်ဘိသနည်း။ အကယ်၍ ဝိဇ္ဇာသည် လူညံ့အသွင်နှင့် ရီရီ့ထံ ရောက်လာချေသော် ရီရီသည် ရုပ်ဝတ္ထုကို စွဲပြီးလျှင် ဝိဇ္ဇာအား လူညံ့၊ လူဖျင်း၊ အဆင်း ဆိုးဝါးသူ ဟုပင် ထင်လျက် အရုပ်အဆင်း မလှ၊ မပြေပြစ်သော သားကို မွေးဖွားရာချေသည်ဟု ရုပ်ကို ခွဲစိတ်မှု၌ နားလည်သော ဝိဇ္ဇာသည် အတန်းမြင့်စား လူ့အသွင်ကို ဖန်တီး၍ ရောက်လာပေပြီ'

'အင်း…'

'ထိုကဲ့သို့ ဝိဇ္ဇာသည် နှစ်ရက်တစ်ကြိမ်၊ သုံးရက်တစ်ကြိမ် လာရောက်သဖြင့် သန္ဓေရှိလာသောအခါ အပျိုတော် အများပင် သိကြပြီ။ သိကြသည့်အတိုင်း အရှင် ကိုယ်တော့်နားတော်တိုင် ပေါက်မြောက်သွားချေပြီ။ ရွှေဘုန်းတော်ရှင်လည်း မောင်းမငယ်အား စစ်မေးသောအခါ မောင်းမငယ်သည် အသို့လျှင် လက်သည်ကို ပြနိုင်ပါတော့အံ့နည်း'

'အင်း…' ဟု ဘုရင်မင်းမြတ်ကား အလွန် သဘောတော် ကျနေတော်မူလေ၏။ စာရီလည်း ဆက်၍ လျှောက်တင်ပြန်၏။

'အရှင်မင်းကြီးသည် စစ်မေးဖန်များသော် မောင်းမငယ်သည် သူ တောင့်တသောအခါ သူ့လူသည် ရောက်လာမည်ဟု ထင်သဖြင့် မင်းကြီး





သည် အစောင့်အနေတို့ကို ချလျက် ဖမ်းဆီးရန် အသင့်စီမံကာ ထားရှိလေသည်။ ဝိဇ္ဇာလည်း ရီရီ တောင့်တသည်အတိုင်း ရောက်လာချေပြီ။ အာဏာသားတို့လည်း ရီရီ၏ အခန်းကို ဝိုင်းထားနှင့်ပြီး ဖြစ်သည်။ ရီရီသည် ကျည်းသေကို ဖွင့်လှစ်၍ ပေးရာ အာဏာသားတို့သည် လက်နက်များကို စွဲကိုင်လျက် ဝိဇ္ဇာခိုရ်ကို ဖမ်းဆီးရန် ဝင်ရောက်လာချေပြီ။ ဝိဇ္ဇာခိုရ်ကား ဂါထာကိုကျူးလျက် သန်လျက်စွဲကိုင်ပြီးသော် လေသာပြတင်းက ထွက်၍ ကောင်းကင်ခရီးဖြင့် သွားလေပြီ။ ထို့ကြောင့် ရီရီ၏ ကာယကံရှင်ကား ဝိဇ္ဇာပေတည်း'

'ချစ်သမီး၊ ရီရီအား မည်ကဲ့သို့ စီရင်သင့်ပေသနည်း'

'အရှင်မင်းကြီး၊ ကိုယ်လုပ်တော်မကလေး ရီရီမှာကား အပြစ်မရှိ၊ နိုင်ငံတော်အတွက် အကျိုးမျှသာလျှင် ဖြစ်ချေသည်။ အဘယ်ကြောင့်နည်း၊ ရီရီသည် ကောင်းကင်ခရီးဖြင့် တင့်အပ်လျောက်ပတ်သော အဝတ်တန်ဆာနှင့် လာသောကြောင့် ဘုန်းရှိသောသူဟု ဝိဇ္ဇာကို ထင်မှတ်စွဲလမ်းပေတော့ပြီ။ ထို့ကြောင့် တိုင်းပြည်ကို တန်ဆာကောင်းအဖြစ်နှင့် အသုံးခံရရန် ဘုန်းရှိသော သားသော် လည်းကောင်း၊ သမီးသော် လည်းကောင်း မွေးဖွားပေတော့မည်ကြောင့် သီးသန့်အိမ်တော်နှင့် ဘုန်းတော်ကြီးလှသော ဘုရင်မင်းမြတ်က မငြိုငြင် မနွမ်းပါးရအောင် ချီးမြှင့်မြှောက်စားကာ ထားသင့်ကြောင်းပါ ဘုရား'

ထိုနေ့ည ပြဿနာ ရှင်းလင်းပွဲ ကွဲ။

မင်းသားနှစ်ပါးကား စာရီကို တောင်ဥယျာဉ်တော်၌ အစောင့်အနေ ကိုယ်ရံတော်တို့နှင့် ကောင်းစွာ ပြုစု၍ ထားလေ၏။

မယ်တော် မိဖုရားကြီးသည်ကား ကိုယ်လုပ်တော် ရီရီအား အလွန်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်နှစ်သက်ခြင်း ရှိရာတွင် ယခုကဲ့သို့ မသင့်မလျော် အရှက်တကွဲ ဖြစ်ပြီးလျှင် ရာဇဝတ်တော် ရှိရမည့်ဆဲဆဲ၌ စာရီ၏ ဖြေရှင်းပြခြင်းဖြင့် ဘုရင်မင်းမြတ်သည် ကျေနပ်နှစ်သက်လျက် ရာဇဝတ်ပြစ်ဒဏ်မှ ချမ်းသာခွင့်ရသည့်ပြင် အထူးထားကာ ချီးမြှင့် မြှောက်စားရဦးတော့မည်ပင် ဖြစ်သောကြောင့် စာရီကို များစွာ နှစ်သက် လေးမြတ်ခြင်း ဖြစ်လာလေ၏။

ထိုကိစ္စ၌ကား မိဖုရားကြီးနှင့် မှူးမတ်အချို့၊ ဝန်ကြီးများအချို့ တစ်ဖက်ပြုလျက် လည်းကောင်း၊ ပညာရှိ အမတ်ကြီးလေးဦးနှင့် မှူးမတ်အချို့တို့က တစ်ဖက်ပြု၍ လည်းကောင်း ကိုယ်လုပ်တော် ရီရီကို ရာဇဒဏ် ပေးသင့် မပေးသင့် ရှိနေရာ၊ ဘုရင်မင်းမြတ်နှင့် နန်းရင်းဝန်ကြီး၊ စစ်သေနာပတိတို့ကား ကြားနေလျက် ပြဿနာတစ်ခုကဲ့သို့ ရှိနေရာတွင် သားတော်များ လျှောက်တင်ချက်အရ စာရီထံ ထိုပြဿနာသည် ရောက်သွားသောကြောင့် ဤကဲ့သို့ ဆုံးခန်းတိုင် ရောက်ရလေသည်။

ပညာရှိလေးဦးကား ပညာချင်း မမီ၍သာ နေရသော်လည်း ကျေနပ်ခြင်းကား ရှိကောင်းမှ ရှိနိုင်ပေမည်။

နောက်တစ်နေ့ ညီလာခံ၌ စာရီလည်း ဝင်ရောက်ခစားရ၍ ဘုရင်မင်းမြတ်သည် မြားဦးကိုင် ဘုရင်မင်းမြတ်၏ အကြောင်းကို ပြန်ပြောင်းကာ လင်းပြပြီးနောက်၊ ဤကဲ့သို့သော ဘုရင်မင်းမြတ်သည် အဘယ်ကြောင့် ဆုံးရှုံး ပျက်စီးရကြောင်းကို မေးတော်မူ၍ စာရီသည် ဤသို့ တင်လျှောက်လေ၏။

'သက်သာပြည်ကြီးရှင်၊ ကိုယ်တော် အရှင်မြတ်၏ ဘိုးတော် မြားဦးကိုင် ဘုရင်မင်းမြတ်သည် သာမည ဘုရင်မင်းမြတ် မဟုတ်၊ အင်းဝိဇ္ဇာ အတတ်ကို အောင်နေပြီဖြစ်သော ဘုရင်မင်းမြတ် ဖြစ်တော်မူသဖြင့်





အလွန့်အလွန် ထူးမြတ်သည့် ဘုရင်မင်းမြတ် ဟူ၍ မှတ်ထင် ယူဆကြစရာ ဖြစ်ပါသည် ဘုရား'

'အင်း... မှန်တယ်'

'သို့သော်...' ဆို၍ စာရီသည် လျှောက်တင်သော စကားကို ရပ်ထားလျက် ညီလာခံသဘာကို ငေးကာ စိုက်နေ၏။ ညီလာခံသဘာကား "ဟင်" ဟူသော အသံဖြင့် ပညာရှိလေးဦးက စပြီးသော် တုန်သွားသကဲ့သို့ ရှိလေ၏။ ဘုရင်မင်းမြတ်လည်း ဤသို့ မိန့်တော်မူ၏။

'ချစ်သမီး၊ ရဲရဲသာ တင်'

'မင်းတို့ရဲ့ သျှတ္တရ နီတိနှင့်ကား ဆန့်ကျင်ဘက်ပင် ဖြစ်ပါသည်'

'အင်း... ဆက်တင်'

'တိုင်းပြည်ဆိုသည်ကား ဘုရင်တစ်ပါးတည်း၊ မှူးမတ်တစ်စုတည်း၊ စစ်သည်တော် တစ်သိုက်တည်း၊ ကုန်သည်များ၊ လယ်လုပ်များ၊ လက်မှုပညာသည်များ တစေးတည်း ရှိနေခြင်းဖြင့် တိုင်းပြည် မညီပါ။ ဘုရင်နှင့်တကွ ဤသည်တို့သည် စုံညီပြည့်စုံစွာ ရှိမှသာလျှင် တိုင်းပြည်မည်ကြောင်း ပါ ဘုရား'

'အင်း... မှန်တယ်'

'ဤသည်တို့သည် တိုင်းပြည်၏ အင်္ဂါအစိတ်အပိုင်း အသီးသီး ဖြစ်ပါ၍ ဘုရင်မင်းမြတ်သည် တိုင်းပြည်၏ နှလုံးသည်းပွတ်၊ သူဌေး သူကြွယ် ကုန်သည် လယ်လုပ်တို့သည် တိုင်းပြည်ဝမ်းဗိုက်၊ မှူးကြီးမတ်ရာ ဝန်ကြီး ဝန်တံတိုင်း မင်းမှုထမ်းတို့သည် ပြည့်ဦးကင်း၊ ရသေ့ရဟန်းတို့သည် ပြည့်တံခွန်၊ ပညာရှိတို့သည် ပြည့်မျက်စိ ပြည့်စည်၊ မင်းညီ မင်းသားတို့နှင့် မိန်းမတို့သည် ပြည်၏အစွယ်၊ အိမ်ထောင်သည်



www.burmeseclassic.com

www.burmeseclassic.com



တို့သည် ပြည်၏မျက်နှာ၊ စစ်သည် တပ်သားတို့သည် ပြည်၏ခြေလက်၊ ဖုန်းတောင်းယာစကာတို့သည် တိုင်းပြည်၏ ကံကျွေးချရာတို့ ဖြစ်ပါသတည်း။ ဤသည်လျှင် တိုင်းပြည်တစ်ပြည်၏ အင်္ဂါရပ်တို့ ပါတည်း။ ဤကား အကျဉ်းမျှသာ ပါတည်း'

'အင်း... မှန်လှပေစွ'

'လူ၏ အင်္ဂါအစိတ်အပိုင်း၌ လက်သည် ခြေကဲ့သို့ပြုသော် ချွတ်ယွင်းသည်၊ မျက်စိသည် ပါးစပ်ကဲ့သို့ ပြုသော် ချွတ်ယွင်းသည် စသည်ဖြင့် အင်္ဂါနှင့်အညီ လုပ်ကိုင်ရာဘိ သကဲ့သို့ ပြည့်အင်္ဂါတို့သည် မိမိတို့၏ တာဝန်အလျောက် မှန်မှန် တိုင်းပြည်လူမျိုး၏ အကျိုးကို ရည်ရွယ်ကာ အလုပ်လုပ်ကိုင်မှ ထိုတိုင်းပြည်သည် တရားရှိသော တိုင်းပြည် ဖြစ်ချေသည်။

'တိုင်းပြည်၏ နှလုံးသည်းပွတ်ဖြစ်သော မင်းတို့၌ ကျင့်ရာ လုပ်ရာကိုင်ရာသော တရားတို့ကား (ဝါ) အလုပ်တို့ကား မင်းကျင့်တရား ဆယ်ပါး၊ နာယကဂုဏ် ခြောက်ပါး၊ အပရိဟာနိယတရား ခုနစ်ပါး၊ သင်္ဂဟတရား လေးပါးတို့ ဖြစ်၍ ဂန္ဓာရီလမ်းဖြစ်သော လုပ်ရတ်လမ်း၊ အင်းကစားခြင်းတို့သည် မင်းတို့ကျင့်ဝတ် မဟုတ်ချေ။ မင်းသည် ထိုတိုင်းပြည် နိုင်ငံအတွင်းရှိ အားလုံးတို့၏ အရှင် ဖြစ်ချေသည်။ ထို့ကြောင့် မိမိ၏ကျင့်ဝတ် မဟုတ်သော အကျင့်ကို ကျင့်နေလျှင် ထိုမင်းကို လောကသည် လည်းကောင်း၊ နတ်တို့သည် လည်းကောင်း မနှစ်လိုကုန်။ အကြောင်းသော်ကား ဘုရင်မင်းမြတ်၏ စိပ်ပုတီးသည် တိုင်းပြည်တွင်း၌ တရားမဲ့ ကျင့်ကြံနေသူတို့ကိုကား အားပေးရာ ရောက်နေခြင်းကြောင့် ပါတည်း'





'အင်း...'

'မင်းသည် မင်း၏ ကျင့်ဝတ်ကိုသာ ကျင့်ရာသည်။ မြားဦးကိုင် ဘုရင်မင်းမြတ်သည် ထီးနန်းကိုစွန့်၍ တော၌ မမွေ့ဘဲနှင့် အင်းကို လိုက်စားသဖြင့် ဝိဇ္ဇာတို့၏ အကြီးအမှူး နာယက ဖြစ်နေချေပြီ။ မိန်းမ၏ ထဘီပေါ်၌ ဤအင်းကွက်ကို လည်းကောင်း၊ မိန်းမ၏ အတွင်းမှ အင်းဝိဇ္ဇာ၏ လမ်းရိုးတစ်ကြောင်း တည်နေသော ထိုသမထကို လည်းကောင်း အဘယ် နတ်တို့သည် နှစ်လို ကြည်ညိုပါအံ့နည်း'

'အကြောင်းနက်ကို ချဲ့ဦး ချစ်သမီး'

'လူ့ပြည်ရပ်ထံ၌ အိမ်ထောင်ပြုနေသော ဝိဇ္ဇာသည် တဖြည်းဖြည်း နွားခြံထဲမှ နွားသိုးကြီးကဲ့သို့ လည်းကောင်း၊ အင်းဝိဇ္ဇာအတတ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ပုတီးနှင့် အုပ်စိုးနေသော ဘုရင်သည် လူဆိုးလူမိုက်များကို အားပေးနေသကဲ့သို့ လည်းကောင်း ဖြစ်ချေ၍ ထိုမင်းကို ပညာရှိတို့သည် နောက်ကျောပြုကြလေကုန်ပြီ'

'အင်း...'

'ထိုသဘောအရ မြားဦးကိုင် ဘုရင်မင်းမြတ်သည် မင်း၏ အင်္ဂါတရားမှ ချွတ်ယွင်း၍ အရပ်အနေ မှားခြင်းကြောင့် တောကြီးအလယ်တွင် ဘုရင်၏အဖြစ်မှ ဆုံးရှုံး၍ ပျက်စီးရရှာလေတော့သည်'

သဘာကား ဩဘာပြုလေသတည်း။

*

စာရီသည် ထိုကဲ့သို့ ပြဿနာကို ဖြေကြားပြီးနောက် မိမိ၏ တောအုပ်သို့ ပြန်ပြီးလျှင် ကျမ်းဂန်များကို ပြုစုနေလေရာ မင်းသားညီနောင် နှစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



တို့ကား စာရီ့ထံ၌ အခြံအရံ မောင်းမငယ်များ၊ အစောင့်အနေ အမှုထမ်းများကို ထားရှိလေ၏။ ထိုသို့ ထားရှိသော်လည်း အစစ်အမှန် စောင့်ကြပ်ကာ စာရီကို ရှိသည်ကား ထိုတောရှိ သားရဲတိရစ္ဆာန်များသည် ဖြစ်လေသည်။

ထိုသို့သော စာရီကို ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီး၊ အိမ်ရှေ့မင်းသား သုစိတ္တနှင့် စစ်သူကြီး သုမိတ္တတို့သည် နေပြည်တော်သို့ ပင့်ချီ၍ သုခမိန်မယ် အရာနှင့် တည်စေလို၏။ သို့ရာတွင် နိုင်ငံတော်၌ ပညာရှိ လေးဦးဟု ဦးတည် မြှောက်စားထားနှင့်ပြီးသော အမတ်ကြီးများနှင့် ၎င်းတို့၏ နောက်ပါ အမတ်ငယ် တစ်စုတို့ကား စာရီသာ နေပြည်တော်၌ လာရောက် လွှမ်းမိုးချေက ငါတို့ တိတ်ဆိတ်ရလတ္တံ့ဟု စဉ်းလဲသော စိတ်သည် ရှိနေသဖြင့် စာရီကို နေပြည်တော်သို့ ပင့်ချီ၍ ချီးမြှင့်မမြှောက်စားရန် ကန့်ကွက်ကြသည်အတိုင်း ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးသည် စာရီကို မမြှောက်စားသာ ဖြစ်နေရလေ၏။

*

## မိဖုရားနှင့် ပုရောဟိတ်

ဝေဒက္ခယပြည်၌ ပုရောဟိတ်သည် အလွန် ပညာရှိသည်ဟု ထင်ရှားကျော်စော၏။ သို့ရာတွင် ထိုပုရောဟိတ်သည် မိမိ၏ တန်ခိုးအာဏာကြီးမြင့်သည်ထက် ကြီးမြင့်စေရန် နောက်ပါ အသိုက်အဝန်း တည်ထောင်၍ နောက်ပါတို့၏ အပေါ်၌ ဆန္ဒာဂတိကို လိုက်စားလျက် ရှိလေ၏။

ထို့ကြောင့် ပုရောဟိတ်၏ အင်အားသည်ကား ဝေဒက္ခယပြည်၌ အလွန်ကြီးမားကာ လွှမ်းမိုးလာလေ၏။ ပြည်သူပြည်သားတို့ကား ထို





ပုရောဟိတ်ကို ထိုသို့သော အမှုအကျင့်ကြောင့် မနှစ်လိုကုန်။ မှူးကြီးမတ်ကြီး၊ စစ်ဘုရင် သေနာပတိ စသည်တို့လည်း ထိုပုရောဟိတ်ကို မနှစ်မြို့ကုန်။ နန်းတွင်းသူတို့နှင့် မိဖုရားများလည်း မနှစ်မြို့ကုန်။

ဘုရင်မင်းမြတ် “တုတလု” မင်းကြီးသည်ကား ပုရောဟိတ်သည် မိမိ၏ အလိုသို့ အမြဲလိုက်လျောကာ ရှိနေသဖြင့် ပုရောဟိတ် “ကြဲစုံ” ကို များစွာ နှစ်သက်၏။ ပုရောဟိတ်၏ စကားကို နာယူ၏။

ဘုရင်မင်းမြတ်၏ မိဖုရားကြီး “ဆင်းဝတ်ကြည်” သည်ကား ပုရောဟိတ်ကို လုံးဝ ကြည်ညိုခြင်း မရှိပေ။ မိဖုရားငယ်တို့သည်ကား ထိုပုရောဟိတ်ကို ရွံ့ကြောက်လျက် ရှိကြရ၏။

တုတလု မင်းကြီး၌ မိဖုရားကြီး တောင်နန်း၊ မြောက်နန်းအပြင် မိဖုရားငယ် သုံးပါးရှိ၏။ ထို့ကြောင့် ပုရောဟိတ်၏ အစီအရင်ဖြင့် မိန်းမစိုးသည် မည်သည့်နေ့၊ မည်သည့်ည၊ မည်သည့်အချိန်၌ ဘုရင်မင်းမြတ်သည် မည်သည့်အဆောင်တော်သို့ ကူးသည်၊ မည်မျှကြာသည်ဟု အမြဲမှတ်သားရ၏။ ထို့ကြောင့် မိဖုရားတို့သည် ထိုအပြုအမူသည် မိမိတို့အား စော်ကားသည်ဟု ပုရောဟိတ်ကို မုန်းတီးကြ၏။ သို့သော် ပုရောဟိတ်ကို မင်းကြီးသည် အလွန် ယုံကြည်သဒ္ဓါသောကြောင့် မိဖုရားငယ်တို့သည် လေးစားရ၏။

တစ်နေ့သော အချိန်၌ ဝေဒက္ခယပြည် နန်းတော်သို့ ရသေ့တစ်ပါးသည် ကောင်းကင်ခရီးဖြင့် ကြွလာ၍ ဆွမ်းရပ်လာ၏။ မင်းကြီးနှင့် တကွသော မိဖုရားတို့သည် ရသေ့၏ခွက်၌ ဆွမ်းစသော အာဟာရမွန်တို့နှင့် ပြည့်စုံစေ၏။ ရိုသေသမှု ပြု၍လည်း မင်းကြီးသည် ရသေ့ကို ရာဇပလ္လင်ပေါ်သို့ တင်၍ ကြည်ညိုခြင်းကို ပြုနေ၏။ ထိုအခိုက်အတန့်



www.burmeseclassic.com

www.burmeseclassic.com



၌ ပုရောဟိတ်သည် ထိုအရေးသို့ ချဉ်းကပ်လျက် ရသေ့ကို ဤသို့ မေးလေ၏။

'အသင်ရသေ့ ဘယ်က လာသလဲ'

'ငါကား ဆီးနှင်းကြဲကြဲ တစ်ရံမလပ် အထပ်ထပ်ရှိသော တောကြီးမှ လာခဲ့တယ်'

'ဝမ်းစာအလို့ငှာ အသင်ရသေ့သည် မည်သို့သော အလုပ်ကို လုပ်စားသနည်း'

'အသင်ကား မည်သူနည်း'

'ငါကား ဤတိုင်းပြည်၏ ပုရောဟိတ်တည်း'

'အသင်သည် သင့်ဝမ်းစာအလို့ငှာ လယ်ထွန်းသလား၊ ကုန်ရောင်းသလား၊ လက်သမား လုပ်သလား၊ တောင်ယာခုတ်သလား။ ဘာကို လုပ်သလဲ'

'ငါကား တိုင်းပြည်ကို စည်ပင်သာယာ ဝပြောအောင်လုပ်လို့ မင်းကြီးနှင့် တိုင်းပြည်က ပူဇော်သဖြင့် ငါ၏စည်းစိမ်ကို ပြန့်ပြောစေတယ်'

'အသင်ပုရောဟိတ်၊ ငါလည်း ငါ့အား လှူဒါန်း ပူဇော်တဲ့ ဒကာဒကာမများအား နတ်ပြည် နတ်ရွာ၌ ပြည့်စေလို့ ငါ၏ဝမ်းစာကို ပြည့်စေတယ်'

'သင့် နတ်ပြည်နတ်ရွာကို သင် ပြနိုင်သလား'

'သင် ကြည့်မြင်လိုသလား'

'ပြနိုင်ရင် ပြစမ်းပါ'

ရသေ့ကား လောကီဈာန်အဘိညာဉ်ရ ရသေ့ဖြစ်၍ တန်ခိုးရှိသဖြင့်





ပုရောဟိတ်နှင့်တကွသော မင်းကြီး၊ မိဖုရားတို့အား နတ်ပြည်ကိုဖန်ဆင်းကာ ပြလေ၏။

မင်းကြီးနှင့် မိဖုရား၊ နန်းတွင်းသူတို့သည် အလွန် အံ့သြနှစ်သက်ခြင်း ဖြစ်၍ အမတ်ကြီး၊ ဝန်ကြီး၊ မင်းမှုးမတ် စသည်တို့လည်း အလွန်နှစ်သက် တမ်းတခြင်း ဖြစ်လေ၏။ ပုရောဟိတ်ကား ထိုရသေ့ ပြသော နတ်ပြည်ကို အကြောင်းရင်းထားကာ မိမိ၏ ကောက်ကျေ့သော အကြံဉာဏ်၌ အသုံးပြုရန် အခြေခံ ရရှိလိုက်လေ၏။

ရသေ့သည် ထိုကဲ့သို့ နတ်ပြည်ကို တန်ခိုးအားဖြင့် ပြဆိုပြီးနောက် ခွက်မည်းကိုပိုက်လျက် ကောင်းကင်ခရီးဖြင့် မိမိ သီတင်းသုံးရာ တောအုပ်သို့ ကြွလေ၏။

မင်းကြီးကား ရသေ့ပြသွားသော နတ်ရွာစည်းစိမ်ကို တပ်မက်လျက်ရှိသဖြင့် တစ်နေ့သော အချိန်တွင် ပုရောဟိတ်နှင့် ဤသို့ တိုင်ပင်လေ၏။

'နတ်ရွာစည်းစိမ်သို့ ရခြင်း အကြောင်းငှာ မည်သို့ ကျင့်အပ်သလဲ'

'ရာလေးလီ ယဇ်ပူဇော်မှုဖြင့် နတ်ရွာစည်းစိမ်သို့ ရနိုင်ကြောင်းပါ ရေမြေ့ရှင် ဘုရား'

'ဘယ်လို ရာလေးလီ ယဇ်အခမ်းအနား ပြုကာ ပူဇော်ရမလဲ'

'အရှင်မင်းကြီး၊ ဤအမှုကား ပြုနိုင်ခဲသောအမှု ဖြစ်ပါသည်'

'ရေမြေကို အစိုးရတဲ့ ငါမင်းပါကပဲ၊ ဘာကြောင့် ဤယဇ် အခမ်းအနားကို မပြုဘဲ နေနိုင်ရမလဲ၊ သင့်ယဇ်အခမ်းအနားကို ငါ့အား တင်'

ပုရောဟိတ်ကား မိမိ၏ အခွင့်အရေး ရလာပြီ ဖြစ်၍ ဤသို့ မင်းကြီးထံ တင်လေ၏။

'ဆင်တစ်ရာ၊ မြင်းတစ်ရာ၊ နွားလားဥသဘ တစ်ရာ၊ လူသန့်လူမြန်



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်သော ယောက်ျားကောင်း တစ်ရာတို့၏ လည်ချောင်းသွေးနှင့် ယဇ်အခမ်းအနားပြုကာ ပူဇော်ရချေက ရသေ့ ပြသွားသော နတ်ပြည်ထက် ခမ်းနားကြီးကျယ်သော နတ်ပြည်သို့ ရနိုင်ကြောင်းကို ဗေဒအတတ်ပညာက အတည့်အလင်း ဆိုထားကြောင်းပါ ဘုရား'

'ကောင်းပြီ ပုရောဟိတ်၊ စီရင်လော့'

ပုရောဟိတ်သည်ကား မင်းကြီး၏ အခွင့်အရေး ရပြီ ဖြစ်၍ ပြည်တော်၌ သူဌေးသူကြွယ်၊ တောင်သူကြီးတို့၏ နွားလားဥသဘ တစ်ရာတို့ကို ဖမ်း၍ ယဇ်အခမ်းအနား အတွင်းသို့ ပုရောဟိတ်၏ နောက်လိုက်လက်သားတို့သည် ယူဆောင်ကြကုန်၏။ ထိုနွားရှင်တို့ကား ပုရောဟိတ်ထံ လာရောက်၍ ရွှေငွေ အသပြာတို့ကို တံစိုးပြုကြချေသော် ဤနွားလားတို့ကား ဗွေကြန်အင်တို့ မကောင်းသေးဟု နွားရှင်ထံသို့ ပြန်ပို့ရ၏။ ဤနည်းဖြင့် ပုရောဟိတ်၌ နေ့ချင်းညချင်းပင် ရွှေငွေတို့သည် အစုအပုံအဖြစ်နှင့် ရောက်လာရသဖြင့် ပုရောဟိတ်သည် အသပြာများစွာ ပေးလျက် လူမိုက်၊ လူဆိုး၊ လူရမ်းကား၊ သစ္စာမတည်သော သူတို့ကို မိမိ၏ နောက်ပါကိုဏ်းသား အဖြစ်နှင့် သိမ်းသွင်းလေ၏။

ထိုကဲ့သို့လျှင် နွားလားတစ်ရာ ကိစ္စ၌ ငွေရွှေ မတတ်နိုင်သော တောင်သူများ၏ နွားတို့သည် ယဇ်အခမ်းအနား အတွင်းသို့ ရောက်ကြလေ၏။

ဆင်တစ်ရာ၊ မြင်းတစ်ရာ တို့ကိုကား ဘုရင်မင်းမြတ်၏ စစ်သည်တော်တပ် အတွင်းမှ ယူသဖြင့် ဘုရင်မင်းမြတ်၏ စစ်အင်အားသည် ရုတ်တရက် နိမ့်ကျသွားလေ၏။

လူသန် လူမြန် တစ်ရာကို ယဇ်ပူဇော်ရန် အတွက်ကား နေပြည်တော်





မှ မိမိတို့၏ သားသမီး၊ ဆွေမျိုးဉာတိတို့ကို မဆွဲရန် ပုရောဟိတ်ထံ၌ ရွှေမိုး ငွေမိုးတို့သည် ရွာနေရလေတော့ပြီ။ စစ်မှုူး စစ်ကြပ်ကလေးတို့ကလည်း မိမိတို့ ယဇ်ကောင် မဖြစ်ရရန် တံစိုးလက်ဆောင် မြောက်မြားစွာတို့ကို ပြုကြရသည်ပြင် ပုရောဟိတ်၏ နောက်သို့ လိုက်ပါကာ သစ္စာတော် ခံပါမည်ဟု ကတိပြုကြလေ၏။ အချို့ စစ်သည်တော် တပ်သားများကလည်း ထို့အတူ ကတိပြုကြလေ၏။

နေပြည်တော်ကား ကျွက်ကျွက် ဆူနေလေတော့ပြီ။ နောက်ဆုံး၌ ပုရောဟိတ်သည် မိမိ၏ ယဇ်အခမ်းအနားအတွက် ဆင်းရဲသား၊ လယ်သမား၊ လက်လုပ်လက်စားတို့ ထံမှ ဆွဲကောက်တော့မည်ဟု သတင်းဖြစ်လာသဖြင့် ပြည်တော်အလုံးသည် တဖြည်းဖြည်း မငြိမ်မဝပ် ဖြစ်လာလေတော့ပြီ။ ပုရောဟိတ်လည်း ယဇ်ကောင် လူသန်လူမြန်အတွက် တောင်ယာသမား ဆယ်ယောက်၊ စစ်သည်တပ်သား ဆယ်ယောက်တို့ကို စတင်ကာ ဆွဲလေတော့ပြီ။

တိုင်းပြည်ကြီး၌ကား မမျှော်လင့်ဘဲ ရုတ်တရက် ပြည်သူလူထုကြီးသည် တုတ်နိုင် တုတ်၊ ဓားနိုင် ဓား၊ လှံ၊ လေး စသည်တို့ကို ဆွဲကိုင်လျက် နန်းတော်ကြီးသို့ ချီတက်ကြလေ၏။ အောက်ပါအတိုင်း ကြွေးကြော်သံကြီးသည် ဝေဒက္ခယပြည် အလုံး၌ သိမ့်သိမ့်ဆူလျက် ပွဲတင်ဟည်းကာ ကြောက်မက်ဖွယ်ရာ ဖြစ်ပေါ်လာလေ၏။

'ပုရောဟိတ် ကြံစုံကို ထုတ်ပေး'

'ယဇ်ကောင်များကို လွှတ်'

'ပုရောဟိတ်ကြံစုံ လူများနှင့် နောက်ပါ သစ္စာခံများကို တွေ့ရာ သချိုင်း ဓားမဆိုင်းဘဲ မုန့်မုန့်ညက်ညက်ချေ'



www.burmeseclassic.com

www.burmeseclassic.com



'ပုရောဟိတ် ငကြဲစုံ မပြေးနှင့်၊ ဖမ်းကြ'

'ဘုရင်မင်းမြတ် ဘုန်းတော်ကြီး၍ သက်တော်ရှည်ပါစေ'

ထိုသို့ တစ်ပြည်လုံး အသားစားအုံ့သကဲ့သို့ ကျွက်ကျွက်ဆူကာ လှည့်လည်လာကြလေ၏။ လှည့်လည်သူတို့၏ အတွင်း၌ စစ်သည်တော်တို့လည်း ပါလေ၏။

ပုရောဟိတ်၏ လူများကား ထိုဆူပူသူများကို ဟန့်တားကုန်၍ ကြောက်မက်ဖွယ် အဓိကရုဏ်းကြီးသည် ဖြစ်ပြီးသော် ပုရောဟိတ်၏ လူများနှင့် သစ္စာခံများသည် ရှုမြင်မကောင်း၊ ထောင်းထောင်းညက်ညက် ကြေကုန်၍ ပုရောဟိတ်၏ အိမ်ကို ဝန်းဝိုင်းဖျက်ဆီးကာ ပုရောဟိတ်နှင့်တကွ အိမ်သူအိမ်သားတို့ကို ဖမ်းကြကုန်၏။

ပုရောဟိတ်ကား သားမယားနှင့်တကွ ထွက်ပြေးလေပြီ။ လူထုကား ယဇ်အခမ်းအနားသို့ ချီတက်၍ ယဇ်ကောင်များကို လွှတ်ပစ်ကြလေပြီ။

နေပြည်တော်ကား သုံးနေ့ သုံးညလုံးလုံး ပုရောဟိတ်ကို ပြည်သူတို့ လိုက်လံရှာဖွေ ဖမ်းဆီးနေသဖြင့် အလွန်ကြောက်မက်ဖွယ်ရာ ဖြစ်နေလေ၏။

မင်းကြီးကား အလွန်ကြောက်ရွံ့ခြင်း ဖြစ်လာ၍ နန်းရင်းဝန်ကြီးနှင့် သေနာပတိကို ခေါ်ယူလျက် နေပြည်တော်ကို အေးချမ်းသာယာအောင် စီစဉ်ပါလော့ဟု လွှဲအပ်လိုက်သည်အတွက် သုံးရက်မြောက်သော နောက်တစ်နေ့တွင် အောက်ပါအတိုင်း စည်လည်လေ၏။

'ပြည်သူတို့၊ ပုရောဟိတ်ကြဲစုံကား ထွက်ပြေးချေပြီ'

'ပြည်သူတို့ မလိုသော ယဇ်အခမ်းအနားကို မင်းကြီးအမိန့်နှင့် ဖျက်ပစ်လိုက်ပြီ'





'ပုရောဟိတ်ကို ဖမ်းမိသောအခါ ပြည်သူတို့၏ လက်သို့ အပ်မည်'

'အေးချမ်းသာယာခြင်းကို ဖြစ်ကြစေ၊ ဝေဒကွယပြည့်ရှင် ဘုရင်မင်းမြတ်၏ အမိန့်တော်'

*

ဝေဒကွယပြည် ဘုရင်မင်းမြတ် တုတလု မင်းကြီးနှင့် မိဖုရားခေါင်ကြီး ဆင်းဝတ်ကြည်တို့သည် ပြီးခဲ့သော အရေးကို တွေးကာ ထိတ်လန့်ခြင်း ဖြစ်သဖြင့် တစ်နေ့သ၌ မိမိတို့၏ ဆရာရသေ့ကို တောင့်တနေကြ၏။

တုတလုမင်းကြီးနှင့် မိဖုရားကြီး ဆင်းဝတ်ကြည်တို့၏ ဆရာရသေ့လည်း နောက်တစ်နေ့တွင် နန်းတော်သို့ ဈာန်ယာဉ်ခရီးဖြင့် ရောက်လာပြီးလျှင် နန်းတော်ညီလာခံသဘင်၌ မင်းကြီး၏ ပူဇော်မှုကို ယူသောအားဖြင့် ပလ္လင်ထက်တွင် ထက်ဝယ်ဖွဲ့ခွေနေလျက် ညီလာခံ၌ စုံညီလာရောက်သော မှူးမတ် ဗိုလ်ပါ၊ သူဌေး သူကြွယ်တို့အား ဤသို့ မိန့်ကြားပြသလေ၏။

'နတ်ပူဇော်ခြင်း၊ ယဇ်ပူဇော်ခြင်းတို့သည် သူတော်ကောင်းတို့ မကြိုက်သော အလေ့ဟု ငါဆိုသည်။ သင်တို့အား ငါသည် သနားသဖြင့် ပြသမည်'

ရသေ့သည် ထိုကဲ့သို့ ပြောဆို၍ ကံငါးပါးကို ကျူးလွန်သော သူတို့သည် မည်သို့သော ငရဲ၌ ခံရကြောင်း၊ လာဘ်ပေးသောသူ၊ လာဘ်ယူသော သူတို့သည် မည်သို့သော ငရဲ၌ ခံရကြောင်း၊ တံစိုးထိုးသူ၊ တံစိုးစားသူတို့သည် မည်သို့သော ငရဲ၌ ခံရကြောင်း၊ အဂတိ လိုက်စားသော



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် မည်သို့သော ဧရဲ့၌ ခံရကြောင်းတို့ကို ဧရဲပြည်နှင့်တကွ ဖန်ဆင်းကာ ပြသလေ၏။

ထို့နောက် ရသေ့သည် နတ်ပြည်နတ်ရွာသို့ ရောက်လိုသောသူတို့သည် ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ အလှူအတန်းပြုခြင်း၊ ပေးကမ်းစွန့်ကြဲခြင်းကို မပြတ် ပြုလေလော့ဟု ညီလာခံ၌ ဆုံးမဩဝါဒ ပေးလေ၏။ ရသေ့သည် ထိုကဲ့သို့ ပြောပြပြီးနောက် နန်းတော်၌ ဆွမ်းဘုဉ်းပေးပြီးသော် တောကြီးရိပ်သာသို့ ပြန်လေ၏။

ဘုရင်မင်းမြတ်နှင့် မိဖုရားကား မကြာမီ ဥပုသ်သုံး၍ မိုးလ ကာလ ပတ်လုံး ဥပုသ်ကို မကျိုးမပေါက်ရရန် ဆောက်တည်နေလေ၏။ ထိုသို့နှင့် မိုးလကုန်၍ ဆီးနှင်းဝေစ ဖြစ်သောအခါ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးသည် ဥပုသ်ထွက်ကြရာ ဘုရင်မင်းမြတ်သည် မိဖုရား၌ ကိုယ်ဝန်ရှိနေသဖြင့် မြတ်သောသားကို ရလတ္တံ့ဟု အလွန် ဝမ်းသာရွှင်ပျခြင်း ရှိနေလေ၏။

တုတလုမင်းကြီးသည် ထိုကဲ့သို့ ဝမ်းသာရွှင်ပျမှုဖြင့် တစ်နေ့သော ညအချိန်ဝယ် လရောင်၏ တင့်တယ်မှု အသရေကိုယူ၍ စင်္ကြံဦး၌ လမ်းလျှောက်လျက် နေသည်တွင် နီးကပ်ရာ၌ လူ့သဏ္ဍာန်ကို မြင်သဖြင့် 'အသူနည်း' ဟု သန်လျက်ကို ကောက်ယူပြီးသော် မေးတော်မူ၏။ ထိုသဏ္ဍာန်ကား 'အရှင်မင်းကြီး၊ ကျွန်တော်မျိုးကား ငြကဲ့စုံတည်း။ အရှင့်ကျေးဇူးတော်ကို မမေ့သဖြင့် အခစား ရောက်ရပါသည်။ တိုးသောအသံဖြင့် တည်ပါစေ ဘုရား' ဟု တင်လေ၏။

'လာ... ပုရောဟိတ်'





မင်းကြီးနှင့် ပုရောဟိတ်ကား လရောင်ရိပ် ကျရာတွင် ဤသို့ တီးတိုး ပြောဆိုနေလေ၏။

'ဆို... ပုရောဟိတ်'

'အရှင့်မိဖုရားကြီး၌ နှုတ်ငုံတော် ကပ်နေပြီ'

'အင်း... မှန်တယ်၊ ငါ ဝမ်းသာတယ်'

'ဤနှုတ်ငုံသည် အရှင်မင်းကြီး၏ နှုတ်ငုံတော်ဟု ထင်သော် အရှင်မင်းကြီး၏ ပျက်စီးရာ အကြောင်းပေတည်း'

'ဘယ့်နှယ် ပုရောဟိတ်၊ အသင် ဘယ်လို တင်လိုက်သလဲ'

'အရှင့်မိဖုရားကြီး ဆင်းဝတ်ကြည်ကို စစ်ဆေးတော်မူလော့'

'အသို့နည်း'

'ဆင်းဝတ်ကြည်၌ ရှိသော နှုတ်ငုံသည် အရှင်မင်းကြီး ဥပုသ်သုံးပြီး ငါးရက်မြောက်မှ ရရှိသောနှုတ်ငုံ ဖြစ်ပါသည်'

'အသင် မည်သို့ သိသနည်း'

ပုရောဟိတ်ကား မိမိ၏နောက်ပါ၊ မိမိ၏အုပ်စုဝင် အပျိုတော် တစ်ယောက်၏ လျှို့ဝှက်ကာ သတင်း ပေးသည်ကို သူ၏ အတတ်အားဖြင့် သိသည် ဟူ၍ ဤသို့ တင်လေ၏။

'အရှင်မင်းကြီး၊ ကြဲစုံကား လောကကို အပြီးတိုင်မြင်သော ပညာရှိ ကဝိအမော် ပေတည်း။ မိန်းမတို့၌ ထိုကဲ့သို့သော အကြောင်းကို အတတ်ပညာအားဖြင့် သိပါသတည်း'

'ဘယ်သူ၏ သန္ဓေနည်း'

'ရသေ့ပျက်၏ သန္ဓေပါတည်း'

'ဟယ်... ကြဲစုံ၊ မအပ်မရာသော စကားကို ဘာကြောင့် ဆိုသလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အရှင်မင်းကြီး၊ ကျွန်တော်မျိုး၏ စကားကို မယုံချေသော် မိဖုရား၌ ရှိသော သန္ဓေသည် မည်သူ့သန္ဓေ ဖြစ်ကြောင်းကို မိဖုရားသည် ထုတ်ဖော်ပါစေ'

'သင် အတပ် ဆိုနေပါတကား၊ ငါ့မိဖုရားကြီးကား သီတင်းသီလ မြဲတဲ့ မိဖုရားပင် ပါတကား'

'မှန်ပါသည်၊ ရသေ့ပျက်သည် သူ၏ မှော်အတတ်ဖြင့် ကောင်းကင် ခရီးဖြင့် စက်ကြိုးစီးကာ သွားလာခြင်းကို ပြုသည်။ နတ်ပြည်ကိုပြ၍ လူများကို ဖြားယောင်းသည်။ ငရဲပြည်ကို ပြ၍ လူများကို ခြိမ်းခြောက် တော့သည်။ နတ်ပြည်နှင့် ငရဲပြည်ကို ဗေဒင်ပညာ၌ အကြွင်းမဲ့ တတ် ကျွမ်းသော ကျွန်တော်မျိုးမှတစ်ပါး သိနိုင်သူ မရှိပါ။ ယခုအခါသော်ကား ကျေးဇူးရှင် မင်းကြီး၏ အကျိုးကို လိုလားခြင်းကြောင့် လာရောက် လျှောက်ထားပါသည်။ ကျွန်တော်မျိုးသည် ဤပြည်သည် မိစ္ဆာဒိဋ္ဌိ တိုင်းပြည် ဖြစ်၍ မိုတင်းနေက ဆားဥပဒ်မကင်း ဖြစ်ပါတော့သည်။ ထို့ကြောင့် ပညာရှိများ ခိုလှုံရာ သက်သာပြည်သို့ ကျွန်တော်မျိုး မသွားမီ လျှောက်ထားခဲ့ခြင်းပါ ဘုရား။ ဤရသေ့ပျက်သည်သာလျှင် အလျာ ကောင်း ဖြစ်သော မိဖုရားနှင့် သင့်နေခဲ့ပြီ တကား'

ထိုသို့ ပြောဆို၍ ကြံစုံသည် မင်းကြီးထံမှ ဖဲခဲ့ကာ ပျောက်ကွယ် သွားလေ၏။

ဆင်းဝတ်ကြည် မိဖုရားကြီးကား သက်သာပြည်၌ စာရိမည်သော ပညာရှိ အမျိုးသမီးလျာ ပေါ်ထွန်းနေခြင်းကို ကုန်သည်များအားဖြင့် တစ်ဆင့် တစ်ဆင့် သိရ၍ အပျိုတော်များနှင့် စာရီအကြောင်းကို ပြော ဆိုကာ နေသည်တွင် မင်းကြီးသည် အဆောင်တော်တွင်းသို့ ဝင်လာ၏။





မိဖုရားနှင့် တကွသော အပျိုတော်တို့သည် ခစားကာ အသင့် ရှိကြလေ၏။ မင်းကြီးကား အာလုတ်သံဖြင့် မိဖုရားအား ဤသို့ မေးတော်ရှိလေ၏။

'ဟယ်... မိဖုရား၊ သင့်ထံ ကပ်သော နှုတ်ငုံသည် မည်သည့် နေ့ ရက်ကနည်း'

မိဖုရားလည်း အမှန်ကိုတင်ရာ မင်းကြီးသည် တစ်စုံတစ်ရာမျှ စကားကို မဆိုဘဲ မိဖုရား၏ ဆောင်ခန်းတော်မှ ရုတ်ခြည်းထ၍ ပြန် တော်မူလေ၏။

နံနက်ညီလာခံ မင်းမှုမတ် စုံညီသောအခါ တုတလု မင်းကြီးသည် မိဖုရားဆင်းဝတ်ကြည်ကို ညီလာခံသို့ လာရောက်ရန် အမိန့်တော်ရှိသော ကြောင့် မိဖုရားသည် အခစားရောက်လတ်သော် ဤသို့သော ပြင်းထန် သည့် အမိန့်တော်ကို ချမှတ်တော်မူလေ၏။

'မယ်မိဖုရား၊ သင်ကား လော်လီဖောက်ပြား ရမ်းကားလျက် မှောက် ထားသဖြင့် ငါ့ထီးနန်းနှင့် မလျောက်ပတ်၊ နိုင်သမျှ ပစ္စည်းကိုယူကာ နန်းတော်မှ အမြန် ခွာလေလော့'

မိဖုရားကား တရားပြည့်ဝပြီးလျှင် အသိဉာဏ်ရှိသူ ဖြစ်သောကြောင့် ဝမ်းနည်းသော လက္ခဏာကို မပြ။ မျက်ရည် မကျ။ ပြကတေ့ တည်သော မျက်နှာနှင့် ဤသို့ တင်လေ၏။

'အရှင်မင်းကြီး၊ ဤစကားသည် တစ်စုံတစ်ယောက် သူယုတ်ထံက အရှင်မင်းကြီးထံ ရောက်လာသောစကား ဖြစ်ရမည်။ ထို့ကြောင့် အရှင် မင်းကြီး ထပ်မံကာ စဉ်းစားတော်မူပါ'

'မိန်းမ မည်သည် လော်လီဖောက်ပြား ကျင့်ရမ်းကားလျက်



www.burmeseclassic.com

www.burmeseclassic.com



မနုစ်သက်ဖွယ် ပရိယာယ်တစ်ထောင်၊ မာယာကား တစ်သိန်း၊ အပလိန်းလည်း အနန္တ၊ ငါ့ကို မည်သို့ လီဆယ်ဦးမလဲ'

ထိုအမိန့်တော်သည် တစ်မဟုတ်ချင်းဖြင့် တိုင်းပြည်သို့ ပျံ့နိုင်သလောက် ပျံ့သွားလေ၏။

ညီလာခံဗိုလ်ထုကား ရုတ်ရုတ်သဲသဲ ဖြစ်သွား၍ တစ်ဝက်သောမှူးမတ်စုသည် ညီလာခံမှ ချက်ချင်း လျော့သွား၏။ တိုင်းပြည်ကား လှိုက်ဆူမတတ် ဖြစ်လာ၏။ မင်းကြီးသည် ညီလာခံအခြေကို မြင်သဖြင့် တွေကာ စဉ်းစားသကဲ့သို့ ရှိ၏။ မိဖုရားကား ထပ်ကာ တင်၏။

'ပြည်သူ့ထိပ်တင် ရွှေဘုန်းရှင်'

'ဘယ်လို လီဆယ်ဦးမလဲ၊ လီဆယ်စမ်း'

'အရှင်မင်းမြတ်၊ ဤစကားကို တိုင်းပြည်ကို ပျက်ရန် ဖျက်နေသောသူယုတ်မာထံက စဉ်းလဲသော သဘောနှင့်၊ ကောက်ကွေ့သော အကြံနှင့် ဖန်တီးကာ ပြောမှုကြောင့် အရှင်မင်းကြီး ထိုသို့ အမိန့်တော်ရှိချေသည်'

မင်းကြီးသည် ညိုသော မျက်နှာနှင့် မိဖုရားကြီးကို ကြည့်နေ၏။

'အရှင်မင်းကြီး၏ အမိန့်တော်အရ ဤပြည်မှ ထွက်ခွာသွားရရန်လည်း မိမိသည် ဝမ်းမနည်း။ မင်းကြီးသည် ငါ့အား ဤသို့ ပြုရာသလောဟု စိတ်မဆိုး။ မင်းကြီးအား ဒေါသမပြု။ မိမိ၏ ကုသိုလ်ကံအလျောက် ဖန်တီးကာ လာခြင်းမျှသာတည်း။ သို့သော် မိမိသည် နေပြည်တော်မှ ထွက်ခွာသွားကာ မင်းကြီးသည် နောင်တနလုံး ပြင်းပြစွာနှင့် ယူကျုံးမရ ဖြစ်ရမည်ကို တင်ကြိုသနားမိပါသည်။ လူတို့၌ လောကတွင် ဖြစ်ပျက်အပ်သော သဘောရစ်ခုကား မည်သူ့အားမှာမျှ မကင်းရာချေ။ ထို့ကြောင့် မိမိသည် တုန်လှုပ်ခြင်း မပြင်းပြပါ။ ဤနန်းတော်က ထွက်





ဖို့ရန်ကား ဝန်မလေး။ နောင် မင်းကြီး ဘေးဖြစ်မည်ကို တွေးကာ သနားမိတော့သည်။ မင်းကြီး၏ အမိန့်တော်ကို ဆင်ခြင်တော်မူ၍ ပြန်ပြင်သင့်က ပြင်တော်မူပါ'

'သူကောင်းတော်ကြီးများ'

'ဘုရား'

'ညီလာခံ သဘောကား လှုပ်ရှားပါကလား'

'ရွှေနားတော် လျှောက်ကန်အောင် တင်ပါရစေ ဘုရား'

'နန်းရင်းဝန်ကြီး၊ ပလ္လင်ဖွေမှာ တင်စေဗျာ'

'အခါခပ်သိမ်း လျင်လျင်ပြုရသော အမှု၊ မြန်မြန်ပြုရသော အမှု၊ စဉ်းစားဆင်ခြင်၍ ပြုရသောအမှု ဟူ၍ ရှိပါသဖြင့် နှစ်ကိုယ်ကြား နှစ်နား ထားပြီးလျှင် ကျွန်တော်မျိုး သေနာပတိတို့နှင့် တိုင်ပင်၍ စီရင်သင့်ကြောင်းပါ ဘုရား'

'အင်း...'

ညီလာခံ ကွဲ။

ထိုနေ့ညဉ့် ညညီလာခံ အပြီးတွင် ဘုရင်မင်းမြတ်၊ သေနာပတိတို့သည် နီးနှောဆွေးနွေးနေကြရာ မင်းကြီးသည် အကြောင်းကို ထုတ်ဖော် လှစ်ဟကာ ပြောဆိုလေ၏။ ထိုအခါ သေနာပတိကား ဤသို့ လျှောက်တင်လေ၏။

'ရွှေဘုန်းရှင် ဆင်ခြင်တော်မူ၊ ဤစကားသည် တိုင်းပြည်ကို ဖျက်သော ပုရောဟိတ် ကြေးစုံ၏ စကားဖြစ်သဖြင့် သင့် မသင့်ကို သာ၍ စဉ်းစားသင့်ပါသည် ဘုရား'

'သေနာပတိကြီး၊ မိဖုရားကိုယ်တိုင်က ဤနေ့ ဤရက်က စ၍



www.burmeseclassic.com

www.burmeseclassic.com



ပဋိသန္ဓေ တည်နေသည်ဟု ဝန်ခံထားပြီး ထိုနေ့၌ကား ငါ ဥပုသ်သုံးနေသော နေ့ပါကလား'

'ပြည့်ဦးတင် ရေမြေ့ရှင်၊ ဘုန်းကြီးသော မင်းတို့၌ ထီးမွေနန်းလျာတော်ကို ဆက်ခံရန် သားဆုပန်ပင် လွှတ်ရသေးကြောင်းပါ ဘုရား။ ယခုလည်း ထီးမွေနန်းမွေခံ သားတော် သမီးတော် ဤပြည်တော်မှာ လိုလျက် ရှိကြောင်းပါ ဘုရား'

'နန်းရင်းဝန်ကြီး၊ ထိုခြင်းရာကို ငါ တုန်လှုပ်ပါတယ်'

'သည်လို အကြောင်းရှိပါသည် ဘုရား'

'တင်...'

'ယခု သက်သာပြည်၌ နေမြင်လမြင် ပညာရှိ စာရီ ဟူ၍ ပေါ်ပေါက်လျက်ရှိသည်ကို ကုန်သည်များ၊ အထောက်တော်များတို့အားဖြင့် သိရပါသည်။ စာရီဆိုသော ပညာရှင်သည် သမုဒ္ဒရာ အောက်ခြေမှ သဲမြေကို ယူ၍ပင် ထင်ရှားစွာ ပြနိုင်သည်ဟု ကျော်ကြားနေပါသည်။ ထို့ကြောင့် ထိုအကြောင်းကို ပြဿနာတစ်ခုပြု၍ မေးရလျှင် သင့်လျော်မည်ဟု ထင်ပါသည် ဘုရား'

'အင်း... ကောင်း၏။ စီရင်ကြပေတော့'

ထိုအချိန်၌ စာရီသည် သက်သာနေပြည်တော်သို့ လာရောက်၍ ရသေ့နှင့် တောင်ယာသမားတို့၏ ပစ္စည်းအတွက် ပိုင်ဆိုင်ထိုက်သည်ကို စီရင်ရသောအချိန် ဖြစ်၏။

အကြောင်းကား ဤကဲ့သို့ ဖြစ်၏။

ရသေ့၏ ကျောင်းသင်္ခမ်းနှင့် တောင်ယာသမား၏ တောင်ယာသည် မနီးမဝေး ဖြစ်၏။ ထိုရသေ့ကျောင်းသင်္ခမ်းနှင့် တောင်ယာ၏





အကြားတွင် ကမ္ဘူကလေး တစ်ခုရှိ၍ ထိုကမ္ဘူကလေး၌ ရသေ့သည် ရွှေငွေများကို မြှုပ်ထား၏။ ထိုမြှုပ်ထားခြင်းကို တောင်ယာသမား သိ၍ ဖော်ယူ၏။

ထို့ကြောင့် သက်သာပြည် တရားလွှတ်တော်၌ ရသေ့သည် တောင်ယာသမားကို တရားစွဲရာ ပညာရှိ လေးဦးတို့နှင့် လွှတ်တော် တရားသူကြီးတို့၏ ရှေ့တွင် ရသေ့သည် ဤသို့ ထွက်ဆို၏။

'တောင်ယာသမားသည် ကျွန်ုပ် မြှုပ်ထားသော ကျွန်ုပ်၏ ရွှေငွေတို့ကို တူးဖော်ကာ ခိုးယူပါသည်။ ထို့ကြောင့် ထိုက်သက်သလို စီရင်ပါ' ဟု ဆို၏။

တောင်ယာသမားကလည်း 'ကျွန်တော်မျိုး ကျွန်တော်မျိုး၏ တောင်ယာအနီး၌ ကဒတ်ဥ အလို့ငှာ ကုန်းတစ်ခုတွင်တူးရာ ရွှေငွေတို့ကိုရ၍ ယူပါသည်။ ထို့ကြောင့် အပြစ်မရှိပါ' ဟု ထုချေ၏။

ရသေ့လည်း ထိုကုန်းငယ်၌ တူးဆွနေသည်ကို တောင်ယာသမားသည် မြင်သည်ဟု ဆို၏။ တောင်ယာသမားကလည်း မြင်ပါသည်။ ကဒတ်ဥ တူးသည်ဟု ထင်ပါသည်ဟု ထွက်ဆို၏။

ထို့ကြောင့် ပညာရှိလေးဦးနှင့် လွှတ်တော် တရားသူကြီးများက 'တောင်ယာသမား တူးဖော်ရရှိသော ပစ္စည်းဥစ္စာတို့သည် ရသေ့၏ ရွှေငွေတို့သာ ဖြစ်သည်။ ရသေ့အား ပေးစေ' ဟု ဆုံးဖြတ်၏။ ထိုအခါ ရသေ့က 'မကျေနပ်နိုင်ပါ၊ သင် ကျေနပ်လျှင် သင့်ကိုလည်း ငါ ကျိန်ဆဲမည်' ဟု ရသေ့က တောင်ယာသမားကို ဆို၏။

ထိုကဲ့သို့လျှင် သဘာဝနှင့် မညီသော သဘောသည် တွေ့ရှိနေရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စာရီကို ပင့်ပြီးသော် ဆုံးဖြတ်စေရာ စာရီလည်း ဤသို့ စစ်မေးလေ၏။

'အစ်ကို၊ ရသေ့ တူးဆွနေသည်ကို မြင်ပါသလား'

'မြင်ပါသည်'

'ရသေ့က ကဒတ်ဥကို အစ်ကို့အား ချက်ပြုတ်၍ ငါ့အား ကပ်လော့ဟု ပေးပါသလား'

'မပေးပါ'

'ကဒတ်ဥကို မီးဖုတ်စားရသလား'

'မစားရပါ'

'အစိမ်း စားရသလား'

'မစားရပါ'

'ဒါဖြင့် ဘာကြောင့် တူးသလဲ'

'မသိပါ'

'အရှင်ရသေ့အား မေးပါရစေ'

'မေးပါ'

'ဘာကြောင့် ရသေ့လုပ်ပါသလဲ'

'လောကီ လူသားတို့၏ အိမ်ရာထောင်မှု၊ ပစ္စည်းရှာဖွေမှုကို ရှုံ့ရှာ၍ ရသေ့လုပ်ပါတယ်'

'လောကီ လူသားတို့၏ ပစ္စည်းကား အဘယ်ပါနည်း'

'ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ လယ်ယာမိုးမြေ၊ ရွှေငွေ စသည်တို့ပါတည်း'

'ရသေ့တို့ ဥစ္စာပစ္စည်းကား အဘယ်ပါနည်း'





'ဒေါက်ခြာ၊ လျှော်တေ၊ သင်္ကန်း၊ မီးညှပ်၊ သံကောက်၊ မီးပွတ်၊ ရေကရား၊ ပဲခွပ်၊ ပုဆိန်၊ ခွက်နက်တို့ပါတည်း'

'ရွှေငွေ ဥစ္စာပစ္စည်းတို့သည် ရသေ့၏ ဥစ္စာပါလား'

'မဟုတ်ပါ'

'ရွှေငွေဥစ္စာ မရှိသော သူ၏ထံမှ ရွှေငွေဥစ္စာတို့ကို မည်ကဲ့သို့ ခိုးယူနိုင်သလဲ'

တရားသူကြီးများနှင့် ပညာရှိလေးဦးတို့သည် တွေ၍ နေ၏။ ရသေ့ကား ပြုံးနေ၏။ စာရီကား ဤသို့လျှင် စီရင်ပါအံ့တည်းဟု ဆို၍ စီရင်လေရာ လွှတ်ရုံးတော် အရာခံတို့ကား ဤသို့လိုက်ကာ ရေးရလေ၏။

'ဤအမှု၌ကား ဤသို့ ဖြစ်ချေသည်။ ရသေ့တို့မည်သည် လောကီအိမ်ထောင်ဝတ်ကို ကြောက်လန့်၍ တောသို့ မိုးပြီးသော် သူတော်ကောင်းတို့၏ အကျင့်ကို ကျင့်နေသူ ဖြစ်သည်။ လောကီအိမ်ထောင်သား လူတို့၏ ဥစ္စာပစ္စည်း အထွတ်အထိပ်ကား ရွှေငွေတို့သာလျှင် ဖြစ်၍ ရှိသော ရွှေငွေ၏ အဆင့်အတန်းနှင့်အညီ ထိုသူသည် လောက၌ လမ်းသွားနိုင်လေသည်။ ရသေ့တို့ ဥစ္စာကား ရွှေငွေ ပစ္စည်းများ မဟုတ်ချေ။ ထို့ကြောင့် ရွှေငွေကိုယူသော သူသည် ရသေ့၏ပစ္စည်းကို ယူသည် မမည်ချေ။

'သို့ရာတွင် ဤရွှေငွေတို့သည် ရသေ့ လုပ်ကိုင်ကာ ရထားသော ပစ္စည်းများ ဖြစ်သည်။ ထိုပစ္စည်းများကို တောင်ယာသမားသည် မည်သည့်နေရာ၌ မြှုပ်ထားသည်ဟု သိရမည်။ တောင်ယာသမား သိအောင်လည်း ရသေ့သည် မြှုပ်သည်။ ရသေ့သည် ထိုပစ္စည်းများကို သူ၏ပစ္စည်းဟု တပ်မက်ချေသော် ကျောင်းသခ်မ်း ပရိဝုဏ် အတွင်း၌သာ မြှုပ်ရာသည်။

www.burmeseclassic.com



ယခုသော် ၎င်း၏ နဝကမ္မအမှု ဒကာကို လိုခြင်းကြောင့် (ဝါ) နဝကမ္မအမှု ရည်ညွှန်းရန် ဒကာကို လိုခြင်းကြောင့် ထိုသို့ မြုပ်နှံခြင်း ဖြစ်သည်။

'ထို့ကြောင့် ထိုပစ္စည်းများကို တောင်ယာသမားသည် ရယူစေ။ သို့သော် တောင်ယာသမားသည် ရသေ့၏ဒကာ အဖြစ်နှင့် တည်ရုံနှင့် မျှမက ရသေ့ အလိုရှိရာကို ရည်ညွှန်းခြင်း ခံထိုက်ရာသော ကပ္ပိယအဖြစ်နှင့် တည်စေ။ ရသေ့ကား သက်သာပြည်ကြီး၏ အနာဂတ်ကို သိလိုသောကြောင့် ဤပြဿနာကို ဖြစ်စေရာ ရောက်ချေသတည်း'

တောင်ယာသမားနှင့် ရသေ့ကား အလွန် ကျေနပ်ကြလျက် 'သက်သာပြည်သည် တိုင်းနိုင်ငံကြီး အဖြစ်ဖြင့် နေရောင် လရောင်ကဲ့သို့ ထွန်းလင်းတောက်ပလတ္တံ့' ဟု ရသေ့သည် ဥဒါန်းကျူးရင့်ကာ လွှတ်တော်မှ ထွက်ခွာသွားလေသတည်း။

ထိုပြဿနာ ပြီး၍ နောက်တစ်နေ့တွင် ဝေဒက္ခယပြည်မှ သံတမန်များသည် လွှတ်တော်ဝန်ကြီး အမှူးပြုကာ ဆိုက်ရောက်လာလေ၏။ စာရီလည်း တောင်ဥယျာဉ်ထဲ၌ ဘုရင်မင်းမြတ်၏ ပြုစုခြင်းကို ခံယူ၍ တည်နေလျက် ရှိသေး၏။

ဝေဒက္ခယပြည်မှ လွှတ်တော်ဝန်ကြီး အမှူးပြုကာ သက်သာပြည်သို့ ရောက်လာသော သံတမန်တို့သည် ရောက်ပြီး နောက်တစ်နေ့ ဘုရင်ညီလာခံသို့ ဝင်၍ ခစားလေ၏။ နန်းရင်းဝန်ကြီးလည်း ဘုရင်မင်းမြတ်ထံ ဤသို့ တင်လျှောက်၏။

'သက်သာနိုင်ငံတော်၏ ရေမြေ့ရှင် ဘုရား'

'နန်းရင်းဝန်ကြီး တင်ဗျား'





'ဝေဒက္ခယပြည်မှ သံတမန်တော်ကြီးများသည် လက်ဆောင်ပဏ္ဏာနှင့် ခြေတော်ရင်းသို့ အခစား ဝင်ရောက်လာကြောင်းပါ ဘုရား'

'ရှေ့တော်တိုးပြီး ခစားစေဗျား'

*

'ဝေဒက္ခယပြည့်ရှင် ဘုရင်မင်းမြတ် ကျန်းခန့်သာလို့ မာတော်မူပါစ'

'ရွှေဘုန်းတော်ကြောင့် ရေတွေ့ကြာကဲ့သို့သာ လန်းလျက်ရှိကြောင်းပါ ဘုရား'

'တမန်တော်ကြီးများ လာရောက်သည့် အကြောင်းကို တင်ကြဗျား'

'တစ်ခုသော ပြဿနာအတွက် ခြေတော်ရင်းသို့ ဦးခိုက်ကာ လာရောက်ရကြောင်းပါ ဘုရား'

'တမန်တော်ကြီးများ'

'ဘုရား'

'ယူလာသော ပြဿနာပေလွှာကို တင်စေဗျား'

*

'ဟဲ့ စာတော်ဖတ် ငစိုကို ရှေ့တော်သွင်း'

*

'ငစိုငယ်၊ သည်ပေလွှာပါ ပြဿနာကို ဖတ်စမ်း'

'အိမ်ရာထောင်သော လူတို့သည် မောင်မယ်တို့ မွေ့လျော်နေစဉ် အခါ၌သာ သန္ဓေတည်ပါသလော'



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ပညာရှိ အမတ်ကြီးလေးဦး ပြဿနာတော်ကို ကြားပြီလား'

'ကြားသိရပါပြီ ဘုရား'

'သည်ပြဿနာကို ရှင်းလင်းစွာ ဘယ်လို ဖြေမလဲ'

'သုံးရက်တာ ဆိုင်းငံ့ပါဦး ဘုရား'

'အင်း… သံတမန်တော်ကြီးများကို မငြိုငြင်စေဘဲ နှလုံးမွေ့လျော်ပျော်ပျော်ပါးပါး နေထိုင်ကြရရန် နန်းရင်းဝန်ကြီးက မလစ်စေနှင့်ဗျား'

'ဦးတည့်ရပ်ပါ ဘုရား'

*

ထိုနေ့ ညီလာခံကွဲ၍ နေ့အချိန်၌ သက်သာပြည်ကြီး၏ ပညာရှိလေးဦးဖြစ်သော သိန်း၊ ဝိုင်း၊ မိန်း၊ ကာ အမတ်ကြီးတို့သည် ခေါင်းဆောင်ပညာရှိ သိန်း၏အိမ်၌ သန္ဓေတည်ခြင်းနှင့် ပတ်သက်သော ပြဿနာကိုပညာရှိပီပီ အသီးကို မေးသော် အပင်နှင့်တကွ ဖြေပြရန် လိုသောကြောင့် တိုင်ပင် ဆွေးနွေးနေကြလေ၏။ အမတ်ကြီးသိန်း၏ အိမ်၌လည်း ဝေဒက္ကယ ပြည်မှ လာရောက် ခိုဝင်နေသော ပုရောဟိတ် ငကြဲစုံသည် ရှိ၏။

၎င်းတို့သည် ပဋိသန္ဓေ နေခြင်း၊ တည်ခြင်း၏ အကြောင်းတို့ကို သာမန်လူတို့ သိမြင်ခြင်းထက် ပိုလွန်၍ မထင်မြင်ချေ။ ပုရောဟိတ်ဟုဆိုသော ကြဲစုံ ပညာရှိကလည်း အကြင်ယောက်ျား၊ မိန်းမတို့ နှီးနှောနေစဉ် အခါ၌သာ သန္ဓေတည်သည်ဟု ဆို၍ ထိုမှတစ်ပါး အခိပ္ပာယ်နက်ကား မပေါ်မထွက်လာပေ။

ထိုသို့ဖြစ်၍ ထိုပညာရှိ အမတ်ကြီး လေးပါးသည် ထိုကိစ္စ၌ မိန်းမ





တို့သာ သိတန်ရာသည်ဟု မိမိတို့၏ အမတ်ကတော်များထံ၌ မေးမြန်းရာတွင်လည်း အမတ်ကတော်များက 'ရှာရှာဖွေဖွေ ဘာကို မေးရသလဲ၊ ယောက်မနှင့် အနက်ခံချင်သလား' ဟု ယောက်မနှင့် ရွယ်သောကြောင့် ထိုပညာရှိ အမတ်လေးဦးတို့သည် ထိုပြဿနာအတွက် အတော်ပင် ဝန်လေးနေပေပြီ။

ထိုပညာရှိ လေးဦးကား "ရှာရှာဖွေဖွေ ကြံကြံစည်စည် အထီးအမတွေ့သော် ကလေးရတာပဲ၊ ဒါကို ပြဿနာပြုရသလား" ဟု သံတမန်များအပေါ်မှာပင် အပြစ်တင်ဆိုကြလေ၏။ စင်စစ်သော်ကား သိန်းအမတ်ကြီး၏ အိမ်၌ ခိုဝင်နေသော ကြံစုံ ပညာရှိကြောင့် ထိုပြဿနာသည် ပေါ်လာလေပြီ။ ထိုသို့သော သဘောကို သိန်းစသော ပညာရှိ လေးဦးတို့သည် သိခဲ့သော် ကြံစုံ ပညာရှိကို လက်ခံထားလိမ့်မည် မဟုတ်ပေ။ ယခုသော်ကား တစ်နေ့သော် ဘုရင်မင်းမြတ်ထံ ကြံစုံကို သွင်း၍ ပညာရှိ အဖြစ်နှင့် မြှောက်စားစေမည်။ ငါတို့ ပညာရှိငါးဦး တစုတပေါင်းတညီတည်း တည်သည်ရှိသော် သက်သာပြည်၌ ငါတို့ကို လွှမ်းကဲနိုင်သူ မရှိရာဟု ကြံဆထားကြလေသည်။

ထိုကဲ့သို့ သိန်း၊ ဝိုင်း၊ မိန်း၊ ကောင်း ပညာရှိလေးဦးသည် လာဘ်၌ ဝန်တို၍ လည်းကောင်း၊ မိမိတို့ ရအပ်သောလာဘ်၌ မရမည်ကိုကြောင့်ကြခြင်းကြောင့် လည်းကောင်း ကြံစည်ကြသော်လည်း လောလောဆယ် တွေ့ကြုံလာသော ပြဿနာ၌ လူသာမန်တို့၏ အသိထက် တိုး၍ မသိ၊ မထင်၊ မမြင်နိုင် ဖြစ်နေကြလေပြီ။ ထို့ကြောင့် ထိုနေ့ည ညီလာခံအစဲ၌ ပညာရှိ လေးဦးတို့သည် မင်းကြီးထံသို့ လျှို့ဝှက်ကာ ဝင်ကြလေ၏။

မင်းကြီးနှင့် ပညာရှိလေးဦးကား ဤသို့ နှီးနှောတိုင်ပင်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ပညာရှိကြီးများ အကြောင်းမည်သို့ ဖြစ်ပေါ်သနည်း'

'သိန်းအမတ်ကြီး တင်ဗျာ'

'ရွှေဘုန်းတော်ရှင် ဘုရား'

'တင်...'

'ယခု ပေါ်ပေါက်လာသော ပြဿနာ၌ မိန်းမတို့၏ အတွင်းရေး အကြောင်းသာလျှင် ဖြစ်ပါသည် ဘုရား'

'ပညာရှိလေးဦး အမတ်ကြီးတို့ မပြေလည်စေနိုင်ဘူးပေါ့'

'မှန်လှပါ'

'ဒါနှင့်ပဲ ပညာရှိကြီးများ စာရီကို တော်ကောက်ကာ ချီးမြှင့်မြှောက်စားမည် ဆိုရာ၌ အမတ်ကြီးတို့ ရှေ့က ကာကွယ် တားဆီးခဲ့သည်။ အမတ်ကြီးတို့ မသိ၊ မမြင်၊ မထင်ချေသော် မမစာရီထံ ကိုယ်တိုင်သွား၍ ပင့်ကြချေ'

'စာရီမယ် တောင်ဥယျာဉ်ထဲ၌ပင် ရှိနေသေးကြောင်းပါ ဘုရား'

'သားတော်မောင် အိမ်ရှေ့မင်းထံ ဝင်ပြီး သည်ပြဿနာကို ပြေစေရန် စီစဉ်ကြလေ'

ပညာရှိ လေးဦးကား မဆိုင်းမတွဘဲ ဘုရင်မင်းမြတ်ထံမှ ဖဲခဲ့၍ အိမ်ရှေ့မင်း၏ အိမ်တော်သို့ သွားရောက်ကြလေ၏။ အိမ်တော်စောင့်များလည်း ဤသို့ ဆီးဆိုကြကုန်၏။

'ဟဲ့ ဝင်းတော်နား ချဉ်းတာ ဘယ်သူတွေလဲ'

'တို့ သိန်းတို့ပါ ဟဲ့'

'ဟာ... အချိန်မတော် မင်းတရားတို့ ကံကောင်းလို့ လူမှားတော့မလို့'





'ကိုယ်တော်ကြီး စက်တော်ခေါ်ပြီလား၊ ငြိမ်သားကောင်းလှပါကလား'

'ဟာ... ကိုယ်တော်တို့ကလည်း ကိုယ်တော်ကြီးဟာ သည်အချိန်မှာ ကျမ်းကြည့်တုန်းပါ'

'အေး... သံတော်ဦးတင်ချေကွယ်'

*

'ကြွခဲ့ကြပါတဲ့ ဘုရား'

ပညာရှိ လေးဦးကား အိမ်ရှေ့မင်းသားထံ စုံညီတက်ရောက်ကြလေ၏။

'ဖေလေးတို့... ကြွကြပါ၊ အချိန်တော် ကောင်းလှပါကလား'

'သိန်းအမတ်ကြီး တင်ဗျာ'

'ယခု ဝေဒဣယတိုင်းက ရောက်လာတဲ့ ပြဿနာနှင့် စပ်လျဉ်းလို့ပါ'

'ဘာဖြစ်နေသလဲ ဖေလေးတို့'

'သည်ပြဿနာဟာ မိန်းမခန်းနှင့်သာ သက်ဆိုင်နေတာနှင့် စာရီမယ်သာ ဖြေဆိုသင့်ပါတယ် ဘုရား'

'သြော်... ဖေလေးတို့ ပညာရှိကြီးတွေရယ်လို့ တိုင်းပြည်ပေါ်မှာ တံခွန်စိုက်နေပါလျက် မမစာရီက ဖြေကြားရမယ် ဆိုတာ သစ်ကိုပစ်ပြီး ဝါးကို ပေါင်းရာကျမှာပေါ့'

'မဟုတ်ဘူးလေ၊ မိန်းမခန်းမှာ မိန်းမကမှ သင့်လျော်မှာပါ ကိုယ်တော်ကြီး'



www.burmeseclassic.com

www.burmeseclassic.com



'မမစာရီကို ကျွန်တော်တို့ညီနောင်လည်း ရှံ့ပါတယ်။ "ဘာဆိုင်လို့ စာရီက ဖြေရမှာလဲ၊ စာရီဟာ ဘယ်သူ့ကျွန်လဲ" လို့ မေးနေရင် ခက်မနေပေဘူးလား'

'သည်လိုတော့ မပြောတန်ရာပါ'

'ဖေလေး၊ ဖေလေးတို့က မသိ။ ကျွန်တော်တို့တော့ အဆိုခံရပေါင်းများလို့ လန့်တယ်'

'ကိုယ်တော်ကြီး လိုက်ကာ အမိန့်တော် ရှိရင်တော့ ငြင်းပယ်မှာမဟုတ်ပါ'

'ညဉ့်လည်း အတော်နက်လာပြီ။ နက်ဖြန် နံနက်စောစော ဖေလေးတို့ ကြွခဲ့ကြပါလေ။ ကျွန်တော်လည်း လိုက်ပါပါ့မယ်၊ ဖေလေးတို့ အမိန့်ရှိပါ'

'ခုညပဲ...'

'ခက်တယ် ခင်ဗျာ'

'ကိုယ်တော်ကြီး စွမ်းဆောင်တော်မူပါဦး ဘုရား'

'ကိုင်း... ကြွကြပါ ခင်ဗျာ'

*

အိမ်ရှေ့မင်းသားနှင့်တကွ ပညာရှိ လေးဦးသည် တောင်ဥယျာဉ်ရှိ စာရီထံ သွားရောက်ကြရာ အစောင့်တို့နှင့် ဤသို့ တွေ့ရလေ၏။

'ဟေ့... ဘယ်သူတွေလဲ၊ ရပ်လိုက်'

'ကျွန်တော်မျိုး အိမ်ရှေ့မင်းသား သုစိတ္တပါ ဘုရား'

'ဟင်... ကိုယ်တော်ကြီး'





'ဖေလေး၊ ဒါဟာ ဘုရင်မင်းမြတ်က ကိုယ်စားတော် ပြု၍ထားတဲ့ အစောင့်တော်ပါ။ သည်အလုပ်ကို တာဝန်အတိုင်း လုပ်နေတာ ဘုရင်မင်းမြတ်ပါ'

ထိုခဏ၌ တပ်သား သုံးယောက်တို့သည် လက်နက်စွဲကိုင်လျက် မီးရှူးတိုင်နှင့် ရောက်လာ၍ ဤသို့ လေးစားစွာ ဆိုလေ၏။

'ဟာ... ကိုယ်တော်ကြီးနှင့် မင်းတရားကြီးတို့ပါလား'

'မမစာရီ စက်တော်ပြုပြီလား'

'မသိကြောင်းပါ ဘုရား'

'အေးကွယ်... အမိန့်တော် တောင်းခံပေးစမ်းပါဦး'

*

'ဟေ့... ဘယ်သူလဲ'

'ကျွန်တော် ကျော်လေးလေ'

'သည်အချိန်မှာ နင် ဘာလာလုပ်သလဲ၊ နင့်ဒူးကို ဖြတ်ရမလား'

'မမစာ... မမစာဟာ'

'ဟေ့... စကားမများနှင့်၊ ရွှေစာတဲ့... တစ်သာ ရှိတယ်။ ဟော... စိန်စားမြောင် သိရဲ့လား'

'နေပါဦး ခင်ဗျ'

'ဘာနေရမလဲ'

'မမစာဟာ သိပ်ကို အာဏာတော် ပြင်းတာကိုး'

'သွား... ပြန်'

'ကိုယ်တော်ကြီးက အမိန့်တော် အခံခိုင်းလို့'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်က ကိုယ်တော်ကြီးလဲ'

'ကိုယ်တော်ကြီးနှင့် ပညာရှိ မင်းတရားကြီး လေးဦးတို့ကပါ၊ သခင်မ စက်ရာတော် ဝင်ပြီလား'

'ကျမ်းပြုနေတယ်'

*

'ကျမ်းပြုနေပါတယ်တဲ့ ဘုရား'

'အေးကွယ်... အမိန့်တော် တောင်းခံပေးပါ'

*

'ကျော်လေး၊ လာပြန်ပြီလား'

'တွေ့ဖို့ရန် အမိန့်တော် ခံပေးပါတဲ့'

'သိပ်ရှုပ်တာကိုး'

*

'ဘာလဲ ညီမလေး'

'ကိုယ်တော်ကြီး သုစိတ္တနှင့် ပညာရှိလေးဦး အမတ်ကြီးများက အမိန့်ခံခိုင်းလို့ပါ ဘုရား'

'ကိုင်း... လာကြပါစေ'

*

သုစိတ္တနှင့် ပညာရှိလေးဦးကား စာရီထံသို့ ရောက်ကြလေ၏။

'ကြွတော်မူကြပါ၊ အကြောင်းတော်'





'ဖေလေး၊ အမိန့်ရှိပါ'

'သည်လိုပါ မမစာရီ၊ ဝေဒေဟရာဇ်ပြည်က သံတမန်ကြီးများကို လွှတ်၍ "အိမ်ရာထောင်သော လူတို့သည် မောင်မယ်တို့ မွေ့လျော်နေစဉ် အခါ၌သာ သန္ဓေတည်ပါသလော" ဟု ပြဿနာတော် ရောက်လာသည်။ ထိုပြဿနာကို ဖြေပါဟု တောင်းပန်ရန် ရောက်လာရကြောင်းပါ တူမတော်'

'ဟာ... သည်ပြဿနာကို မိစာရီ ဖြေရင် ဘဘတို့ကို မိစာရီသည် စော်ကားရာ ကျနေမှာပေါ့။ နိုင်ငံတော်မှာ နေတစ်ဆူ၊ လတစ်ဆူ ပညာရှိကြီးများကို လွန်ပြီး မိစာရီ မဖြေသင့်ပါ ဘဘရှင်'

'ဟာ... တူမတော်၊ မိန်းမခန်းမှာ တူမတော်နှင့်သာ ထိုက်တန်ပါတယ်'

'ဘတို့ စဉ်းစားပါ။ ပြဿနာမှာ မိန်းမခန်း ယောကျ်ားခန်းဟူ၍ မရှိပါ။ ပညာရှိတို့၏ စကားသည် အစဉ်ချိုမြိန်သော၊ နေရာမရွေး ချိုမြိန်သော ပျားရည်ပါ ဘဘတို့ရှင်'

'တူမတော်နှင့်သာ သက်ဆိုင်ရာ ထင်ပါသည်'

'ဘဘ၊ စာရီ သာဓကတစ်ခု ပြုပါမယ်'

'ဆိုပါ'

'ဘုမ္မဝတီမြို့ (ယခု မင်းတုန်းမြို့) မှာ စောသုဒေဝ မင်းကြီး နန်းစံတော့ သမီးတော် လုမြတ်ရည်နှင့် သားတော် သောင်းလုံးဆွေကို ဖွားမြင်တော်မူသတဲ့။ သမီးတော် လုမြတ်ရည်က အစ်မတော်ဘုရားတဲ့ ရှင့်။ မောင်ကလေး သောင်းလုံးဆွေသည် ဆယ့်ရှစ်နှစ် အရွယ်တော်သို့ ရောက်တော့ မယ်တော်ဘုရားက ခမည်းတော်ထံမှ အိမ်ရှေ့အရာကို တောင်းခံ



www.burmeseclassic.com

www.burmeseclassic.com



စေတော့ ခမည်းတော်က သားတော်မောင် အလိုရှိတာဟာ ရှိထိုက်တယ်။ သို့သော် "အလိုရမ္မက်မည်သည် မည်မျှထိ ဆိုးသွမ်း၍ ကြောက်စရာကောင်းသလဲ" ဟု သားတော်မောင် ဖြေကြားနိုင်တဲ့ နေ့မှာ အိမ်ရှေ့အရာကို ရယူစေလို့ အမိန့်တော်မြွက် မှတ်သတဲ့'

'မမစာရီ၊ သုစိတ္တာ မျက်စိကြယ်လာပြီ'

'ဒါနှင့် သောင်းလုံးဆွေ ကိုယ်တော်ကလေးဟာ ခမည်းတော်မြွက်ချမှတ်တဲ့ ပြဿနာကို အစမျှ မထင်တော့၊ မှိုင်တွေကာ နေရတော့ အစ်မတော်ဘုရား လှမြတ်ရည်က သောင်းလုံးဆွေထံ လာပြီး မောင်တော် သည် ပြဿနာကို လင်းနိုင်ရန် လိုက်ခဲ့လို့ တောအုပ်ကလေး တစ်ခုအတွင်းသို့ ရထားပေါင်းချုပ်နှင့် မောင်တော်ကလေး သောင်းလုံးဆွေကို ခေါ်သွားသတဲ့။ တောထဲသို့ ရောက်တော့ လှမြည်ရည်ဟာ မောင်တော်ကလေးနှင့် ရထားပေါ်မှ ဆင်းပြီး မောင်တော်ကလေးအား မနီးမဝေးသို့ အစ်မတော်က ခေါ်မှ လာခဲ့လို့ လွှတ်လိုက်သတဲ့။

'ဒါနှင့် မောင်တော်သည် တောချုံကလေးအတွင်း ရောက်သွားတော့ သာယာကြည်အေးသော အသံနှင့် ကိုယ်တော်ကလေး သောင်းလုံးဆွေ လာခဲ့လော့ဟု အသံပြုတော့ သောင်းလုံးဆွေလည်း အစ်မတော်ထံ လာရာ၊ အစ်မတော် လှမြတ်ရည်မှာ အဝတ်မကပ်ဘဲ တုံးလုံးဖြစ်နေတာကို တွေ့ရတယ်'

'အင်း...'

'လှမြတ်ရည်ဟာလည်း အဆင်းအင်္ဂါ အလွန်လှပြီး ရှုမငြီးနိုင်တဲ့ ကိုယ်အနေအထားနှင့် ကြည်ကြည်ကလေး ဖြစ်နေလို့ မောင်တော် သောင်းလုံးဆွေဟာ ပရမ်းပတာ ပြုတော့မည် ကြံတဲ့အခါ အစ်မတော်ဘုရားက ပြောသတဲ့။





'မောင်တော်ကလေး... သတိပြု၊ မောင်တော်ကလေး ကန်းပြီ၊ ရမ်းပြီ၊ ရူးပြီ၊ မူးတော့ပြီ။ ဒါဟာ အစ်မတော်လေ၊ အစ်မတော်ဘုရား ဆိုတာဟာ မယ်တော်ဘုရားပဲ။ လွဲမှားမယ်၊ သတိထားမှပေါ့ ဆိုကာ အနီးမှ ကိုယ်ဝတ်တော်ကို လှမ်းယူ သိမ်းခြုံထားတော့ရာ မင်းသားကလေးဟာ သတိရပြီး အစ်မတော်ဘုရားရှေ့မှာ ဒူးထောက်ပြီး ငိုမိရှာသတဲ့။

'သည်တော့မှ အစ်မတော် ဘုရားက မောင်တော်ကလေးအား ဤသို့သဘောကို ပြောပြသတဲ့။

'မောင်တော်ကလေး၊ အလိုရမ္မက်မည်သည် ကန်းစေသည်၊ ရူးစေသည်။ ထိုအလိုရမ္မက်၌ ငွေရွှေ ဥစ္စာပစ္စည်း ချမ်းသာလိုခြင်း၊ ဂုဏ်ကြီးလိုခြင်း၊ ရာထူးရာခံ ရာကြီးထူးကြီးများကို လိုခြင်း၊ ကောင်းစားလိုခြင်း၊ ချမ်းသာလိုခြင်း၊ တင့်တယ်လိုခြင်း၊ ထီးနန်းစည်းစိမ်ကို လိုခြင်းတို့ ဖြစ်လာရသည်။ ထိုသို့ လိုမှုဖြင့် သနားကြင်နာ ထောက်ထားရမည်ကို မသိ။ မိမိနှင့် တန် မတန်၊ လျော် မလျော်ကို မသိ။ ပညာရှိ သူတော်ကောင်းတို့ကို မသိ။ ကျေးဇူးရှင်ကို မသိ။ မိဘ ဆွေမျိုးဉာတိတို့ကို မသိ။ ထို့ကြောင့် ထိုအလိုရမ္မက်သည် ကြောက်စရာ။ ထိုမှတစ်ပါး၊ တုံ့ ကာမဂုဏ်တို့တွင် ကာမ မေထုန်မှုသည် လူတို့၌ နှစ်လို အတမ်းတဆုံးဖြစ်၍ အကြီးဆုံးသော အလိုရမ္မက် ဖြစ်၏။ ထိုအလိုရမ္မက်သည် လူတို့ကို လုံးဝကန်းစေသည်။ သွက်ချာ နောက်ရူးစေသည်။

'ထို့ကြောင့် မောင်တော်ကလေး၊ အစိုးတရ ဟူသော မင်းအဖြစ်နှင့် ထိုက်တန်လိုသော သူသည် အလိုရမ္မက်ကို နည်းလျော့နိုင်သမျှ နည်းလျော့စေရမည်။

'ထို့ကြောင့် အလိုရမ္မက်မည်သည် ကျေးဇူးရှင် မရှိ၊ ဆွေမျိုးဉာတိ



www.burmeseclassic.com

www.burmeseclassic.com



မရှိ၊ မိဘ မရှိ၊ မောင်နှမသားချင်း မရှိ၊ ပညာရှိ မရှိ၊ သူတော်ကောင်း မရှိ၊ ငါ့ဖို့သာ ရှိချေသည်။

'ထိုသို့လျှင် လှမြတ်ရည် မင်းသမီးသည် မောင်တော်ကလေး သောင်းလုံးဆွေအား အလင်းကို ရစေပါသတဲ့။

'ဒါကြောင့် ဘဘတို့၊ ပြဿနာမည်သည် မိန်းမ ယောကျ်ား ခွဲခြား၍ ဖြေဆိုစရာ မဟုတ်ပါ။ သိသူ ဖြေရမည့် ဝတ္တရားပါ ရှင်'

'ကိုင်း... အမတ်ကြီးပိုင်း မိန့်ပါဗျာ'

'မမစာ၊ တိုတိုပဲ။ ကျွန်တော်တို့ ပညာရှိလေးဦး အမည်ခံနေပေမယ့် သည်ကိစ္စမှာ အသီးကိုမေးရင် အပင်မြေနှင့်တကွ ဖော်ပြရမယ် ဖြစ်တာကြောင့် လုံးဝ မသိဘူး ခင်ဗျ။ ဒါကြောင့် မမစာရီကပဲ သည်ပြဿနာကို ဖြေဆိုဖို့ တောင်းပန်ပါတယ်'

'ဘယ့်နှယ် မောင်တော်သုစိတ္တ'

'မမစာရီ ဖြေဆိုဖို့ရန် သုစိတ္တ ကူပြီး တောင်းပန်ပါတယ်'

'ဘယ်တော့...'

'သန်ဘက်ခါ နံနက် ညီလာခံမှာပါ'

'ဘဘ၊ နက်ဖြန် မိစာရီ တောသို့ ပြန်မလို့'

'ကိုင်း... မမစာရီ၊ ဘတို့ကပဲ တောင်းပန်ပါတယ်'

စာရီကား ပြုံးနေလေ၏။

*

## ပြဿနာ ဖြေသော ညီလာခံ အခမ်းအနား

ဘုရင်မင်းမြတ်၏ ပြဿနာကို ဖြေဆိုရန် ညီလာခံ အခမ်းအနား ကျင်းပရာသို့ သက်သာပြည်မှ မှူးမတ်ပေါင်းစုံညီနှင့် သူဌေးသူကြွယ်





စသော လူကြီးလူကောင်းများ၊ ဝေဒက္ခယပြည်မှ သံတမန်များ အစုံအညီတို့သည် ရောက်ရှိနေသောအခါ စည်တော်သံသည် တောင်ဥယျာဉ်မှ ဟိန်းလာလေ၏။

စည်တော်သံသည် တဖြည်းဖြည်း ညီလာခံနှင့် နီးကပ်လာပြီးနောက် အိမ်ရှေ့မင်းသားနှင့် ညီတော် စစ်ဘုရင် သေနာပတိသည် ကျိုင်းကို ကိုင်၍ ရှေ့က တက်လာ၏။ ထိုနောက်မှ စာရီသည် ဆံထုံး နောက်တွဲကလေးနှင့် ခေါင်းကို ခမောက်ဖြင့်ဆောင်းလျက် တောသူမကလေးများ၏ အဝတ်ကိုဝတ်ကာ၊ လွယ်အိတ်ကြမ်းကို လွယ်၍ နှင်တံတစ်ချောင်းကို ကိုင်ကာ ပါလာ၏။

ထိုနောက်မှ စည်းပုံဆောင်း အပျိုတော် လေးယောက်သည် နန်းတွင်းသူတို့၏ အဝတ်ကို ဝတ်ဆင်ကာ ရံရွှေတော်အဖြစ်နှင့် ပါလာ၏။ ထို့နောက် ဓား၊ လှံ၊ လေးကိုင် ခြေသည်တော် တပ်သားအစိတ်သည် သက်တော်စောင့်အဖြစ်နှင့် ပါလာလေ၏။

စာရီသည် ညီလာခံသဘင် အတွင်းသို့ ရောက်၍ စည်တော်သံသည် တိတ်သွားသောအခါ ရာဇပလ္လင်၏ ခြေရင်း၌ အနိမ့်အကျပြုကာ ဘုရင်မင်းမြတ်ကို ခစားကာ နေလေ၏။

မိဖုရားခေါင်ကြီးကား လိမ္မာသိတတ်လှသော စာရီကို ကြည့်၍ တီးတိုးတီးတိုးနှင့် ဘုရင်မင်းမြတ်ကို ရန်ထောင်နေဟန် ရှိလေ၏။ ဘုရင်မင်းမြတ်လည်း ဤသို့ မိန့်တော်မူ၏။

'သမီးတော်၊ အသင့် ငါကိုယ်တော်မြတ် စီစဉ်ထားသော ကြာပန်းသလွန်ပေါ်သို့ တက်၍ ပြဿနာတော်ကို ဖြေလော့'

စာရီသည် ကြာပန်းသလွန်ပေါ်သို့ တက်၍ ဗိုလ်ထုကို မျက်နှာပြုသောအခါ ညီလာခံသည် သြဘာပေးကြသည်မှာ ဟိန်းဆူသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စာရီသည် ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးကို ဦးတိုက်၍ ကြာပန်းသလွန်ပေါ်သို့ တက်ပြီးလျှင် ကျုံ့ကျုံ့ထိုင်ကာ ဤသို့ အစချီခြင်းဖြင့် ထိုပြဿနာကို ဖြေလေ၏။

'ညီလာခံကြီး ဘုရား'

[အလွန် သာယာအေးကြည်သော အသံသည် လှိုက်ကာ ပေါ်လာလေသော် မိဖုရားခေါင်ကြီးသည် မျက်ရည်စို့လာသည်မှာ ဤမျှလောက်လိမ္မာရေးခြားရှိသော ပညာရှိမယ်ကလေးကို မင်းကြီးသည် တော်ကောက်ကာ မမြှောက်စားသေးသောကြောင့် ဖြစ်ဟန်ရှိ၏။]

'ယခု မေးတော်မူသော ပြဿနာသည် ဝေဒက္ခယပြည့်ရှင် ဘုရင်မင်းမြတ်က မေးသော ပြဿနာဖြစ်၍ သဘာတွင် သက်သာပြည့် ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးသည် တည်နေဘိတော့ပြီ။

'ပြဿနာတော်ကား "အိမ်ရာထောင်သော လူတို့သည် မောင်မယ်တို့ မွေ့လျော်စဉ် အခါ၌သာ သန္ဓေတည်ပါသလော" ဟူ၍ ဖြစ်သည်။

'ထိုပြဿနာ၌ အသီးကိုမေးသော် မြေအပင် ဥယျာဉ်မှူးနှင့်တကွ ဖြေမှ ဖြစ်ပါမည်။ သို့မဟုတ် အဗ္ဗန္တရ သရက်သီးကား ခါးသည်ဟူ၍ ဖြစ်နေရပါလိမ့်မည်။

'ထို့ကြောင့် အကျယ်အားဖြင့် ဖြေဆိုပါအံ့။ တိုင်းပြည်ကြီး နှစ်ပြည်မှ လက်ရုံးအတက်တို့သည် ရေးမှတ်ကြပါကုန်။

'မိန်းမတို့သည် သဘာဝအားဖြင့် လူ့လောကတွင် လူထွန်းကားပေါ်များလာရန် ဖြစ်သည်။

'ထိုသဘာဝကြောင့် မိန်းမတို့မည်သည် ဥတု၊ အစားအစာ၊ သဘာဝအခြေအနေအလျောက် ရုပ်ပြောင်းကာ တစ်နှစ်ထက် တစ်နှစ် အဆင့်





တက်ကာ လာချေ၍ အရွယ်မရောက်မီပင်လျှင် ယောကျ်ားတို့ကို ညွတ်နူးစေရန် လှလာလျက် ရင်သား၊ တင်သားတို့သည် လက္ခဏာကို ပြလာလေတော့ပြီ။ ထိုသို့ ပြလာခြင်းကား တင်သားသည် သားငယ်အိမ်၏ အဆောက်အအုံ ခိုင်ခံ့ရန်ကို ဖြစ်စေ၍၊ ရင်သားသည် လူပေါက်ပွားရန် ဓာတ်ရည်ကို ဖြစ်စေမည့် ကစီရည် ပြည့်စုံစွာ တည်ရှိလာပြီ ဖြစ်ကြောင်းကို ပြခြင်း ဖြစ်ချေသည်။

'မိန်းမသည် အရွယ်ရောက်လာလတ်သည် ရှိသော် ကစီရည်အိတ်မှ လူပေါက်ပွားရန် ဓာတ်ရည်ကို လွှတ်နေသဖြင့် အုံ့လုံးကြောမှ သားငယ်အိမ်ထဲသို့ ကျဆင်းပြီးလျှင် ရက်သုံးဆယ်ရှိသည် ရှိသော် သူငယ့်အိမ်အတွင်းမှ သွေးအဖြစ်နှင့် ပေါက်ထွက်လာသောအခါ သဘာဝက အရွယ်ရောက်ပြီဟု ဖော်ပြပါသည်။ အရွယ်ရောက်သည် ဆိုခြင်းကား ကလေးမွေးဖွားနိုင်ပြီဟု ဆိုလိုရာရောက်၍ ပန်းပွင့်ပြီဟု ဆိုတော့ပြီ။

'ထိုကဲ့သို့ ရာသီပန်းသည် တစ်လတစ်ကြိမ် အစားအစာကို မဓာတ်အားဖြင့် ပြုပြင်လိုက်ခြင်းကြောင့် မှန်မှန် ပွင့်ရလေသည်။

'မိန်းမတို့မှာ ကစီရည်အိတ်မှ လူဖြစ်လာနိုင်ရန် ဓာတ်သည် တဖြည်းဖြည်း စိမ့်ဆင်းလာသောအခါ အဖိုဓာတ်နှင့် သူငယ်အိမ်ထဲမှာ လုံလောက်စွာ မတွေ့ရမှုဖြင့် ပျက်စီးပြီးသော် သန္ဓေမဖြစ်နိုင်ဘဲ သွေးအဖြစ်နှင့် ယိုဆင်းရပါသည်။

'မိန်းမတို့သည် ယောကျ်ားမရှိဘဲနှင့် ကလေးမွေးနိုင်ရာသလော။ ခေတ်အခါ သဘာဝကိုလိုက်၍ မွေးနိုင်၏။

'အသို့လျှင်နည်း။ အကြင်ခေတ်အခါသည် ရာသီဥတု၏ ကောင်းမြတ်ခြင်းနှင့် ပြည့်စုံသောခေတ်ကြောင့် လေကို ရှူရှိုက်နှင့် အသက်ရှင်၍



www.burmeseclassic.com

www.burmeseclassic.com



ရှည်သောခေတ် ဖြစ်အံ့။ ထိုခေတ်၌ စိတ်အာရုံ ကြံဆတွေးတောမှုဖြင့် သာယာလျက် သန္ဓေတည်နိုင်၏။ ထို့ကြောင့် ကံသုံးပါးတွင် မနောကံသည် ပါနေ၏။

'အကြင်ခေတ်သည် ရေကိုသောက်နေရုံနှင့် အသက်ရှင်၍ ရှည်သောခေတ် ဖြစ်အံ့။ ထိုခေတ်၌ မြင်ရုံ၊ ကြားရုံ၊ စကားဆိုရုံတို့နှင့် ပြုံးကြည်ကာ သာယာသောသဘော ရှိခဲ့သော် သန္ဓေရနိုင်၏။

'အကြင်ခေတ်သည် အသားမပါ၊ နို့ထောပတ် တည်းဟူသော အစာတို့ မပါဘဲ စားသောက်သောခေတ် ဖြစ်၍ လူတို့သည် လောကီအဘိညာဉ် ရျာန်ကိုရအောင် အားထုတ်နိုင်သောခေတ် ဖြစ်ခဲ့ချေသော် ထိုခေတ်၌ ကိုယ်လက်ချင်း စမ်းသပ် ကိုင်တွယ် ထိတွေ့ခြင်းဖြင့် သာယာသော သဘောကြောင့် အကြင်မိန်းမတို့မှာ သန္ဓေရနိုင်ရာ၏။

'ထိုမှကြွင်းသော ခေတ်သည် ယခု လူတို့၏ စရိုက်အတိုင်း မိန်းမတို့မှာ သာယာမှုစည်းစိမ်ကို ယူ၍ သန္ဓေရနိုင်၏။

'စည်းစိမ်မှုအဖြစ်နှင့် သာယာမှုကို ယူတိုင်း သန္ဓေတည်စွဲနိုင်သလော၊ ဤသို့လည်း မဟုတ်ချေ။

'အကြင် မိန်းမသည် တစ်လတစ်ကြိမ် ပန်းပွင့်ရ၏။ ထိုသို့ ပန်းပွင့်ခြင်းကား မိန်းမတို့၏ ကစီရည်အိတ်မှ လူဖြစ်ရန် ဓာတ်အားဖြင့်ဖြစ်သည့် သုတ်သွေးသည် ကြည်လင် သန့်ရှင်းသော ကစီရည်နှင့် ပါလာပြီးလျှင် ယောကျ်ားတို့၏ ဓာတ်နှင့် မတွေ့က ပျက်ပြီးလျှင် ကျရ၏။ ယောကျ်ားတို့၏ ဓာတ်နှင့် တွေ့လျက်လည်း အချိုးအစား၊ ဓာတ်ချင်း မမျှခြင်းကြောင့် ပျက်ပြီးလျှင် ကျရ၏။ ထို့ကြောင့် ပဋိသန္ဓေ တည်နေရရန်သည် ခဲယဉ်း၏။ အသက်ရှည်သောခေတ်၌ သာ၍ ခဲယဉ်းလေ၏'





သဘာကား တိတ်၍နေသဖြင့် အသက်ရှူသံသည်ကိုပင် ကြားရသည်ဟု ထင်လာ၏။ နန်းဦးပြာသာဒ် ထုပိကာဖျားမှ လေနှဲ့သဖြင့် နှဲ့နေသော ဆည်းလည်းကို ညောင်ရွက်က ခတ်သဖြင့် ပေါ်လာသည့် အသံသာသာကလေးသည် ထိုညီလာခံ ပြဿနာသဘင်၏ တူရိယာသံသဖွယ် ဖြစ်နေ၏။ စာရီကား ဆက်၍ သာယာသောအသံနှင့် ပြဿနာ၏ အဓိပ္ပာယ်ကို ဤသို့ ရှင်းပြန်၏။

'အချိန်ရောက်ပြီး၍ အရွယ်ရှိသေးသော မိန်းမတို့၌ တစ်လတစ်ကြိမ် ပန်းပွင့်ပြီးနောက် ရပ်စဲသွားပြီးသော အချိန်သည် သူငယ်အိမ်၏ သန့်ရှင်းစင်ကြယ်သော အချိန်အခါကို ပြ၏။ ထိုအချိန်အခါသည်ကား များသောအားဖြင့် ပန်းပွင့်၍ ညှိုးကြွေပြီးနောက် ဆယ်ရက်အတွင်း ဖြစ်၏။

'ထိုသို့ သူငယ်အိမ် သန့်စင်သော အချိန်၌ ယောကျ်ား၊ မိန်းမတို့သည် ဖိမ်သဘောနှင့် မွေ့လျော် ပျော်ပါးမှုဖြင့် မြိန်ရှက်စွာ သာယာယစ်မူးနေကြ၏။ ထိုအခါ ၎င်းတို့၏ ဖိုဓာတ် မဓာတ် နှစ်ခုသည် တွေ့ဆုံမှုဖြင့် လူဖြစ်လာရန် ဓာတ်ကို ဖြစ်စေပြီးသော် သန္ဓေတည်စွဲတတ်၏။

'ထိုယောကျ်ား မိန်းမ နှစ်ဦးတို့၏ တွေ့ဆုံသောဓာတ်မှ ဖြစ်သော အစိုင်အခဲသည်ကား အလွန်ကြည်သော ဆီကြည်ထဲ၌ အလွန်နူးညံ့သိမ်မွေ့သော မိန်းမ၏ ဆံခြည်တစ်မျှင်နှင့် တို့၍ အကြိမ်တစ်ရာ ခါပစ်ပြီးသော် ကျန်သော ဓာတ်အစိုင်အခဲမျှလောက်သာ ဖြစ်လျက် ၎င်း၏ သန္ဓေတည်စွဲကာ ကြီးထွားမွေးဖွား လာရတတ်၏။

'အကြင်ယောကျ်ားနှင့် မိန်းမသည် မိန်းမ၏ သန္ဓေတိုက်ခန်း၌ သန့်ရှင်းစင်ကြယ်နေစဉ် ပျော်မြူးမိကြခြင်းဖြင့် ယောကျ်ား၏ ဓာတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ၏ဓာတ် ထိတွေ့ကာ သူ့ငယ်အိမ်ထဲ၌ ယခင်ကပြခဲ့သော အစဉ်အတိုင်း ကျန်ခဲ့၏။ နောက်ထပ် မပျော်ပိုက်စေကာမူ ဆယ်ရက်အတွင်း ထိုဓာတ်ကိုမှီ၍ သန္ဓေ တည်စွဲနိုင်၏။ ထိုဓာတ်ကား ဆယ်ရက်အတွင်း မပျက်ဘဲ တည်နေနိုင်၏။

'ယောကျ်ားနှင့် မိန်းမ ပျော်မြူး ပေါင်းဖော်နေစဉ် အခါ၌ သန္ဓေ တည်စွဲအံ့။ ထိုသန္ဓေသားသည် သူမြတ် ဖြစ်ခဲ၏။ လောဘ၊ ဒေါသ၊ မာန အလွန်ကြီးတတ်၏။ ထိုသားသည် သူတော်ကောင်း စိတ်ဓာတ်သို့ ညွှတ်ပျောင်းနိုင်ခဲ၏။ လောကီအဘိဉာဉ် ဈာန်သမာပတ်ကိုကား ရနိုင်ဖို့ရန် အလွန် ခဲယဉ်းလေသည်။ ထိုသည့် သားမျိုးဖြင့် တိရစ္ဆာန်နှင့်တူသော သားသမီးမျိုးကို ရနိုင်တတ်၏။

'အကြင်မိန်းမ ယောကျ်ားတို့သည် ပျော်မြူးကာ ပေါင်းဖော်မှုဖြင့် ဓာတ်နှစ်ပါး ပေါင်းဆုံကာ မိန်းမ၏ သူ့ငယ်အိမ်ထဲ၌ ကျန်ခဲ့၏။ ထို့နောက် ထိုသို့ မွေ့လျော်မှုကို မပြုချေ။ ထိုမိခင်ထံ၌ ထိုသို့မှ ဆယ်ရက်အတွင်း ပဋိသန္ဓေ လာရောက်တည်နေနိုင်၏။ ထိုသားသည် မြတ်သောသား ဖြစ်၏။ သူတော်ကောင်းတို့၏ တရားကို အားထုတ်နိုင်မည့် သားဖြစ်၏။ နိုင်ငံတော်၏ အကျိုးကို သယ်ပိုးရွက်ဆောင်နိုင်မည့် သားဖြစ်၏။ ထိုသို့သော ယောကျ်ားနှင့် မိန်းမ တွေ့သည့် ဓာတ်ချင်းပေါင်းစပ်ကာ ကျန်ခဲ့သော အချိန်အခါ ဆယ်ရက်အတွင်း၌ မိခင်သည် ဥပုသ်သုံးနေ၍ လည်းကောင်း၊ သီတင်းသီလ ဆောက်တည်နေ၍ လည်းကောင်း၊ ကောင်းသော အာရုံတစ်ခုခုကို အာရုံပြုနေ၍ လည်းကောင်း၊ စာပေကျမ်းဂန်တို့ကို လိုက်စားနေ၍ လည်းကောင်း ရှိငြားအံ့။ ထိုအခါ ထိုမိန်းမထံ၌ ပဋိသန္ဓေ





လာရောက် မှီခိုမိသော သတ္တဝါသည် မွေးဖွားလာသောအခါ လောကတွင် အလွန်မြတ်သော သူကို ဖြစ်စေသတည်း။

'ထိုသို့လျှင် လူတို့၌ သျှတ္တရသဘောသည် ဖြစ်တည်နေလေရကား မိန်းမနှင့် ယောကျ်ား ပေါင်းဖော်နေစဉ် အတွင်း၌လည်း သတ္တဝါတစ်ခုသည် လာရောက် သန္ဓေတည်စွဲနိုင်၏။ ထိုသို့ ပေါင်းဖော်ထားပြီးနောက် ဆယ်ရက်အတွင်း၌လည်း သန္ဓေတည်စွဲနိုင်လေ၏'

သဘာသည်ကား သိမ့်သိမ့်တုန်အောင် သြဘာပေးကြလေသည်။

ညီလာခံ ပြဿနာသဘင် ကွဲ။

*

## မယားလု ပြဿနာ

နိုင်ငံတစ်ခု တိုးတက်ကြီးပွား ကောင်းစားလိုသောအခါ ထိုနိုင်ငံအတွက် ထင်ရှားသောပညာရှိ ပေါ်ပေါက်လာခြင်း ဖြစ်၏။ သို့ရာတွင် ထိုပညာရှိမှာလည်း ပြည်တွင်း၏ အနှောင့်အယှက်များမှ ကင်းနိုင်ခဲလေသည်။

ထိုသဘာဝကြောင့် သက်သာပြည့်ရှင် ဘုရင်မင်းမြတ်သည် စာရီအား ရတ်တရက် ချီးမြှင့်မြှောက်စားမည်ဟု ကြံရွယ်သော်လည်း ရှိနှင့်ပြီး ဖြစ်သော ပညာရှိလေးဦး၏ ဝန်တိုသော သဘောနှင့် အမျိုးမျိုးကန့်ကွက်နေသဖြင့် ရတ်တရက် မမြှောက်စားသာပေ။

[ကန့်ကွက်ပုံ အမျိုးမျိုးကို စာလေးမည်စိုး၍ မဖော်ပြတော့ပေ။]

ထိုသို့ ဖြစ်နေသော်လည်း ပြီးခဲ့သော ပြဿနာကို ရှင်းလင်း ပြတ်သားစွာ စာရီ ဖြေပြသဖြင့် ဝေဒက္ခယမင်းကြီးသည် မိမိ၏ မိဖုရားကြီးကို တိုးတက်ကာ လေးမြတ်ချစ်ခင်လျက် ရှိလာပြီးနောက် စာရီအား



www.burmeseclassic.com

www.burmeseclassic.com



အလွန့်အလွန် နှစ်သက်ခြင်း ဖြစ်လာ၏။ မိဖုရားကြီး ဆင်းဝတ်ကြည်လည်း စာရီကို အထူး ကျေးဇူးကြီးလှပါပေသည် ဟု နှစ်သက် မြတ်နိုးခြင်း ရှိလေ၏။ ထို့ကြောင့် ဝေဒက္ခယပြည့်ရှင် ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးသည် သက်သာပြည့်ရှင် ဘုရင်မင်းမြတ်ထံမှ တစ်ဆင့် စာရီအား များစွာသော အဖိုးထိုက် အဖိုးတန် ပစ္စည်းရတနာတို့နှင့် ပူဇော်ပါသည်ဟု ပို့တော်မူလေ၏။

ထိုသို့လျှင် ပူဇော်ဖွယ် ဝတ္ထုပစ္စည်းများကို လာရောက်ပို့ပေးသော အမတ်တို့သည် စာရီကို သက်သာပြည့်ရှင် ဘုရင်မင်းမြတ်သည် ပညာရှိအဖြစ်နှင့် မြှောက်စားခြင်း ရှိ မရှိကိုလည်း စုံစမ်း စနည်းနာကာ သွားလေ၏။

ထိုအကြောင်းကို သက်သာပြည် မိဖုရားကြီးသည် သိရလတ်သော် မင်းကြီးအား ၎င်း၍ ပူဆာသောကြောင့် မင်းကြီးသည် ပညာရှိလေးဦးကို မတိုင်ပင်တော့ဘဲ စာရီကို ပညာရှိအဖြစ်နှင့် တော်ကောက်တော်မူ၍ "မနုစာရီ" ဟူသော ဘွဲ့တံဆိပ်ကို ချီးမြှင့်ပြီးသော် အိမ်ပြတင်း ရွှေချနှင့် သမီးတော်အဖြစ်ဖြင့် ထားရှိလေ၏။ ဆုလာဘ်များစွာနှင့် အခြံအရံများတို့ကိုလည်း ပြည့်ပြည့်စုံစုံနှင့် များစွာ ချီးမြှင့်ခြင်း ပြုလေ၏။

သက်သာပြည့်ရှင် ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးသည် ပညာရှိ လေးဦးနှင့် ၎င်းတို့၏ နောက်လိုက် အမတ်ငယ်အချို့တို့ သဘောမတူဘဲနှင့်ပင် စာရီကို မနုစာရီဟု ဘွဲ့တံဆိပ်ချီးမြှင့်ကာ ကြီးကျယ်ခမ်းနားစွာ ချီးမြှင့်မြှောက်စား၍ မကြာမြင့်မီ "မယားလုပြဿနာ" သည် ပေါ်ပေါက်လာ၏။

ဝတ္ထုသွားကား ဤသို့ ဖြစ်၏။





သက်သာပြည် အရှေ့မဇ္ဇုဂုံး၌ မုန့်သည်မကလေး "မယ်ညှာ" သည် ရှိ၏။ မယ်ညှာသည် အရုပ်အဆင်း လှပ၏။ စိတ်သဘောထား သိမ်မွေ့နူးညံ့၏။ အကျင့်စာရိတ္တလည်း ကောင်း၏။

တစ်နေ့သော နေ့လယ်တွင် မယ်ညှာသည် မုန့်လည်ရောင်းရာ အရှေ့မဇ္ဇုဂုံး နွားသူဌေးကြီးအိမ်၌ ခါတိုင်းကဲ့သို့ပင် ဝင်ရောက်လေ၏။

ထိုနေ့၌ကား သူဌေးကြီး၏အိမ်၌ သူဌေးကတော်နှင့် အခြွေအရံ သမီးတို့သည် အိမ်ရှေ့မိဖုရားထံ အပျော်အပါး စားသောက်ရန် သွားနေကြလေ၏။ ထို့ကြောင့် အိမ်တွင် သူဌေးကြီးတစ်ယောက်သာ ရှိ၍ အခိုင်းအစေ လုလင်တို့ကား နောက်ဖေးတွင် အသီးသီး အလုပ်လုပ်နေကြ၏။

ထို့ကြောင့် သူဌေးကြီးသည် ဥပါယ်တံမျဉ်နှင့် မုန့်သည်မကလေး မယ်ညှာကို အတွင်းသို့ခေါ်၍ နိုင်ထက်စီးနင်းပြုကာ ပေါင်းဖော်လိုက်ပြီးလျှင် ငွေတစ်ပိဿာ မုန့်ဗန်းထဲသို့ ထည့်လိုက်လေ၏။

မယ်ညှာလည်း ငို၍ ငြင်းပယ်ကာ နေ၏။ သူဌေးကြီးလည်း ငွေတစ်ပိဿာကို ဇွတ်အတင်း ထည့်လိုက်လေ၏။ ထိုသို့သောအခင်း၌ မယ်ညှာသည် မိမိ၏သိက္ခာကို မစောင့်စည်းသော မိန်းမရှုပ်ကလေး တစ်ယောက် ဖြစ်ခဲ့ချေသော် ဟစ်အော်မည်။ ဟစ်အော်၍ ငိုကျွေးကောင်း ငိုကျွေးမည်။ သို့တည်းမဟုတ် အရတော်သည်ဟု ကြိတ်မှိတ်၍ ငွေကို ယူသွားမည် ဖြစ်၏။

မယ်ညှာကား မိမိ၏ အသရေကို စောင့်ထိန်းရသဖြင့် စိတ်ကို အောင့်အည်း ချုပ်တည်းကာ နေရ၏။ ငွေကိုလည်း မယူမူ၍ ငြင်းပယ်နေ၏။ သို့သော် သူဌေးက ဇွတ်ထည့်သဖြင့် မုန့်တောင်းကို ယူပြန်သွားရာ၌ သူဌေး၏ငွေသည် မယ်ညှာ့ထံ ပါလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကား ငွေသည် နေရာတကာ၌ အရာရောက်နေသည်။ ငါသည် ဘုရင်မင်းမြတ်ထံ နှစ်စဉ် ငွေတော်များစွာ ထမ်းဆောင်သဖြင့် မင်းသုံးသော သူဌေးကြီး ဖြစ်ရလေသည်။ ငွေနှင့်သာချိုင် လူတစ်ယောက်ကို ပိုင်ရမည်ဟု အောက်မေ့သည်အတိုင်း နောက်တစ်နေ့တွင်လည်း သူဌေးကတော်နှင့် သမီး အခြွေအရံများတို့ကို ဥယျာဉ်ကစားရန် လွှတ်လိုက်ပြီးနောက် မယ်ညွှာကို မျှော်နေလေတော့၏။

မယ်ညွှာကား ထိုသူဌေးကို ရွံရှာကြောက်ရွံ့၍ပင် နောက်တစ်နေ့က စ၍ ထိုအရပ်သို့ပင် မုန့်ရောင်း မလာတော့ပေ။

သူဌေးကား မိမိ၏ လူယုံတော် လက်ပါးစေ လူတစ်ယောက်၊ လူရည်ကောင်း တစ်ယောက်ကို မယ်ညွှာ၏အိမ်ကို အရှာခိုင်းစေ၍ တွေ့ပြီးနောက် တစ်ညတွင် မယ်ညွှာ၏အိမ်သို့ သွားရောက်၏။ မယ်ညွှာမှာ မိခင် မုဆိုးမ သက်ကြီးနှင့် နေရရှာ၏။

မယ်ညွှာသည် သူဌေးကို လက်သင့်ခံစကား မပြော။ သို့သော် နှင်ပဲငဆ မပြောမဆို။ လုပ်ကိုင်စရာ ရှိသည်ကိုသာ လုပ်နေ၏။ သူဌေးကား မယ်ညွှာ၏ အမေအိုအား ငွေတစ်ပိဿာ ပေး၍ မယ်ညွှာသည် ပြန်ပေး၏။

ထိုကဲ့သို့ သုံးခေါက်လောက်ရှိသော် မယ်ညွှာ၏မိခင် သက်ကြီးရွယ်အိုသည် သူဌေး ထင်မြင်သည့်အတိုင်း ငွေ၏အနူးကြောင့် နူးလာပြီးလျှင် သူဌေး၏အလိုသို့ ပါရန် သမီးအား နားချဖန်များလေသော် မယ်ညွှာသည် သူဌေး၏ လိုဘအတွင်းသို့ ချင်းနင်းကာ ပါရလေ၏။

ထိုသို့နှင့် နေ့ရက်များလတ်သော် မယ်ညွှာ၌ ပဋိသန္ဓေ ရှိလာ၏။ ထိုအခါ မယ်ညွှာကို သူဌေး ကြောက်လာပြီ။ အဘယ်ကြောင့်ဆိုသော်





မိမိ၏ ဥစ္စာပစ္စည်း အမွေအနှစ်များကို မယ်ညွှာ၏ သားအား တန်ရာတန်ကြေးအလိုက် ခွဲပေးရမည်ကဲ့သို့ ဖြစ်၍ မယ်ညွှာ၌ ကိုယ်ဝန်နှစ်လရှိသော် သူဌေးသည် မယ်ညွှာထံသို့ မလာရဲမှုမက မိမိ၏ လူယုံတော်တစ်ယောက်အား မယ်ညွှာ့ထံ အသပြာငါးရာပေးရန် လွှတ်လိုက်လေ၏။ မိမိ၏ သားဖြစ်ကြောင်းကိုလည်း မပြောရ၊ ပြောသော် တရားဥပဒေအရ ရာဇဒဏ် သင့်စေမည်ဟုလည်း ခြိမ်းခြောက်ခဲ့လေ၏။

မယ်ညွှာကား ယုတ်မာလှချည်ကား၊ ငွေရှင်ကြေးရှင်မည်သည် လောက၌ ဆင်းရဲသော မိန်းကလေးများ၏ အလွန်ကြီးသော ရန်သူပါပေတကားဟု အောက်မေ့ကာ ငို၍သာ အချိန်များစွာ ဖြစ်စေ၏။

သက်သာပြည်၌လည်း သူခိုးကြီး "တောက်ထွန်း" သည် ရှိလေ၏။ သူခိုးကြီး ဆိုသော်လည်း အသက်အရွယ်မှာ အငယ်သာ ရှိသေး၏။ ၎င်းသည် နံ့သာနီတောအုပ်၌ ရသေ့ဖြူနှင့် တွေ့ရ၍ ရသေ့ဖြူ၏ တရားကို နာရသောကြောင့် သူခိုးအဖြစ်မှ ကျွတ်ပြီးလျှင် ရသေ့ရဟန်း ပြုလုပ်ရန် အားထုတ်၏။

'ရသေ့ဖြူကား သူခိုးတောက်ထွန်းကို မည်ကဲ့သို့ တရားပြသနည်း။ တစ်ညလုံးခိုး၊ တစ်နေ့လုံးခိုး၊ နေ့ရောညပါခိုး၊ ဒါမှ မင်းကို လူများက မိပြီး သတ်ပစ်မယ်။ လောကမှာ ဒါမှ မင်းအဖို့ ကောင်းသောအကျိုးကို ဖြစ်စေမယ်။ ဘာကြောင့်လဲဆိုရင် မင်း လူ့ပြည်မှာ တာရှည်နေရင် လောကကိုလည်း အမြဲပူလောင်စေမယ်၊ မင်းမှာလည်း မကောင်းများလို့ သံသရာမှာ အလွန်နှစ်မွန်းမယ်။ ဒါကြောင့် မင်းလိုလူစားဟာ လောကက မြန်မြန်ကြီး ဖယ်သွားမှ (ဝါ) သေသွားမှ လောကနှင့် မင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



အကျိုးကောင်းကောင်း ကြီးမယ်' ဟု ရသေ့ဖြူသည် သူ့ခိုးတောက်ထွန်းကို တရားဟောဖူး၏။

တောက်ထွန်းသည် တောသို့ဝင်၍ ရသေ့ရဟန်း ပြုလုပ်လိုသော်လည်း သူ၏ ဥစ္စာပစ္စည်းတို့ကို မည်သည့် အမွေစား အမွေခံအားမျှ ပေးမထားခဲ့ရဘဲ ပစ်မထားခဲ့နိုင်ချေ။ ၎င်း ရှာဖွေ စုဆောင်းထားသော ပစ္စည်းတို့သည် မြေကြီးသြဇာမျှသာ အဖြစ်မခံလိုချေ။

တောက်ထွန်းသည် ထိုသို့သော သဘောကြောင့် သူ၏ အမွေစား အမွေခံ အလို့ငှာ သားသမီးကို လို၏။ သားသမီးကို လိုသောကြောင့် မိန်းမယူကာ အိမ်ထောင်ပြုရမည် ဖြစ်၏။ အိမ်ထောင်နှင့် နေဖို့ရန်ကိုကား တောက်ထွန်းသည် များစွာ ဝန်မလေးလှသော်လည်း မိန်းမနှင့် ပေါင်းသင်း ပျော်မွေ့ရန်ကိုကား အလွန်စက်ဆုပ်၏။ ထို့ကြောင့် သူ တစ်ပါး စွန့်ပစ်ထားသော ကိုယ်ဝန်နှင့် မိန်းမကို လိုက်၍ ရှာနေ၏။

တောက်ထွန်းသည် ထိုသို့သော သဘောကြောင့် မယ်ညွှာကိုတွေ့ရာ ဤသို့ စဉ်းစားမိ၏။ "မယ်ညွှာ၌ရသော ကိုယ်ဝန်သည် သူဌေး ဦးချစ်စရာနှင့် ရသော ကိုယ်ဝန်ဖြစ်၍ မျိုးစေ့ကောင်း ဖြစ်ရာ၏။ မယ်ညွှာသည် ကျင့်ဝတ်သိက္ခာကောင်းနှင့် ပြည့်စုံသော မိန်းကလေးဖြစ်၍ မြေကောင်း ဖြစ်၏။ ထို့ကြောင့် မယ်ညွှာမှ သားကောင်းသော် လည်းကောင်း၊ သမီးကောင်းသော် လည်းကောင်း ဖွားမြင်ရာ၏။ ငါ ရှာဖွေစုဆောင်းထားသော ပစ္စည်းတို့သည် မယ်ညွှာ၏သားနှင့် ထိုက်တန်ရာပေတည်း"

ထိုသို့သော သဘောကြောင့် တောက်ထွန်းသည် မယ်ညွှာထံ ဝင်ရောက်၍ မိမိနှင့် အိမ်ထောင်ပြုကာ နေထိုင်ရန် အခွင့်တောင်း၏။ မယ်ညွှာကား ငြင်းပယ်၏။ အဘယ်ကြောင့်ဆိုသော် "ယောကျ်ားသည် အလွန်





ယုတ်မာ ညစ်ညမ်း၏။ မိန်းမတို့၌ ယောကျ်ားတို့သည် အလွန်စက်ဆုပ်စရာ ကောင်းသည်တို့ကို နှစ်လိုတမ်းတ ခုံမင်၏။ ၎င်းကို အားရနှစ်သက်ပြည့်စုံပြီးသော် လည်းကောင်း၊ ကိုယ်ဝန်ရှိလာ၍ သုံးမဖြစ်သော် လည်းကောင်း စွန့်ပစ်တတ်၏။ လောက၌ မိန်းမတို့၌ အလွန် ကြောက်မက်ဖွယ်ကောင်းသော ရန်သူသည် ယောကျ်ားသာပါတကား" ထိုကဲ့သို့ မယ်ညွှာသည် တွေးဆကာ ရှိဘိ၏။

တောက်ထွန်းကား မယ်ညွှာကို နားလည်စိမ့်သောငှာ ဤသို့ အကြောင်းကို ပြောပြ၏။

'ငါသည် တောတစ်ခု၌ ညိုသော တောအုပ်အတွင်းမှ သန့်ရှင်းသော လေ၏အရသာကို ခုံမင်နေစဉ် ထိုလေလှိုင်းကလေးနှင့် အတူ သာယာသော ပလွေသံကို ကြားရ၏။ ထိုပလွေသံသည် တိတ်ဆိတ်ငြိမ်သက်သော တောအရေး၏ ခြယ်လှယ် အားပေးမှုကြောင့် အလွန့်အလွန် သာယာပြီးသော် ငါ၏ နှလုံးအိမ်ကို ရိုက်ခတ်လေတော့၏။

'ငါသည် ထိုပလွေသံရှိရာသို့ လိုက်သွား၏။ ထိုပလွေသံရှင်ကား မနိမ့်မမြင့်သော ကျည်းပင်၏ခွကြား၌ တင်ပါးလွဲထိုင်ကာ သီချင်းကို သာ၍၊ ပလွေသံကို သာ၍ ဂါထာသဖွယ် သီ၍နေသည့် ရက္ခစိုး နတ်သမီးကလေးအသွင် ကဲ့သို့သော စာရီမည်သော နွားတို့ကို ထိန်းကျောင်းနေသော သတို့သမီးကို တွေ့ရ၏'

'နေပါဦးရှင်၊ ရက္ခစိုး နတ်သမီးကို ရှင် မြင်ဖူးသလား'

'အေး… ငါ မြင်ဖူးတယ်'

'ဟာ ဟ လို့ ကျွန်မ ရယ်ချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'မယ်ညာ၊ မင်း ငါ့ကို မုသားဆိုတယ်။ ငါဟာ ရယ်စရာကောင်းဟု မင်း ထင်တယ်။ ငါ ပြောပြမယ် နားထောင်'

'ပြောစမ်းပါဦးရှင်၊ ပါးစပ်ဆိုတာ စပ်ချင်သလို စပ်တာမျိုးပဲ။ ယောကျ်ားပါးစပ်၊ ပလတ်တတ်တတ်တဲ့ ရှင့်'

'နားထောင်ပါဦးလေ'

'ပြောစမ်းပါရှင်'

'ငါဟာ သူကြွယ်တစ်ယောက်ရဲ့ အိမ်မှ ရွှေငွေ ဘဏ္ဍာပစ္စည်းများကို ခိုးယူတော့ သူကြွယ့်လူများနှင့် မင်းလုလင်များဟာ လိုက်လာကြတယ်'

'အလို... ရှင်ဟာ သူခိုးကြီးပေါ့၊ ကြောက်စရာပါလား။ တန်ပါရှင်၊ ပြန်ပါတော့'

'မညာ... နေပါဦး၊ နားထောင်ပါဦး။ သူခိုးဆိုတာနှင့် ကြောက်ရသလား။ လောကမှာ သူခိုးချည်းပဲ။ အိမ်ထောင့်ရှင် ငွေရှာသမားဆိုတာ သူခိုးချည်းပဲ များတယ်'

'အလို... ရှင် ဘယ့်နှယ် သူများကို ကိုယ်မကောင်းမှု လုပ်ရာမှာ ဆွဲထည့်သလဲ၊ လွှတ်တော်ညီလာခံက အမတ်တွေလိုပဲကိုး'

'သည်လို၊ တိုင်းပြည် နိုင်ငံတစ်ခုမှာ တိုင်းပြည်လူမျိုးအတွက် အလုပ်လုပ်ပြီး သူ့ဖို့ ငါ့ဖို့ မျှတကာ ငွေမရှာသောသူ ဟူသမျှဟာ သူခိုး၊ ဓားပြ၊ အနုကြမ်းချည်းပဲ။ တစ်ကြောင်းမှာလည်း တိုင်းပြည်တစ်ပြည်၌ ပစ္စည်းဥစ္စာဆိုတာ ထိုတိုင်းပြည်ရဲ့ ဘုံဆိုင်တဲ့'

မယ်ညာက စဉ်းစားနေ၏။ တွေနေ၏။ 'ကျွန်မတို့ မိန်းမများဟာလည်း ဥစ္စာတစ်ခုလို ဖြစ်နေလို့ ကျွန်မတို့ မိန်းမများကို ဘုံဆိုင်လို့





တော် ဆိုသလား၊ တော် ထင်သလား၊ တော် ဒါကြောင့် လာသလား၊ တော် ပြန်တော့ရှင်' ဟုလည်း လွှတ်ကနင်း ဆိုလိုက်တော့၏။

'ဘယ့်နှယ် မညာ၊ တော်တော့ကို နှုတ်သွက်ပါကလား၊ လူတစ်ယောက်ရဲ့ စကားကို အစအဆုံး နားထောင်ပြီးမှ ဝေဖန်ပါ၊ ကြားက ဖြတ်ထိုး ထိုးနေရင် လိုရင်းဟာ သိပ်ရောက်ခဲတယ်။ လူနှင့် ဝတ္ထုပစ္စည်းဆိုတာဟာ ခြားနားတယ်၊ လူဆိုတာ အသက်ခေါ်နေတဲ့ ဝိညာဉ်ရှိတဲ့ အထဲမှာ စဉ်းစားဆင်ခြင် ဝေဖန်နိုင်လို့ လောကပညတ်မှာ ပရမတ်သဘောတင်ဆတော့ မိမိအတွက် အရေးအရာဟာ မိမိသာ ဖြစ်နေတာနှင့် ဝတ္ထုပစ္စည်းတို့နှင့် မတူဘဲ လူဟာ ဘုံဆိုင်မဟုတ်ဘူးဗျ။ ကိုယ့်ဟာကိုယ်သာ ဆိုင်တယ်'

'ကိုင်း... ပြောပါဦးရှင်'

'စကားကို ဘယ်ရောက်သွားမှန်း မသိဘူး'

'ကိုင်း... ပြောစမ်းပါဦးရှင်'

'အဲသည် ပစ္စည်းတွေကို ယုတ်ညံ့တဲ့ လူတွေက တစ်နည်းနည်းနှင့်တော့ ရအောင် ရှာတာပဲ။ ရှာပြီး သောက်စား၊ မူးယစ်၊ ကစား၊ အပျော်အပါးများကာ ဖြုန်းတီးပစ်လို့ အချို့မှာ ကြွေးတင်တယ်။ အဲဒါကို လောကက လူမိုက်ထဲ ထည့်တယ်။ တချို့က မိမိ ရှာရတဲ့ ပစ္စည်းတွေကို မိမိလည်း သုံးမကုန်။ သူတစ်ပါးထံလည်း ပျံ့နှံ့အောင် မလုပ်၊ မြှုပ်ထား၊ အဲသည်လို လူကို လူစဉ်းလဲ၊ လူ့အသူရကာယ်တဲ့။ တချို့ကတော့ ပစ္စည်းကို ရအောင် ရှာတယ်၊ သုံးတန်သမျှ သုံးတယ်၊ စုဆောင်းထားတန်သမျှကို အရေးရှိက ရအောင် စုဆောင်းထားတယ်။ ပေးကမ်း စွန့်ကြဲခြင်း ပြု



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မရှိဆင်းရဲတဲ့ ထိုက်တန်သူများအား အရင်းအနှီး မ စတယ်။ တိုင်းပြည်မှာ အမွဲအငတ် ပြဿနာ မရှိရအောင် ဖြေပေးနေတယ်'

'ဟုတ်ကဲ့'

'အဲသည်တော့ ကျုပ်ဟာ လူ့အသုံးရကာယ်တွေထံက ပစ္စည်းတွေကို ရအောင် ခိုးတယ်၊ တစ်နည်းနည်းနှင့် ရအောင် ယူတယ်။ ထောက်ပံ့သင့်သူများကိုလည်း ထောက်ပံ့တယ်၊ စုဆောင်းထားသင့်သမျှကိုလည်း လူကောင်း တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက် စသည်ဖြင့်ပေါ့ကွယ်၊ သူတို့အတွက် စုဆောင်းထားတယ်'

'ဟုတ်ကဲ့'

'ဒါနှင့် ခိုးလာတဲ့အခါ နောက်ကလည်း ဖမ်းဖို့၊ နေ့ကြောင်တောင် ဆိုတော့ ဖမ်းဖို့ လိုက်လာကြတယ်။ ကျုပ်ကလည်း တောအုပ်ထဲဝင်ပြီး သစ်ပင်ရင်းမှာ ထိုင်ကာ ဂါထာကို ရွတ်နေတယ်'

'ဘယ်လိုဂါထာလဲ ရှင်'

'ငါ့အလုပ်ဟာ ငါ့အတွက် မဟုတ်၊ တိုင်းပြည်အတွက်။ မရှိဆင်းရဲသူများအတွက် ငါလည်း တာဝန်ရှိတယ်'

'ရှင့်ဂါထာက ဥုံလည်း မပါ၊ ဩောင်းလည်း မပါ'

'အေးလေ… ဂါထာဆိုတာ ကိုယ့်အကျင့်၊ ကိုယ့်သီလ အမှန်ကို ယုံကြည်ပြီး ကျူးရင့်တာပဲ။ အဲသည်လိုနေတုန်း ဖြုတ်ဆို စည်းပုံဆောင်းကာ တောက်ပြောင်တဲ့ အဝတ်အစားနှင့် မိန်းကလေးတစ်ယောက်ဟာ ရောက်လာတယ်။ သူ့ကို ကျုပ်ဟာ ကျုပ်နှင့်ရွယ်တူ ထင်လို့ သူ့မှာ အဖော်မပါတာနှင့် သူ့ကို ပြုံးစိစိနှင့် နေပေမင့် စကားမပြောဘူး။ တစ်ခွန်းကိုမျှ မပြောဘူး။ ဒါနှင့် သည်မိန်းကလေးဟာ သူ့အဝတ်များ





ကို တုံးလုံးနေအောင် ချွတ်ပစ်လိုက်တယ်။ ကျုပ်ဟာ သူခိုးပဲ။ မှူးကြီးမတ်ရာ၊ သေနာပတိ၊ မင်းမှုထမ်း၊ သူဌေးသူကြွယ်၊ ကုန်သည်မှ မဟုတ်ဘဲ။ ဘာရမလဲ၊ ကျုပ် တည်တည် နေတာပေါ့'

'မလှလို့ ထင်ပါရဲ့'

'ဟာ… ဘယ်မလှဘဲ နေမလဲ၊ သိပ်လှပေါ့။ မင်းလောက်နီးပါးကို လှတယ်'

'ကိုတောက်ထွန်း၊ ရှင် ပြန်… ပြန်'

'နေဦး၊ ဒါနှင့် သည်မိန်းကလေးဟာ ဖြုတ်ဆို ပျောက်သွားတယ်။ ဟောဗျား။ လူတွေ၊ တုတ်တွေ၊ ဓားတွေ၊ လှံတွေနှင့် လိုက်လာကြတယ်။ ကျုပ်အနားကို ဖြတ်သွားကြတယ်။ သူတို့ ကျုပ်ကို တစ်ယောက်မျှ မမြင်၊ ကျုပ်ကသာ သူတို့ကို မြင်တယ်။ အဲသည်တော့ ကျုပ်သီလကို ကျုပ် သိပ်အားကိုးတာပေါ့။ ဘာသီလလဲ ဆိုတော့ ကာမဂုဏ်တို့၌ မှားသော အကျင့်ကို မကျင့်ဘဲနေတဲ့ သီလ။ သည်လူများ ပြန်သွားကြတော့ အင်း… ငါ့ထံ ခုတင် လာရောက်တဲ့ မိန်းကလေးဟာ နတ်သမီးပဲ၊ သိပ်ကို ချောတာပါကလား၊ မင်းလောက်နီးပါး ချောတယ် လို့'

'တော်… တော့်စကားဟာ ညှိတယ်'

'အဲသည်တော့ ကျုပ် နတ်သမီးကို မြင်ဖူးတာပေါ့။ စာရီ အရှင်မဟာ နတ်သမီးလောက်ပင် ချောတယ်။ သူ့သီချင်း ဂါထာက ဘာကို ဆိုသလဲ ဆိုတော့ အသံကလေး သာယာသလောက် အဖိုးတန်တယ်'

'ပြောစမ်းပါဦးရှင်'

'နိုင်ငံတော် ကောင်းစားရရန်အတွက် လူလိုလှပါသည်။ ဘယ်လိုလူလဲ၊ သည်လိုလူလည်း လိုပါသည်။ ပစ္စည်းဥစ္စာကို တိုင်းပြည်လူမျိုး



www.burmeseclassic.com

www.burmeseclassic.com



အတွက် လုပ်မည့် လူတစ်ယောက်အဖို့ ရှာဖွေ စုဆောင်းထားခဲ့နိုင်သည့် သူ ဖြစ်တော့သည်။ ဟယ်... လောက၊ သင် လောကမှာ သည်လိုလူ ရှိပါရဲ့လား'

မယ်ညွှာသည် နားထောင်နေ၏။

'သည်ကတည်းက ငါ့မှာရှိတဲ့ ပစ္စည်းများကို ဘယ်လိုလူအား ငါ ပေးခဲ့ရပါမလဲလို့ ရှာဖွေနေတော့ မယ်ညွှာကိုပဲ ငါ တွေ့တယ်'

'ဟင်...'

'နေပါဦး မယ်ညွှာ၊ မယ်ညွှာသည် ကျင့်ဝတ်သိက္ခာကောင်းနှင့် ပြည့်စုံသော မိန်းကလေးဖြစ်၍ တိုင်းပြည်၏ အသီးအနှံဖြစ်သည့် လူ ကောင်း ကလေးများအတွက် မြေကောင်း။ သူဌေးသည် သာမန်သော လူတို့အထဲတွင် ပြုပြင်၍ရနိုင်သည့် မျိုးစေ့ကောင်း အရှင်။ ထို့ကြောင့် သင့်ထံမှာ သန္ဓေတည်စွဲနေသော သူသည် ပြုပြင်၍ရမည့် လူကောင်း ဖြစ်ရမည်ဟု ငါ ထင်သည်။ ယခု ကပ္ပဲ၌ သင့်အား သူဌေးသည် သူ့ဂုဏ်ကို ထိခိုက်မည်ကြောင့် သင့်ကို ပန်းမှိုက်ကလေး သဘောနှင့် စွန့်ပစ်လိုက်ပြီ။ မယ်ညွှာသည် လောကအလယ်တွင် အသရေညှိုးနွမ်း၍ အရှက်တကွဲ ဖြစ်ရမည်။ ဖြစ်ရသော် သားသန္ဓေကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ပါ့မလား။

'အဲသည်တော့ ထိုသို့ မယ်ညွှာနှင့် ကလေး၏အတွက် ငါ့တာဝန်။ ထိုမှ စာရီသခင်မ၏ ဂါထာ သီချင်းအရ ငါသည် တိုင်းပြည်အတွက် လူထဲတွင် ပါဝင်နိုင်မည်ဟု ထင်သည်။ ထို့ကြောင့် သင့်ထံ ငါ ချဉ်းကပ်မိသည်။ ငါသည် ကာမဂုဏ်ကို လိုက်စား၍ သင့်ထံ၌ အတွေ့ဟုဆိုသော ရသာကောင်းအတွက် သင့်ကာမကို လို၍ မဟုတ်။ သင်နှင့်ငါ အကြင်





လင်မယား ပီသစွာ ရပ်ကွက်လူကြီးများရှေ့တွင် လက်ထပ်ပြီးသော်လည်း သင့်အလိုသို့ ငါမပါရလျှင် သင့်အပေါ်၌ ညှိုသော မျက်စိနှင့် စိတ်ကို မထား။ သင့်ကိုယ်ကိုလည်း ငါသည် လက်ဖျားနှင့်မျှ ထိုစိတ်အားဖြင့် မထိခိုက်ရအောင် ငါ စောင့်ထိန်းမည်။ ငါ မစောင့်ထိန်းခဲ့ချေသော် ငါသည် တိရစ္ဆာန်ထက်ပင် ယုတ်မာညစ်ညမ်း သော့သွမ်းသည်ဟုပင် ထင်သည်။ ထို့ကြောင့် မယ်ညွှာ၊ သင့်အသရေကို စောင့်ထိန်း၍ သင့်သန္ဓေကို မြင့်မြတ်ကောင်းမွန်စေရန် ငါတောင်းပန်သည်ကို မယ်ညွှာ လိုက်လျောကာ ခွင့်ပြုပါ'

ထိုသို့နှင့်ပင် တောက်ထွန်းနှင့် မယ်ညွှာသည် အတိအလင်း မယ်ညွှာ့မိခင်၏ သဘောတူညီချက်နှင့်အညီ ရပ်ကွက်လူကြီးများရှေ့တွင် အတင့်အတယ် ထိမ်းမြားလက်ထပ်ကာ ခမ်းခမ်းနားနားနှင့် နေထိုင်ကြလေ၏။

မယ်ညွှာကား နေ့လစေ့သော် ဖအေတူ ရွှေရည်ရွှေသွေးသဖွယ် သားယောကျ်ားကလေး တစ်ယောက်ကို ဖွားမြင်လေ၏။ ထိုသားကလေးသည် ခါလည်ခွဲရှိသော် ချစ်စဖွယ်နှင့် တင့်တင့်တယ်တယ် ရှိနေလေ၏။

သူဌေးကြီး ဦးချစ်စရာကား မယ်ညွှာ၏ သတင်းကို အထောက်နှင့်ထား၍ ကောင်းစွာ သိရ၏။ ယခု မယ်ညွှာမှာ သားကလေးတစ်ယောက်နှင့် ရှိနေသဖြင့် ထိုသားကို လို၏။ သူဌေးကြီး ဦးချစ်စရာမှာ အိမ်ထောင်ပြု နေထိုင်လာရာ သားတစ်ယောက်မျှ မပါ။ သမီးငါးယောက်သာ ရရှိ၏။ ထို့ကြောင့် မယ်ညွှာ့ထံ၌ သားကို တောင်းသော် ရမည် မဟုတ်။ မယ်ညွှာကို သိမ်းပိုက်မှ သားကိုရမည် ဖြစ်ခြင်းကြောင့် တောက်ထွန်းကို အမြှောင် ကပ်ပါးအဖြစ် ပြုလုပ်ပြီးသော် မယ်ညွှာကို ရလိုကြောင်းနှင့် မြို့စိုးရုံးတွင် တရားပြု၏။



www.burmeseclassic.com

www.burmeseclassic.com



မြို့စိုးရုံး၌ တရားလို၊ တရားခံ မယ်ညှာတို့ကို စစ်ဆေးရာ တရားလိုမှာ နန်းတော်ပေါက် သူဌေးဖြစ်ရာတွင် တံစိုးကို များစွာ ပေးနိုင်သောကြောင့် ဤသို့သော စီရင်ချက်ကို ပြု၏။

"သူဌေးကြီး ဦးချစ်စရာ၏ မယ်ညှာကို ရလိုသော အမှု၌ အသီးသီး အသက အသက စစ်ဆေးရာ သူဌေးကြီးနှင့် မယ်ညှာသည် ရကြောင်း ထင်ရှားသည်။ သူဌေးကြီးသည် ထိုစဉ်အခါက ကြေးငွေ ထောက်ပံ့ကြောင်း ထင်ရှားသည်။ မယ်ညှာကလည်း ဝန်ခံသည်။ သူဌေးကြီးနှင့် မယ်ညှာသည် ပေါင်းသင်းနေ၍ ယခု မယ်ညှာ မွေးသောသားသည် သူဌေးကြီး၏ သားဖြစ်ကြောင်းကို မယ်ညှာကိုယ်တိုင်က ဝန်ခံသည်။ တောက်ထွန်းသည် လူသိရှင်ကြား မယ်ညှာနှင့် ပုဆိုးတန်းတင်ပြု၍ လက်ထပ်နေထိုင်သော်လည်း မယ်ညှာ၏ အပေါ်၌ ယနေ့ထိ အိမ်ထောင်ယောကျ်ားတို့၏ ကာမဂုဏ် အရသာကို ယူခြင်း မရှိဟု မယ်ညှာနှင့်တကွ တောက်ထွန်းကပင် ထွက်ဆိုချေသည်။

ထို့ကြောင့် တောက်ထွန်းနှင့် မယ်ညှာသည် အကြင် လင်မယားသဘော မရောက်ချေရကား မယ်ညှာကို သူဌေးကြီးသည် သူ၏မယား ပီသစွာ သိမ်းယူစေ။ တောက်ထွန်းအား စောင့်ရှောက်ထိန်းသိမ်းခ သူဌေးကြီးက အသပြာတစ်ထောင် ပေးစေ"

ထိုစီရင်ချက်ကို သဘောမကျ၍ တောက်ထွန်းသည် အယူခံရှိသေးသည်ဟု မယ်ညှာကို သူဌေးကြီးသို့ မအပ်သေးဘဲ လွှတ်တော်တရားဌာန၌ အယူခံဝင်ရာ လွှတ်တော် တရားသူကြီးများကလည်း ဦးချစ်စရာ၏ မျက်နှာကြောင့် "အောက်ရုံးမင်းအတိုင်း တည်စေ" ဟု အမိန့်ချ၏။





တောက်ထွန်းလည်း မကျေမနပ်ဘဲ ဘုရင်အမှုးရှိသော ပညာရှိလေးဦး အဖွဲ့သို့ အယူခံဝင်လေ၏။ ဦးချစ်စရာကား မင်းက မြှောက်စားထားသော သူဌေးကြီးဖြစ်၍ ပညာရှိလေးဦးကို ဖိတ်ပြီးသော် ဥယျာဉ်သဘင် ဆင်ယင်ကာ တည်ကျွေးဧည့်ခံ ပြုစုလေ၏။

ထို့နောက် တရားကို စီရင်သောအခါ ပညာရှိလေးဦး၏ သဘောတူညီချက်အရ ဤသို့ စီရင်ဆုံးဖြတ်လေ၏။

"သူဌေးကြီး ဦးချစ်စရာနှင့် မယ်ညှာတို့ ရကြသည်ကား သားတစ်ယောက်ပင် ရသည် မှန်သော်လည်း မယ်ညှာ၏ မိခင်က သဘောတူ၊ လူများ စုံညီရှေ့တွင် ထိမ်းမြားလက်ထပ်ခြင်း မရှိသောကြောင့် အကြင် လင်မယားအရာ မမြောက်ချေ။ တောက်ထွန်းသည်ကား ထိမ်းမြားလက်ထပ်ခြင်း မယ်ညှာနှင့် မြောက်စေကာမူ ယနေ့ထိ အကြင်လင်မယားတို့၏ သဘာဝသို့ မရောက်သေးသဖြင့် လင်မယားဟု မဆိုထိုက်သေးပေ။ သို့သော် ထိမ်းမြားလက်ထပ်သည် ဆိုသော ဥပဒေကို လိုက်လျောရမည်။ ထို့ကြောင့် သူဌေးကြီးသည် မယ်ညှာ့ထံမှ သူ၏သားကို ရပိုင်စေ။ မယ်ညှာသည် သားကို မခွဲနိုင်သော် သူဌေးကြီး၏ နောက်သို့ လိုက်စေ။ တောက်ထွန်းအဖို့ကား အောက်ရုံး စီရင်ချက်အတိုင်း သူဌေးကြီး ဦးချစ်စရာထံမှ အသပြာတစ်ထောင် ယူစေ"

တောက်ထွန်းကား ထိုစီရင်ဆုံးဖြတ်ချက်ကို မခံမရပ်နိုင်၍ မနုစာရီထံသို့ လျှောက်ထားလေ၏။ မနုစာရီကား အသီးသီး စီရင်ချက်တို့ကို တောင်းယူရန် ရှိသေးသောကြောင့် ခုနစ်ရက်ခွာကာ ချိန်းဆို သတ်မှတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုတရားကို တရားလွှတ်တော်ကြီး၌ စီရင်ရန်ဖြစ်၍ သတ်မှတ်သော အချိန်သို့ ရောက်သောအခါ ဘုရင်မင်းမြတ်နှင့် မိဖုရားမြတ်သည်လည်း ခြသေ့ံခံသော ပလ္လင်ပေါ်၌ အသင့် ရှိနေလေ၏။ သက်ဆိုင်ရာ လွှတ်တော်တရားသူကြီးများ၊ ဝန်ကြီးများ၊ ပညာရှိကြီးများ၊ လွှတ်တော် စာရေးများလည်း သက်ဆိုင်ရာ နေရာတို့၌ အသင့် ရှိနေကြ၏။

မနုစာရီ စီရင်ရန် တရားပလ္လင်ကား ဟင်္သာရုပ်ခံလျက် အသင့် စီစဉ်ထားရလေ၏။

အချိန်သို့ရောက်သော် ကျိုင်းကိုင် နှစ်ယောက်သည် ရှေ့တော်ပြေးအဖြစ်နှင့် လာ၍ နောက်မှ မနုစာရီသည် ဟင်္သာခေါင်း တပ်ထားသည့် အထွတ်ရှိ စည်းပုံကို ဆောင်းထား၏။ ဝါသောဝတ်လုံကို ဖြူသော ပိုးခါးရန်းကြိုးဖြင့် စည်းလျက် လက်တွင် ပုရပိုက်ငယ်ကို ကိုင်ဆောင်ကာ လာ၏။

လူထု ပရိသတ်ကြီးကား အုံ့ခမန်းလိလိ နားထောင်ရန် ရောက်ရှိနေကြ၏။

မနုစာရီသည် တရားလွှတ်တော် ခန်းမကြီးသို့ ရောက်လတ်သော် ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးများကို ဦးတိုက်ပြီးနောက် သက်ကြီးရွယ်ရင့်ဖြစ်သော ပညာရှိ အမတ်ကြီးများ၊ လွှတ်တော် တရားသူကြီး၊ ဝန်ကြီးများတို့ကို ဦးတိုက်ပြီးနောက် မိမိအတွက် သီးသန့်ထားသော တရားပလ္လင်သို့ တက်လေ၏။ နောက်ပါးမှ အဆောင်ကိုင် အပျိုတော် နှစ်ယောက်သည် ခစားကာ ရှိနေရ၏။

'စီရင်ပြီ'

'စာရေးတော်ကြီး ရေးမှတ်တော်မူပါ'





'ရုံးတော် အသီးသီး၌ ထွက်ဆိုသော တရားလိုနှင့် တရားခံများတို့၏ ထွက်ဆိုချက်နှင့် စီရင်ချက်ကို ဖတ်ကြည့်ရာ သူဌေးကြီး ဦးချစ်စရာသည် ဆင်းရဲသူမကလေး မယ်ညှာနှင့် အိမ်ထောင်သူတို့၏ သဘောအတိုင်း ထမြောက်ကြသည်ဟု ဆိုသည်။

'မှန်သလား သူဌေးမင်း'

'မှန်ပါသည်'

'ဤကား အကြင်အိမ်ထောင်သား ဇနီးခင်ပွန်းတို့၏ သဘောမဟုတ်။ ဦးချစ်စရာသည် မယ်ညှာ၏ အုပ်ထိန်းသူမိခင် သဘောမတူဘဲနှင့် လည်းကောင်း၊ မယ်ညှာ မုန့်သည်မကလေး သဘောမတူဘဲနှင့် လည်းကောင်း လူသိရှင်ကြား မဖြစ်ရအောင် တိတ်တိတ်ပုန်း ကာမကို ရယူသောကြောင့် မုဒိန်းမှုကို ပြုကျင့်ကျူးလွန်ရာ ရောက်ချေသည်။ ထို့နောက်မှ ဦးချစ်စရာသည် သူ့အမှုကို သူစီရင်သည့် သဘောနှင့် မယ်ညှာအား အသပြာတစ်ရာကို ထည့်ပေးလိုက်ခြင်းမျှသာ ဖြစ်ချေသည်။ ထို့ကြောင့် ထိုသဘောသည် လင်မယား မမြောက်ချေ။

'ထိုသဘောသည် အားကြီးသူ ယောကျ်ားများက အားနည်းသူ အမျိုးသမီးများအား လည်းကောင်း၊ ငွေရှိသူများက ဆင်းရဲသူ အမျိုးသမီးများအား လည်းကောင်း နိုင့်ထက်စီးနင်း ပြုမူရာ ရောက်ချေသည်ပြင် နိုင်ငံတော်ကို ပျက်စီးအောင် ပြုလုပ်ရာ ရောက်ခြင်းတို့ကြောင့် နောင်ကို ထိုသို့ပြုမူသော ယောကျ်ားတို့အား မုဒိမ်းမှု ကျူးလွန်ရာရောက်သည်ဟု ယူဆပြီးလျှင် အခြား အမျိုးသမီးများအား အသပြာ သုံးရာထက်မနည်း လျော်ကြေးပေးစေရမည် အပြင် မင်းဒဏ်ကိုလည်း ထိုအမျိုးသမီး ကျေနပ်အောင် ပေးရမည်'



www.burmeseclassic.com

www.burmeseclassic.com



သောင်းသောင်းအုတ်အော် ဩဘာပေးကြလေ၏။

‘တို့သခင်မ… မနုစာရီ’ ဟု ကောင်းချီးပြုကြလေ၏။

‘နိုင်ငံတော် ဓမ္မသတ်တွင် ထည့်သွင်းသင့်ပါသည်’

‘ဟဲ့ နားခံတော်၊ မှတ်ထား…’

‘သူဌေးကြီး ဦးချစ်စရာသည် တစ်ဖန် မယ်ညွှာ၏ အိမ်သို့ တိတ်တဆိတ်လိုက်၍ မယ်ညွှာ၏မိခင် သဘောဆန္ဒ တူညီချက်ကို ယူပြီးလျှင် ငွေပေးကာ၊ သို့မဟုတ် ငွေထောက်ပံ့ကာ မယ်ညွှာနှင့် ပေါင်းသင်း ဆက်ဆံသဖြင့် မယ်ညွှာမှာ ကလေးကိုယ်ဝန် ရှိလာသည်။ ဤသည်လျှင် လင်မယားအရာ မြောက်သလော။ အကယ်၍ တင့်တင့်တယ်တယ် လင်မယားဟု ဖြစ်စေလိုသော် အရပ်ကို အသိပေးလျက် ထင်ရှားအောင် အဘယ်ကြောင့် မပြုမလုပ်ပါသနည်း။ သူဌေးဦးချစ်စရာသည် မိခင်ကို အထိန်းအသိမ်း သဘောထားလျက် မယ်ညွှာကို ကိုယ်ပိုင် ဗိုင်းတာမ အနေနှင့်ထားကာ ငွေပေးပြီးသော် ပျော်ပါးရာမျှသာ ဖြစ်ချေသည်။ လင်မယားဟူ၍ မဖြစ်ထိုက်။ မယ်ညွှာက ထိုသူနှင့် သင့်သဖြင့် မီးနေရခြင်း၊ မီးဖွားရခြင်းတို့ကြောင့် ဦးချစ်စရာထံ၌ မီးနေစရိတ်၊ မီးဖွားစရိတ်၊ ကလေးစရိတ် တောင်းခံသော်ကား ဦးချစ်စရာ၏ အရည်အချင်းဂုဏ်ကို ကြည့်ပြီးလျှင် သက်ဆိုင်ရာက ဆုံးဖြတ်ပေးလျော်စေရမည်။

‘ထိုသဘောကြောင့် ဦးချစ်စရာနှင့် မယ်ညွှာကို လင်မယား ဟူ၍ မယူဆထိုက်။

‘မယ်ညွှာမှာ ကလေးရှိသောအခါ ဦးချစ်စရာသည် မယ်ညွှာအား အသပြာပေး၍ ဖြတ်ထားလိုက်သည်ပြင် ၎င်း၏ကလေးဟု ပြောဆိုပါက ရာဇဒဏ် သင့်စေမည်ဟုပင် ခြိမ်းခြောက်ထားခြင်းကို မယ်ညွှာက





ထွက်ဆိုသည်။ ၎င်းကို ဦးချစ်စရာက သူ့ကိုယ်တိုင် မပြောရပါဟု ငြင်းဆိုသည်။ ပြောသူကို မေးစရာကျန်သည်ဟု ယူဆသင့်သော်လည်း ပြောသူသည် ဦးချစ်စရာ အစေအပါး ကျေးဇူးခံ လူမျှသာဖြစ်၍ သူထွက်ချင်သလို ထွက်ဆိုပေမည်။ ကျမ်းကျိန်ဆို၍ ထွက်ဆိုရသည် ဆိုတဲ့စေကာမူ သစ္စာမတည်၍ ဟီရိဩတပ္ပကင်းသော သူ၌ ကျမ်းသည် အပို ဖြစ်ချေသည်။ ၎င်း၏ ထင်ရှားသော သာဓကမှာ ထိုအချိန်အခါမှစ၍ ဦးချစ်စရာသည် တစ်ခေါက်မျှ မလာမရောက်သောကြောင့် မယ်ညွှာသည် ဦးချစ်စရာ၏ အပြောင်မယား၊ အပျော်မယားမျှသာ မဟုတ်ဘဲ ကိုယ်ပိုင် ဗိုင်းတာမသဘော သက်သက်မျှသာ ဖြစ်နေချေ၍ ၎င်းတို့သည် အကြင်လင်မယား မဟုတ်တော့ချေ။

‘မောင်တောက်ထွန်းနှင့် စဉ်းစားကြစို့။ မောင်တောက်ထွန်းသည် ကလေးလို၍ မယ်ညွှာနှင့် အိမ်ထောင်ပြုသည်ဟု ဆိုသည်။ ၎င်းကို မယ်ညွှာ၏မိခင်က သဘောတူ၍ ရပ်ကွက်လူထုရှေ့မှာ အတည့်အလင်း အထင်အရှား လက်ထပ်ပေးလေသည်။ ၎င်းကို ဦးချစ်စရာသည် တစ်နှစ်ကျော်သည်တိုင် မကန့်ကွက်။ တစ်ရပ်တည်း ဖြစ်နေခြင်းကြောင့် မသိဟု မယူဆသင့်။

‘တောက်ထွန်းသည် ထိုသို့ မယ်ညွှာနှင့် ထိမ်းမြားလက်ထပ်သော်လည်း အခြား အိမ်ထောင်သားများကဲ့သို့ မရောနှော၊ မပျော်မြူးသည်မှာ မယ်ညွှာမှတစ်ပါး မည်သူမျှ မဆိုင်။ မညွှာက မကွာသေးသမျှ တောက်ထွန်းနှင့် မယ်ညွှာသည် လင်မယားမျှပင် ဖြစ်ချေသည်။ ဥပမာသော် အကြင်သတို့သား၊ သတို့သမီးသည် လူကြီးစုံညီရှေ့၌ လက်ထပ်ပြီး၏။ ထိုသူနှစ်ယောက်သည် ညအချိန်မရောက်၍ အခန်းတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



မဝင်ရောက်ရသေးသောကြောင့် လင်မယား မဟုတ်ရာသလော။ လင်မယား၊ ဓနီး၊ ခင်ပွန်းများပင် ဖြစ်ချေသည်။

‘လူတို့၌ ဓနီး ခင်ပွန်းဖြစ်၍ အိမ်ထောင်ပြုခြင်းမှာ မိန်းမ၏အပေါ်၌ ကာမဂုဏ်၏ အရသာကိုလို၍ မဟုတ်ဘဲ ထိုမိန်းမသည် မိန်းမမြတ်၊ ထိုမိန်းမကို ငါလုပ်ကျွေးအပ်သည် ဟူ၍ အိမ်ထောင်ပြုသော ယောကျ်ားရှိသေး၏။ ထိုယောကျ်ားသည် ထူးသော ယောကျ်ားမြတ် ဖြစ်၏။

‘အကြင်မိန်းမသည် ဤယောကျ်ားကား ယောကျ်ားမြတ်၊ ထိုယောကျ်ားကို ငါလုပ်ကျွေးအပ်သည် ဟူ၍ ကာမမေထုန်မှုကို သဘောမထားဘဲ အိမ်ထောင်ပြုသော မိန်းမလည်း ရှိ၏။ ထိုမိန်းမသည် ထူး၍မြတ်သော မိန်းမဖြစ်၏။

‘အကြင် သတို့သမီး၊ သတို့သားတို့သည် ကာမမေထုန်မှုကို ရွံရှာစက်ဆုပ်သော်လည်း မိဘများ၏ သဘောကို နာခံလိုက်ပါရခြင်းကြောင့် ကာမဂုဏ်ဖြင့် ရောနှောခြင်း မပြု၊ (ဝါ) ကာမမေထုန်ကို မကျူးလွန်ကြဘဲ အိမ်ထောင်ပြုသော သူတို့လည်း ရှိသေး၏။

‘ထို့ကြောင့် ထိုသို့သော သဘောကြောင့် အိမ်ထောင်သားတို့၏ သဘာဝအတိုင်း အများသိအောင် လက်ထပ်ပြီးသည်ရှိသော် ၎င်းတို့ချင်း ရောနှောမြူးထူးခြင်း မရှိစေကာမူ လင်မယားသာတည်း။ ထို့ကြောင့် ဤစီရင်ချက် ချမှတ်ပြီးသည်နောက် ဦးချစ်စရာသည် မယ်ညွာကို သူ၏မယားဟု စွပ်စွဲသည် ရှိချေသော် ရုံးတော်က ပေးသော ဒဏ်ကို ခံရမည်ဖြစ်ချေသည်။

‘သားအတွက် တစ်ဖန် ရှိချေသည်။ သားသည် မိခင်နှင့် မကင်းရာသတည်း။ အရွယ်ရောက်သည်တိုင် မိခင်၏ ရင်ခွင်တွင်း၊ အပါး၌ ရှိ





ချေသည်။ ပြည့်ရှင်မင်းတစ်ပါးသည် မိမိ၏ မိဖုရားများ၌ သားထောက်သမီးခံ မရှိသဖြင့် ထီးမွေနန်းမွေ ဆိတ်သုဉ်းမည်ဟု စိုးရိမ်ခြင်းကြောင့် မိဖုရားများကို သားဆုပန် လေးပြင်လေးရပ်၌ လွှတ်၏။ ထိုအခါ မိဖုရားကြီးသည် လက်သမားတစ်ယောက်နှင့် အကြောင်းသင့်၍ သားရလာခဲ့အံ့။ ထိုသားသည် ထီးမွေနန်းမွေခံ မင်းသား မဟုတ်သလော။ ထိုသားကို လက်သမားနှင့် သင့်လာခဲ့သဖြင့် လက်သမားသားဟု လက်သမားထံ ပို့ရမည်လား။

‘ထိုသဘော၊ ထိုသာဓကအရ ဆောင်တော့မည်။ ဦးချစ်စရာသည် ကလေးလိုသောကြောင့် မယ်ညွာကို ပေါင်းဖော်သည် မဟုတ်။ မယ်ညွာ၏ အရပ်အဆင်းကို နှစ်သက်၍ ကာမမေထုန်သဘော သက်သက်အရ ပေါင်းဖော်ခြင်းမျှသာ ဖြစ်ချေသည်။ ကလေးလို၍ ပေါင်းဖော်သော်ကား မယ်ညွာ၌ ကလေးရှိသည်ဟု သိရသော် မယ်ညွာကို အိမ်တစ်ဆောင်၊ မီးတပြောင်အဖြစ်နှင့် ထားရာသည်။ ယခုသော်ကား စွန့်ပစ်လိုက်သည့်အပြင် မယ်ညွာကိုပင် ခြိမ်းခြောက်လိုက်ပေသေးသည်။

‘အထီးအဖို အဖတို့သည် မ တို့နှင့် ပေါင်းဖော်ကြသည်။ ၎င်းကား ကလေးလို၍ မဟုတ်၊ ခမ္မတာသဘောအရ ကာမဂုဏ်မီး တောက်လောင်ခြင်းကြောင့်သာ ဖြစ်ချေသည်။

‘ဦးချစ်စရာ သူဋ္ဌေးကြီးကား ထိုနည်းအတူ ဖြစ်ချေသည်။ ကလေးကား တိရစ္ဆာန်များမှာကဲ့သို့ သဘာဝအလျောက် ပေါ်ပေါက်လာရလေသည်။

‘တောက်ထွန်းမှာကား သူ၏အမွေကို ဆက်ခံစေလိုသောကြောင့် အမွေစား အမွေခံသား လိုနေသဖြင့် မိမိသည် ကာမမေထုန်မှု၌ စက်ဆုပ်သော်လည်း ကိုယ်ဝန်နှင့်တကွသော လွတ်လပ်သည့်မိန်းမကို ပိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ပေသည်။ တွေ့သောအခါ လှပသစွာ ထိမ်းမြားလက်ထပ်၍ မယ်ညာကို ယူပြီးသော် မယ်ညာ၏ကိုယ်ဝန်ကို မြင့်မြတ်အောင် စောင့်ထိန်းရာ၌ ချီးပင့်သည်။ သား ရလာသောအခါ မိမိ၏သားဟု ဖခင့်ဝတ္တရားနှင့်အညီ ပြုသည်။ ဦးချစ်စရာသည် ပြုသလော။ ထို့ကြောင့် ဤသားသည် ဖခင့်ဝတ္တရားနှင့်ညီသော တောက်ထွန်း၏သား ဖြစ်ရာချေသည်။

'သာဓက ဆောင်မည်။ ရသေ့တစ်ပါးသည် ဆွမ်းအလို့ငှာ ရွာသို့ ဝင်သော် အနီးထုပ်ကလေးနှင့်သော မိန်းကလေးကို တွေ့သည်။ ထို မိန်းကလေးကို ရသေ့သည် ကောင်းစွာ မွေးကျွေးသုတ်သင်၍ လူလား မြောက်သည်။ ထိုမိန်းကလေး၏ ဖခင်ကား မည်သူနည်း။ ဤရသေ့ပင် လျှင် ကတည်း။

'ထို့ကြောင့် ဦးချစ်စရာသည် မယ်ညာနှင့်သော် လည်းကောင်း၊ သားနှင့်သော် လည်းကောင်း မည်သို့မျှ မသက်ဆိုင်တော့ပြီ။ တောက်ထွန်း နှင့်သာ သက်ဆိုင်ပေသတည်း။

'ဤစီရင်ချက် ချမှတ်ပြီးသည်နောက်ဦးချစ်စရာသည်တောက်ထွန်း၊ မယ်ညာတို့ကို နှောင့်ယှက်ချေက ရုံးတော်များက အရေးယူရာသတည်း'

သဘာသည်ကား သိမ့်သိမ့်ဆူအောင် ဩဘာပေးလေ၏။

ဘုရင်မင်းမြတ်ကား ဝမ်းမြောက်လှ၍ ဤသို့ မိန့်တော်မူလေ၏။

'နားခံတော်...'

'အပါးတော်က ခစားရင်း အသင့်ပါ ဘုရား'

'ဤစီရင်ချက်ကို သေချာမှန်ကန်စွာ ရေးထားပြီးလျှင် ရွှေတိုက် တော် သွင်း'

❒

## အခန်း(၄)

## ဖြစ်တန်းက တစ်ပုံ

မနုစာရီကား မိဖုရားကြီး၏ သဘောတော်အရ သမီးတော်အဖြစ်နှင့် တည်ရ၍ မပြီးမပြတ်နိုင်သော တရားတို့ကို စီရင်ရသည်ပြင် ဘုရင် မင်းမြတ်ကိုလည်း အကြံပေးအဖြစ်နှင့် တည်ရ၏။ အိမ်ရှေ့မင်း သုစိတ္တာ နှင့် တိုင်ပင်တွဲဖက်၍လည်း နိုင်ငံတော် ကြီးကျယ်ကောင်းစားအောင် ဆောင်ရွက်ရခြင်းကား မပြတ်မလပ်လောက်ပင် ဖြစ်နေ၏။

မနုစာရီကား ထိုခေတ်က ၎င်းကဲ့သို့ နှစ်ယောက်မရှိသော အမျိုးသမီး ဖြစ်၏။ ၎င်းသည် သွေးမမြင့်၊ ဘဝင်မကြွ၊ နှိမ့်ချသောမာနနှင့် အမြဲ ပေါင်းသင်း ဆက်ဆံသဖြင့် စာရီကို ချစ်ခင် နှစ်သက်ကြသူတို့ချည်း လောက်သာ ဖြစ်နေ၏။

စာရီ၏ အစီရင်ဖြင့် အခြားတိုင်းပြည်မှ လာရောက်သော ကုန်သည် တို့၏ အပေါ်၌ အခွန်နှင့်အကောက်ကို မယူစေသော်လည်း ထိုကုန်သည်



www.burmeseclassic.com

www.burmeseclassic.com



တို့၏ အတုတ်တော်သည် ဘုရင်မင်းမြတ်ထံ၌ နေ့စဉ် အမြဲလောက်ပင် ရောက်တည်လာ၏။ အတိုင်းတိုင်း အပြည်ပြည်မှ ပဏ္ဏာလက်ဆောင်များသည်လည်း ထပ်၍ထပ်၍ ရောက်လာကာ သက်သာပြည်သည် သုနာပရန္တ တိုင်းကြီး၌ အလွန်ထင်ရှားကာ လာလေ၏။

တောင်သူများအား လည်းကောင်း၊ အခြား လက်မှုအလုပ်သမားများအားသော် လည်းကောင်း သမ္မာပါသ တရားတော်နှင့်အညီ မလွတ်ရအောင် ပြုကျင့်ထောက်မ လေရကား တိုင်းသူပြည်သားတို့သည် နိုင်ငံတော်ကို အပျော်ပွဲလမ်းသဘင်နှင့် တန်ဆာမဆင်ဘဲ ကိုယ်စီကိုယ်ငအလုပ်နှင့် တန်ဆာဆင်နိုင်လေခြင်းကြောင့် နိုင်ငံတော်သည် အလွန်စည်ပင် သာယာဝပြောပြီးလျှင် ရွှေမိုးငွေမိုး ရွာနေလေ၏။ နေပြည်တော်၌ကား ညမရှိသကဲ့သို့ပင် ထွက်ဝင်သွားလာ ကူးသန်းရောင်းဝယ်ကာ ရှိနေကုန်၏။

တိုင်းသူပြည်သားတို့မှာလည်း အဆင့်အတန်း အလွန် မြင့်လာကြသဖြင့် သူ့ထက်ငါ အခွန်တော်ကို ပြိုင်ကာ ပေးလာကြသောကြောင့် သက်သာပြည်ကြီးသည် အလွန့်အလွန် ကြွယ်ဝချမ်းသာသော နိုင်ငံအဖြစ်နှင့် ထင်ရှားလာသည့်ပြင် နိုင်ငံတော်သူ၊ နိုင်ငံတော်သားတို့သည် မိမိတို့၏ တိုင်းပြည်နှင့် လူမျိုးရေးစိတ်ဓာတ် မည်မျှရှိသည်ကို သိသာနိုင်ဖို့ ရှိပေသည်။

ထိုအချိန်၌ မနုစာရီ၏ အစီအရင် အခန့်အခွဲသည် မည်မျှလောက် တိုင်းပြည် လူမျိုးရေး စိတ်ဓာတ်ကို ရင့်သန်စေသနည်း ဆိုသော် မုန့်ပျားသလက် လုပ်စားသော မုဆိုးမ၊ ရေမုန့်လုပ်စားသော မုဆိုးမ၊ မုန့်လက်ဆောင်း လုပ်စားသော မုဆိုးမ၊ မုန့်လက်ကောက်၊ မုန့်ဆီကြော်





လုပ်စားသော မုဆိုးမ လေးယောက်တို့ကို မုဆိုးမဖြစ်သောကြောင့် မြို့စိုးက အခွန်တော် မခွဲခန့်၊ မကောက်ခံသဖြင့် လွှတ်တော်သို့ လျှောက်ထားသောကြောင့် အစိုးရက အခွန်တော် တောင်းခံရ၏။

တောင်းခံခြင်းလည်း ပြုထိုက်၏။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌ သက်သာပြည်ကြီးသည် အလွန် စည်ကားနေသဖြင့် မုန့်ပျားသလက်သည်ပင်လျှင် နံနက်လင်းကတည်းက စပြီးသော် လုပ်ရသည်မှာ ညသူငယ်အိပ်ဆိတ်ချိန်တိုင် ဖြစ်နေ၏။

ထိုသို့ စည်ပင်သာယာနေသော ပြည်တွင်း၌ မနုစာရီနှင့် အိမ်ရှေ့မိဖုရား ယုဇနဒေဝီသည် အမျိုးသမီး စစ်သည်တော်များကို သွားရောက်ကြည့်ရှုပြီးနောက် တစ်နိုင်ငံမှ ရောက်လာသော နွားဝန်တင် ကုန်သည်များတို့ စခန်းချရပ်သော နေရာတစ်ခုသို့ သွားရောက် ကြည့်ရှုရာ တပ်မှူးဇေယျနှင့် အောင်ကျော်တို့သည်လည်း မြင်းတစ်စီးစီနှင့် ပါလေ၏။

နွားဝန်တင် ကုန်သည်များလည်း မိမိတို့ တည်းခိုရန် ကနားတဲများကို ထိုးနေ၏။

ယုဇနဒေဝီကား ကနားကို ဦးဆောင်ကာ ထိုးနေသော လူတစ်ယောက်အား စိန်းစိန်းကြည့်နေပြီးနောက် 'ကိုဇေယျ' ဟု ခေါ်လေ၏။

ဇေယျနှင့် အောင်ကျော်လည်း ရောက်လာ၏။

'ဟောဟိုလူကို သွားကြည့်စမ်းပါ' ဆိုသဖြင့် ဇေယျနှင့် အောင်ကျော်တို့သည် သွားရောက်ကြည့်ရှုရာ ထိုသူသည် လုပ်ငန်းလုပ်နေရင်းမှ မျက်နှာလွှဲ၍ နေ၏။ ဇေယျလည်း တစ်ဖက်သို့ လှည့်ကာကြည့်ပြန်ရာ ထိုသူသည် မဆည်နိုင်ဘဲ မျက်ရည်ကျလာလျက် ထိုင်ချကာ ခေါင်းကို ငုံ့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လည်း စကားဖြစ်နေကြ၏။

'ကိုယ်တော်ကလေး… ကိုယ်တော်ကလေး'

'ကိုဇေယျ ကိုအောင်ကျော်တို့ဗျာ၊ ခင်ဗျားတို့ သွားကြဗျာ၊ ကျွန်တော် ခင်ဗျားတို့ကို…'

'ဟာ… ဘယ့်နှယ် ကိုယ်တော်ကလေး'

'ကိုအောင်ကျော်၊ စောထိပ်ဟာ ကိုယ်တော်ကလေး မဟုတ်တော့ဘူး'

'ဟာ…'

'ဟေ့… မောင်စောထိပ်၊ ဘာဖြစ်နေသလဲ' ဟု လူကြီးတစ်ယောက်၏ အသံမာမာ တစ်ခုသည် ပေါ်လာ၍ စောထိပ်မောင်သည် မချိသောစိတ်နှင့် မိမိ၏အလုပ်ကို ထခါ လုပ်နေရစဉ် ဇေယျသည် ယုဇနဒေဝီထံသို့ သွား၍ 'ကိုယ်တော်ကလေး စောထိပ်မောင်ပါဘုရား' ဟု လျှောက်ထားလေရာ ယုဇနဒေဝီသည် စောထိပ်မောင်ထံ အမြန်သွားရောက်လျက် 'မောင်တော်ကလေး၊ သည်မှာ အစ်မတော်ဘုရားလေ၊ လာ… အစ်မတော် ဘုရားထံ' ဟု ဆို၍ စောထိပ်မောင်လည်း ငိုလျက် ဤသို့ တင်လေ၏။

'အစ်မတော်ဘုရား၊ စောထိပ်ဟာ ခု အစ်မတော်ဘုရားရဲ့ မောင်တော် မဟုတ်တော့ဘူး၊ သူ့ကျွန် ဖြစ်နေပြီ ဘုရား' ဆိုတာ ငိုရင်း အလုပ်လုပ်နေရလေ၏။

'အို… မောင်တော်ကလေး၊ မောင်တော်ကလေး မငိုနှင့်၊ အစ်မတော်နှင့် တွေ့ပြီ'

ထိုသို့ မျက်ရည်တွေတွေ ကျဆင်းလျက် ယုဇနဒေဝီသည်





မောင်တော်ကလေး စောထိပ်မောင်၏ ပခုံးကို ကိုင်၍ မျက်ရည်ကျကာ ပြောဆိုနေ၏။

'မမဘုရား၊ မောင်တော်ကား ယခု မင်းသားမဟုတ်။ သူ့ကျွန်ပါဘုရား'

'လာ… မောင်ကလေး'

'မလာဝံ့ပါဘုရား၊ တရားတော်ကို ထောက်ပါဘုရား'

ယုဇနဒေဝီသည် ၎င်း၏မောင်တော်ကို ကြည့်၍ မျက်ရည်စက်လက်နှင့်သာ တရားရင့်နိုင်ငံဖြစ်၍ မချိတင်ကဲနှင့် နေရလေ၏။ ထိုအခါ မနုစာရီသည် လာတည့်၍ 'နွားဝန်တင် ကုန်သည်မှူးကြီး မရှိဘူးလား' ဟု မေးလေ၏။

'ရှိပါဘုရား'

'ပြောလိုက်ပါမောင်၊ မမက တွေ့ချင်လို့ တဲ့'

*

'မမဘုရား၊ ဘာကို အလိုတော်ရှိတယ်လို့ မိန့်တော်မူပါဘုရား'

'ဩော်… သည်လိုလေ၊ သည်သူကို ဘယ်လောက်နှင့် ဝယ်ထားရသလဲ'

'သုံးပိဿာအစိတ်ပါ'

'ကောင်းပြီ၊ ခု တော်လှန်ရင် ငွေ ဘယ်လောက် ပေးရမလဲ'

'မဘုရားတို့ အလိုရှိခဲ့ပါရင် လွှတ်နိုင်ပါတယ် ဘုရား'

'သည်လိုလည်း မဟုတ်ဘူးလေ၊ တရားသဘောနှင့် ညီမှပေါ့'

'မလိုပါ ဘုရား'

www.burmeseclassic.com



'ဟာ... မဟုတ်ဘူး ဦးရီးတော်၊ ကိုင်း လေးပိဿာငွေနှင့် တော်လှန်မယ် ဆိုရင် ကျေနပ်ပါ'

'သည့်ငွေမျှလောက်ကို ကျေးတော်မျိုး မမက်ပါ၊ အတွက်လည်း မရှိပါ၊ ကျေးဇူးတော်များကို ခိုလှုံရတာနှင့်ပင် မဝံ့ပါဘုရား'

'ကိုဖေယျ၊ အိမ်တော် အမြန်ပြန်ပြီး ငွေလေးပိဿာ ယူခဲ့ပါ'

*

'ကိုင်း... ကျေးဇူးတင်ပါတယ်နော်၊ ဦးရီးတော်' ဆို၍ ငွေ လေးပိဿာနှင့် စောထိပ်မောင် မင်းသားကလေးကို နွားဝန်တင် ကုန်သည်ကြီး လက်မှ ရွေးနုတ်ယူလေ၏။ ကုန်သည်ကြီးလည်း ဤသို့ လျှောက်ထားလေ၏။

'ထိပ်ထား သခင်မများ ဘုရား၊ ကျေးတော်မျိုး ကျွန်တော်မျိုးတို့က ငွေနှင့် ရွေးယူရမည်ဟု မလျှောက်ထား မတောင်းဆိုပါ၊ ကျွန်တော်မျိုးများက စောထိပ်မောင်ကို ထိပ်ထား သခင်မများထံ ဆက်သပါသည်။ ထိပ်ထား သခင်မများက ဆုသနားသည် ဟူ၍သာ သည်ကျွန်များမှာ ယူဆရပါသည်။ သို့မှသာ ကျေးဇူးတရားကို နားလည်သိတတ်သောလူ မည်ပါမည်။ လူ့တိုင်းပြည်သို့ ရောက်လာသော လူ့ကျင့်ထုံးကို နားလည်သိတတ် လိုက်နာရပါမည် ဘုရား'

ထိုကဲ့သို့လျှင် မနုစာရီနှင့် ယုဇနဒေဝီ အိမ်ရှေ့မိဖုရားတို့သည် ယုဇနဒေဝီ မောင်တော်ကို ခေါ်ယူ၍ ပြန်ကြ၏။

နေ့လယ်ချိန်သော် အိမ်ရှေ့မင်းသားကား လွှတ်သို့ ဘုရင့်ကိုယ်စား တက်ရောက်၍ စီရင်ဖွယ်ရာများကို စီရင်နေရလေ၍ မနုစာရီသည် အိမ်ရှေ့





မိဖုရားထံ လာရောက်ပြီးသော် ဤသို့လျှင် စောထိပ်မောင်နှင့် ပြောဆိုမေးမြန်းကာ နေကြလေ၏။

'မောင်ကလေး၊ မဘုရားကို တင်စမ်း'

'မမဘုရား၊ ငစောထိပ်ဟာ ယုတ်ကန်းလို့ လောကရဲ့အပြစ်ကို ခံရပါတယ် ဘုရား'

'တင်စမ်းကွယ်'

'စောထိပ်သည် တက္ကသိုလ်ပြည်မှ ငယ်ကျွန်တော် နှစ်ယောက်နှင့် ကျွန်ရှင်သုံးဖော်ပြုပြီး အတိုင်းတိုင်း အပြည်ပြည်မှ မင်းသား၊ မင်းသမီး၊ သူဌေးသားသမီး စသည့် အပေါင်းအသင်းများနှင့် ပြန်လည်လာခဲ့ရာ လမ်းခရီးတစ်ဝက်မှာ မောင်တော်ကလေး စောထိပ်သည် မိမိ၏ ပန်းတွဲ ရွှေပြည်သို့ ခရီးဖဲကာ ငယ်ကျွန်တော် နှစ်ယောက်နှင့် ထွက်လာခဲ့ကြပါသည်'

'အင်း...'

'ထိုသို့ ခရီးဆက်လက်၍ ကျွန်ရှင်သုံးဖော် လာခဲ့ကြရာ လမ်းမှာ သဖြင့် သစ်တောရွာမကြီး တစ်ရွာသို့ ရောက်သွား၍ ထိုရွာမကြီး၌ အကြီးအကဲအိမ်တွင် တည်းခိုကာ ခေတ္တ နေကြပါသည်။ ထိုအကြီးအကဲကြီး အိမ်၌ "မြတ်လေး" ခေါ် သမီးပျိုကလေးတစ်ယောက် ရှိပါသည်'

'အင်း...'

'မြတ်လေးသည် အလွန် အဆင်းလှပါသည်။ လိမ္မာသောအကျင့် ရှိ၍ မွန်မြတ်သောသိက္ခာနှင့် ပြည့်စုံပါသည်။ လောကဝတ်ကိုလည်း နားလည်၍ သမီးရတနာမြတ် ပီသပါသည်။ ရဲရင့်ခြင်း၊ ခွဲခြားဝေဖန်



www.burmeseclassic.com

www.burmeseclassic.com



တတ်ခြင်း၊ လူတစ်ယောက်ဆိုသော လူ၏ကျင့်ထုံးကို နားလည်ခြင်းတို့ ရှိသည်အတိုင်း ကျင့်ကြံနေထိုင်တတ်ခြင်းနှင့် ပြည့်စုံပါသည်'

'အင်း...'

'ငစောသည်... မမဘုရား၊ ငစောကို ဒဏ်ပြုပါတော့'

'အေး၊ တင်စမ်းပါဦးကွယ်'

'ငစောသည် မြတ်လေးကို နှစ်သက်လာပြီး နှစ်သက်ရာက စပြီး ချစ်ခင်စုံမက်လာပါသည်။ ထို့ကြောင့် အကြောင်းကို ပြောပြရာ မြတ်လေးသည် မတန်မရာကြောင်းနှင့် အတန်တန် တောင်းပန်အသနားခံပါသည်'

'အင်း...'

'မမဘုရား... ငစောကား မိုက်သည်။ မောင်တော်သည် မရမနေ ဖွတ်တွယ်ကပ်၍ မြတ်လေး၏ မိဘများထံမှာ အသနားခံကာ နားပူတော့ မိဘများ သဘောတူညီသောကြောင့် မြတ်လေးလည်း မငြင်းသာဘဲ လိုက်ရှာရပေတော့သည်'

'အင်း...'

'ထိုသို့နှင့် ဘုရားမောင်တော်သည် ထိုရွာမကြီးမှာပင် ရက်လပေါင်း အတော်ကြာညောင်း၍ ထိုရွာမကြီးကို တိုးတက်ကာ စည်ပင်သာယာ ဝပြောအောင် ပြုပြင်လာခဲ့ပါသည်။ တစ်နေ့သ၌ မောင်တော်သည် မြင်းတစ်စီးနှင့် လေး၊ မြား၊ ဓားကိုစွဲ၍ တောသို့သွားရာ ကြာပန်းတို့ဖြင့် ဖုံးလွှမ်း၍ အလွန်တင့်တယ်လှပသော ရေကန်တစ်ခုသို့ ရောက်သွားပါသည်'

'အင်း...'



BURMESE CLASSIC .com



'ထိုအခါ ရေကန်၌ မင်းသမီးကလေး "စိမ်းစိမ်း" သည် အပျိုတော်များနှင့် ရေကစားကာ ရှိနေပါသည်။ မောင်တော်သည်လည်း ရေသို့ဆင်း၍ ကြာဖူးကြာစွယ်တို့ကို ယူ၍ ရေကို သုံးပါသည်။ ထိုအခါ စိမ်းစိမ်းသည် မောင်တော့်အနီးသို့ ချဉ်းကပ်လျက် မောင်တော်၏ မျိုးမည်နေရပ်တို့ကို မေးရာ၊ မောင်တော်လည်း ပန်းတွဲရွှေပြည်ကြီးမှ မင်းသားစောထိပ်မောင် ဖြစ်ကြောင်းကို ပြောပြရာ စိမ်းစိမ်းသည် မောင်တော့်အား မြင်လျှင်မြင်ချင်း ဘဝက ရေစက်ကြောင့် မေတ္တာရှိကြောင်း ပြောပြသဖြင့် စိမ်းစိမ်းနှင့် မောင်တော်ကလေးသည် နှစ်ဦးသဘောတူ ချစ်ကြိုက်မိကြပါတော့သည် ဘုရား'

'အင်း... မောင်တော်ကလေးရယ်၊ ကိုယ့်မှာလည်း ကြင်ရာတော်နှင့်...'

'မမဘုရား... စောထိပ်ကန်းသည် ကန်း၍ မိုက်တော့သည်' ဆိုကာ မျက်ရည်စက်လက်နှင့် နေ၏။ မနုစာရီကား ကျမ်းပြုရန် သဘောသွားကို စဉ်းစားသကဲ့သို့ နေဟန်ရှိ၏။ ယုဇနက 'ဆက်ပြီးတင်' ဟု ဆို၏။

'မမဘုရား ပြောသည်ကား မှန်ပါသည်။ မြတ်လေးနှင့် စိမ်းစိမ်းကို နှိုင်းယှဉ်သည်ရှိသော် မြတ်လေးသည် တောသူမကလေးဖြစ်၍ မပြုမပြင်ဘဲနှင့် ကိုယ်လုံးကိုယ်ပေါက် လက္ခဏာအင်္ဂါ ခြေလက်ပေါင်တံ မျက်နှာ စသည်တို့သည် သဘာဝအလျောက် ခိုင်ခိုင်ခံ့ခံ့နှင့် လှပပါသည်။ စိမ်းစိမ်းကား "မုဓုပြည်" မှ ပင်တိုင်နန်းနှင့် ထားသော မင်းသမီးဖြစ်၍ ပြုပြုပြင်ပြင် ယဉ်ယဉ်ကျေးကျေးနှင့် နွဲ့နွဲ့လျလျဖြင့် လှပပါသည်။ မြတ်လေးကား စကားနည်း၍ ပြုံးရုံမှတစ်ပါး အပလီ အခရာ အတတ်တို့ကို မတတ်ပါ။ စိမ်းစိမ်းကား တီတီတာတာ အပလီ ခရေနှင့်



www.burmeseclassic.com

www.burmeseclassic.com



မောင်တော့် နှလုံးသားကို တိမ်းပါး၍ ညွတ်နူးလာအောင် ကြံဆောင် ပြောတတ်ပါသည်'

'အင်း...'

'မောင်တော်ကလေး စောထိပ်ကား တက္ကသိုလ်မှ ပညာသင်ကြား၍ တတ်လာလင့်ကစား မိန်းမတို့၏ အာသာတမန္တကို နားမလည်သဖြင့် စိမ်းစိမ်း၏ အလိုသို့ လိုက်လျောမိပါသည်'

'အင်း...'

'စိမ်းစိမ်းသည် ရေကန်အနီး ဇရပ်ကြီးတစ်ဆောင်၌ မောင်တော်ကလေးအား အကြောင်းကို မှာထားခဲ့ပြီးသော် သူ၏နန်းတော်သို့ ပြန်သွားပါသည်။ ညနေ နေဝင်ရီတရော အချိန်သော် စိမ်းစိမ်းသည် သာမန်သူဆင်းရဲမကလေး အသွင်ကိုယူ၍ အထုပ်ကိုပိုက်လျက် မောင်တော့်ထံ လာရောက်ပါသည်'

'နေဦး မောင်တော် စောထိပ်၊ မမစာရီ မေးမယ်'

'မေးတော်မူပါ မမ'

'စောထိပ်နှင့် စိမ်းစိမ်းဟာ အရင် သိဖူးရမယ်၊ တက္ကသိုလ် ကျောင်းတော်မှာ ကျောင်းအတူနေ ပညာသင်ဘက် ဖြစ်ရမယ်'

စောထိပ်မောင်သည် တွေ၍ ငေးနေ၏။

'မောင်တော်ကလေး၊ မမစာရီကို လှည့်စားလို့ မရဘူး။ မှန်တာကိုသာ ဖွင့်လှစ်တော်မူပါ'

'မှန်ပါတယ်'

'မောင်တော်ကလေးနှင့် စိမ်းစိမ်းဟာ တစ်ဦးနှင့်တစ်ဦး မေတ္တာကူးလူးမိရုံနှင့်မျှ မက လွန်ကြူးမိကြရမယ်။ ဟုတ်ရဲ့လား'





'မှန်ပါတယ်'

'သည်လို တစ်ယောက်နှင့်တစ်ယောက် မေတ္တာကူးလူး၍ အကျင့်ပေါက်နေစဉ်မှာ စိမ်းစိမ်းဟာ မင်းသားတစ်ပါးနှင့် မေတ္တာကစားမိပြန်တယ် ဖြစ်ရမယ်'

စောထိပ်မောင်သည် စိုင်၍ ငိုင်နေ၏။

'အမိန့်ရှိပါ မောင်တော်ကလေး'

'မမစာရီဟာ ဘာကြောင့် အတပ်သိပါသလဲ။ မမ... မနုကို ငစော ကြောက်လာပြီ'

'အပျိုတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို အစိမ်းတွေ့တွေ့သော် မည်မျှလောက်ပင် ဘဝကရေစက်ကြောင့် ချစ်မိစေကာမူ အပျိုကြောင့် ကြောက်နေလို့ သည်လို မရဲရင့်ဘူး'

ယုဇနကား စာရီ့မျက်နှာကို ကြည့်၍ ပြုံးနေ၏။ စာရီလည်း ယုဇနဒေဝီကို ကြည့်ကာ ပြုံးလေ၏။ ထိုအပြုံးနှစ်ခုကို စောထိပ်မောင်သည် မည်သို့မျှ နားမလည်။

'ခုတော့ မောင်တော်ကလေးနှင့် စိမ်းစိမ်းဟာ မေတ္တာကူးမိဖူးလို့ရဲ။ ကူးမိရင် ဘာကြောင့် ကွဲကွာကာ ပြည်တော်ကို ပြန်လာရသလဲ။ စိမ်းစိမ်းသည် သစ္စာဖောက်သည်ဟု မောင်တော်ကလေးက ထင်နေတယ်၊ ထင်တဲ့အတိုင်းလည်း မင်းသားတစ်ပါးနှင့် ယှဉ်ပါးမိခြင်း မှန်ရမယ်။ ဒါကြောင့် သည်မေတ္တာရှင် နှစ်ဦးဟာ တက္ကသိုလ်က တစ်ယောက်နှင့်တစ်ယောက် စိတ်ချင်း အခန့်မသင့်ဘဲ ပြန်လာကြပြီးနောက် ယခုလိုတွေ့တဲ့အခါမှာ စိမ်းစိမ်းသည် သူ့ထံသို့ မောင်တော်ကလေး လိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ထင်၊ မောင်တော်ကလေးကလည်း လိုက်လာတယ်လို့ ပလီပေါ့။ ဘာကြောင့် စကားချန်ရသလဲ'

'မှန်ပါတယ်'

'စကားဆိုတာ မချန်ရဘူး၊ ချန်တဲ့သူဟာ ကိုယ်ကောင်းဘက်သို့သာ ရုန်းကန်နေလို့ အားတွေ့ရတတ်တယ်'

'မှန်လှပါတယ်'

'ဒါနှင့် မောင်တော်ကလေးကို ဇရပ်မှာ ချိန်းဆိုကာ မှာထားခဲ့ပြီး စိမ်းစိမ်းဟာ လာတော့တယ်။ ဘာကြောင့် လာသလဲ၊ စိမ်းစိမ်းကို ခမည်းတော် ဘုရားက မင်းသားတစ်ပါးနှင့် စုလျားရစ်ပတ် လက်ထပ်တော့မလို့။ သည်မင်းသားကို စိမ်းစိမ်းသည် မနှစ်မြို့ဘဲ ရှိနေတဲ့ အချိန်မှာ မောင်တော်ကလေး ရောက်သွားလို့ မောင်တော့်နောက်ကို လိုက်လာတယ်'

စောထိပ်မောင်သည် တွေ၍ စာရီကိုသာ အံ့အားသင့်စွာနှင့် အဘိညာဉ်ကိုရသော ရသေ့ကြီးများ ကဲ့သို့ပင် မြင်လှပါကလားဟု အောက်မေ့နေလေ၏။ စာရီလည်း ဆက်၍ မင်းသားကို မင်းသား ပီသလာအောင် ဤသို့ ပြောပြန်၏။

'မင်းသားဆိုတာ သူခိုးဖြစ်ထိုက်သလား'

'မဖြစ်ထိုက်ပါ'

'ဒါဖြင့် မင်းသမီးကို ခိုးယူပြီး ဘာကြောင့် သွားရသလဲ။ မင်းသားဟာ ရှင်ဘုရင်ဖြစ်ခဲ့သော် သည်လိုသူခိုးကို အပြစ်ဒဏ်မှ လွတ်ကင်းသင့်တယ်၊ ခိုးသင့်တယ်ဟု တရားဖြတ်ထုံး ပြုမလား'

'မမစာရီ၊ မောင်တော်ကလေး မှားခဲ့ပါပြီ'





'နေဦး မောင်တော်ကလေး၊ မြတ်လေးကို သူ့အဖေက မင်းသားနှင့် သဘောတူညီစွာ ပေးစားထိမ်းမြားသလား'

'ထိမ်းမြားပါတယ်'

'ကောင်းပြီ၊ မင်းသားရဲ့ ခမည်းတော်က မင်းသားကို တောသူမကလေး မြတ်လေးနှင့် မင်္ဂလာ မဆောင်နှင်းလို့ မင်းသားဟာ မြတ်လေးရဲ့ ခင်ပွန်းတော် မဟုတ်စေကာမူ မြတ်လေးသည် မင်းသား၏ ကြင်ရာပါတကား။ နားလည်ပြီလား'

'မှန်လှပါ'

'မင်းသားသည် မိမိ၏ ကြင်ရာတော် အပေါ်မှာ သစ္စာဖောက်ကာ ပဋိသန္ဓေ ကိုယ်ဝန်နှင့် ထားခဲ့ခြင်းဟာ ငါ မင်းသားဆိုတဲ့ ဂုဏ်နှင့် လူနှင့် လူချင်းကို နှိပ်စက် စော်ကားတာပဲ မဟုတ်လား။ မင်းသားသာ ဘုရင်ဖြစ်ခဲ့သော် ထိုကဲ့သို့သောအမှု၌ အပြစ်မရှိဟု လွှတ်မည်လား'

'မမ ကျွန်တော် မှားပါပြီ။ သို့သော် မြတ်လေးဟာ ကိုယ်ဝန်နှင့်လို့ မမ ဘာကြောင့် သိပါသလဲ'

'နားထောင်၊ ခမည်းတော်လည်း တရားမင်းမြတ်၊ အစ်မတော်လည်း အိမ်ရှေ့မိဖုရား၊ သည်လို အစိုးရထဲမှ သည်ကဲ့သို့ ကျင့်ကြံခြင်းဟာ မင်းသားမည်ရာသလား။

'နားထောင်၊ မြတ်လေးကို ယခုအခါ၌ ထောက်ထားကြင်နာမှု မရှိခြင်းမှာ မြတ်လေးမှာ ကိုယ်ဝန်ရှိလာလို့ ယောက်ျားတို့ သဘာဝ အလျောက် ပျော်ခွင့် ယစ်ခွင့် မရနိုင်တာနှင့် စိတ်လွင့်ပါးပြီး တစ်ကိုယ်တည်း တောကစားတဲ့အခါ ခရီးလွန်ကာ စိမ်းစိမ်းနှင့် တွေ့ရတယ်။ တွေ့ရတဲ့အခါ စိမ်းစိမ်းထံ မောင်တော်ကလေးဟာ စိတ်ကူးပြောင်းသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲသည်လို ဘာကြောင့် ကူးပြောင်းရသလဲလို့ စဉ်းစားတော့ ယောကျ်ားညံ့များဟာ မိန်းမတို့ရဲ့ တီမှု၊ တာမှု၊ ခရာမှုကို လိုလားတယ်။ ပြုမှု၊ ပြင်မှု၊ ညှမှု၊ နွဲ့မှု၊ ယုယမှုကိုလည်း လိုလားတယ်။ အဲသလို မပြုတဲ့ မိန်းမနှင့် ယောကျ်ားဟာ တီ တာ ခရာ ညု ယု မိန်းမတို့နှင့် တွေ့ပြီလားဆို ထိုမိန်းမတို့ရဲ့နောက်သို့ ကောက်ကောက်ပါသွားတယ်။ ကာမဂုဏ် သာယာမှုကို လိုက်စားလိုတဲ့စိတ် ရှိနေတဲ့ ယောကျ်ားများဟာလည်း အိမ်ရှင်မမှာ သန္ဓေစွဲကပ်လာတော့ အခြားတစ်ပါး မိန်းမများသို့ စိတ်ကစားကာ မှားလာတတ်တယ်'

'မမစာရီ၊ ကျွန်တော် သတိထားမိပါပြီ၊ မှားခဲ့မိပါပြီ။ ကျွန်တော် တက္ကသိုလ်မှ တတ်လာသော အတတ်ပညာအားဖြင့် အမှားကို မြင်မိပါပြီ။ သည်အမှားကို မမြင်သေးသမျှ ကာလပတ်လုံး မောင်တော်ကလေး စောထိပ်ဟာ လူတို့ရဲ့ ကောင်းစားခြင်းနှင့် မထိုက်မတန်တာကို ငစော နားလည်ပါပြီ မမစာရီ'

'ကိုင်း... မောင်တော်ကလေးရဲ့ အကြောင်းကို မောင်တော်ကလေး ဆက်ပြော'

'စောထိပ်လေ၊ နံနက်စောစော နေအရုဏ်မကျင်းမီ မြင်းတော်ပေါ်၌ စိမ်းစိမ်းကို ပွေ့ကာတင်ပြီး မုခနေပြည်တော်မှ ထွက်ခွာလာခဲ့ပါတယ်'

'အင်း...'

'စောထိပ်သည် ထိုသို့ ထွက်ခွာလာ၍ နေအနည်းငယ် မြင့်လာသောအခါ နောက်မှ မြင်းသည်တော်များ လိုက်လာသည့်အသံကို ကြားသဖြင့် မြင်းတော်ကိုရပ်၊ မြင်းပေါ်မှဆင်း၊ စိမ်းစိမ်းကို သင့်ရာ၌ ဖက်ထား





ကာ မြင်းသည်တော် ရန်သူများကို လေးမြားတို့နှင့် ခုခံပစ်လွှတ်နေတော့ မြင်းသည်တော်များသည် ရှေ့သို့တိုးခြင်း မရှိဘဲ ပြန်သွားကြပါသည်'

'အင်း...'

'စောထိပ်မှာလည်း မြားတစ်ချောင်းသာ ကျန်ပါတော့သည်။ ထိုသို့နှင့် စိမ်းစိမ်းကို မြင်းပေါ်၌ တင်ပြီးလျှင် မောင်တော်သည် မြင်းကိုဆွဲ၍ သွားနေရာ ခရီးတစ်ထောက်လောက် ရောက်လတ်သော် လွင်ကလေး တစ်ခုသို့ ရောက်ပါသည်။ ထိုလွင်ကလေး၌ ကြိုးကြာငှက်ကြီးများ အစာစားနေပါသည်'

'အင်း...'

'စိမ်းစိမ်းသည် ကြိုးကြာငှက်များကို မြင်တော့ ကြိုးကြာသားကို စားလိုသော အာသာရှိသဖြင့် ပူဆာပါတော့ပြီ။ စောထိပ်လည်း ကိုယ့်ချစ်သူ၏ အလိုအား လိုက်ချင်သည့်သဘောကို ပြင်းပြလာသဖြင့် ကြိုးကြာဖိုကြီး တစ်ကောင်ကို ပစ်သတ်လိုက်ပြီးသော် တောတွင်း၌ မီးပွတ်နှင့် မီးကိုပြုပြီးလျှင် ကြိုးကြာသားကို ကင်ကာ ချစ်သူအား ကျွေးရပါသည်'

'အင်း... မောင်တော်ကလေး သတိပြု။ မိန်းမတို့၏ အလိုဆန္ဒကို လိုက်လျော၍ မကောင်းမှုကို ပြုသောသူဟာ အညံ့ဆုံးသော ယောကျ်ားတဲ့။ ယခု မောင်တော်ကလေးဟာ မိန်းမရဲ့အလိုကို သဘောကျအောင် ပျော်ပါးစွာ နေရှာတဲ့ ကြိုးကြာဖိုကြီးကို သတ်ပြီး ချစ်မယားကလေး... ဆိုပါတော့၊ ချစ်မယားကလေးအား ကျွေးတာဟာ မောင်တော်ကလေးရဲ့ ကိုယ်ကို မောင်တော်ကလေးပင် ဆုံးဖြတ်ပေတော့'

'မမ၊ ငစော ပြစ်မှုကို မြင်ပါပြီ'

'ကိုင်း... ဆက်ပြော'



www.burmeseclassic.com

www.burmeseclassic.com



'ထိုသို့နှင့် စောထိပ်လည်း ခမည်းတော်၏ နေပြည်တော်သို့ စိမ်းစိမ်းကို ခေါ်ဆောင်လာပါသည်'

'အင်း… မောင်တော်ကလေး မြတ်လေးကို ကိုယ်ဝန်နှင့် ထားခဲ့ပြီ။ အဲဒါဟာ ယောကျ်ားမြတ်ရဲ့ သဘောလား'

'မောင်တော်ကလေး တရား ရပါပြီ'

'မောင်တော်ကလေး စောထိပ်ရယ်၊ မမဘုရားလေ မောင်တော်ကလေးကို မုန်းချင်လာပြီ'

'မမုန်းကောင်းဘူး ယုရဲ့၊ လူဆိုတာ ကိုယ့်ပြစ်ဒဏ်ကို ကိုယ်ခံရတာပဲ၊ သာမန် အနုညာတ လူများမှာတော့ အမြဲဒဏ်ခံနေတာ များလို့ ပြစ်မှုကို ကျူးလွန်ပေမယ့် ကျရောက်တဲ့ဒဏ်ဟာ မထင်ရှားဘူး ယုရဲ့။ အလတ်တန်းစား လူများမှာတော့ အပြစ်ဒဏ်ဟာ လောင်ကျွမ်းပြီး ဆင်းရဲတွင်းကိုသာ အတင်း တိုးဝင်နေရတာသာ များပါတယ်။ အထက်တန်းစား လူများမှာတော့ အပြစ်ဒဏ်ကို ထင်ထင်ရှားရှားကြီး မလွဲနိုင်ဘဲ တွေ့ရစမြဲပါ။ မောင်ကလေး၊ ဆက်ပြီး အစ်မတော်ဘုရားကို တင်စမ်းပါဦး'

'ငစောဟာ အင်မတန်ကြီးတဲ့ အပြစ်ကြီးကို လွန်ကျူးမိလို့ ငယုတ်မာ ဖြစ်သွားပါပြီ မမဘုရား။ ငစောသည် တစ်ညအိပ်ပြီး နောက်တစ်ရက်ရောက်၍ တောအုပ်ကိုထွက်တော့ ခိုးသားများနှင့် တွေ့ပါသည်'

'အင်း… ဆက်ပြီး ပြောပါ'

'ခိုးမှူး ဗိုလ်ကြီးနှင့် စောထိပ်သည် တိုက်ခိုက်ရာ မောင်တော်၏ လက်မှ ဓားသည် လွတ်ကျသွားပါသည်။ ထိုအခါ စိမ်းစိမ်းသည် ဓားကို





ကောက်၍၊ သူခိုးလက်သို့ ဓားရိုးကိုကမ်း၍ မောင်တော်လေး၏ လက်သို့ ဓားသွားကို ကမ်းပါသည်'

'အင်း…'

'စိမ်းစိမ်းသည် မင်းသမီးဖြစ်ပါလျက် အလွန် ယုတ်မာလှပါသည်'

'ဟင်… မောင်တော်ကလေး၊ မှားကုန်ပြီ။ မှားကုန်ပြီ၊ လွဲသွားပြီ'

'မမစာရီ ရှင်းလင်းတော်မူပါ'

'စိမ်းစိမ်းသည် မယုတ်မာ၊ စိမ်းစိမ်းသည် မောင်ကလေးအား တရားပြနေတဲ့ ဓမ္မကထိကပါလား၊ စိမ်းစိမ်းကို ကျေးဇူးတင်။ ဆက်ပြော'

'သည်တော့ ခိုးမှူးကြီးက "ဟယ်မင်းသား၊ မင်းသားရဲ့အသက်ဟာ ကျေးတော်မျိုးရဲ့ လက်ထဲကို ရောက်ပြီ၊ အကျွန်ုပ်သာ ခိုးမှူးကြီးအစစ် မဟုတ်ရင် သင်မင်းသား ယခု လူ့ပြည်မှ ခွာရတော့မယ်" ဆိုတော့ မင်းသမီး စိမ်းစိမ်းသည် ပြုံးကြည်သောမျက်နှာနှင့် ဤသို့ ဆိုပါသည်။

""မောင်တော်ဘုရား၊ နှမတော် မိမိကလေးဟာ အလွန့်အလွန် မောင်တော်ဘုရားအား ချစ်တာနှင့် ဓားမှာ အရိုးသည် ဘာကိုမျှ မပြတ်နိုင်၊ အသွားသာလျှင် တိခနင်း ပြတ်သွားနိုင်တဲ့ တန်ခိုးရှိလို့ မောင်တော်ဘုရားအား အသွားကို ဆက်တာပါ ဘုရား"

'အင်း…'

'သည်တော့ ခိုးမှူးကြီးက "မင်းသား… သိပြီလား၊ စည်းစိမ်ရှင် မိန်းမဝို့ရဲ့ အချစ်ဟာ ဓားသွားတဲ့" ဟု ပြုံးကာ ဆိုပြီးနောက် သူ၏ တပည့်များအား "သန့်ရှင်းဖြူစင်တဲ့ စိတ်ထားနှင့် မင်းသမီး စိမ်းစိမ်းကို ဖမ်းတုပ်လိုက်၊ ကိုင်း… မင်းသား အညှံ့ခံစိတ်ကို ချလိုက်" ဟု ဆိုပါသည်'



www.burmeseclassic.com

www.burmeseclassic.com



'အင်း… သစ္စာရှိ၍ မြတ်သော ခိုးမှုကြီးပါကလား'

'မမစာရီ၊ အသို့ ဆိုပါသနည်း။ ခိုးမှုသည် သစ္စာရှိ၍ မြတ်ရပါသလား'

'မောင်တော်ကလေး အသို့ ဆိုပါသနည်း။ ဘုရင်မင်းမြတ် ဆိုသောကြောင့် သစ္စာရှိ၍ မြတ်ရပါသလော။ မင်းညီ၊ မင်းသား၊ မှူးမတ်၊ သေနာပတိ၊ စစ်သူကြီး၊ မှုထမ်းရာထမ်း ဆို၍ မြတ်ရပါသလော'

'မိန့်တော်မူပါ'

'အကြင်သူသည် မိမိ၏စည်းစိမ်ကို ပြန့်ပြောစေလို၏။ ဂုဏ်ကိုကြီးသည်ထက် ကြီးလို၏။ အထင်တရှား အကျော်အစော ရှိသည်ထက်ပိုမို၍ အလိုရှိ၏။ ကိလေသာ ကာမဂုဏ်တို့၌ ငမ်းငမ်းတငင် လိုက်စားလိုလား၏။ အလိုရမ္မက် ကြီး၏။ သူတစ်ပါး၏ အပေါ်၌ အပြစ်ကိုရှာ၍ အကျိုးကို မမြင်မသိဘဲ ကျေးဇူးချေပတတ်၏။ ထိုသူတို့သည် မိန်းမတို့ကိုလည်း စော်ကားတတ်သည်။ သဘာဝကိုလည်း လွန်ကျူးတတ်သည်။ ပညာရှိ သူတော်ကောင်းကိုလည်း မသိ။ ကျေးဇူးရှင်ကိုလည်း မသိ။ တရားရှိသူကိုလည်း မသိ။ ထိုသို့သောသူ မည်သူမဆို သစ္စာမရှိ၍ မြတ်သောသူတို့၏ အဆင့်အတန်း၌ မပါဝင်နိုင်ချေ'

'စောထိပ် သတိပြုမိပါပြီ မမစာရီ'

'မောင်တော်ကလေး တွေ့ခဲ့ရသော ခိုးမှုကား မောင်တော်ကလေး၏ အသက်ကို သူ့လက်တွင်းသို့ ရောက်ပါလျက် သူ ချမ်းသာပေးသည်။ သူသည် နိုင်ငံတစ်ခု၌ မင်းဟူသော ကျေးဇူးသဘောကို နားလည်သည်။ မင်းသားဟူသော တိုင်းပြည့်အရသာကောင်းကို နားလည်သည်။ သူသည် မင်းသမီး စိမ်းစိမ်းကို မည်သို့ စီမံသနည်း'





'မမစာရီ၊ ခိုးမှုကား မင်းသမီးစိမ်းစိမ်းကို သူ့လူများအား မျက်မွေးထော်လော် မော်၍မျှ မကြည့်စေဘဲ မြို့တံခါးတိုင် သူ့ခမည်းတော်၏ နေပြည်တော်သို့ သွားရောက်ပို့စေပါသည်'

'မောင်တော်ကလေး စောထိပ်၊ ခိုးမှုသည် လှပသော၊ သူဇာနွယ်တမျှသော၊ နတ်မယ်လျှသဖွယ်ဖြစ်သော မင်းသမီးကို သူ အလိုမရှိရာသလော။ မသိမ်းပိုက်လိုရာသလော။ အုပ်ထိန်းသူ အခွင့်မပြုသော မိန်းမကို သူခိုးမည်သည် စိတ်နှင့်မျှ မပြစ်မှားရာ ဆိုသည့် သစ္စာကို စောင့်ထိန်းဟန် ရှိချေသည်။ သားတိရစ္ဆာန်တို့သည် ချိုနုသော မြေစာမြက်နုကို နှစ်သက်သော်လည်း ခိုးမှုသည် အရမ်းမဲ့ လှပသောမိန်းမကို မနှစ်သက်ပေ။ ထိုမိန်းမသည် သူ့အား ယူဆောင်လာသောသူအား ဓားသွားကိုပေး၍ သူ့အား ဓားရိုးကမ်းသည်ကို သူ ရုတ်တရက်အားဖြင့် ထိုမိန်းမ၏ သဘောကို နားလည်သည်။ မိဘစကား၊ အုပ်ထိန်းသူတို့၏ စကားကို နားမထောင်သော မိန်းမမည်သည် စိတ်လိုက်ကိုယ်ကိုး ပြုတတ်ကြောင်းနှင့် သူတစ်ပါးကို ဂရုမစိုက်သော မိန်းမမည်သည် ရမ်းကားတတ်ကြောင်း၊ ၎င်းတို့သည် သတိသံဝေဂ မရသမျှ ကာလပတ်လုံး လောက၏ အဆိပ်သာလျှင် ဖြစ်ကြောင်းတို့ကို သူ သိသည်။ သူသည် ထိုမင်းသမီးကို လောကမှ ဖယ်ရှားလိုသည်။ သို့ရာတွင် မင်းသမီးကြောင့် သူခိုး၏သစ္စာကို စောင့်ထိန်းလိုက်ရပုံ ရှိသည်။ ထိုသူခိုးသည် သစ္စာမရှိရာသလော'

စောထိပ်သည် တွေ၍ နေ၏။

'မောင်တော်ကလေး စောထိပ်၊ ထိုခိုးမှုကား နိုင်ငံတော်၌ ရွှေငွေရတနာများကို သူတစ်ပါးအား တရားသဖြင့် သုံးစားခွင့် မပြုစေဘဲ ဖော်တိုရာရောက်သော သဘောနှင့် သိုလှောင်ကာထား၍ စည်းစိမ်ယစ်နေသော



www.burmeseclassic.com

www.burmeseclassic.com



သူတို့မှ ခိုးယူလုယက်ကာ တိုင်းပြည်အား ရွှေငွေများကို သက်ဆိုင်ရာ အလုပ်သမားများ၏ လက်သို့ ပျံ့နှံ့စေဟန်ကား သူ့အမှုအကျင့်ကို ထောက်ချင့်၍ သိသာစရာ ဖြစ်ခြင်းကြောင့် သူမြတ်တစ်ယောက်ဟု ယူဆသင့်သည်။ ထိုခိုးမှုုသည် စစ်သူကြီး ဖြစ်ထိုက်သည်။ ကိုင်း… မောင်တော်ကလေး၊ ဖြစ်ကြောင်းကုန်စင်ကို ဆက်ပြီး အစ်မတော်ဘုရား ထံ သံတော်ဦးတင်ဦး'

'မမဘုရား၊ ခိုးမှုုကား အံ့ဩဖွယ်ရာသောသူ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် "မင်းသားသည် မင်းသားဖြစ်ခြင်းကြောင့် မင်းသမီးကို ခိုးယူလာသည်မှာ လောကမှာ မကြုံစဖူးသော ပြစ်မှုကြီးကို ကျူးလွန်ရာ ရောက်သည်။ အဘယ်ကြောင့်ဆိုသော် မင်းသားသည် ရှင်ဘုရင်ဖြစ်ခဲ့သော် အခြားဘုရင်၏ မိဖုရားကို သွားရောက်၍ခိုးမည်လော၊ သူခိုးဘုရင်သည် တိုင်းပြည်ကို မည်ကဲ့သို့ အေးချမ်းသာယာစေနိုင်မည်နည်း။ အရက်သမားဘုရင်သည် တိုင်းပြည်ကို အမြဲ ခြောက်ခန်းစေခြင်းဖြင့် လည်းကောင်း ဖြစ်စေဘိသကဲ့သို့ သူခိုးဘုရင်သည် တိုင်းပြည်ကို အမြဲ ဖျက်နေသကဲ့သို့ ရှိရမည်။ အသင်သည် မင်းသားဖြစ်ပါလျက် ငွေ၀ယ် ကျွန်များ ပြုကျင့်သော အကျင့်မျိုးကို ပြုကျင့်မိပြီဖြစ်၍ ထိုအကျင့်၏ အကျိုးကို သင် ရသင့် ထိုက်သင့်စေထိုက်သည်" ဟု ခိုးမှုုကား ဤသို့ သော စကားကို ဆိုလေတော့သည်။

'အင်း… မောင်တော်ကလေး စောထိပ်၊ လောကနီတိ သဘောကို ၀င်လာပြီလား'

'၀င်မိပါပြီ'

'ကိုင်း… ဆက်တင်'





'ထိုသို့နှင့် ခိုးမှုုသည် စောထိပ်ကို ဖမ်းဆီးခေါ်ဆောင်သွား၍ နွား၀န်တင် ကုန်သည်ကြီးထံ၌ ရောင်းချပါသည် မမဘုရား'

'မောင်တော်ကလေး၊ သတိရပြီလား'

'မမဘုရား၊ စောထိပ်သည် ပြစ်မှုများကို ကျူးလွန်မိခဲ့ကြောင်းပါ ဘုရား'

'မောင်တော်ကလေး စောထိပ်၊ ဖြစ်ခဲ့သမျှသော အကြောင်းတို့သည် မောင်တော်ကလေး၌ ပြစ်မှုကျူးလွန်ခြင်းနှင့် အပြစ်ရှိသည်ဟု မအောက်မေ့နှင့်။ ရေမြေကို အစိုးရသော ဘုရင်မင်းမြတ် ဖြစ်နိုင်ရန် နီတိအတတ်ကို တက္ကသိုလ်က မတတ်ခဲ့သေး၍ သင်ကြားရခြင်းမျှသာ ဟု အောက်မေ့လေလော့'

*

အိမ်ရှေ့မင်းသားကြီး သုစိတ္တကား ယောက်ဖတော် စောထိပ်မောင်ကို ပန်းတွဲရွှေပြည်တော်သာသို့ အိမ်ရှေ့မိဖုရား၏ ပြည်တော်ပါ လက်စွဲတော် ဓေယျနှင့် အောင်ကျော်တို့အား လိုက်၍ ပို့စေတော်မူ၏။

စောထိပ်မောင်သည် ထိုသို့နှင့် ပြည်တော်သို့ ရောက်လာရာ မြို့တော်အ၀င် တံခါးမ၌ စောင့်နေသော အစောင့်အကြပ်များနှင့် တွေ့နေ၍ ဤသို့ ပြောဆိုနေကြလေသည်။

'အလို… မောင်ဓေယျ၊ ဘာကိစ္စများ ပြန်လာကြသလဲ၊ အလည်အပတ်လား၊ ထိပ်ထားသခင်မကလေး ကျန်းခန့်သာ၍ မာရဲ့လားကွယ်'

'အေး… မာတယ်ကွယ်၊ တို့ကိုယ်တော်ကလေးကို လိုက်ပို့လာတာကွယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ... ဘယ်က ကိုယ်တော်ကလေးလဲ၊ ဘယ်မလဲ'

'ဟို... မြို့တော်ဝင်ဇရပ်မှာ အောင်ကျော်နှင့် ကိုယ်တော်ကလေး စောထိပ်မောင် ကျန်နေခဲ့တယ်'

'ဒါဖြင့် မင်းတို့ ပြန်သွား၊ မြို့တွင်းကိုပင် မဝင်နှင့်။ တို့မှာ ကိုယ်တော်ကလေး စောထိပ်မောင် မရှိတော့ဘူး။ ကိုယ်တော်ကလေး စောထိပ်မောင်ဟာ မင်းသားတို့ ကျင့်ရာ၊ ဆောင်ရာ ဝတ္တရားကို မကျင့် မဆောင်ဘဲ ပျက်ကွက်လို့ ဘုန်းတော်ကြီးဘုရားက အမိန့်တော်ချမှတ်ပြီး နှင်ထားပြီ။ မြို့တွင်းသို့ မဝင်စေရဘူးတဲ့ကွ၊ အမိန့်တော် ချထားတယ်'

'ဟ... မင်းတို့ တံခါးမှူးတွေ တစ်ခုပါကွယ်။ ငါ့ကို ဟောက်မနေစမ်းပါနှင့်'

'ဟ... ဧယျရဲ့၊ ငါက ဟောက်တာ မဟုတ်ဘူးကွ၊ အမိန့်တော် ချမှတ်ထားတာ'

'အမိန့်တော်ဟာ အမိန့်တော်ပါကွယ်၊ မင်းတို့ တစ်ခုပါ'

'ဧယျ၊ ဘုရင်မင်းမြတ်ရဲ့ သဘောတော်ကိုလည်း မင်း အသိသား။ တို့ဘုရင်မင်းမြတ်ဟာ လက်ဖဝါးလို မှောက်ချည်လှန်ချည် မဟုတ်၊ ခြေဖဝါးကဲ့သို့ တစ်သားတည်းကွ။ ငါက မင်းတို့ကို မလွှယ်က ကြိတ်ပြီး ဝင်ခွင့်ပေးလိုက်လို့ မင်းတို့ မြို့တွင်း ရောက်ပြီ ထား။ မုချ အဖမ်းခံရပြီး မင်းတို့နှစ်ကောင်တောင် တန်းကိုရောက်မယ် သိရဲ့လား'

'ခက်တယ်ကွာ'

'မခက်နှင့်လေ၊ အမိန့်တော်ဟာ အမိန့်တော်ကွ'

'ငါတို့တော့ကော'





'မင်းတို့ နှစ်ယောက်ကတော့ အပြစ်မှ မရှိဘဲ ဝင်ထွက်သွားလာပေါ့'

'ကိုင်း... ငါ့လူ၊ ကိုယ်တော်ကလေး မြို့တွင်းသို့ မဝင်ရရင်လည်း အပြင်ဇရပ်မှာပဲ ထားရမှာပေါ့။ ဒါပေမဲ့ တို့အား ငွေကလေး ဘာကလေး ရှာပေးဦးကွယ်'

'ဟ... မင်းတို့ကို အစ်မတော်ဘုရားက လမ်းစရိတ်မှ လောက်အောင် မပေးလိုက်ဘူးလား'

'ပေးလိုက်တာမှ ပိုပိုမိုမိုပေါ့။ ဒါပေမဲ့ အောင်ကျော်ဆိုတဲ့ အကောင်က အတော် မိုက်တဲ့အကောင်၊ မင်းသားနှင့် လိုက်ပါလာရတယ် ဆိုပြီး အရမ်းသုံး။ နက်ဖြန် နေပြည်တော်ရောက်မယ် ဆိုကာ မင်းသားရဲ့ လူ ရယ်လို့ပေါ့၊ တွေ့သမျှ ရက်ရောလာလို့ ချောတာပေါ့ကွယ်'

'အေး... အေး'

*

ဧယျကား မင်းသားထံ အကြောင်းကို ပြန်ကြားလျှောက်ထားပြီးသော် အောင်ကျော်အား ငွေချေးငှား ပေးခဲ့ပြီးလျှင်၊ မြို့တွင်းသို့ ဝင်ရရန် လာပြီးလျှင် တံခါးမှူးနှင့် ဤသို့ တိုင်ပင်လေ၏။

'ကွ... ငါ မြို့တွင်းသို့ ဝင်ပြီ ထားကွယ်။ ဘယ်ကို သွားရမလဲ၊ နန်းရင်းဝန်ကြီး ဘိုးဘိုးထံ သွားရမလား'

'နေဦး... နေဦး... နေဦး ငါပြောမယ်။ ကိုယ်တော်ကလေးရဲ့ ကြင်ရာတော်၊ သားတော်ကလေးနှင့် ချစ်မွှယ်နှင့် ချစ်စရာက ဘုရင်မင်းမြတ်ထံ ပင့်ချီလာလို့ ယခု အိမ်တော်နှင့် ထားတယ်။ ဘုရင်မင်းမြတ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် တော်ဖုရားကြီးကလည်း မြေးတော်ကလေးကို ချစ်လို့။ တော်ဖုရားကြီးရဲ့ ရင်ခွင်ထဲက မြေးတော်ကလေးဟာ မဆင်းရသလောက်ပဲ။ အဲသည်တော့ ကိုယ်တော်ကလေးရဲ့ ကြင်ရာတော်ထံသို့သာ မင်း ဦးတိုက်သွားပြီးတော့ လျှောက်။ ဒါကိုသာ ငါ အကြံပေးတတ်တယ်'

'အေး... ကျေးဇူးကွာ'

'ဟော့... ငါ့ငွေတော့ မဆုံးစေနှင့်ကွာ'

'နှစ်ဆပါကွာ'

'အလကား ပြောတာပါ'

ထိုသို့နှင့် ဇေယျသည် မင်းသမီးအဖြစ်နှင့် မြှောက်စားထားသော မြတ်လေး၏ ဝင်းတော်နား၌ လူရိပ်လူခြည်ကို ကြည့်လျက် ယောင်ပေယောင်ပေနှင့် နေရာ အပျိုတော်တစ်ယောက်သည် ဝင်းပေါက်၌လာကာ ရပ်လေ၍ ဇေယျလည်း 'အစ်မရယ်' ဟု စကားစလိုက်လျှင်ပင် ထိုအပျိုတော်သည် ကျောခိုင်း၍ ဝင်သွားလေ၏။

ဇေယျလည်း "ဟင်း... ခက်သကွာ၊ လူတစ်ယောက်ရဲ့ မကောင်းမှုဟာ တွေ့သမျှကို ကူးစက်သွားပါကလား" ဟု အောက်မေ့ကာ အကဲကို ခတ်နေစဉ်တွင် ချစ်ဖွယ်သည် ဝင်းပေါက်ဝသို့ ရောက်လာ၍ 'ဟော့... ချစ်ဖွယ်ကြီး' ဟု လှမ်းခေါ်လေ၏။

'ဟာ... ကိုဇေယျပါလား၊ လာဗျာ... ဘာကိစ္စ'

'ငါ မင်းတို့ရဲ့ သခင်မထံ ဝင်ချင်လို့'

'နေဦးဗျ၊ ခင်ဗျ...'

'ကိုယ်တော်ကလေး ပါလာတယ်'

'နေစမ်းပါဦး၊ ဘုန်းတော်ကြီးဘုရားက ခုထက်ထိ အမျက်တော်





မကျေသေးဘူး၊ မင်းတို့ကများ ခေါ်လာတယ် ဆိုရင်ကွယ် မင်းတို့ တန်းထဲသို့ ရောက်ရမယ် အစစ်'

'အေး... ငါ သခင်မထံ ဝင်ပြီး ဒါကို လျှောက်ချင်လို့'

'ခု ဘယ်မလဲ'

'မြို့ပြင်ဇရပ်မှာ'

'သူငယ်ချင်း၊ ဒါတော့ မဖြစ်ဘူး ထင်တယ်ကွာ'

'ခက်နေပါပြီ'

'ငါပြောမယ်... နားထောင်ဦး၊ သခင်မဟာ သဘောထား မြင့်မြတ်တာတော့ အစစ်ပဲ။ ဟိုတုန်းကတော့ တောသူမကလေးပေါ့ကွယ်။ ခုတော့ မင်းသားနှင့် တွေ့ပြီး ရွှေတုံးရွှေခဲ မင်းသွေးကလေးပါ ပါလာတော့ ဘုရင်မင်းမြတ်က သဒ္ဒါတော်လွန်ပြီး သမီးတော် အဖြစ်နှင့် ချီးမြှင့်မြှောက်စားထားတယ်'

'အင်း...'

'အဲသည်တော့ မင်းက ငါ့လို တက္ကသိုလ်ကို ရောက်ဖူးတာ မဟုတ်ဘူး'

'အောင်မယ်၊ မင်းက တက္ကသိုလ်ရောင် သိပ်ပြောင်နေတာလား။ လစ္စိ... ယောက်မ တစ်ချောင်းကို ဖြစ်အောင် မခုတ်တတ်ဘဲနှင့်'

'မင်း နားထောင်၊ အတိုက်အခံစကား မပြောနှင့်၊ ငါက သျှတ္တရ သဘောအရ ပြောပြမယ်'

'မင်း ပြောမှာ ပြောတာ မဟုတ်ဘူး၊ သျှတ္တရတွေ ဘာတွေနှင့်'

'နားထောင်၊ မိန်းမဆိုတာ လင်ရေးနှင့် ပတ်သက်လာရင် သိပ် ဒေါသကြီးတယ်၊ သိလား။ မိုးမမြင် လေမမြင် ဖြစ်တတ်တယ်။ နွားမ



www.burmeseclassic.com

www.burmeseclassic.com



တောင်ကွယ် ဓမ္မတာ သဘာဝအလျောက် သားတောင်းလို့ လင်လိုချင်လာရင် နေ့စဉ် နို့ညှစ်နေတဲ့ သခင်ကိုတောင် ဖေ့တတ်တယ်ကွ'

'ဘာဆိုင်သလဲ'

'အေး… ဒါကြောင့် ပြောတာ၊ မင်း တက္ကသိုလ် မရောက်ဖူးတော့ သိပ် အ တာပဲ'

'လာပြန်ပြီ၊ သည်အကောင် အတော့်ကို တက္ကသိုလ်ရူး ရူးနေပါတယ်၊ ဘယ်နေ့များ…'

'နားထောင်၊ ကိုယ်တော်ကလေး ကြွလာပါတယ် ဘုရားလို့ လျှောက်ထားလိုက်ရင် "ဟင်… ငါ့ကို စိမ်းကားရက်စက်ပြီး သားတော်ကလေး တစ်ယောက်နှင့် ပစ်ထားခဲ့တယ်။ မကြားချင်ဘူး၊ မမြင်ချင်ဘူး" ဆိုခဲ့ရင် သက်သက် မင်းတို့ပါ ဒုက္ခရောက်ကုန်မယ်'

'ဟ… ဓားပိုင်များ ဖြစ်နေသလား'

'ဓားပိုင် မောင်ရေ့၊ ဓားပိုင်၊ ဓားမှ ရွှေဓားကွ။ နားလည်သလား'

'ကိုင်းကွယ်၊ ငါ သနားလာအောင် လျှောက်ထားပါ့မယ်'

'လာ… လာ… လာ'

'ဘာလဲ ကိုချစ်ဖွယ်'

'ဟောသည်မှာ လျှောက်တင်စရာ ရှိလို့ပါ တဲ့'

'အမိန့်တော်ရှိပါ အစ်ကို'

'ကိုယ်တော်ကလေး စောထိပ်…'

'တိတ်… မောင်မင်း၊ ကိုချစ်ဖွယ် ခေါ်သွားတော့'

'ကျွန်တော်မျိုး ထိပ်ထားရဲ့ ခြေတော်စုံကို ဦးခိုက်ပြီး လျှောက်ထားခွင့်ကို သနားတော်မူပါဦး ဘုရား'





'ဘာလဲ'

'ထိပ်ထား၊ ကိုယ်တော်ကလေး ရွှေပြည်သာကို ရောက်လာလို့ ခုမြို့ပြင်ဇရပ်မှာ'

'ဩော်… မုစုမင်းသမီး စိမ်းစိမ်းနှင့် ခု ဇရပ်မှာ စံတော်မူနေတယ် ဆိုပါတော့'

'မဟုတ်ကြောင်းပါ ဘုရား'

'ဘာကိုလာပြီး လိမ်သလဲ။ စိမ်းစိမ်းကို ကျောင်းတော်ကတည်းက စပြီး သဒ္ဒါလို့၊ သထာလို့၊ ဘယ်သူ့ကိုမှ မပြော၊ အိမ်က မြင်းနီချိပ်ကြီးကို ယူ၊ စိမ်းစိမ်းထံ သွားကာ…'

'ထိပ်ထားသခင်မ၊ အထင်တော် လွဲကြောင်းပါ ဘုရား'

'လွဲပေါင်၊ ကိုချစ်ဖွယ် ပြောပြလိုက်စမ်းပါ'

'မင်းက မှန်တာကို ပြောကွယ့်၊ မင်း ခု ရာဇဝတ်တော်ကို ကျူးလွန်လာတာ'

'ထိပ်ထားသခင်မ ယုံတော်မမူပါရင် ထိပ်ထားရဲ့ ကျွန်ယုံတော် ကိုချစ်ဖွယ်နှင့် ကိုချစ်စရာကို လိုက်ပြီး ကြည့်ပါစေ ဘုရား၊ မင်းသမီး စိမ်းစိမ်း ပါလာတယ်ဆိုက ထိပ်ထားရဲ့ဓားနှင့် အသေခံဝံ့ကြောင်းပါ ဘုရား'

'ကိုယ်တော် တစ်ကိုယ်တည်းပေါ့'

'မှန်လှပါ'

'စိမ်းစိမ်းကို ဘယ်မှာ ထားခဲ့သလဲ'

'ကျွန်တော်မျိုးကြီး လျှောက်ထားပါရစေ ဘုရား'

'ပြောပါ၊ ပြောပါ'



www.burmeseclassic.com

www.burmeseclassic.com



[မြတ်လေး ဘုရင်မင်းမြတ်ထံမှာ လျှောက်တင်ပုံနှင့် ထိုအကြောင်း အတောအတွင်း စကားတို့ကို ဝတ္ထုလေးမည်ကြောင့် ခြွင်းခဲ့ပါအံ့။]

*

ပန်းတွဲရွှေပြည် ဘုရင်မင်းမြတ်သည် ဤသို့ အမေးတော်ရေး၍ သက်သာပြည့်ရှင် ဘုရင်မင်းမြတ်ထံ သံတမန်များကို လွှတ်လေ၏။

"ခမည်းတော် မယ်တော်တို့၏ အသရေ၊ မင်းမျိုးမင်းသားဟူသော အသရေတို့ကို မငဲ့ကွက်ဘဲ သာမန်ကျေးကျွန်များ၏ အမှုအကျင့်ကို ကျင့်သဖြင့် နိုင်ငံတော်မှ အပ နှင်ထုတ်ထားသော သားတော်ကို ပြန်၍ လက်ခံရန် သင့် မသင့်..."

ပန်းတွဲပြည်မှ သံတမန်များသည် သက်သာပြည်သို့ ရောက်၍ ပန်းတွဲဘုရင်မင်းမြတ်၏ အမေးတော် သဝဏ်လွှာများကို ဆက်သသဖြင့် ပညာရှိ လေးဦးတို့ထံ၌ ချလေရာ ပညာရှိ လေးဦးတို့ကား လက်မခံသင့်ကြောင်းနှင့် တညီတည်း လျှောက်တင်ကြလေ၏။

ထိုသို့သော သဘောကို ယုဇနဒေဝီ အိမ်ရှေ့မိဖုရားသည် သိရလတ်သော် မောင်တော်ကလေးအတွက် မကြည်သာ၍ မင်းကြီးထံသို့ ကိုယ်တော်တိုင် ဝင်ပြီးသော် အတိုင်းတိုင်း အပြည်ပြည်ကပင် ကျော်ကြားနေသော ပညာရှိအကျော် ကဝိမော် မနုစာရီထံ တင်ပြသင့်ကြောင်းကို လျှောက်တင်သဖြင့် ထိုသဝဏ်လွှာ အမေးတော်ကို မနုစာရီထံသို့ တင်ပြကာ အဆုံးအဖြတ် ခံရလေ၏။

မနုစာရီကား တစ်နေ့သော ညီလာခံ၌ ပညာရှိ လေးဦးနှင့်တကွ မှူးမတ်ပေါင်း စုံညီရှေ့တွင် ထိုအမေးတော်ကို ဤသို့ ဆုံးဖြတ်လေ၏။





နားခံတော်များသည်လည်း ပုရပိုက်နှင့် လိုက်ကာ ရေးမှတ်ကြရလေ၏။

'လူများ လောက၌ အချို့သော သူတို့သည် ဤအမှုကိုပြုသော် ဤသို့သောအပြစ် ရှိသည်ဟု သိသည်။ သိလျက်နှင့် လောဘ၊ ဒေါသ၊ မာနကြောင့် တမင်ဖွတ်တိုး၍ ပြု၏။ ထိုသို့ ပြုသောကြောင့် ထိုလူမျိုးသည် လူယုတ်ဖြစ်၏။ ၎င်းကို ယဉ်ကျေးသော စကားဖြင့် လူမိုက်ဟု ဆိုကြ၏။ ထိုအဆိုအရ ရူးသောသူမှာ ဆေးရှိ၏။ မိုက်သောသူမှာ ဆေးမရှိဟု ပညာရှိတို့ ဆိုကုန်၏။

'အချို့သော သူတို့မှာ ဤအမှုကိုပြုသော် ဤကဲ့သို့ ဖြစ်ပျက် တွေ့ကြုံရတတ်သည်ဟု မသိ။ မသိသဖြင့် သဘာဝ သဘောအလျောက် ပြုကျင့်မိသဖြင့် မှန်ကန်လျှင်လည်း မှန်တတ်၏။ မှားတန်လျှင်လည်း မှားတတ်၏။ ထိုမှားသော သူတို့ကို ပြစ်မှုတစ်ခု၌ ကျူးလွန်လေပြီ ဟု ယူဆသော် သနားစရာသော မသိသူကို နှိပ်စက်ရာ ရောက်ချေသည်။

'သို့လင့်ကစား ထိုသူမျိုးကို ခွင့်လွှတ်ကာ ချီးမြှင့် မြှောက်စားရာသလား။

'အစစ်သဘောအားဖြင့်ကား ထိုသူမျိုးသည် လောက၌ မိမိတို့၏ သွားရာလမ်းနှင့် ရောက်ရန် ပန်းတိုင်အတွက် လေ့ကျင့်ခန်း ယူနေခြင်း ဖြစ်သည်ကိုလည်း သတိပြုရာသည်။

'အကြင်သူ တစ်ယောက်သည် မှားယွင်း၍ အပြစ်ရှိသော အမှုတစ်ခုကို ပြုမိလေသည်။ ထိုသူသည် မိမိပြုသော အပြုအမှုသည် မှားယွင်း၍ အပြစ်ရှိသည်ဟု သိ၏။ သိသော်လည်း နောင်တ တရားကို ၎င်းသည် မရ။ မရသဖြင့် ထပ်မံကျူးလွန်မည် ဖြစ်၏။ ထို့ကြောင့် ထိုသူမျိုး၌



www.burmeseclassic.com

www.burmeseclassic.com



ခံစေသင့်သော အပြစ်ဒဏ်မှ ချမ်းသာခွင့်ပြုစေသော် လောင်နေသော မီးကို လောင်စာထည့်ပေးသကဲ့သို့ ဖြစ်ရာသည်။

'အကြင်သူသည် မှားယွင်း၍ အပြစ်ရှိသော အမှုတစ်ခုကို ပြုမိလေသည်။ ထိုသူသည် မိမိပြုသော အပြုအမူသည် မှားယွင်း၍ အပြစ်ရှိသည်ဟူ၍ မသိ။ ထိုသို့ မသိသည်အတိုင်း ထပ်၍ထပ်၍ ထိုပြစ်မှုမျိုးကို ထပ်မံကျူးလွန်ပေဦးလေမည်။ ထိုကျူးလွန်သော သူအား ထိုပြစ်ဒဏ်မှ ချမ်းသာပေးခဲ့သည် ရှိသော် အဆိပ်တန်သော မြွေဆိုးကို မွေးမြူထားသကဲ့သို့ ရှိပေလိမ့်မည်။

'အကြင်သူသည် မှားယွင်း၍ အပြစ်ရှိသော အမှုတစ်ခုကို မသိ၍ဖြစ်စေ၊ သိ၍ဖြစ်စေ ကျူးလွန်ပြုလုပ်မိ၏။ ထိုသို့ ပြုလုပ်မိသည်ကို မှားသည်ဟု ဝန်ခံပြီးသော် နောင်တ တရားရလျက် နောက်ထပ် မကျူးလွန်မိအောင် စောင့်ထိန်း၏။ ထိုသူသည် ပြစ်မှုကို ကျူးလွန်ခြင်းအစစ်မဟုတ်။ လောကသဘာဝကို လေ့ကျင့်ပြီးသော် မည်ကဲ့သို့ ဖြစ်တတ်သည်ဟု လည်းကောင်း၊ မည်ကဲ့သို့ အကျိုးအပြစ် ရှိသည်ဟု လည်းကောင်း သိရလေအောင် ပညာသင်ကြားခြင်းတစ်မျိုး ဖြစ်ချေသည်။

'ကျမ်းစာတစ်ခု၌ အဖကို သတ်မိသောသူသည် မှားသည်ဟုသိ၍ သိသဖြင့် ထိတ်လန့်၏။ ထိုသူသည် အပါယ်သို့ ကျသော်လည်း အပါယ်က လွတ်သောအခါ ထိုထိတ်လန့်ခြင်းဖြင့် တရားကို ဆောက်တည်မှုကြောင့် ရှင်ပစ္စေကဗုဒ္ဓါပင် ဖြစ်နိုင်သေး၏။ မြတ်စွာဘုရားကို ကျူးလွန်မိသော သူသည်လည်း မှားသည်ဟု နောင်တတရား ရပြီးသော် ကောင်းသော အကျင့်ကို ကျင့်ခဲ့ပါလျှင် အပါယ်က လွတ်လာပြီးနောက် ရှင်ပစ္စေကဗုဒ္ဓါပင် ဖြစ်နိုင်ပေသေးသည်။





'ထိုသို့သော ရသေ့သူတော်မြတ်တို့၏ ကျမ်းစကားကို ထောက်ချင့်၍ အကြင်သူသည် ခမည်းတော် မယ်တော်တို့၏ အသရေ၊ မင်းသားဟူသော အသရေတို့ကို မငဲ့ကွက်ဘဲ ပြုကျင့်သောအမှုကြောင့် ပြည်မှနှင်ထုတ်ထားသော သားတော်ကို ပြန်၍လက်ခံရန် သင့် မသင့်မှာ ထိုသားတော်သည် မိမိ မှားယွင်းသော အမှုကို ပြုမိသည်ဟု ဝန်ခံခြင်း၊ နောင်တတရား ရ၍ နောင်ပြစ်မှု မကျူးမလွန်ရအောင် စောင့်ထိန်းခြင်း ရှိခဲ့ချေသော် ထိုသားတော်ကို ပြည်မှ နှင်ထုတ်ခြင်းဒဏ်ကို ပြုထားခဲ့သော်လည်း ထိုဒဏ်ကို ပြန်၍ ရုပ်သိမ်းသင့်ပါကြောင်း။ ဤကား ပညာရှိ သူတော်ကောင်းတို့၏ သဘာဝပေတည်း။ ဤအဖြစ်အပျက်သည် ထိုမင်းသား၏ ဘဝ၌ တင့်တယ်ရန် မွန်မြတ်သော သာဓက ပေတည်း'

ထိုကဲ့သို့လျှင် မနုစာရီ ရှင်းလင်းကာ ပန်းတွဲဘုရင်မင်းမြတ်၏ အမေးတော်ကို အကွက်ကျကျ ဖြေဆိုပေးလိုက်သဖြင့် ဘုရင်မင်းမြတ်သည် သားတော်၌ အမျက်ပြေငြိမ်းပြီးသော် မြတ်လေးနှင့် သားတော်ကို စုလျားရစ်ပတ် လက်ထပ်လျက် အိမ်ရှေ့အရာကို အပ်နှင်းလေ၏။

*

## နိုင်ငံတော့်အင်အား

သက်သာပြည်သည် ပြည်သိမ်ပြည်ငယ် အဖြစ်နှင့် လူဦးရေ အလွန်နည်းပါးလျက် ရှိ၏။ ဘုရင်မင်းမြတ်သည်ကား ပညာရှိ တရားရှင်ကို အလွန် နှစ်လိုချစ်ခင်၏။ ထိုပြည်သိမ်ပြည်ငယ်၌ သားတော်သုမိတ္တသည် နောက်လိုက်ဗိုလ်ပါတို့နှင့် ထွက်သွားပြီးသော် ပုန်ကန်ထောင်ထားရန် ကြံစည်သော်လည်း စာရီ၏ မြင့်မြတ်သော အစီအရင်ဖြင့် ညီတော်၊



www.burmeseclassic.com

www.burmeseclassic.com



နောင်တော် ချစ်ခင်ကြပြီးသော် တိုင်းပြည်ကို တညီတညွတ်ဖြစ်စေ၍ စာရီ အကြံပေးအတိုင်း ညီနောင်နှစ်ပါးသည် ခမည်းတော်ကိုယ်စား ဆောင်ရွက်သဖြင့် နိုင်ငံတော်သည် တစ်နှစ်ထက်တစ်နှစ် စည်ပင်သာယာ ဝပြောလာ၍ ယခုအခါ၌ ညမရှိသကဲ့သို့ပင် ကူးလူးဆက်ဆံ သွားလာလျက် ရှိကြကုန်၏။

ထိုသက်သာပြည်ကို ဗန္ဓဝပြည်ကြီးနှင့် သောက္ကတဲပြည်ကြီးသည် စားရေးရိက္ခာ၊ ရွှေငွေသတ္တု စသည်တို့ အလွန်ပေါများ ကြွယ်ဝသဖြင့် သိမ်းယူနိုင်ရန် အတွင်းကျိတ် ကျိတ်ကာ ကြံစည်နေကြပုံ ပေါ်လေ၏။

ထိုသို့သောအကြံကို စာရီသည် ရိပ်မိသည်ဖြစ်၍ မင်းသားညီနောင်ကို အထူး လိမ္မာစေပြီးသော် ညီတော်အား စစ်ရေးစစ်ရာ၌ အထူး တောင့်တင်းရန် စီမံအားထုတ် လုပ်ကိုင်စေ၍၊ နောင်တော်အား တိုင်းပြည်ရေးရာ၌ မလစ်ဟင်းရအောင် စီမံခန့်ခွဲ အုပ်ချုပ်စေလေ၏။

စာရီ ကိုယ်တိုင်ပင် နက်နဲသိမ်မွေ့သော အနုပညာ၌ ကောင်းစွာ ပါရဂူမြောက် တတ်ကျွမ်းသော်လည်း နွားများနှင့် လည်းကောင်း၊ တောတိရစ္ဆာန်တို့နှင့် လည်းကောင်း တောထဲမှာ ကြီးရသောကြောင့် ကိုယ်လက် အမူအရာသည် ခပ်ကြမ်းကြမ်းကလေး ရှိပုံပေါ်၏။

မိန်းမ အရွယ်ရှိတိုင်းလောက်ပင် အားလပ်သောအချိန်၌ ကိုယ်လက်လှုပ်ရှား ကစားမှုကို စာရီသည် များစွာ အားပေးစေ၏။ အရွယ်ရောက်သောလူတိုင်း စစ်အတတ်ကို တတ်မှသာ လူဦးရေများပြားသော နိုင်ငံခြားများ၏ ခလုတ်တိုက်မှုကို ဟန့်တားနိုင်သတတ် ဟုလည်း ထင်သည်ပြင် စာရီသည် တစ်မျိုးသားလုံး တစုတစည်းတည်း ရှိမှသာ၊ တိုင်းပြည်သည်





ဘုရင်မင်းမြတ်နှင့် ဘုရင်မင်းမြတ်၏ အစိုးရကို ချစ်ခင်ရိုသေ လေးစားမှသာ အင်အားပြည့်တင်းသော နိုင်ငံကြီး ဖြစ်လာနိုင်မည်ဟု ထင်မြင်၏။

လူဦးရေ နည်းပါးသော ဤပြည်ငယ်ကလေး၌ အကွဲကွဲ အပြားပြား ဂိုဏ်းဂဏတို့ဖြင့် ဖြစ်နေခဲ့သော် မကြာမီ နိုင်ငံတစ်ပါး၏ ကျေးကျွန်သော် လည်းကောင်း ဖြစ်သတတ်ဟု စာရီသည် ထင်မြင်သည်အားလျော်စွာ တိုင်းသူပြည်သားများအား အထူး စည်းလုံးညီညွတ်စေ၏။

စာရီနှင့် ယုဇနဒေဝီသည်မြို့ငယ်အရံကလေးများ၊ ကျေးရွာရပ်ကွက်ကလေးများ တို့သို့ပင် လှည့်လည်၍ တိုင်းသူပြည်သားတို့နှင့် ရောဝင်နှီးရင်းကာ ပေါင်းသင်းဆက်ဆံ၏။ ကျေးရွာရပ်ကွက် လူကြီးများနှင့်လည်း တတ်နိုင်သရွေ့ ဆက်ဆံနှီးရင်းခြင်းပြုလျက် ထိုလူကြီးများ၏ တရားသဖြင့် တောင်းယူသော အရေးကိုပေး၍ တရားသဖြင့် ပေးသော အကြံကို လက်ခံ၏။ ထိုမိန်းမစွမ်းကောင်း နှစ်ဦးသည် မည်မျှလောက် တိုင်းသူပြည်သားများနှင့် ရောနှော ဆက်ဆံသနည်းဆိုသော် ကျေးရွာကလေး တစ်ရွာ၌ ယုဇနဒေဝီမှာ သားတော်ကလေး တစ်ပါးကို လှည့်လည်ရင်း ဖွားမြင်သဖြင့် "ရွာမောင်" ဟု ကင်ပွန်းတပ်ရ၏။

စာရီသည် လူထုအား အလုပ်သည် လောကရေးအတွက်၊ တိုင်းပြည် လူထုအတွက် ဖြစ်စေ၍ ကိုယ်သည် တိုင်းပြည့်အတွက် ဖြစ်စေခြင်းဖြင့် တိုင်းပြည်သည် ကိုယ့်အတွက် မဖြစ်ပါစေနှင့်ဟု သာယာချိုအေးသော စကားနှင့် နားသွင်းစေ၏။ ၎င်း၏ ကိုယ်တိုင်လည်း ဇိမ်သဘောကို စက်ဆုပ်လျက် အလွန်နိမ့်ချသဖြင့် ၎င်း၏အိပ်ခန်းမှာ ဝါးခင်း ညောင်စောင်းကလေးမျှသာ ဖြစ်လျက် ကျူဖျာကိုခင်းကာ အိပ်စက်၏။

တစ်ရံသော် မိဖုရားခေါင်ကြီးကိုယ်တိုင် ပညာရှိလေးဦး ကုန်ချော



www.burmeseclassic.com

www.burmeseclassic.com



စကားကြောင့် စာရီ့အိမ်တော်သို့ သွားရောက်ကာ ကြည့်တော်မူရာ အိမ်တော်ဝင်းသို့ ဝင်ရောက်မိလျှင်ပင် ရက်ကန်းရှယ်နေသော အပျိုတော်နှစ်ယောက်ကို တွေ့မြင်ရ၏။ စာရီ့အိမ်မှ စောင်းသံ၊ ပတ်သံ၊ တူရိယာသံတို့သည် ကိုယ်လုပ်တော်၊ ကိုယ်ရံတော်၊ အပျိုတော်တို့၏ ရက်ကန်းရက်နေသောအသံ၊ ဝွမ်းဖတ်နေသော ဖလေးသံ၊ ချည်ဆွဲနေသောရစ်သံ၊ ဝါကြိတ်နေသော ဝါကြိတ်သံတို့သာလျှင် ဖြစ်နေတော့၏။ ဝင်းထဲရှိ သစ်ပင်ရိပ်တစ်နေရာ၌ အပျိုတော် ငါးယောက်သည် သိုင်းကစားကာ က လျက် ရှိ၏။

စာရီကား ယောက်ျားများ သျှုတ္တရကျမ်းကို ရေးနေ၏။

မိဖုရားကြီးသည် အိမ်ပေါ်သို့ ရောက်သွားရာ စာရီသည် ကျမ်းရေးနေခြင်းကို ရပ်၍ မိဖုရားကြီးထံပါး၌ ခစားနေ၏။ မိဖုရားကြီးကား ရသေ့ကျောင်းပျက်သဖွယ် တွေ့ရသော စာရီ၏အိမ်တော်ကို တွေ့တော်မူရသဖြင့် အထူး တုန်လှုပ်မိ၏။

မိဖုရားကြီးသည် စာရီ၏အိပ်ခန်းသို့ ဝင်ရောက်ကာ ကြည့်ရှုတော်မူရာ ပါးခြမ်း ကျိုးတိုးကျဲတဲများကို ခင်းလျက်ရှိသည့် ညောင်စောင်းပေါ်၌ ကျူဖျာကလေးကို ခင်းထားသော စာရီ၏ အိပ်ရာကို မြင်ရ၏။ စာရီ၏ အခန်း၌ ခင်းထားသောဖျာ မရှိ။ စာရီ၏ အခန်းထဲတွင် လွယ်အိတ်၊ ခမောက်၊ နှင်တံ၊ ရေဘူး၊ နွားခလောက်၊ နွားနဖားကြိုး တစ်ချောင်းတို့ကို တွေ့ရသဖြင့် မျက်ရည်စက်လက်ဖြစ်လျက် စာရီ၏ နဖူးကိုနမ်း၍ 'ချစ်သမီးတော်၊ ဤမျှလောက်ပဲ ခြိုးခြံနေထိုင်ရသလား' ဟု မေးတော်မူရာ၊ စာရီလည်း 'မယ်မယ်ဘုရား၊ ဘုရားသမီးတော် ယခု ဓိမ်ယစ်နေမိပါသည် ဘုရား။ နံ့သာနီတောင် တောအုပ်၌ သခ်မ်းတွင် မြေပေါ်မှာ





အင်ဖက်ခင်းပြီးသော် သမီးတော်သည် အိပ်ပျော်ခဲ့ရပါ ဘုရား' ဟု ပြုံးကာ တင်လေ၏။

မိဖုရားကြီးကား နောက်ဖေး၌ ဆိုင်ရာ ဥယျာဉ်စိုက်ပျိုးခြင်း စသည့် ကိုယ်စီကိုယ်င ဆိုသကဲ့သို့ ဟားတိုက်ကာ အလုပ်လုပ်နေသည့် လူပျိုတော် သားများကို ခေါ်၍ 'မင်းတို့ အိမ်တော်ကို သာယာအောင် မပြုပြင်ဘဲ နေကြရသလား' ဟု မြည်တွန်ကာ ပြန်ကြွသွားပြီးလျှင်၊ မိမိ၏ အမှုထမ်းများအား 'သမီးတော် စာရီ့အိမ်တော်ကို တစ်ပင်တိုင် မင်းသမီးရဲ့ အခန်းဆောင်ထက် မနိမ့်ကျရအောင် ပြင်ဆင်စီမံကာ ပေးခဲ့ရမယ်။ လူပျိုတော်သားများနှင့် အပျိုတော် ခေါင်းကိုလည်း မောင်မင်း မယ်မင်းတို့ ပြင်ဆင် ပေးထားခဲ့သည့်အတိုင်း အမြဲ ရှိစေရမယ်' ဟု အမိန့်တော် သတ်မှတ်ကာ လွှတ်လိုက်လေ၏။

အမျိုးသမီးတိုင်းလောက်ပင်လည်း နေပြည်တော်၌ လေးပစ်အတတ်၊ သိုင်းအတတ်၊ ဗန်တို ဗန်ရှည်အတတ်၊ ကာက အတတ်တို့ကို တတ်ကြသည်သာလျှင် စာရီနှင့် ယုဇနဒေဝီတို့ကြောင့် များလာကြ၍၊ အမျိုးသမီးများနှင့် ဆိုင်သော စစ်အတတ်ကိုလည်း တတ်ကျွမ်းကျင်သူများကြပြီးလျှင် အမျိုးသမီး စစ်တပ်ကြီးပင် တည်ရှိနေလေ၏။

အခါတစ်ပါး၌ ဗန္ဓုဝပြည်မှ တမန်တော်ကြီးများနှင့် စစ်သူကြီးသည် မိတ်ဆက်ဟူ၍ သက်သာပြည်၏ အခြေအနေကို အကဲခတ်ရန် ရောက်လာ၏။

စာရီကား တိုင်းပြည်၏ လက်တန်းနောက်ကွယ်က ထိုင်နေ၍ ပညာရှိလေးဦးကို ပွဲထုတ်ကာပြ၏။ စစ်သူကြီး သုမိတ္တကား မိတ်ဆက်လာသော ဧည့်သည်တော်ကြီးများအား စစ်သည်တော် တပ်သားများ၏



www.burmeseclassic.com

www.burmeseclassic.com



စစ်ရေးလေ့ကျင့်နေပုံများကို လိုက်လံပြသလေ၏။ အိမ်ရှေ့မင်းသားသုစိတ္တကား နေပြည်တော်၌ အထူး ပြင်ဆင်ထားခြင်း မရှိဘဲ တစ်တိုင်းတစ်ပြည်က လာရောက်ဖောက်ကား ရောင်းဝယ်နေကြသော ကုန်သည်များတို့နှင့် နေပြည်တော် ကုန်သည်ကြီးငယ်တို့ ဆက်ဆံပုံတို့ကို လိုက်လံပြသခြင်း ပြုလေ၏။

အထူးအားဖြင့် ရွှေမြို့တော်နှင့် မနီးမဝေးဖြစ်သော ရွာသိမ် ရွာငယ်ကလေးများ၏ လုပ်ကိုင်စားသောက် နေထိုင်ပုံတို့ကို လိုက်လံပြသရာ၊ အိမ်တိုင်းလောက်မှာပင် အလုပ်အကိုင်နှင့် မြဲစွဲကာ ဘာသာဘာဝ ပျော်မွေ့စွာ ရှိနေကြသည်တို့ကို ဧည့်သည်တော်များသည် မြင်သိသွားကြရသည်ပြင် မိန်းကလေးများ ကစားနေသည်ကို အထူးတလည် တအံ့တဩနှင့် မြင်သိကြရလေ၏။

ရွာသူ မိန်းကလေးများတို့သည်ကား နေ့လယ် အားလပ်သောအချိန်၌ အချို့သည် အပျင်းပြေ ဓားသိုင်း က ကာ ကစားနေကြ၏။ အချို့သည် လှံကိုင်လျက် က ကာ ကစားကာ ရှိနေကြ၏။ အချို့သည် သူနာများကို သယ်ယူပြုစုဘိသကဲ့သို့ ဆင်ဖြူရေချ ကစားနည်းများကို ကစားနေကြ၏။ အချို့သည် မြင်းစီးခြင်းကို လေ့ကျင့်နေကြ၏။

၎င်းတို့သည် နေ့လယ်ကစားပြီးကြ၍ ညနေစောင်းလတ်သော် ကိုယ်စီကိုယ်ငှ မိမိတို့၏ လုပ်ငန်းခွင်သို့ ဝင်ကြကာ ပျောက်ကွယ်သွားကြလေ၏။

ရွာသားများသည်ကား အိမ်ရှေ့မင်းနှင့် ပါလာသော ဧည့်သည်တော်များကို အထူးရွှေဖော်ကာ သစ်ပင်ရိပ်ကောင်းကောင်းတွင် ဧည့်ခံနေကြလေ၏။





ရွာသားတို့ကား မိမိတို့၏ ရွာသို့ အိမ်ရှေ့မင်းသား ရောက်သည်ဟူ၍ အထူး မဏ္ဍပ်ကနား မပြုဘဲ သဘာဝအလျောက်သာ ဧည့်ခံလျက် အိမ်ရှေ့မင်းသားကလည်း ငါအိမ်ရှေ့မင်းဟု နေရာအဆင့် မယူဘဲ အထူးရောနှောကာ စားသောက်နေထိုင်ခြင်း ပြုလေ၏။

၎င်းတို့ကို ဧည့်သည်တော်များသည် မြင်ကြရ၍ ပြည်သူတို့ကား မိမိတို့၏ တိုင်းပြည်ကို အထူးလေးစား ချစ်ခင်ကြလျက် အရေးရှိသော် အသက်နှင့် ကာကွယ်မည်ကိုပင် သိမြင်ကြလေ၏။

ရွာ၏အလယ်၌ အစားအစာများကို သိုလှောင်ထားသည့် ကျီကြီးများနှင့် မော်ကွန်းတိုင်များတို့ကို ဧည့်သည်တော်များသည် ရွာတိုင်းလောက်၌ပင် မြင်တွေ့ကြရလေ၏။

မော်ကွန်းတိုင်များ၌ ဤသို့ ရေးမှတ်၏။

**"မိမိကိုယ်ကို ချစ်လျှင် တိုင်းပြည်နှင့်လူမျိုးကို ချစ်"**

**"တိုင်းပြည်နှင့် လူမျိုးကို ချစ်လျှင် ဘုရင်နှင့် ဘုရင့်အစိုးရကို ချစ်"**

**"သင့်အလုပ်သည် သင့်တိုင်းပြည်နှင့် သင့်လူမျိုးအတွက် ဖြစ်ရမည်"**

**"အရေးရှိသော် အသက်နှင့် တိုင်းပြည်ကို ကာကွယ်နိုင်မှ ထိုတိုင်းပြည်မှ လူတစ်ယောက်"**

**"မနုစာရီက သင်တို့ကို ချစ်သလို သင်တို့က မနုစာရီကို ချစ်၍ မနုစာရီ၏ သွန်သင်ထားချက်ကို မဖျက်ပါနှင့်"**

*

ဧည့်သည်တော်များကား သက်သာပြည်သို့ ရောက်လာ၍ ကြည့်ရှုဖွယ်များကို မြင်တွေ့ကြရသော်လည်း ထိုပြည်၌ အလွန် ထင်ရှားကျော်ကြား



www.burmeseclassic.com

www.burmeseclassic.com



သော မနုစာရီကိုကား မမြင် မတွေ့ကြရဘဲ ခရီးလွန်နေကြောင်းကိုသာ သိကြရလေ၏။

ထိုအချိန်သည်ကား သက်သာပြည်ကြီး၏ သုံးလတစ်ကြိမ် ဗိုလ်ရှုခံပွဲနှင့် ကြုံကြိုက်၍ စစ်သည်တော် တပ်သားများသည် နံနက်ချိန် တစ်ချိန်၌ ဘုရင်မင်းမြတ်အား လာရောက် ဦးခိုက်ကြသည်ကို ဗန္ဓုဝပြည်မှ သံတမန်တော်များနှင့် ဧည့်သည်တော်များသည် မြင်ကြရလေ၏။ အိမ်ရှေ့မင်းနှင့် စစ်သူကြီး နှောင်ညီ နှစ်ပါးတို့လည်း ဧည့်သည်တော်များနှင့် အတူ ရှိနေလေ၏။ ပညာရှိလေးဦးနှင့် တကွ မှူးကြီးမတ်ကြီးတို့လည်း နန်းတော်အရှေ့ခမုခ်၌ သိုက်သိုက်ဝန်းဝန်းဖြင့် တည်ရှိနေကြ၏။

ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးကား နန်းတော်အရှေ့ခမုခ်ဦး၌ မတ်တတ်ရပ်ကာ စစ်သည်တော်များ၏ အရိုအသေကို ခံနေကြရလေ၏။

စစ်စည်စစ်မောင်း တီးကာ လာ၍ ၎င်းနောက်မှ လေးသည်တော်၊ ၎င်းနောက်မှ စစ်တီးဝိုင်း၊ ၎င်းနောက်မှ ကာလက်စွဲ ရွှေဓားတပ်၊ ၎င်းနောက်မှ စစ်တီးဝိုင်း၊ ၎င်းနောက်မှ ရွှေလှံတပ်၊ ၎င်းနောက်မှ စစ်တီးဝိုင်း၊ ပေါက်တူး၊ ပေါက်ပြား၊ တူရွင်းတို့ကို ကိုင်ဆောင်လာကြသော အလုပ်သမား တပ်တို့ ဖြစ်၏။ ၎င်းနောက်မှ စစ်တီးဝိုင်း၊ ၎င်းနောက်မှ ဓား၊ လှံ၊ ကာ၊ လေးတို့ တပ်ဆင်ထားသော မြင်းသည်တော်တပ်ကြီး၊ ထို့နောက်မှ အမျိုးသမီးများ စစ်ချီသီချင်းကို သံပြိုင်ဆိုသော စစ်တီးဝိုင်းသည် ပေါ်လာ၍ ဧည့်သည်တော်များသည် စူးစိုက်ကာ ကြည့်နေ၏။ ၎င်းနောက်မှ ယုဇနဒေဝီနှင့် စစ်သူကြီးကတော် သုမနဒေဝီသည် မြင်းနီချိပ်မများကို စီးလျက် နောက်ကျောမှ ရွှေလှံကို ထောင်စိုက်ကာ တပ်ဦးပြု၍





ချီတက်လာ၏။ ထိုနောက်မှ အမျိုးသမီး မြင်းတပ်ကြီးသည် လက်နက်များကို စွဲကိုင်ကာ ပါလာလေ၏။

"တို့တိုင်းပြည် သာယာဝပြောရမည်။ တို့လူမျိုးနှင့် တို့တိုင်းပြည်ကို တို့အသက်နှင့် ကာကွယ်ထားသည်" ဟု သံချပ်ကို ပင့်တင်လုစ်ကာ ဟစ်လျက် ခြိမ့်ခြိမ့်ညံလာ၏။ နောက်ဆုံးမှ မနုစာရီသည် နေရောင်နှင့် တလက်လက်သော စိန်ဓားမြှောင် နှစ်လက်ကို ခါးတွင် ထိုးလျက်၊ အသွားရောင် တလက်လက်နှင့် လှံကို နောက်ကျောမှ ထောင်လိုက်၊ ငှက်ကြီးတောင် ဓားကိုစွဲကာ အမျိုးသမီး မြင်းသည်တော် တပ်မကြီးကို အုပ်စီး၍ ချီလာလျက် ဘုရင်မင်းမြတ်ကို ဦးခိုက်ကြ၏။ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးလည်း စစ်သည်တော်များကို ဦးညွှတ်ကာ အရိုအသေ ပြုနေရ၏။

ယုဇနဒေဝီနှင့် သုမနဒေဝီကား စိမ်းဖန့်သော မြင်းစီးဝတ်လုံကို ဝတ်ကာ နီသော ခါးရန်းကြိုးကို ချည်ထား၏။ ခေါင်းတွင် ဆံပင်ကို တစ်ဝက်ချည်ကာ ဖားလျားချလျက် မောက်ရှည်ကို ဆောင်းထား၏။ အလွန် တင့်တယ်၏။ ရှုမငြီးသည်ထက် ကြက်သီးထဖွယ် ဖြစ်၏။ အမျိုးသမီး မြင်းသည်တော်တို့သည်လည်း ထိုအတိုင်း မြင်းစီးဝတ်လုံကို ဝတ်ကြ၍ နောက်တွဲဆံထုံးနှင့် မောက်တိုကို ဆောင်းထား၏။ နောက်ဆုံး၌ မနုစာရီကား ထို့အတူပင် မြင်းစီးဝတ်လုံကို ဝတ်လျက် နောက်တွဲဆံထုံးနှင့် မောက်ရှည်ကို ဆောင်းပြီးလျှင် ငှက်ကြီးတောင် ဓားကို စွဲကိုင်လျက် ရှိရာ၊ လက်မှ လက်ဝတ်တော်မှ အရောင်သည် တဖျပ်ဖျပ်နှင့် မြင်းသည်တော်များကို လွှမ်းကာ ရှိနေ၏။ ထိုလက်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



တော်မှ နဂါးသွယ်ကျောက်ရောင်ကို တစ်တိုင်းတစ်ပြည်မှ ဧည့်သည်တော်များသည် စူးစိုက်ကာ မကြည့်ရဲနိုင်ဘဲ မျက်စိကျိန်းကာ ရှိနေကြ၏။

ဗန္ဓုဝပြည်မှ သံမှူးကား စစ်သူကြီး သုမိတ္တအား ဤသို့ မေး၏။

'မည်သည့်တပ်ပါလဲ'

'အမျိုးသမီး အပျော်တမ်းတပ်ပါ'

'ဤမျှသာ တစ်တပ်တည်းပါလား'

'မြို့တိုင်း၊ ရွာတိုင်း၊ ရပ်တိုင်း ဤကဲ့သို့တပ် ရှိပါတယ်'

'ဩော်...'

'အမျိုးသား အပျော်တမ်းတပ်များလည်း ကျေးရွာကလေးမှာမှ မကျန် ရှိကြပါတယ်'

'အမျိုးသမီး အပျော်တမ်းတပ်ဦးက ချီတက်ပါတာဟာ ဘယ်လို အမျိုးသမီးပါလဲ'

'ခေါင်းဆောင် ချီတက်လာတာက အိမ်ရှေ့မိဖုရား ယုဇနဒေဝီနှင့် စစ်သူကြီးကတော် သုမနဒေဝီပါ၊ နောက်က အုပ်ချုပ်ပါလာတာက မနုစာရီ သမီးတော်ပါ'

သံတမန်များနှင့် ဧည့်သည်တော်များကား အလွန်အံ့သြကြ၍ မိမိတို့သည် သက်သာပြည်ကို တိုင်းကြပ် ပြည်ကြပ်ကလေးဟု ထင်မြင်လာခဲ့ခြင်းသည် မှားယွင်းနေပြီဟု သိရှိကြလေ၏။ ထို့ကြောင့် ဗန္ဓုဝပြည်မှ သံတမန်များနှင့် ဧည့်သည်တော်များသည် သက်သာပြည့်ရှင် ဘုရင်မင်းမြတ်အား များစွာသော ပဏ္ဏာလက်ဆောင်တို့ကို ပြုပြီးလျှင် မဟာမိတ်ဖွဲ့ကာ ပြန်သွားကြလေ၏။





ထိုနည်းတူပင် သောဏ္ဍတဲပြည်မှ လာရောက်ကြသော သံများနှင့် ဧည့်သည်တော်များလည်း မြင်တွေ့ကြရ၍ မဟာမိတ်ပြုကာ ပြန်သွားကြရလေ၏။

ထိုခေတ်၌ သက်သာပြည်ကြီးသည် မီးနှင့်ရေကို ဖန်တီးနိုင်သော ပြည်ကြီးအဖြစ်သို့ တစ်စတစ်စနှင့် တိုးတက်ကာ လာလေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

## ကြမ္မာပန်တီး အချစ်မီး

သက်သာပြည့်ရှင် ဘုရင်မင်းမြတ်ထံတော်သို့ စေတုတ္တရာ ဘုရင်မင်းမြတ်ထံမှ ဤသို့သော သဝဏ်လွှာနှင့် သံတမန်များတို့သည် ရောက်လာလေ၏။

"သက်သာပြည်ကြီးရှင် အကြည်တော် နာဂဒတ္တ၊ ကျွန်ုပ်မှာ အိမ်ရှေ့ နှင်းအပ်ရန်ဆဲဆဲဖြစ်သော သားတော် **တင့်တန်ဆောင်**သည် အိမ်တော်ပေါ်မှ မဆင်း၊ သူနာညည်းသကဲ့သို့ တစ်ခါတစ်ခါ ညည်းနေ၏။ ပွဲတော်စာကိုလည်း မတည်သည် များ၏။ မအိပ်စက်ဘဲ တွေ၍ ငေးနေသော အချိန်သည်လည်း များ၏။ ယခုကား စက်ရာထက်တွင် လဲတော့ပြီ။

ကျွန်ုပ်၏ နိုင်ငံတော်၌ ဆေးဝါးပယောဂ တတ်ကျွမ်းသသူ ဟူးရားဖြူ၊ ဟူးရားညို စသော ပညာရှိများနှင့် ကုသသော်လည်း





ရောဂါသည် တိုး၍သာ လာချေသည်။ ထို့ကြောင့် အကြည်တော်၏ နိုင်ငံတော်၌ ပညာရှိများ ထင်ရှားသည့်အတိုင်း သားတော်မောင်တင့်တန်ဆောင်၏ ရောဂါဝေဒနာတော်ကို ကူညီ ကယ်မတော်မူပါရန် မေတ္တာရပ်ပါသည်။"

ထိုသို့သော သဝဏ်လွှာကြောင့် သက်သာပြည်မှ မနုစာရီသည် စေတုတ္တရာပြည်သို့ သွားရောက်ရလေ၏။

မနုစာရီသည် စေတုတ္တရာပြည်သို့ ရောက်လတ်သော် မိဖုရားကြီးကိုယ်တော်တိုင် တောင်ဥယျာဉ်တော်၌ သံတဲအကြီးအကျယ်ဆောက်၍ ညှော်ခံတော်မူပြီးလျှင် များစွာသော အပျိုတော်တို့ကို အခြံအရံပြုကာ ထားရှိပြုစုလေ၏။

မနုစာရီသည် ဘုရင်မင်းမြတ်ထံ၌ အမိန့်တောင်းခံပြီးသော် မင်းသား တင့်တန်ဆောင်ထံ သွားရောက်ကာ ကြည့်လေရာ မင်းသားတင့်တန်ဆောင်လည်း အိပ်ရာပေါ်မှ ထလျက် ပြူးကြောင်သော မျက်လုံးနှင့် မနုစာရီကို ကြည့်၍ ဤသို့ ဆို၏။ ထိုခဏ၌ မနုစာရီ့အပါး၌ ဟူးရားဆရာကြီး ရှိ၏။

'သက်သာပြည်ကြီးမှ မမ မနုစာရီဆိုတာ မမပါလား'

'ဟုတ်တယ် မောင်တော်ကလေး'

'ဘယ်လို ကိစ္စတော်ကြောင့် ကြွရောက်တော်မူပါသလဲ မမ'

'မောင်တော်ကလေး နေအားတော်မသာ ဆိုတာနှင့် ဘကြီးတော် ဘုရင်မင်းမြတ်က ကြည့်ရန် လွှတ်လိုက်လို့ မောင်တော်ကလေးကို ကြည့်ခြင်းပါ'

'မမ...'



www.burmeseclassic.com

www.burmeseclassic.com



'ဆို… မောင်တော်'

'မောင်တော်ကလေးရဲ့ နောက်ပါးက တွဲမှီထားကြတဲ့ အပျိုတော်များ မရှိကြဘူးလား'

တင့်တန်ဆောင်ကား လက်ကာလျက် ဤသို့ ဆို၏။

'မမ…'

'ဆိုတော်မူပါ'

'မောင်တော်ကလေးကို သနားပါသလား'

'သနားပါတယ်'

'မမရယ်၊ သနားရင် ချက်ချင်း နတ်ရွာသို့ လားတဲ့ ဆေးကိုသာ သနားတော်မူပါ'

'အပျိုတော်များ လာခဲ့ကြလေ၊ မောင်တော်ကလေး နောက်ပါးက မှီထားကြလေ'

'မလိုဘူး မမ၊ သည်ဘီလူးမတွေကို မလာစေပါနှင့်၊ မောင်တော်ကလေး မကြည့်ပါရစေနှင့်တော့'

စာရီကား တင့်တန်ဆောင်ထံ စကားများစွာ မပြောဘဲ တင့်တန်ဆောင်ထံမှ ဖဲခဲ့ပြီးသော် တင့်တန်ဆောင် အိမ်တော်၌ လုပျိုတော်သားများကို ဤသို့ စစ်ဆေးနေလေ၏။

'မောင်တို့ ကိုယ်တော်ကလေး စ ဖြစ်ပုံကို ပြောစမ်း'

'ဟော့… သာထူး ပြောစမ်းကွယ်'

'ငါ မသိဘူးကွယ့်၊ မင်းဆွေ… မင်းပဲ ပြောကွယ်'

'မမ သည်လိုပါ'

'ပြောမောင်'





'ခမည်းတော်ဘုရားက နယ်ပုံတော် သတ်မှတ်ရေးဆွဲပြီး ဆက်ရမယ် အမိန့်တော်ချတော့ ကိုယ်တော်ကလေးဟာ တစ်ယောက်တည်း နယ်ပုံတော်ရေးဖို့ရန် ထွက်သွားပါတယ်'

'အင်း… ဆက်ပါ'

'ပြန်ရောက်လာတော့ နယ်ပုံတော်လိပ်ကို ချထားပြီး မည်သူ့ကိုမျှ စကားမဆိုဘဲ သလွန်တော်ပေါ်မှာ သွားပြီး လျောင်းတော်မူနေပါတယ်'

'အင်း…'

'သည်အခါက စပြီး စကားလည်း မပြော၊ ပွဲတော်စာကိုလည်း ကောင်းကောင်း မစားတော့ဘူး'

'သြော်… သည်နယ်ပုံတော်ကို ဘုရင်မင်းမြတ်ထံတော်သို့ ဆက်ပြီးပြီလား'

'မဆက်နိုင်တော့ပါ'

'ကောင်းပြီ၊ ပြစမ်းပါ'

*

မနုစာရီသည် နယ်ပုံတော်ကို ဖြန့်၍ကြည့်ရာ နယ်ပုံတော်အတွင်းမှာ မိန်းမရုပ်ပုံတစ်ခု ရေးထားသည်ကို မြင်တွေ့ရပြီးလျှင် စေတုတ္တရာပြည်ကြီးက ဟူးရားဆရာကြီးအား ဤသို့ မေးလေ၏။

'ဘ… ဘယ်လို ထင်ပါသလဲ'

'ရက္ခစိုး နတ်သမီးသော် လည်းကောင်း၊ စုန်းမသော် လည်းကောင်း ဖမ်းစားတယ် ထင်တာပဲ'

'ဘာကြောင့်လဲ ရှင့်'



www.burmeseclassic.com

www.burmeseclassic.com



'ကြည့်ပုံက ပြူးတူးပြာတာနှင့် သိပ်ထူးတယ်'

'မကုဘူးလား ရှင်'

'မင်းသားဆိုတော့ အခက်သားကလား၊ အခြားသူဆိုရင်တော့ ချည်မန်းကွင်းစွပ်ပြီး ဆေးကြိမ်လုံးနှင့် ရိုက်ကုရင် လွယ်ကူတာပေါ့'

'အခြား ယဉ်ကျေးသိမ်မွေ့တဲ့ နည်းနှင့်ပေါ့ရှင်'

'ရက္ခစိုးနတ်သမီး ဖမ်းစားတယ် ထင်လို့လည်း ဗလိနတ်စာ ကျွေးပြီးပါပြီ။ စုန်းမ ဖမ်းစားလိုက်တယ် ထင်လို့လည်း အကြီးအကျယ် ခေါ်စာ ပစ်ပြီးပါပြီ။ ကိုယ်တော်ကလေးရဲ့ ရောဂါတော်ဟာ သက်သာတယ် မရှိဘဲ တိုးတက်ပြီးသာ လာတာပဲ၊ ခက်တော့ အခက်သားပဲ'

'ကောင်းပါပြီ'

မနုစာရီသည် မိမိ၏ တည်းစခန်းသို့ ပြန်သွားလေ၏။ ညဉ့်အချိန်သော် စေတုတ္တရာပြည်မှ အပျိုတော်ကလေးများနှင့် ဤသို့ ပြောဆိုနေလေ၏။

'မယ်တို့အထဲက မြင်းစီးတတ်သူ ရှိရဲ့လား'

'မရှိပါ ဘုရား'

'ခက်တယ် မယ်တို့၊ တိုင်းပြည့်အမျိုးသမီး ဆိုတာ မြင်းစီးတတ်ရတယ်'

'မမဘုရားကလည်း မိန်းမဆိုမှပဲ'

'မြင်းသည်တော် သုံးယောက် ဆင့်ထား၊ မမဖို့လည်း မြင်းတစ်ကောင် အသင့် ရှာထား'

*





နံနက်ချိန်သော် မြင်းသည်တော်သုံးယောက် မြင်းနှင့်အပြင် ဖောင်းဝတ်မ မြင်းတစ်စီးကို ကကြိုးတန်ဆာဆင်ကာ အသင့်ယူဆောင်၍ လာရောက်စောင့်ဆိုင်းခြင်းဖြင့် စာရီ၏ တည်းစခန်းရှေ့တွင် အသင့် တည်နေလေ၏။

စာရီလည်း မြင်းစီးဝတ်လုံကိုဝတ်၍ ထွက်လာပြီးသော် ဖောင်းဝတ်မအား လည်ပင်းကို ပွတ်သပ်၊ ပုတ်ကာ နှုတ်ဆက်ပြီး ခဏဒ္ဒ လွှားခနင်းပြုကာ မြင်းပေါ်သို့ တက်လျက် 'ကိုင်း အစ်ကိုတို့၊ လိုက်ပါခဲ့ကြ' ဟု ခေါ်ဆောင်ကာ မင်းလမ်းမခရီးဖြင့် ထွက်သွားလေ၏။

မြင်သူတို့ကား ရင်သပ်ရှုမောကာ "အာဂပါတကား" ဟု တွေးဆကာ ကျန်ရစ်ခဲ့ကြလေ၏။

မနုစာရီသည် မြင်းကို လမ်းတိုးစီးသွား၍ ခရီးအတန်ငယ် ရောက်သောအခါ သူတောင်းစားများ နေရာ အကွက်တစ်ခုသို့ ရောက်သွားလေ၏။

မနုစာရီ၌ ထိုအခါ ဆံပင်ကို နောက်တွဲထုံးထား၏။ သင်ပါးပါးနှင့် ရက်ထားသော သိုးဝိုင်းကလေး ခပ်ပါးပါးကို ဆောင်းထားရာမှ ချွတ်လိုက်သောအခါ နှင်းဆီအနီပွင့်ကလေး တစ်ပွင့်သည် ထိပ်တည့်တည့်မှ ပေါ်လာသဖြင့် အလွန့်အလွန်ကို ကျက်သရေတင့်၍ ရှုမငြီးဖွယ် လှပနေ၏။ ထိုအခါ မနုစာရီမှာ မြင်းစီးဝတ်လုံကို ဝတ်ဆင်ထားလေရကား အလွန် တင့်တယ်လှပလျက် ရှိသောကြောင့် ထိုရပ်ကွက်ရှိ သူတောင်းစား တစ်စုသည် ၎င်းတို့၏အရပ်သို့ ၎င်းတို့ကိုးကွယ်နေသော ရက္ခစိုး နတ်သမီးကလေးပင် ရောက်လာသည်ဟု ထင်မှတ်နေပုံ ရှိလေ၏။

မနုစာရီသည် သူတောင်းစားများ ရှိရာသို့ ဦးတည်ကာ သွားရောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသော် ဤသို့ ပြောဆိုနေလေ၏။ ဖောင်းဝတ်မလည်း အရှင်သခင်မ အရှင်းကဲ့သို့ မနုစာရီ၏ နောက်မှ လိုက်ပါနေလေ၏။

'ဩော်... ညီမလေး၊ မမ သတိလစ်သွားတယ်' ဆိုကာ မနုစာရီသည် ဖောင်းဝတ်မအား အချိုလုံးကလေး သုံးလုံးကို ကျွေးလေ၏။ အခြားမြင်းများအားလည်း ကျွေးရန် ပေးလေ၏။

'အစ်ကိုတို့ အစ်မတို့၊ စားဝတ်နေထိုင်ရေးအတွက် လုံလောက်ပါရဲ့လား'

'မလုံမလောက်လှပါ သခင်မ' ဟု လူကြီးတစ်ယောက်က ပြော၏။

'မမနော် နည်းနည်း သတိလစ်ခဲ့တယ်၊ ရော့... ထုခွဲပြီး ညီမျှစွာ ဝေငှယူကြ' ဆိုကာ ရွှေတုံးကလေးတစ်ခုကို သူတောင်းစားများအား ထုတ်ပေးကာ အကဲအလေးကို ကြည့်နေ၏။ သူတောင်းစားမကလေးများသည် ဝိုင်းအုံကာ လာရောက်ကြ၏။

သူတောင်းစားမကလေး တစ်ယောက်ကား မနီးမဝေးရှိ စောင်ချမ်းပင်အောက် အရိပ်၌ တုတ်ကလေးတစ်ချောင်းကို ကိုင်ကာ မြေပေါ်တွင် ခြစ်ရေးနေသကဲ့သို့ ရှိနေ၏။

စာရီသည် ထိုမိန်းကလေးထံသို့ သွားရောက်ကာ အသေအချာကြည့်၏။ ထိုမိန်းကလေးကား ခေါင်းကို ငုံ့နေ၏။ စာရီသည် လွှတ်ခနင်းဤသို့ ဆို၏။

'ညီမတော်ဘုရား၊ ကျန်းခံ့သာလို့ မာတော်မူပါရဲ့လား'

ထိုမိန်းကလေးကား မျက်ရည်ဖြိုင်ဖြိုင် ကျလာရာမှ တရှုပ်ရှုပ်နှင့် ငိုလာတော့၏။

'ညီမတော် အလိုရှိရာကို မိန့်တော်မူပါ'





ထိုမိန်းကလေးကား ခေါင်းကိုငုံ့၍သာ နေရှာလေ၏။

'ညီမတော်ဘုရား၊ ဟိုဇရပ်ပျက်ကြီး အတွင်းသို့ ကြွတော်မူပါ' ဟု စာရီသည် ထပ်ခါဆိုပြန်လျှင် ထိုသူတောင်းစားမကလေးသည် မည်သို့မျှ ပြန်မပြောဘဲ ခေါင်းကိုခါ၍ ငိုနေ၏။ ထို့ကြောင့် မနုစာရီသည် 'ညီမတော်၊ သည်လိုနေလို့ ဘယ်ဖြစ်မလဲ၊ ကြွပါ' ဟု ဆိုကာ တွဲခေါ်မည်ပြုရာမှ ထိုသူတောင်းစားမကလေးသည် လိုက်ပါလာ၍ ဇရပ်အိုပျက်ကြီးအတွင်းမှာ ထိုင်နေလေ၏။

'အစ်ကိုတို့၊ ခေါင်း ကြွပါ'

သူတောင်းစားခေါင်းကြီး ရွှေစွန်ညိုသည် ရောက်လာ၍ မနုစာရီ၏ မနီးမဝေးက ခစားသကဲ့သို့ နေလေ၏။

'အစ်ကို၊ သည်ညီမတော်ဘုရားဟာ ဘယ်လို ဘယ်နည်းနှင့် အစ်ကိုတို့ရဲ့ထံသို့ ရောက်လာရသလဲ၊ အမိန့်တော်ရှိပါ'

'ကိုကြီးညို၊ မိသုမာကို သနားရင် မတင်ပါနှင့်။ မတင်ပါနှင့် ကိုကြီးညိုရယ်'

'ညီမလေး သုမာရီ၊ အစ်မဟာ သက်သာရွှေပြည်ကြီးက မနုစာရီတဲ့။ မဏိဓောတ ပတ္တမြားကျောက်တို့ဟာ ဘယ်လိုပဲ နွံထဲမှာ နစ်နေပေမယ့် အရောင်ဟာ တောက်မြဲတဲ့။ သည်လိုပဲ၊ ညီမလေး သုမာရီဟာ ဘယ်လိုပင် လျှို့ဝှက်ကာ တိမ်မြုပ်ပြီးနေပေမယ့် စာရီ့ထံမှာတော့ မမြုပ်နိုင်ဘူး၊ မမြုပ်ရဘူး။ ဘေးမရှိရဘူး၊ ဆားကင်းရမယ်။ သည်အချိန်ကစ၍ ညီမတော်လေး သုမာရီ ဘေးကင်းစေ၊ အစ်ကို အမိန့်ရှိစမ်းပါ'

'ကိုကြီးညို၊ အစ်မတော်ဘုရားကို ကိုကြီးညို မတင်နှင့်။ မိသုမာ တင်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကိုင်း… ကိုင်း… ညီမတော်ဘုရား ပြော'

မနုစာရီသည် မည်မျှလောက် အင်္ဂဝိဇ္ဇာ၌ နားလည်၍ ပညာရှိသနည်း။ အပွေးမြင် အပင်ကိုသိသကဲ့သို့ အသွေးကိုမြင်ရုံနှင့် အသွင်ကိုသိနေသည့်ပြင် ၎င်း၏ အပြောအဆိုကို ထောက်ချင့်သဖြင့် မာနအလွန်နည်းသည်ကို သိသင့်ပေသည်။ ထိုသို့သော မနုစာရီသည် အသို့လျှင် မတင့်တယ်ပဲ ရှိပါအံ့နည်း။ ရောက်လေရာရာ တွေ့လေသမျှ၌ တင့်တယ်ရမည်သာ ဖြစ်ချေသည်။

လူတို့၌ ဉာဏ်ပညာသည် အရောင်အဝါ ဖြစ်၏။ ထိုအရောင်အဝါသည် နှိမ့်ချသော မာနအားဖြင့် တောက်ပြောင်တတ်၏။ မနုစာရီကား သုမာရီ ပြောသည်ကို နားစိုက်နေ၏။ သုမာရီကား တစ်လုံးချင်း ဤသို့လျှင် ခပ်အေးအေးပြော၏။

'မိသုမာဟာ စေတုတ္တရာပြည်ထဲ၌ လွယ်အိတ်ညစ်ကိုလွယ်၊ ဖျင်ထီးကို ခေါင်းမှာ ရစ်၊ ခွက်နက်ကိုဖွဲ၊ တယောမည်းကို တီးကာ သီချင်းဆိုလျက် လှည့်လည်တောင်းရမ်း လာခဲ့ပါသည်'

'အင်း…'

'မိန်းမတို့မည်သည်၌ ဘယ်လို မိန်းမမျိုးမဆို အားမကောင်း၊ ဘယ်လိုအားလဲ။ ယောကျာ်းများက မိန်းမများကို ပျော်ပါးရန် နှစ်သက်သောအား၊ ကိုးကွယ်ရာမဲ့နှင့်သော မိန်းမတို့၌ လုပသော အရုပ်အဆင်းသည်ကား အားတစ်ခု၊ သာယာသော အသံသည်လည်း အားတစ်ခု၊ ချစ်ဖွယ်ရာသော နူးညံ့သိမ်မွေ့သည့် စကားကို ဆိုတတ်ခြင်းသည်လည်း အားတစ်ခု။ ထိုကဲ့သို့ အားရှိနေသဖြင့် သုမာသည် စေတုတ္တရာပြည်တွင်းမှ တောင်းရမ်း၍ အပြန်တွင် သူဖုန်းစားများ၏ အတွင်းသို့ ဝင်ပြီးလျှင်





သူဖုန်းစားခေါင်းကြီး ကိုကြီးညိုထံ ဝင်ရောက်လျက် တောင်းရမ်းရခဲ့သည်မှ အတုတ်တော်ကို ပြုပြီးသော် မိုခိုကာနေရပါသည် အစ်မတော်ဘုရား'

'ကောင်းပြီ၊ ညီမတော်ဘုရားကို သည်ကဲ့သို့ထားကာ လျစ်လျူမပြုနိုင်။ စာရီနှင့် ညီမတော် လိုက်ခဲ့ပေတော့'

သုမာရီကား တွေ၍ စဉ်းစားနေ၏။

'မစဉ်းစားနှင့် ညီမတော်၊ ညီမတော်ရဲ့ ဝိပါကဝဋ်ဟာ ယနေ့ကစပြီး အကြွင်းမဲ့ ကုန်ဆုံးပြီ။ အစ်ကို ထည့်လိုက်မယ် မဟုတ်လား'

'ထည့်ရပါမယ် ဘုရား'

'ကောင်းလှပေစွ။ ကိုင်း မနုစာရီက ရွှေစင်တစ်ဆယ်ကျပ်သားဆုအဖြစ်နှင့် ချီးမြှင့်ခဲ့တယ်နော်၊ မောင် မြို့တော်ပြန်၍ ရထားပေါင်းချုပ်ကို ယူခဲ့'

*

မနုစာရီသည် သူတောင်းစားမ အသွင်နှင့် သူတောင်းစားများ အတွင်းတွင် ဝင်ရောက်နေသော သုမာရီ မင်းသမီးကလေးကို မိမိ တည်းစခန်းသို့ ခေါ်လာခဲ့ပြီးသော် သက်သာယာကို ရစေလျက် ညအချိန်သော် ဤသို့လျှင် စကားပြောဆို နေကြလေ၏။

'ညီမတော်ဘုရား၊ ဖြစ်ပျက်လာရပုံ အကြောင်းကို ရှင်းပြစမ်းပါဦး'

'အစ်မတော်ဘုရား၊ သုမာရီတို့ ယောနကပြည်တော်ကြီးမှာ ခမည်းတော် ဘုရားနှင့် အမတ်ကြီးတစ်စုက ညှိနှိုင်းရေးဝါဒနှင့် နိုင်ငံရေးကို အုပ်ချုပ်စီမံ ခန့်ခွဲလိုပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အင်း...'

'ဘထွေးတော် အိမ်ရှေ့မင်းသားကြီးက မှူးငယ် မတ်ငယ် တစ်စုတို့နှင့် တော်လှန်ရေးဝါဒ အာဏာရှင်စနစ်ဖြင့် တိုင်းပြည်ကို စီမံအုပ်ချုပ်တည်ထောင်လိုပါတယ်'

'အင်း...'

'သည်လို ယောနကနိုင်ငံတော်မှာ မညီမညွတ်ဘဲ ရှိတာနှင့် ဘထွေးတော် ဘုရားက သူ့လူများနှင့် ထွက်သွားပြီး နိုင်ငံတော်ကို ပုန်ကန်ထောင်ထားကာ အာဏာသိမ်းဖို့ ကြိုးစားပါတယ် ဘုရား'

'ဩော်... ဝါဒ ဝါဒ၊ မာန မာန၊ အတ္တ အတ္တ'

'သည်တော့ ခမည်းတော်ဘုရားကလည်း အပြင်းအထန် သူပုန်ရန်ကို နှိမ်နင်းအောင် နှိမ်တော့ ဘထွေးတော်ဘုရားကလည်း သူ့လူစုနှင့် တိမ်းရှောင်နေပြီး နိုင်ငံတော်ကို တစောင်းကနေကာ နှောင့်ယှက်နေပါတယ် ဘုရား'

'အင်း...'

'ခမည်းတော်ဘုရားရဲ့ စစ်သည်တော် တပ်သားများကလည်း ရှုပ်ရှုပ်ချွံချွံ လိုက်လံတိုက်ခိုက် ချေမှုန်းတော့ ဘထွေးတော်ဘုရားရဲ့ သူပုန်တပ်သားများဟာ ပြပြသသနှင့် ရင်ဆိုင်မတိုက်ဝံ့ဘဲ ခမည်းတော်ဘုရား တပ်သားများ လာရင် ရှောင်တိမ်းနေ၊ ပြန်လာတော့ နယ်စွန်ပယ်နားကို နှောင့်ယှက်၊ သည်လိုနှင့် ငါးနှစ်ရာသီခန့်ရှိတော့ နယ်သူနယ်သားများကလည်း ဆင်းရဲလို့ ခမည်းတော် ကိုးကွယ်တဲ့ ရသေ့နှင့် ပုရဟိတ်များကရော လူများပါ ဘထွေးတော်နှင့် တွေ့ဆုံဆွေးနွေးကာ အတိတ်ကအကြောင်းကို ဗွေမယူဘဲ လက်ခံသိမ်းသွင်းပါ ဆိုတာနှင့် ခမည်းတော်





ဘုရားက နားယောင်ပြီး တွေ့ဆုံဆွေးနွေးကာ လက်ခံသိမ်းပိုက်ပါတယ်။ သိမ်းပိုက်ပြီး ဘထွေးတော့် လူစုများကိုလည်း ရာထူးပေးပေ၊ အမတ်ရာထူးပေးပေ'

'အင်း... သူတော်ကောင်း တရားရင့် သဘောပေပဲကိုး'

'မမဘုရား၊ နားချိုပါဦး'

'ဒါနှင့် ဘထွေးတော်ဘုရားက လျှို့ဝှက်ပြီး သူ့ဝါဒကို ဖြန့်တော့ တဖြည်းဖြည်း တိုင်းပြည်က လိုက်ပါလာကြတယ်။ လိုက်ပါလာကြလို့ အင်အားကြီးမားလာတော့ သူဌေးသူကြွယ်နှင့် ကောင်းစားကြွယ်ဝချမ်းသာတဲ့ လူတွေကို ဆင်းရဲသူတို့က တော်လှန်ဖြိုချ၊ မှူးကြီးမတ်ကြီး ဘုရင့်ဂိုဏ်းက လူတွေကို တော်လှန်ဖြိုချ၊ စစ်သည်တော်များ အတွင်းမှာလည်း သည်လိုပဲ စစ်သားတွေက စစ်ဘုရင်၊ သေနာပတိ၊ စစ်သူကြီး၊ စစ်မှူးများကို တော်လှန်ဖြိုချ၊ ဘုရင်နှင့် ဘုရင်မျိုး၊ မှူးရိုးမတ်ရာ စသည်တို့ကိုလည်း တော်လှန်ဖြိုချ လုပ်ပြီး ကျူပင်ခုတ် ကျူငုတ်မှ မကျန်ရအောင် တော်လှန်ပစ်လိုက်ကြတော့ ခမည်းတော် မယ်တော်တို့နှင့် ဘုရားညီမတော်ဟာ ယောနက နေပြည်တော်က ဘေးလွတ်အောင် ရှောင်တိမ်းလာခဲ့ရပါတယ် ဘုရား'

'အင်း... ညီမတော်၊ တော်လှန်ရေးဝါဒ ဆိုတာ သည်လိုပဲ၊ တော်လှန်တယ်ဆိုတာ အကုန်လုံး တော်လှန်ပစ်ရတာပဲ။ တော်လှန်ရေးသမားများရဲ့ ဝါဒဟာ ညောင်စေ့လိုပဲ။ ကျမိရင် သစ်ပင်ပေါက်ျ၊ သစ်ပင်သေရတာပဲ။ ထန်းပင်ပေါက်ျ၊ ညောင်ပင်ပေါက်၊ ထန်းပင် သေရတာပဲ။ ဒါကို စ ကတည်းက မမြင်ဘဲကိုး'

'ဒါနှင့် မမဘုရား၊ သဍ္ဍာလီတောအုပ်မှာ ခမည်းတော်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



နှင့် မယ်မယ်ဘုရားဟာ ရဆော့ဝတ်နေတော့ ဘုရားညီမတော် သစ်သီး၊ သစ်မြစ်၊ သစ်ဥ၊ သစ်ဖုတို့ကို တံချူ ခြင်းတောင်း လက်စွဲပြီး နေပူမိုးရွာ မရှောင် လုပ်ကိုင်ရှာကြံ ကျွေးမွေးလာခဲ့ပါတယ်။ သည်ကုသိုလ်ကြောင့် မမဘုရားနှင့် ယခုလို တွေ့ရတာပါပဲ'

ထိုသို့ ပြောဆိုကာ သုမာရီကလေးသည် ငိုလေ၏။

'ညီမတော် မငိုနှင့်၊ လောကဓံတရားဆိုတာ သည်လိုပဲ။ လူတို့ရဲ့ သွားရာလမ်းဟာ ငှက်ခါးပျံသလိုပေါ့၊ ဆက်ပါဦး'

'ဒါနှင့် ဘုရားညီမတော် ကံဆိုးချင်တော့ ပထမ မယ်မယ်ဘုရား ကံကုန်တော်မူပါတယ်။ သည်လိုနှင့် နောက်မကြာမီ ခမည်းတော်ဘုရား ဟာလည်း စိတ်နာရောဂါတော်နှင့်ပင် ကံကုန်တော်မူသွားတော့ မီး သဂြိုဟ်ခဲ့ပြီး ဘုရားညီမတော်လေ လွယ်အိတ်ညစ်လွယ်၊ ဆီမသသော ဆံပင်ရှုပ်ထွေးကို နောက်တွဲထုံး၊ ခွက်မည်းကိုလက်စွဲ၊ တယောမည်းကြီး နှင့် သူတောင်းစားမ အသွင်ကိုယူကာ ရပ်ဖျောက်ပြီး စေတုတ္တရာပြည် ထဲမှာ တောင်းရမ်းကာ အသက်မွေးမြူနေရပါတယ်'

'အင်း...'

'မမဘုရား၊ ဘုရားညီမတော်တို့ မိန်းမဆိုတာ သိပ်ကို ကျဉ်းကျပ် ပါတယ်၊ ဟိုဆားရန်ဟာ သိပ်များပါတယ်၊ ကာမဂုဏ်မူးပြီး ရူးပြီဆိုတဲ့ ယောကျ်ားဟာ အရူးမကိုတောင် မရှောင်ဘူး မမရဲ့၊ လောဘရမ္မက်ကြီး ငမ်းငမ်းတငင် ဖြစ်လာတဲ့ လူဟောင်းလောင်းဟာ သူတောင်းစားထံ ကလည်း လုတာပဲ၊ အဲသည်တော့ ဘုရားညီမတော်ဟာ လေးငါးခြောက် ရက်လောက်တော့ ကပ်ပါးသူတောင်းစားများနှင့်အတူ ဇရပ်မှာပင် နေ ပါသေးရဲ့၊ ယောကျ်ားယုတ်များရဲ့မျက်နှာထားက တစ်စတစ်စ ကြောက်





စရာ ကောင်းလာတော့ သူတောင်းစားမှူးကြီးထံ အတုတ်ပေးပြီး သူတောင်းစားရပ်ကွက်မှာ မှီခိုကာ နေရပါတယ်'

'အင်း... ညီမတော် အတော့်ကို ကိုယ့်ကိုယ်ကို ကိုယ်ထိန်းလာခဲ့ ရတာပဲ'

'သည်လိုနှင့် မမဘုရား၊ ဘုရားညီမတော် ရေတွင်းက ရေခပ်ပြီး ရေအိုးကလေးငယ်ငယ်ကို ရွက်လာတော့ မင်းသားကလေး တစ်ပါး ဟာလေ...'

'ညီမတော်၊ ဘာကြောင့် မင်းသားမှန်း သိရသလဲ'

'မမဘုရား နာချိုတော်မူပါ၊ ညီမတော် စကားသာပါ့မယ်'

'အင်း... ဆို'

'မင်းသားကလေးဟာ နေပူကျဲတဲမှာ မြင်းဖြူကြီးကို စီးလာကာ ဘုရားညီမတော်နှင့် တွေ့တော့ "နမသယ်၊ ကိုယ်တော်ကလေး ရေဆာ လို့ ရေတစ်ခွက် မစပါ" လို့ တောင်းတော့ အလို ကိုယ်တော်ကလေးတဲ့ ဟု သူ့မျက်နှာနှင့် အဝတ်တန်ဆာကို ကြည့်ပြီး ဝေဖန်လိုက်တော့ မင်းသား မှန်းကို သိရပါတယ်။ အဲသည်တော့ မိသုစာရီ စိတ်အိုက်လာတယ်'

'အင်း...'

'သူဟာ မင်းသား၊ ငါဟာ အခု သူတောင်းစားမကလေး၊ ငါခပ်လာ တဲ့ ရေကို သူ သောက်ထိုက်သလား။ မင်းသားဆိုတာ ဘုန်းနှင့်ကံနှင့်၊ သူတောင်းစားဆိုတာ ဘုန်းမဲ့ကံမဲ့။ မတော်ပါဘူးလို့ ဘုရားညီမတော် လေ ရေတော်မဆက်ဝံ့ဘဲ တွေနေပါတယ်'

'အင်း...'



www.burmeseclassic.com

www.burmeseclassic.com



'သည်တော့ မင်းသားကလေးက "နှမသယ်၊ ရေတစ်ခွက် မစပါ။ ရေအကျိုးဆိုတာ မတောင်းဘဲနှင့် ဆုဆယ်ပါး ပြည့်စုံပါတယ်" လို့ ဆိုတော့ ရေမှုတ်ကို ကျနစွာ တိုက်ချွတ်ဆေးပြီး ရေအိုးကိုချကာ ရေတော် ဆက်ပါတယ်'

'အင်း...'

'မင်းသားကလေးဟာ ရေကိုသောက်ပြီး ဘုရားညီမတော် မျက်နှာကို စိုက်ကြည့်တော့လေ ဘုရားညီမတော်ဟာ အရှုံးပေးကာ မျက်နှာဟာ သူ့ကို မကြည့်ရဲတော့ဘူး'

'အဲသည် မင်းသားကလေးဟာ မလှဘူးလား'

သုမာရီကား ပြုံးနေ၏။

'ပြောပါလေ၊ ညီမတော်'

'လှတာပေါ့ မမရယ်။

'အဲသည်တော့ မင်းသားကလေးက "နှမတော်၊ မောင်တော်ဟာ စေတုတ္တရာပြည်တော်က ထီးမွေနန်းမွေးခံ မင်းသားပါ။ မကြာမီ ခမည်းတော်က အိမ်ရှေ့ရာ အပ်နှင်းပါတော့မယ်။ ဒါကြောင့် နှမကလေးကို တော်ကောက်ပါရစေ၊ ခွင့်ပြုပါ" လို့ သနားစရာ မျက်နှာကလေးနှင့် မေတ္တာပေးပြီး ပြောရှာတယ် မမဘုရား'

'သနားသလား'

'သနားတာပေါ့ မမရယ်'

'တကယ် သနားသလား'

'သနားပါတယ်'

'သည်တော့ ညီမတော်က ဘယ်လို ပြန်ပြောသလဲ'





'ဘုရားညီမတော် ချက်ချင်းဝမ်းနည်းပြီး ကျလာမယ့် မျက်ရည်ကို ချုပ်တည်းကာ ခေါင်းခါနေပါတယ်'

'ဩော်... သူက ဘာပြောသလဲ'

'"နှမတော်ကလေးရယ်၊ မောင်တော် ကမ်းလှမ်းတဲ့ မေတ္တာပန်းကို လန်းစေပါ" လို့ ဆိုတော့ ဘုရားညီမတော်က မတန်ပါဘုရား၊ သည်းခံပါလို့ ဆိုလိုက်ရင်ပဲ မင်းသားကလေးဟာလေ၊ မင်းသားကလေးဟာလေ'

'ဘာပြောသလဲ'

'"မိမိကလေး၊ ဘာကြောင့် မတန်ရမလဲ၊ မိန်းမတို့မှာ ဆင်းရဲတယ်လို့ မရှိ၊ အသည်မျိုးရယ်လို့ မရှိ၊ မိမိကလေးရဲ့ ဆင်းရဲချမ်းသာ မျိုးရိုးဟာ မောင်တော်ရဲ့ မေတ္တာသာ ပဓာနပါ" လို့ ဆိုတော့ ဘုရားညီမတော်ကလည်း သည်းခံတော်မူပါ ဘုရား၊ မတန့်ကို မတန်လို့ပါ ဆိုကာ တောင်းပန်ပါတယ်'

'ဘာပြောသလဲ'

'"နှမတော်၊ ရွှေပင်နားတော့ ရွှေကျေးတဲ့။ ရွှေတောင်ကြီးကို ရောက်လာရင် ရွှေကျိုးတဲ့" သည်တော့ ဘုရားညီမတော်က ကိုယ်တော် ရွှေဘုန်းတော်ရှင်ဘုရား၊ မတော့်ကို မတော်လွန်လွန်းလို့ သည်းခံတော်မူပါ ဘုရားလို့ ကျလာတဲ့ မျက်ရည်ကိုသုတ်ပြီး လျှောက်ထားပါတယ်'

'အင်း... သည်တော့ ဘာပြောသလဲ'

'"နှမတော်၊ နှမတော်မှာ ခင်ပွန်းသည်ရှိလို့လား။ နှမတော်ရဲ့ မျက်နှာတော်ကို မြင်ရတော့လည်း အပျိုစင်ပါ။ မောင်တော့်အား နည်းနည်းကလေးမှ သဒ္ဓါကို မသဒ္ဓါလို့လား၊ အမိန့်တော်ရှိပါ" လို့ သနားစရာသော မျက်နှာကလေး အိုအိုနှင့် ငိုတော့မလို ဆိုတော့ ကိုယ်တော်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်ဘုရား ခက်လှပါတယ် ဘုရားလို့ ငိုကာသာ ဘုရားညီမတော်လည်း အသည်းကွဲမတတ်နှင့် အခွင့်ကိုချင့်ပြီး တောင်းပန်နေရပါတယ်'

'အင်း...'

'"နှမတော်၊ ပွင့်ပွင့်လင်းလင်း ပြောပါလို့" သနားစရာ မေးရှာတော့ ကိုယ်တော်ဘုရား၊ ကိုယ်တော်ကား စေတုတ္တရာ ပြည်တော်သာရဲ့ ထီးမွေ နန်းမွေကို ဆက်ခံရမယ့် ဘုန်းသမ္ဘာရှင်ပါ၊ မိသုမာရီကား ဟောသည် သူတောင်းစားစုမှာ ကပ်နေရတဲ့ အမှိုက်ကလေး မိမွဲသူတောင်းစားမပါ၊ ကိုယ်တော့်မေတ္တာကို ဝမ်းသာပါတယ်။ သို့သော် မထိုက်တန်လို့ တောင်းပန်ရပါတယ် ဘုရားလို့ လျှောက်ထားပါတယ်'

'အင်း...'

'သည်တော့လေ ကိုယ်တော်ကလေးဟာ "ဟင်" ဆိုပြီး "သုမာရီ၊ သုမာရီ၊ သုမာရီ မေတ္တာရှိပေ့၊ ကံက မသိပေဘူးနော်။ ဟယ်... မင်းမျိုး၊ ငါချစ်သူကို ဘယ်လိုမှ မယူနိုင်တဲ့ မင်းမျိုး၊ သင်မင်းမျိုးသည် ဘာအဖိုးတန်သလဲ။ လောကမှာ မင်းမျိုးဟာ အချုပ်တည်း အခံရဆုံးပါကလား" ဆိုကာ ကိုယ်တော်လေး မျက်ရည်ကျရှာတယ်။ ဘုရားညီမတော်လည်း ချုံးချပြီး ငိုမိတာပဲ'

'အင်း...'

'သည်တော့နော် ကိုယ်တော်ကလေးဟာ "ငါချစ်ပါတဲ့ သုမာရီ၊ မောင်တော် လူ့ဘဝနေလို့ အကျိုးမမြင်တော့ဘူး။ မောင်တော် လူ့ပြည်ငြီးရင် နှမတော်ကလေး လိုက်ပြီး သုသာန်သို့ ပို့ဖြစ်အောင် ပို့ပါ" ဆိုကာ ငိုပြီး မြင်းတော်ကိုစီးကာ ပြန်သွားရှာတယ်'





'ခု ညီမတော် အဲသည် မင်းသားကလေး တင့်တန်ဆောင်ကို ကယ်ရမယ်။ တင့်တန်ဆောင်ဟာ ညီမတော်ဘုရားအတွက် အစာရေစာကို မသုံးဘဲ တဖျစ်တောက်တောက်နှင့် သလွန်ထက်မှာ လူးလိမ့်ကာသာ နေရှာတော့တယ်'

'ဟင်... မမဘုရား၊ သည်လိုပဲလား၊ သုမာရီ သနားလှပါဘိ'

'ညီမတော် ကယ်ရမယ်'

'မမဘုရားရဲ့ စကားကို နားချပြီး ကယ်ပါမယ် ဘုရား'

*

နံနက်လင်းသော် မနုစာရီသည် နံနက်စောစော အစားအသောက်တို့ကို စားသောက်ပြီးနောက် အပျိုတော်များ အခြံအရံနှင့် သုမာရီကို မင်းသမီးတို့ အဝတ်တန်ဆာ ဆင်ယင်စေလျက် မင်းသားကလေး တင့်တန်ဆောင်ထံသို့ သွားရောက်လေ၏။

သုမာရီကား မနုစာရီ၏ အစီအရင်ဖြင့် တင့်တန်ဆောင်ထံ ကြည်သော မျက်နှာနှင့် ဝင်သွား၍ ဤသို့လျှောက် တီတီတာတာနှင့် သာတော့၏။

'မောင်တော်ဘုရား၊ သုမာရီ အခစား ရောက်လာပါတယ် ဘုရား'

'ဟင်... သု မာ ရီ၊ သုမာရီ၊ သုမာရီ။ ကိုယ်တို့ ကံဆိုးတယ်နော်။ နှစ်ကိုယ်တူ ကြည်ဖြူပါလျက် အကုသိုလ် သူမင်းမူလို့ အချစ်မဖြူနိုင်ကြဘူးနော်'

'မောင်မောင် ဘုရား'

'ဆို...'



www.burmeseclassic.com

www.burmeseclassic.com



'ဘုရားနှမကလေးဟာ သူတောင်းစားမကလေး မဟုတ်ရပါဘုရား'

'ဟင်... ဟင်... ဟင်။

'မိန့်တော်မူ မိမိကလေး၊ မောင်တော်ဘုရား ကြားရတာ ဘဝင်အေးပေါ့'

'မမဘုရား မနုစာရီက မိန့်တော်မူပါလိမ့်မယ် ဘုရား၊ ရွှေအားတော်သန်ပြီး ခပ်မြန်မြန် ကျန်းခဲ့သာလို့ မာတော်မူအောင် ကြိုးစားတော်မူပါဘုရား'

*

မနုစာရီကား မင်းသမီးကလေး သုမာရီ၏ အကြောင်းကို မိဖုရားကြီးအား စေ့ငုစွာ သံတော်ဦးတင်ပြီးလျှင် သုမာရီကို မိဖုရားကြီးထံ အပ်ခဲ့၍ မိမိ၏တိုင်းပြည်သို့ ပြန်ရာ တင့်တန်ဆောင် မင်းသားသည် စစ်သည်တော် တပ်သားများနှင့် လိုက်ပို့လေ၏။ မျှားမြောင်လှစွာသော လက်ဆောင်ပဏ္ဏာတို့နှင့်လည်း ပူဇော်ခြင်းကို ပြုလေ၏။

*

သက်သာပြည် မနုစာရီ၏ သတင်းသည် အလွန့်အလွန် ထင်ရှားလျက် အတိုင်းတိုင်း အပြည်ပြည်သို့ ပျံ့နှံ့ကာ ရှိလေ၏။ ထို့ကြောင့် အတိုင်းတိုင်း အပြည်ပြည်မှလည်း မပြီးမပြတ်နိုင်သော ပြဿနာတို့သည် မပြတ်မစဲ ရောက်နေကြလေ၏။

*





## သူဌေးကတော် မျောက်မွေးခြင်း

ပန်းတွဲဘုရင်၏ တစ်နေ့သော ညီလာခံ၌ 'ကယ်တော်မူပါ ဘုရား' ဟူသော အသံတစ်သံသည် စူးရှစွာ ထွက်ပေါ်လာ၍ ဘုရင်မင်းမြတ်သည် 'ဟဲ့ ဘယ်လိုအသံလဲ၊ ရှေ့တော်သွင်း' ဟု အမိန့်တော်မြွက် မှတ်သဖြင့် အမှုတော်ထမ်းတို့သည် ထိုမိန်းမအား ဘုရင်မင်းမြတ်၏ ညီလာခံအတွင်းသို့ သွင်းရလေ၏။ ဘုရင်မင်းမြတ်လည်း ဤသို့ အမေးတော်ရှိလေ၏။

'ဟဲ့ မိန်းကလေး... နင့်ကို ဘာကယ်ရမလဲ၊ ဘယ်လို ကယ်ရမလဲ'

'ဘုရား ကျေးတော်မျိုးမ ကိုးကွယ်ရာမဲ့ ဖြစ်၍ လျှောက်တင်ပါရစေဘုရား'

'တင်...'

'ဘုရား ကျေးတော်မျိုးမသည် မြောက်ပြင်သူဌေးကြီး၏ ဒုတိယမယားပါ ဘုရား'

'အင်း... တင်စမ်း၊ ဘာဖြစ်လာသလဲ'

'မြောက်ပြင်သူဌေးကြီး ဦးမိုးဟိန်းမှာ မိဘနှစ်ပါး ပေးထိမ်းမြား၍ ထားခဲ့သော ပထမ မယားကြီး၌ သားသမီး မရှိ၊ ရွှေဖဝါးတော်နှင့် သာတော်မူပါ ဘုရား'

'အင်း... တင်'

'ပထမ မယားကြီးမှာ သွေးသားဆုံးတော့ အထောက်အခံ သားသမီး မရနိုင်လို့ ဘုရားကျွန်တော်မျိုး မိပန်းဆီအား ကောက်ယူ၍ မယားအဖြစ်နှင့် လူသိရှင်ကြား မင်္ဂလာဆောင်ပြီးလျှင် မြောက်စားပါသည် ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



'အင်း…'

'ကျွန်တော်မျိုးမမှာ သဘာဝ ထုံးစံအတိုင်း ပဋိသန္ဓေ ရှိလာတော့ ပထမ မယားကြီးမှာလည်း သန္ဓေရှိလာပါသတဲ့ ဘုရား'

'အင်း… တင်'

'နေ့လစေ့၍ မွေးဖွားရန် အချိန်ကျတော့ ကမ္ဗလေ လှူပ်သဖြင့် ဘုရားကျွန်တော်မျိုးမ ဝမ်းနာတော့ ပထမ မယားကြီး ကေသီမယ်မှာလည်း ကလေးမျက်နှာမြင်ရန် ဝမ်းနာနေပါသည် ဘုရား'

'အင်း…'

'သည်လိုနှင့် ညဥ့်အချိန်မှာ ဘုရားကျွန်တော်မျိုးမ မီးဖွားတော့ ကေသီမယ်မှာလည်း သားကလေးတစ်ယောက် ဖွားမြင်ပါသတဲ့။ ဘုရားကျေးတော်မျိုးမမှာတော့ "မျောက်ကလေး ဖွားမြင်တယ်" ဆိုကာ လက်သည်များက ပြသပါသည် ဘုရား'

'အင်း… ဆန်းလှပါကလား'

'ခု ရှိသလား၊ သည်မျောက်ကလေး'

'ရှိ၍ ပါခဲ့ကြောင်းပါ ဘုရား'

'နင် သည်မျောက်ကလေးကို ချစ်သနားရဲ့လား'

'ကိုယ်က ဖွားတယ်လို့ ဆိုတော့ ချစ်သနားမိပါတယ် ဘုရား'

'အင်း… ယခု ဒါဖြင့် ဘာဖြစ်လာရသလဲ'

'သူဋ္ဌေးကြီးက "ဟယ်… မိန်းမယုတ်၊ နင်ယုတ်မာလို့ မျောက်မွေးရတယ်။ ငါ့အိမ်နှင့် မတန်၊ နင့်သား မျောက်ကိုယူပြီး ငါ့အိမ်က ထွက်သွား" ဆိုကာ ရိုက်ပုတ်နှင်ချလို့ ဘုရားကျွန်မ ကိုးကွယ်ရာမဲ့နှင့် ထွက်လာရပါသည်။ ထို့ကြောင့် ဤသို့ ပြုသင့် မပြုသင့်ကို အမိန့်တော် ချမှတ်ပေးသနားသင့်ကြောင်းပါ ဘုရား'





'ဟဲ့ လမိုင်းသားများ၊ သည်မိန်းမကို သူ့သား မျောက်နှင့်တကွ မိန်းမစိုးထံ အပ်ထား။ သည်တရားကို လွှတ်တော် တရားသူကြီးများနှင့် အိမ်ရှေ့မင်း လွှတ်သို့တက်ကာ စီရင်စေ'

ညီလာခံ ကွဲ။

ပန်းတွဲပြည် တရားလွှတ်တော်၌ ဝမ်းဆွဲသက်သေများနှင့် အနားမှ မိန်းမဖော်သက်သေများ တစ်စုက မျောက်ကလေးမွေးကြောင်း တညီတည်း ထွက်ဆိုကြသည်နှင့် အညီ မိန်းမယုတ်ဖြစ်သောကြောင့် မြောက်ပြင် သူဋ္ဌေးကြီး ပြုမူသော အပြုအမူသည် တရားနည်းလမ်းကျသည်ဟု ယူဆ ဆုံးဖြတ်လေ၏။ ထိုမိန်းမ မိပန်းဆီသည်ကား ထိုဆုံးဖြတ်ချက်ကို မကျေမနပ်သောကြောင့် ပညာရှိများ ထင်ရှားသော သက်သာပြည်သို့ ပို့ပေးပါဟု ဘုရင်မင်းမြတ်ထံ လျှောက်ထား တောင်းပန်သဖြင့် ပန်းတွဲဘုရင်မင်းမြတ်သည် မျောက်သားကလေးနှင့် တကွ မိပန်းဆီကို သက်သာပြည်သို့ ပို့ကာ တရားအဆုံးအဖြတ် ခံစေပြန်လေ၏။

ထိုမိပန်းဆီ မျောက်မွေးသော ပြဿနာကို သက်သာပြည် ပညာရှိလေးဦးတို့ထံ ချ၍ ပညာရှိလေးဦးတို့မှာ ပန်းတွဲပြည် သူဋ္ဌေးကတော်ကြီးထံမှ များစွာသော တံစိုးအဖြစ်နှင့် ငွေများကို ရလေ၏။

ပညာရှိ လေးဦးတို့လည်း ပန်းတွဲပြည် လွှတ်တော်ဝန် တစ်ယောက်နှင့် ပါလာသော သံတို့၏ရှေ့တွင် ဘုရင်မင်းမြတ်၏ အထူးညီလာခံ၌ စီရင်ဆုံးဖြတ်ကြလေ၏။

ပညာရှိ **သိန်း**အမတ်ကြီး၏ စီရင်ယူဆချက်ကား ဤသို့ ဖြစ်၏။

'လူနှင့်လူချင်း ရ၍လည်း လူ မမွေးတုံရာ။ ဤကား လူ့သဘာဝရှိသဘော ဖြစ်ရာ၏။ သျှတ္တရနီတိ အနှစ်အားဖြင့်ကား စိတ်သည် လောက

www.burmeseclassic.com



ကို ဖန်ဆင်း၏။ သူဌေးကတော် မိပန်းဆီသည် သူ၏ယောက်ျားနှင့် ပျော်မွေ့နေစဉ်အခါ သူတို့၏ တိုင်းပြည်၌ ထူးဆန်းသော တိရစ္ဆာန်ကပွဲကို ကြည့်ရာ မျောက်ညိုကြီးကို သဘောကျမိသည်အတိုင်း ထိုမျောက်ညိုကြီး၏ အာရုံသည် ဝင်ရောက်စွဲမြဲမိသဖြင့် မိမိလင်ကိုပင် မျောက်ညိုကြီးဟု ထင်မိ၏။ သာလည်း သာယာ၏။ ဤနည်းဖြင့် လောကတွင် တိရစ္ဆာန် အမျိုးမျိုး၊ လူရုပ်ပုံ အမျိုးမျိုးသည် ဖြစ်လာရခြင်း ထင်ရှား၏။ ထိုသဘောကြောင့် မိပန်းဆီ၏ အာရုံအတိုင်း သူဌေးကြီး၏ မျိုးစေ့သည် ပြောင်းလဲပြီးသော် မျောက်ဖြစ်ရချေသည်။ သာမက ဆောင်ရချေသော် အေးသောအရပ်မှ လိမ္မော်ပင်မျိုးသည် ပူသောအရပ်၌ အချဉ်အရသာဖြင့် ပေါ်လာ၏။ ပူသောအရပ်မှ ရောက်ချိုသီးသည် အေးသောအရပ်၌ ရောက်ချဉ်သီး ဖြစ်ရ၏။ မိုးများ၍ ပူသောအရပ်တွင် မာလကာသီးသည် အချဉ်သီး ဖြစ်လာရ၏။ ထို့ကြောင့် ထိုသဘောတွင် မိပန်းဆီ၌သာ တာဝန်ရှိသတည်း’

ပညာရှိ **ဝိုင်း**အမတ်ကြီး၏ ကောက်ယူစီရင်ချက်ကား ဤသို့ ဖြစ်၏။

‘စည်းစိမ်ရှင် မိန်းမတို့သည် ကာမဂုဏ်ကို အမျိုးမျိုး ခံစားလို၏။ ခံစားလိုသည်အတိုင်း ရသည်ရှိသော် ခံစားခြင်း ဖြစ်၏။ ဤကား မိန်းမတို့၏ သျှတ္တရသဘော ဖြစ်၏။ ကာမဂုဏ်ရသာ သရဖူဖြစ်သော လူတို့၏ မွေ့လျော်မှု၌လည်း ရနိုင်သော် မည်သည့် မွေ့လျော်မှုကိုမဆို ယူမည် ဖြစ်၏။ ဤအချက်၌ မိပန်းဆီသည် မျောက်ကြီးနှင့် ကာယကံမြောက် မမွေ့လျော်မိသော်လည်း ပဋိသန္ဓေ ကိုယ်ဝန်ရှိစဉ်၊ ရှိပြီး၊ ရှိဆဲတို့တွင် မျောက်ကြီးကို အာရုံရောက်ရာ၏။ ထိုသို့ အာရုံအတိုင်း သာယာ၏။





ဤနည်းဖြင့် လောကတွင် အရုပ်အဆင်း အမျိုးမျိုး၊ တိရစ္ဆာန် အမျိုးမျိုး တို့သည် ပေါက်ပွားဖြစ်ထွန်းနေ၏။

‘သာမကသော်ကား ခွေးမကလည်း ဝက်သဏ္ဌာန် မွေး၏။ ဝက်မကလည်း ခွေးသဏ္ဌာန် မွေး၏။ အချို့ ဝက်မကလည်း ဆင်သဏ္ဌာန် မွေးဖွား၏။ ထို့ကြောင့် မိပန်းဆီ မျောက်မွေးရာတွင် မိပန်းဆီ၏ တာဝန်မျှသာလျှင်တည်း’

ပညာရှိ **မိန်း**အမတ်ကြီးကား ဤသို့ စီရင်ကာ အကြောင်းပြ၏။

‘သူဌေးကတော် မိပန်းဆီ မျောက်မွေးသော ကိစ္စ၌ မိပန်းဆီကို သာလျှင် တာဝန်မထားရာ။ သူဌေးသည် မယားကလေးကို ရ၍ မယားကလေးနှင့် တွဲကာ ဟန်ပြလိုသဖြင့် တိရစ္ဆာန်ကပွဲသို့ ခေါ်သွား၏။

‘မိပန်းဆီကို တိရစ္ဆာန်ကပွဲသို့ ရောက်စေသူကား မည်သူနည်း။ သူဌေးကြီးသာလျှင် ကတည်း။ ထိုကပွဲ၌ မျောက်ကြီး၏ လိမ္မာပုံကို တွေ့ရ၍ မယားလှကလေး သဘောကျအောင် မျောက်ကြီးကို ချီးမွမ်း၏။ မိပန်းဆီလည်း မျောက်ကြီးကို သဘောကျ၏။ အိမ်သို့ပြန်၍ အိပ်ခန်းသို့ ဝင်ကြသော် လင်မယားနှစ်ယောက်သည် မျောက်ကို အာရုံပြုလျက်ပင် ရှိနေ၏။ သူဌေးကိုယ်တိုင်ပင် မျောက်က က ၍ ပြမိပါသည်ဟု ထွက်ဆိုထား၏။ ထိုသဘောကြောင့် မယ်ပန်းဆီ၌ ပဋိသန္ဓေသည် မျောက်ကလေး ဖြစ်လာရ၏။ ဤကား သတ္တဝါတို့၏ သဘော။

‘သာမကကား ကမ္ဘာပေါ်မှာ လူအမျိုးမျိုး၊ ပုံသဏ္ဌာန် အရောင် အဆင်း အမျိုးမျိုးတို့သည် ရှိနေ၏။ ထိုသို့ ဖြစ်ရသည်ကား မိဘနှစ်ပါးတို့၏ စိတ်သဘောကို လိုက်၍ ဖြစ်တည်ရခြင်းကြောင့်တည်း။



www.burmeseclassic.com

www.burmeseclassic.com



'ထို့ကြောင့် သူဌေးကတော်ကလေး မယ်ပန်းဆီ၌ မျောက်မွေးရခြင်းမှာ ချင်း၏လင်ပါ သက်ဆိုင်ရာသတည်း'

ပညာရှိ **ကောင်း**အမတ်ကြီး စီရင်ချက်ကား ဤသို့တည်း။

'လူတို့၌ ပဋိသန္ဓေ နေရခြင်းကား ရိုးသောဓမ္မတာ ဖြစ်လျက် အလွန် ဆန်းကြယ်လှ၏။ ပဋိသန္ဓေသည် မိဘကိုစွဲ၍ ဖြစ်သည် ဆိုတုံသော်လည်း ရုပ်ဝါဒသဘော ဆန်နေသည်။ စင်စစ် ပဋိသန္ဓေ ခိုဝင်လာရောက်သော သတ္တဝါ၏ စရိုက်သဘောတစ်ခုလည်း ဖြစ်ချေသည်။ သေချာစွာ စေ့ငုစဉ်းစားသည်ရှိသော် မိဘတို့သည် တစ်စုံတစ်ခုကို အာရုံစွဲတိုင်း သားသမီးကို မွေးဖွားသည်ဟု ဆိုသော် နတ်သိကြားပုံကို စွဲသဖြင့် နတ်သိကြား မွေးလာမည်လော၊ မဟုတ်ချေ။ ဤကဲ့သို့ မျောက်ကြီးကို စွဲ၍ မျောက်မွေးရသည် ဆိုသော် မိပန်းဆီ တစ်ယောက်တည်းသာ မျောက်မမွေးရာ။ မျောက်မွေးသော မိန်းမပေါင်း များစွာသည် ရှိရာ၏။ ဤကဲ့သို့ မရှိချေ။ အိမ်ထောင်သားတို့မည်သည် ကာမမေထုန်မှုကို အလွန် နှစ်သက်ကြ၏။ ဓိမ်ရှိသည်ဟု ဓိမ်ခံလိုကြ၏။ ထို့ကြောင့် တစ်ရာမှာ ကိုးဆယ်ခန့်သော အိမ်ထောင်သားတို့မှာ ဝါခေါင်၊ တော်သလင်း အချိန်အခါ၌ ခွေးထီးနှင့် ခွေးမတို့၏ ဓိမ်ကိုမြင်၍ ၎င်းကဲ့သို့လည်း ယစ်လိုကြခြင်း များကြ၏။ များသဖြင့် လူမ က ခွေးကလေး မွေးသည်ဟု သာဓကထုံး ကြားဖူးပါသလော၊ တင်ပြနိုင်ပါသလော။

'ထိုသဘာဝကို စဉ်းစားရသည်ရှိသော် မိပန်းဆီထံ၌ ပဋိသန္ဓေ လာယူသောသူသည် ဝိဇ္ဇာဖြစ်ရာသည်။ ထိုဝိဇ္ဇာသည် တောထဲ၌ မျောက်များနှင့် နေရာ မျောက်များနှင့် ပျော်မွေ့နေလေသည်။ ထိုအခိုက်အတန့်၌ ထိုဝိဇ္ဇာသည် စုတေစိတ်ကျရာ မျောက်၏ထံသို့ စိတ်ရောက်နေသော





လည်း မျောက်မ၏ထံတွင် ပဋိသန္ဓေနေခွင့် မရသောကြောင့် မျောက်တစ္ဆေ ဖြစ်နေရလေပြီ။ ထိုမျောက်တစ္ဆေသည် သူဌေး၏အိမ်သို့ ထင်းပို့လာသော လှည်းသမားကို စွဲ၍ ကပ်ပါလာရာ သူဌေးကတော် မိပန်းဆီကို စွဲလမ်းမိရာတွင် ပဋိသန္ဓေ တည်နေခွင့် ရသဖြင့် မျောက်ကလေး အဖြစ်နှင့် ပဋိသန္ဓေ တည်နေရလေပြီ။ ထို့ကြောင့် မိပန်းဆီမှာ မျောက်ကလေး မွေးဖွားရရှာလေပြီ။

'ထိုသို့ မွေးဖွားလာရသဖြင့် သူဌေးကြီးသည် ရှက်မည်ဆိုသော်မည်သူမှာမျှ မဖြစ်ဖူး၊ မတွေ့ကြုံဖူးသဖြင့် များစွာ ရှက်သင့်၏။ ထို့ကြောင့် မိပန်းဆီကို သူ၏သားကလေး မျောက်ကလေးနှင့် အိမ်က နှင်ထုတ်လိုက်သည်မှာ မသင့်ဟု မဆိုသင့်သော်လည်း မိပန်းဆီနှင့် သား မျောက်ကလေးကို နှိပ်စက်ရာ ရောက်ချေသည်။ လူသည် သတ္တဝါတစ်ခုကို မနှိပ်စက်ရာ။

'ထိုသို့ သဘောကြောင့် မိပန်းဆီအား သူဌေးကြီးသည် နှင်ထုတ်ရာ၌ အသက်မွေးမှု လုံလောက်အောင် ပစ္စည်းဥစ္စာ ထောက်ပံ့သင့်ပေသည်'

ထိုသို့ ပညာရှိ လေးဦးတို့၏ ထင်မြင်ချက် စီရင်ပုံကို ညှိနှိုင်းတည်းဖြတ်ပြီးသော် လွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်ပင်လျက် ဤသို့ စီရင်ချက်ရေး၍ ပန်းတွဲဘုရင်မင်းမြတ်ထံ တင်ပို့ရန် သဘောတူညီကြလေသည်။

"သူဌေးကြီးသည် မိပန်းဆီကို အိမ်မှ နှင်ချသင့်သည်။ သို့သော် လုပ်ကိုင်နေထိုင် စားသောက်လောက်အောင် ပစ္စည်းဥစ္စာ ပေးလိုက်ရမည်။"

*



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သော ဆုံးဖြတ်ချက်ကို သူဌေးကတော်ကလေး မပန်းဆီသည် သဘောမကျပါသဖြင့် မနုစာရီ သခင်မထံ အဆုံးအဖြတ် ခံပါရစေဟု သက်သာပြည့်ရှင် ဘုရင်မင်းမြတ်ထံ ဦးတိုက် လျှောက်ထားသောကြောင့် ထိုအမှုသည် မနုစာရီထံ ရောက်သွားလေ၏။

မနုစာရီလည်း ထိုအမှုကို စီရင်ဆုံးဖြတ်ရန် သူဌေးကတော်ကြီး၊ ဝမ်းဆွဲမများ၊ ပန်းတွဲနေပြည်တော်မှ အပျိုတော်များတို့ကို တင်ပို့လိုက်ရန် ပန်းတွဲဘုရင်မင်းမြတ်ထံသို့ တောင်းဆိုလိုက်လေ၏။

ပန်းတွဲပြည်မှ ဝမ်းဆွဲများ၊ အပျိုတော်များ၊ သူဌေးကြီးကတော်တို့ ရောက်ရှိလတ်သော် မနုစာရီ၏ ဧည့်သည်တော်အဖြစ်နှင့် တောင်ဥယျာဉ်တွင် ကောင်းစွာ ဧည့်ခံခြင်းဖြင့် နှစ်သိမ့်စေလေ၏။ အဆိုတော်၊ အသံတော်၊ အတီးအမှုတ်တော် တို့နှင့်လည်း ဖျော်ဖြေစေလေ၏။

ထိုကဲ့သို့ မနုစာရီ၏ အစီအစဉ်ကို တရားသူကြီးများနှင့် ပညာရှိလေးဦးတို့သည် တွေးတောကာ စဉ်းစားမရသာ ဖြစ်သည်ပြင် သက်သာပြည် နားကြီး၊ မျက်စိကြီးတို့သည်ပင် မနုစာရီကား သူဌေးကတော်ကြီး၊ သူဌေးကြီးတို့၏ဘက်သို့ မျက်နှာမူလေသလော ဟုပင် တွေးဆ ဆင်ခြင်စရာ ဖြစ်ပေါ်လာနေလေ၏။

မနုစာရီ တရားစစ်ဆေးပြီ။

မနုစာရီသည် ဝမ်းဆွဲများကို စစ်ဆေးရာ ပန်းဆီမှ မျောက်မွေးကြောင်းကို အစုံအညီ တစ်ဖြတ်တည်း ထွက်ဆိုကြလေ၏။ သူဌေးကတော်ကြီးမှလည်း သားယောကျ်ားကလေး မွေးကြောင်းကို သူဌေးကတော်ကြီး၏ ဝမ်းဆွဲများက တညီတည်း ထွက်ဆိုကြ၏။

'လက်သည်မမတို့၊ သားသည့်အမေသည် နို့ယိုသည် မဟုတ်လား'





'ဟုတ်ပါတယ်'

'သူဌေးကတော်ကြီးမှာ တစ်နေ့တွင် နို့ ဘယ်လောက် ယိုသလဲ။ ပိုလျှံလို့ ပန်းဆီရဲ့ မျောက်ကလေးကိုပင် တိုက်ရသေးသလား'

ဝမ်းဆွဲမများသည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်နေကြ၏။

'မမတို့ ထွက်ဆိုကြလေ၊ မသိဘူးလား'

'မသိကြောင်းပါ ဘုရား' ဟု လက်သည်မ သုံးယောက်သည် ထွက်ဆိုကြ၏။

'ကလေးထိန်းမမ၊ သူဌေးကတော်ကြီးမှာ တစ်နေ့ နို့ ဘယ်လောက် ယိုပါသလဲ'

'လုံး၀ မယိုပါဘုရား'

'ဘယ့်နှယ်... မမတို့ ဖြစ်နိုင်သလား'

အသံ တိတ်နေကြ၏။

'လက်သည်မမတို့၊ မျက်နှာမြင်သော မိန်းမရဲ့ ရင်သားနှင့် မမြင်သော မိန်းမရဲ့ ရင်သားဟာ ခြားနားတယ် မဟုတ်လား'

'ခြားနားပါတယ်'

'အပျိုတော် ညီမလေးများ'

'ဘုရား၊ ဘုရား၊ ဘုရား'

'ညီမလေးတို့ အပျိုပဲ ရှိသေးတယ် မဟုတ်လား'

'ရှိပါသည်' ဟု စုံညီစွာ ထွက်ကြရလေ၏။

'ဟုတ်ပြီ၊ လက်သည်မမတို့'

'ဘုရား...'



www.burmeseclassic.com

www.burmeseclassic.com



'မီးဖွားရသော မိန်းမမှာ သူငယ်အိမ့် တံခါးစောင့် ခလုတ်ဟာ ကွဲပြတ်ချွတ်ယွင်း သွားရတယ် မဟုတ်လား'

'သွားရပါတယ် ဘုရား' ဟု စုံညီ ထွက်ဆိုကြရလေ၏။

'ကောင်းပြီ၊ သူဌေးကတော်ကြီးနှင့် အပျိုတော်များ၊ လက်သည် မမများတို့... ဟိုအခန်းထဲ တစ်ဆိတ်ဝင်ပြီး ကိုင်း... လိုရင်းများကို စစ်ဆေးချက်အတိုင်း နှိုင်းယှဉ်ကြည့်ကြပေတော့။ လာကြ'

ထိုသို့ဆို၍ မနုစာရီသည် အိမ်ရှေ့မိဖုရားနှင့်တကွ ထိုမိန်းမတစ်စုကို သီးခြားထားသော အခန်းကလေးတစ်ခုထဲသို့ ခေါ်ဆောင်သွားလေ၏။

'ကိုင်း... အေ၊ တို့မိန်းမတွေချည်းပါ၊ မရှက်ပါနှင့်။ ညည်းတို့တိုင်းပြည်ကိုကပင် လူက မျောက်မွေးရတယ်လို့ ဆန်းကို ဆန်းလှပါတယ်။

'သူဌေးကတော်ကြီး ငြင်းနိုင်သေးရဲ့လား၊ သည်အရာမှာ အပျိုနှင့်အအို၊ သာမွေးဖူးတဲ့ မိန်းမ၊ မမွေးဖူးတဲ့ မိန်းမဆိုတာ ခြားနားပါတယ်'

'မမဘုရား ကယ်ပါ'

'အေးပါလေ'

မနုစာရီသည် ထိုမိန်းမများနှင့် ထိုအခန်းကလေးထဲမှ ထွက်လာ၍ ပညာရှိလေးဦး၊ ပန်းတွဲပြည်မှသံ၊ တရားသူကြီးများနှင့်တကွ ပရိသတ်အလယ်တွင် ဤသို့ ရေးမှတ်စေလေ၏။

'ကျွန်မ မနုစာရီကား နှောင်အသုံးပြုနိုင်ရန် အစေ့ကို လိုသော် အပင်၊ အရွက်၊ အပွင့်၊ အကင်း၊ အသီးနှင့် ဖော်ပြဘိသကဲ့သို့ ဤဆန်းကြယ်သော သူဌေးကတော် မျောက်မွေးမှု ပြဿနာကို ဖော်ပြရပါမည်။





'စိတ်သည် လောကကို ဖန်ဆင်း၏။ စိတ်အားဖြင့် လောကကို ဆောင်ကုန်၏ ဆိုသော နီတိစကား၊ သုတ္တရစကားတို့ကို မငြင်းသာချေ။ ငြင်းလည်း မငြင်းရာ။

'စိတ်အားဖြင့် ဖန်ဆင်းခြင်း၊ ဆောင်ခြင်းတို့ကြောင့် လောကသည် ဖြစ်သည်ဆိုရာတွင် ဤသဘော၌ စိတ်အာရုံအားဖြင့် ဖြစ်သည် ဆိုတုံသော်လည်း သန္ဓေသား၏ အရောင်အဆင်းနှင့် စိတ်နေစိတ်ထားကိုသာလျှင် ဖြစ်စေနိုင်သည်။ ဇာတိအားဖြင့် ဖြစ်သော သတ္တဝါ၏ အမျိုးကိုသော် လည်းကောင်း၊ ကြီးငယ် ထွားကျိုင်းခြင်းကိုသော် လည်းကောင်း မဖြစ်စေနိုင်။

'အကြင် မိဘတို့သည် တိရစ္ဆာန်ကိုစွဲ၍ ပဋိသန္ဓေကို ဖြစ်စေသော်လည်း တိရစ္ဆာန်ကိုကား မမွေးနိုင်ရာ။ အရောင်အဆင်းကိုကား ဖြစ်စေတတ်သည်။ စိတ်ကိုလည်း ဖြစ်စေတတ်သည်။

'ထိုသဘောကြောင့် အသား မည်း၊ ဖြူ၊ ညို စသည်တို့အတွက် စိတ်အာရုံအားဖြင့် ပြုပြင်နိုင်၏။ ထိုအာရုံအားဖြင့်လျှင် သူတော်ကောင်းစိတ်၊ လူမိုက်စိတ်၊ သူယုတ်မာစိတ်၊ တိရစ္ဆာန်စိတ်တို့ကို မိကောင်းဖခင်သားသမီး ဖြစ်စေကာမူ ထုံစွဲတတ်လေသည်။

'ထိုသဘောကြောင့် အာရုံသည် စိတ်ကို ဖြစ်စေတတ်သည်။ စိတ်သည် သဘောကို ဖြစ်စေတတ်သည်။

'ဤပြဿနာ၌ ပညာရှိ အသီးသီးတို့၏ ကောက်နုတ်ချက်သည် နက်လွန်းအားကြီးသည်။ ဤပြဿနာ၌ သဘောကား ဤသို့တည်း။

'သူဌေးကြီး ဦးမိုးဟိန်း၏ မယားကြီး ဒေါ်ကေသီသည် မယားအပြား ခုနစ်ပါးတွင် အမိနှင့်တူသော မယားမြတ် ဖြစ်ချေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အရှက်ကို ထိန်းသိမ်းသောအားဖြင့် မိမိ၏ခင်ပွန်းကို မခရာ၊ မတာ၊ မတီ၊ မပြီ၊ မမြူ၊ မချူ။ ကာမဂုဏ်မှု၌ မဖြားယောင်း၊ မိမိ၏စိတ်ကို သိမ်းဆည်း ချုပ်တည်းကာ ထားလျက် လစဉ် ဓမ္မတာ ပန်းပွင့်ပြီးနောက် ခုနစ်ရက် လွန်မြောက်သောအခါမှ သူဌေးကြီး အလိုရှိသော်လိုက်လျော၏။ အခွင့်ပြုလိုသော သဘောကို ပြုံးခြင်းဖြင့် ဆောင်၏။ ဒေါ်ကေသီမှာ ဆူဖြိုးသောကိုယ် ရှိသဖြင့် ပန်းပွင့်ပြီး ငါးရက်နောက်၌ သူငယ်အိမ်သည် ဥတုမညီမျှခြင်းကို ဖြစ်စေ၏။ ထို့ကြောင့် ပဋိသန္ဓေ မတည်ခဲ့နိုင်။ ထိုသို့ မတည်သည်ကိုပင် ရှက်ကြောက်သောအားဖြင့် ဝမ်းသာအားရခဲ့၏။

'သူဌေးကြီး ဦးမိုးဟိန်းကား မိမိ၏ ဥစ္စာပစ္စည်းတို့သည် မိမိတို့ ကွယ်လွန်ပြီးနောက် မင်းဘဏ္ဍာဖြစ်မည်ကို စိုးရိမ်သဖြင့် အမွေစားအမွေခံ အလို့ငှာ သားသမီး လိုလာ၏။ ထိုအကြောင်းကို ဒေါ်ကေသီ သိသဖြင့် မိမိ၌ သားသမီး ရလိုတော့၏။ သို့သော် အရွယ်လွန်သွားသဖြင့် သားသမီး မခိုလှုံနိုင်။

'ထိုသို့သော သဘောကြောင့် ဦးမိုးဟိန်းသည် သားသမီးအလို့ငှာ ဒေါ်ကေသီ ထားရာက နေမည့် ဆင်းရဲသူကလေး မယ်ပန်းဆီကို ရှာယူကာ အိမ်ထောင်ပြုရာ၊ မယ်ပန်းဆီမှာ မိန်းမတို့၏ သဘာဝ စရိုက်အတိုင်း လိုက်လျောကာ ပါသည်ပြင် သားသမီးလွယ်၍ သားသမီးများသော အမျိုး ဖြစ်သည်အတိုင်း လွယ်လင့်တကူနှင့် ကိုယ်ဝန်ရှိလာရာ သူဌေး ဦးမိုးဟိန်း၏ မျက်နှာသည် မယ်ပန်းဆီဘက်သို့ ပါလာဟန် ရှိတော့သည်။

'ထိုအခါမှ သူဌေးကတော်ကြီး ဒေါ်ကေသီမှာလည်း ပန်းဆီ၏ သားသည် မိမိ၏သားပင် ဖြစ်နိုင်ကြောင်းကို သဘောမထားဘဲ ကိုယ်၏





ဘက်သို့ ပါစေရန် မိမိလည်း ကိုယ်ဝန်ရှိရတော့ပြီ။ သူဌေးဦးမိုးဟိန်းကား လူက မျောက်မွေးသည်ဟု ဆိုခြင်းကိုပင် ယုံကြည်နေသောသူ ဖြစ်၍ ဒေါ်ကေသီမှာ ကိုယ်ဝန်ရှိသည်ဟု ပြောသည်ကိုလည်း သူ ယုံကြည်တော့သည်။

'တရား၌ သက်သေကို မူတည်၍ စီရင်ဆုံးဖြတ်မှုသည် တရားကို မှားရန် လမ်းကြောင်းဖြစ်သည်။ သို့သော် မမှားနိုင်သော သက်သေအစစ်သည် သဘာဝဓမ္မနှင့် ကျိုးကြောင်းပြ သဘော ဖြစ်သည်ကို တရားသူကြီးများ နှလုံးပိုက်သင့်သည်။

'ထိုမှတစ်ပါးလည်း ပေထဲ၊ ပုရပိုက်ထဲမှာ ရှိတည်နေသော ဓမ္မသတ်၊ ရာဇသတ်၊ စီရင်ဖြတ်ထုံးတို့ထက် ခေတ်အလျောက် သဘာဝ အတတ်ပညာ၊ ကြောင်းကျိုးပြ အတတ်ပညာ၊ စိတ်ပညာတို့ကို တရားသူကြီးများသည် လေ့လာလိုက်စား၍ မျက်လှည့်၊ စိတ်လှည့်ပညာများကို ရိပ်မိမှ ဥပဒေတတ်၊ ရာဇသတ်၊ ဓမ္မသတ် ဖြတ်ထုံးတို့၌ ကျွမ်းကျင်သောပညာရှိ ဖြစ်နိုင်ခြင်းကို တရားစီရင်သူတို့ စဉ်းစားသင့်သည်အတိုင်း စဉ်းစား၍ ဤပြဿနာကို ဤသို့ ပြေလည်စေတော့မည်။

'ပန်းဆီမှာ ကမ္ဘဇလေလှုပ်၍ ကလေးမွေးရန် ဝမ်းနာသောအခါ ဒေါ်ကေသီလည်း နာတော့ပြီ။ ဒေါ်ကေသီသည် ပန်းဆီထက် ပိုမိုပြင်းထန်ကာ ဝမ်းနာသဖြင့် ညည်းအော်တော့သည်။ ဝမ်းဆွဲများလည်း အပြိုင်ပြု၍ ဝမ်းဆွဲနေတော့ပြီ။ ဒေါ်ကေသီ့အခန်းမှာ အူဝဲဆိုသော အသံသည် ဆူညံကာ ပေါ်လာတော့ပြီ။ ပန်းဆီထံ ဗန်းကလေးထဲ၌ မျောက်ကလေး ရောက်နေတော့ပြီ။ သည်မျောက်ကလေး ဘယ်ကလဲ'

အားလုံး ပရိသတ်တို့သည် စိုင်၍ ပါးစပ်ဟကာ ငေးနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



'မနုဟု ဘွဲ့တပ်ထားသော စာရီကို ဘယ်သို့ ဆိုမလဲ။ စုန်းကဝေမကြီးဟု ဆိုမလား။ နတ်ဝင်မ၊ မှော်ကတော်ကြီးဟု ဆိုမလား၊ ဘာပဲဆိုဆို မနုစာရီကား မနုစာရီတည်း'

ထိုသို့ဆို၍ ဝမ်းဆွဲများနှင့် အတူပါလာသော သူဌေးကြီး၏လူရင်းကျော်ခေါင်ကို မနုစာရီသည် 'မောင် ရှေ့ကို တိုးခဲ့စမ်းပါ' ဟု ခေါ်၏။ ကျော်ခေါင်လည်း တိုးလာ၍ မနုစာရီ့ ရှေ့မှောက်၌ မနုစာရီကို စိုက်ကြည့်နေသည်တွင် မနုစာရီသည် လွတ်ခနင်း ဤသို့ ဟစ်လိုက်လေ၏။

'မောင် သည်မျောက်ကလေးကို အခန့်သင့် ဘယ်ကရသလဲ'

'မျောက် အလမ္မာယ်သမားများထံကပါ မမ'

'ရှင်းကြပြီလား၊ ကိုင်း... နားခံတော်တို့ စီရင်ချက် ရေးကြပေတော့။

'သူဌေးကတော်ကြီး ဒေါ်ကေသီမှာ သား အလွန်ရချင်နေရာတွင် ယခု သားရပေပြီ ဖြစ်သောကြောင့် နို့မထွက်၍ မွန်မြတ်ထူးကဲသော မေတ္တာနို့ရည်နှင့် မပြတ် တိုက်ကျွေးပါ။ မယ်ပန်းဆီမှာကား မျောက်ကလေးကို မျောက်ဆရာထံသို့ ကျော်ခေါင်အားဖြင့် ပြန်ရောက်စေပြီး လျှင် ယခု လောက်လဲ့ လောက်လဲ့နှင့် ရှိသေးသော ကလေး ကလေးကို နို့ချိုတိုက်၍ မွေးကျွေးပါ။ ခု ယူ၍ တိုက်ပါ၊ သနားစရာ'

*

'ဒေါ်ကေသီသည် မယ်ပန်းဆီကို ညီမအရင်းကဲ့သို့ ချစ်ခင်ကြင်နာ၍ မယ်ပန်းဆီသည် ဒေါ်ကေသီကို အစ်မအရင်းကဲ့သို့ သဘောထား ချစ်ခင်ပါ။ မယ်ပန်းဆီသည် ဒေါ်ကေသီ သားသမီး လိုချင်သည့်အတွက်





ငါ အပင်ပန်းခံ၍ သားသမီး မွေးပေးရသည်ဟု မြတ်သော စိတ်သဘောကို ထားပါ။

'သားကလေးကား ထူးသောကံရှိသူ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းလောက်မှာ အမေတစ်ယောက်သာ ရှိရတတ်ပါသည်။ ဤကလေးမှာကား မေတ္တာနို့ရည် တိုက်နေသော အမေတစ်ယောက်၊ သွေးနို့ရည် တိုက်နေသော အမေတစ်ယောက်ဟု အမေနှစ်ယောက် ရှိချေပြီ။

'လက်သည်မများနှင့် ကျော်ခေါင်ကား ငွေကို အကြောင်းရင်းထား၍ ဤကဲ့သို့ ပြုကျင့်ကြသည်ဟု ယူဆသော် သတ္တဝါတစ်ဦး၏ ဖြစ်ပျက်တွေ့ဆုံရမည့် ကံ ကံ၏အကျိုးကို စော်ကားရာ ရောက်ချေသည်။ အချုပ်၌ ဤကလေးမှာ မိခင်နှစ်ဦး၏ ချစ်ခင်မှုကို ရလေအောင် လက်သည်မများနှင့် ကျော်ခေါင်သည် ကြံမိလေတော့ပြီ။ ဤကဲ့သို့ ပြုနိုင်ရန် ကံ၏ထောက်ပံ့မှုသည်ကား ဤအချိန် ဤအခါတွင် မျောက်အလမ္မာယ်သမားများထံ၌ မျောက်မကြီးမှ မျောက်ကလေး အသင့်မွေးခြင်းပင် ဖြစ်ချေသည်။ ကံနှင့်တူသောအား မည်သည် မရှိ။

'သူဌေးကြီး ဦးမိုးဟိန်းမှာကား လူက မျောက်မွေးသည်ကို ယုံကြည်မှုဖြင့် ပန်းတွဲပြည်မှ ပညာရှိများနှင့် တရားသူကြီးများ၊ ဤပြည်မှ ပညာရှိများနှင့် တရားသူကြီးများတို့အား ပင်ပန်းစေသည့်အတွက် ဆော်နီသာစွာ တစ်ဆယ်ကျပ်သားစီနှင့် ပူဇော်စေ'

❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

## ရသေ့နှင့် မင်းကြီး

ဩါရဝတီပြည့်ရှင် ဘုရင်မင်းမြတ်သည် တောကစားခြင်း၌ အလွန်ဝါသနာထုံ၍ အခါတစ်ပါး၌ အနည်းငယ်သော မှူးမတ်စုနှင့် မြစိမ်းရောင်တောကြီးထဲတွင် လှည့်လည်ကာ တောကစားနေရာ၊ ဆတ်ဖိုကြီးတစ်ကောင်ကို တွေ့၍ မင်းကြီးနှင့် နောက်ပါတို့ကား လိုက်ကြကုန်၏။

ဆတ်ကြီးသည် တစ်ဟုန်တည်း ပြေးကာ ရသေ့၏ ကျောင်းသခ်မ်းအတွင်းသို့ ဝင်နေ၏။ မှူးမတ်တို့ကား မြင်းနှင့် နောက်မှ ထက်ကြပ်မကွာ လိုက်လာရာ ရသေ့သည် ကျောင်းသခ်မ်းအဝက နေပြီးလျှင်လက်ကာကာ တားထားသဖြင့် မှူးမတ်များလည်း ရပ်တန့်ကာ နေကြရ၏။ ဆတ်ကြီးသည် လှပသော ဦးချိုတို့နှင့် လည်ကိုမော့ကာ ကျောင်းပရိဝုဏ် အတွင်းမှ ၎င်း၏ ရန်သူများကို ကြည့်နေ၏။

ဩါရဝတီ မင်းကြီးလည်း မြင်းတော်နှင့် မီလာ၍ ဤသို့ မင်းသံပါပါနှင့် ဆို၏။





'ဘာကို ရပ်ပြီး ကြည့်နေသလဲ၊ ဆတ်ကြီး ဘယ်ကို ရောက်သွားသလဲ'

'ဆတ်ကြီး ရသေ့ကျောင်းဝိုင်းထဲမှာ မော့နေပါတယ် ဘုရား'

'ပစ်ပါလား'

'ရသေ့က လက်ကာကာ တားထားပါတယ် ဘုရား'

'ဘယ်မှာလဲ၊ မဆိုင်ဘူး၊ ငါပစ်မယ်... ပြ'

'ဟိုမှာ ဆတ်ကြီး မော့နေပါတယ် ဘုရား'

'ဟော့... ဟော့... ဟော့ သည်အကောင် ရှင်ဘုရင်ပီပီ မိုက်လှပါကလား'

'ရသေ့၊ ရသေ့ဘာသာ နေ'

'နင်... ပစ်စမ်း'

'ရသေ့... ပစ်ရင် ဘယ်လို လုပ်မလဲ'

'အေးလေ... ပစ်ရင် နင် ငါ့အကြောင်းကို သိမယ်'

မင်းကြီးကား ဆတ်ပစ်ရန် လေးညှို့ကိုတင်ရာ တင်၍ မရတော့ပေ။

'ဟော့... မင်းယုတ်မာ၊ ပစ်လေ၊ ပစ်လေ၊ ပစ်လေ၊ နင့်အစွမ်းဒါပဲလား'

မင်းကြီးကား အလွန်အမျက်ထွက်၍ အိမ်မှ သန်လျက်ဓားကို ဆွဲနုတ်စဉ် ခဏာ၌ပင် နဂါးကြီးလေးကောင်သည် ပါးပြင်းထောင်ကာ ပေါ်လာ၍ လျှာတစ်လစ်နှင့် မင်းကြီးနှင့် နောက်ပါများကို လေးမျက်နှာက ဝိုင်းထားပြီး ဖြစ်နေလေ၏။

'ဟော့... ငမိုက်၊ အဲသည် နဂါးကြီးလေးစီးကို ပစ်ကြည့်စမ်း'



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးနှင့် မှူးမတ်တို့သည် လေးညှို့ကိုဆွဲကာ တင်ကြ၏။ ဆွဲတင်၍မရ ဖြစ်နေ၏။ နဂါးကြီးလေးကောင်သည် အတင်းထိုးကာ လိုက်တော့မည်ကဲ့သို့ ဖြစ်နေ၏။

မင်းကြီးနှင့်တကွ မှူးမတ်စုသည် လက်နက်တို့ကို ချ၍ ဒူးထောက်ကြပြီးသော် 'အရှင်ဘုရား၊ ကျေနပ်တော်မူပါ' ဟု ရှိခိုးကာ တောင်းပန်ကန်တော့ကြရာ ရသေ့လည်း ဤသို့ ငေါက်၏။

'သယ်... ငါ ဘာကျေမလဲ'

'အရှင်ဘုရား၊ သူတော်ကောင်း ဖြစ်သည်နှင့်အညီ ကျေနပ်တော်မူပါ ဘုရား'

'ငမိုက်ကောင်တွေ၊ ငါ ခု ကျေနပ်ပြီး လွှတ်လိုက်ရင် တခြားမှာ ခုလိုပဲ မိုက်မှာပဲ။ လူမိုက်အတွက် ဆေးမရှိဘူး၊ ဘေးသာ ရှိတယ်'

'တပည့်တော်တို့ ဘယ်မှာမှ မမိုက်ဝံ့တော့ပါ ဘုရား'

'နင်တို့အား ငါ ပုစ္ဆာလေးချက် မေးလိုက်မယ်၊ နင်တို့ရဲ့ တိုင်းပြည်ပြန်ပြီး ပညာရှိများနှင့် ညှိနှိုင်းကာ လေးလအတွင်း လာဖြေ၊ ဖြေရင် ငါ ကျေနပ်မယ်၊ မဖြေက နင်တို့ရဲ့ ဒွါရဝတီပြည်ကို ပြာပုံမိုး ရွာချမယ်။ နားထောင်...။

၁။ မြင်လျက်နှင့် အကန်းကား ဘယ်သူနည်း။

၂။ အရောင်အဝါ ရှိလျက်နှင့် ညစ်နွမ်းနေသူကား အသူနည်း။

၃။ စားသောက်လှုပ်ရှားကာ ကျန်းကျန်းမာမာနှင့် ရှိပါလျက် လမ်းမသွားနိုင်သူကား မည်သူနည်း။

၄။ အစာစားလျက် သေနေသောသူကား မည်သူနည်း။





ထိုသို့ ရသေ့ ပြောဆိုပြီးနောက် နဂါးကြီးလေးစင်းသည် ကွယ်ပျောက်သွား၍ ဒွါရဝတီ မင်းကြီးနှင့် မှူးမတ်စုတို့သည် ပြန်ကြလေ၏။

မင်းကြီးသည် မိမိ၏ နေပြည်တော်သို့ ရောက်ကာလ ရသေ့ကြီး မေးလိုက်သော ပုစ္ဆာလေးရပ်ကို ညီလာခံသဘင်၌ ချ၍ ဖြေစေရာ တစ်ယောက်သောသူမျှ ဖြေဆိုရန် အစကိုမျှ မသိသဖြင့် နန်းရင်းဝန်ကြီးကား ဤသို့ လျှောက်တင်လေ၏။

'ရေမြေ့ရှင်ဘုရား၊ ယခု ရသေ့ကြီး မေးလိုက်သော ပုစ္ဆာလေးချက်မှာ များစွာ နက်နဲလှပါသည်။ ထိုပုစ္ဆာကို လူသာမန်တို့ မဖြေဆိုနိုင်ရာ။ ဤခေတ်၌ သက်သာပြည်ကြီးမှာ မနုစာရီ မင်းသမီးသည် အလွန် ပညာကြီးကျယ်သည်။ အတိုင်းတိုင်း အပြည်ပြည်မှ မပြီးမပြတ်နိုင်သော တရားများနှင့် ပြဿနာ အရပ်ရပ်တို့ကို ဖြေဆိုဆုံးဖြတ် ပေးနေသည်ဟု ကုန်သည်များတို့အားဖြင့် ကြားသိရပါသည် ဘုရား။

'ထို့ကြောင့် ထိုပုစ္ဆာ လေးရပ်တို့ကို ပြဿနာပြု၍ သက်သာပြည်၌ သွားရောက် မေးမြန်းရချေသော် သင့်လျော်ပါသည် ဘုရား'

ထိုသို့ နန်းရင်းဝန်ကြီး လျှောက်တင်သည်ကို ဘုရင်မင်းမြတ်နှင့်တကွ ညီလာခံသဘင်သည် သဘောတူညီကြသောကြောင့် အထူးထူးသော လက်ဆောင်တော်များကို စီစဉ်၍ အိမ်ရှေ့မင်းသား "ဘုန်းဝေ" ကို သံမှူးပြုပြီးလျှင် ချေင်ရေလည်သော မှူးကြီးမတ်ကြီးတို့နှင့် သက်သာပြည်သို့ လွှတ်လေ၏။

ဒွါရဝတီပြည်ကြီးမှ အိမ်ရှေ့မင်းသား ဘုန်းဝေသည် ခမည်းတော် မင်းကြီး၏ အမိန့်တော်အရ ပုစ္ဆာလေးရပ်ကို ရွှေပေနှင့်ရေး၍ သက်သာပြည်ကြီးသို့ မြင်းသည်တော်များနှင့် သွားရလေရာ၊ ဘုမ္မဝတီမြို့သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်၍ မြို့ပြင်၌ စခန်းချ ရပ်နားနေပြီးလျှင် ဘထွေးတော် ဘုရင် မင်းမြတ်ထံ ရှိသေစွာ အကြောင်းကြား လျှောက်ထားလိုက်လေ၏။

ထိုအကြောင်းကို ဘုမ္မဝတီမြို့ မင်းသမီးကလေး "သီတာခင်" သိလတ်လေသော် အထိန်းအချီတော်၊ ရံရွေတော်မှု မပါဘဲ တစ်ကိုယ်တည်း မင်းသားဘုန်းဝေထံသို့ သွားရောက်လေ၏။

'အလို... သီတာ၊ ကျန်းခံ့သာလို့ မာရဲ့လား'

'မာပါတယ်၊ ကိုကိုဘုရား သက်သာပြည်ကြီးသို့ သွားမလို့ ဆို'

'အေး... ခမည်းတော်ဘုရားက လေးရပ်သော ပုစ္ဆာကိုမေးဖို့ လွှတ်တော်မူလိုက် လို့'

'သီတာလည်းလေ သက်သာပြည် မမ မနုစာရီထံ သွားချင်နေတာ၊ ကိုကိုဘုရားနှင့် အခန့်သင့်ကြုံတော့ သီတာလည်း လိုက်ခဲ့မယ် ဘုရား'

'ဟာ... သီတာရယ် အေးအေးနေတာ မဟုတ်ဘူး၊ ဘာကြောင့် လိုက်ရမလဲ'

'ကိုကိုရယ်... လိုက်ချင်တာပဲ၊ လိုက်မှာပဲ'

'ဟဲ့... မလိုက်ခဲ့ပါနှင့်၊ နင် ရှုပ်ပါတယ်'

'လိုက်မှာပဲ၊ ဒါတော့ လိုက်မှာပဲ၊ သီတာလေ မမ မနုစာရီနှင့် သတင်းကြားကတည်းက တွေ့ချင်နေတာပါ ဘုရား'

'ခက်တယ်'

'မခက်ပါ ဘုရား'

'အေးအေး... ဘထွေးတော်ဘုရားနှင့် တော်လေးဘုရားက ထည့်ရင် လိုက်ခဲ့'

'မထည့်... ထည့်ထည့် လိုက်မှာပဲ'





'ဘထွေးတော်ဘုရားနှင့် တော်လေးဘုရားထံ အဖူးမြော်အကန်တော့ သွားဦးမယ်'

မင်းသားဘုန်းဝေသည် တင့်အပ်သော လက်ဆောင်ပဏ္ဏာတို့နှင့် တကွ ဘထွေးတော်နှင့် တော်လေးဘုရားထံ သုံးယောက်မျှသော နောက်ပါတို့နှင့် အဖူးမြော် အကန်တော့ဝင်ရာ မင်းသမီးကလေး သီတာခင်လည်း ပါလာလေ၏။

မင်းသားဘုန်းဝေသည် ဘထွေးတော်နှင့် တော်လေးဘုရားအား အာလာပ သလ္လာပ စကားများကို လျှောက်ထားပြီးနောက် သက်သာပြည်သို့ ပုစ္ဆာလေးရပ်ကို ပြဿနာအဖြစ်နှင့် မေးရန် သွားရောက်ရပါမည့် အကြောင်းနှင့် လျှောက်ထားလေ၏။

ဘုမ္မဝတီပြည့်ရှင် မင်းသည်လည်း 'ထိုပုစ္ဆာများ၏ အဖြေကို တူတော်မောင် ရရှိ၍ ပြန်လာသောအခါ ငါလည်း ကြားနာပါရစေ' ဟု မှာထားလေ၏။ ထိုခဏ၌ သီတာခင်လည်း အပါးတော်က ရှိနေ၍ ဤသို့ ဖြတ်ထိုးဝင်ကာ လျှောက်ထားလေ၏။

'ခမည်းတော်ဘုရား ဘုရားသမီးတော်လည်း ကိုကိုဘုရားနှင့် သက်သာပြည်သို့ မမ မနုစာရီ မင်းသမီးကြီးနှင့် တွေ့ရန် လိုက်ပါပါမည် ဘုရား'

'ဟဲ့... သီတာ'

'ခမည်းတော်ဘုရား၊ ဘုရားသမီးတော် လိုက်မှာပဲ'

'သီတာရယ် နင် မိန်းကလေးမျှသာ၊ သည်ခရီးကြမ်းလို့'

'ကိုကိုဘုရား ဘာကို မိန့်တော်မူမူ သီတာ လိုက်မှာပဲ၊ ကိုကိုဘုရားက ခေါ်တော်မမူချင်ရင် ကိုကိုဘုရားရဲ့ မြင်းသည်တော့်နောက်က သီတာလည်း မြင်းနက်ကျော်မကို စီးပြီး လိုက်မှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… သီတာရဲ့၊ ဘာမှလည်း အစီအစဉ် မပြုရသေး။ ဘယ့်နှယ်'

'မယ်မယ်ဘုရား၊ လဲလှယ်ရန် အဝတ်နှစ်စုံလောက်ကို ဘယား အိတ်ထဲ ထည့်ပြီး ဘုရားသမီးတော် ပျော်ပျော်ကြီး လိုက်မယ်။ ဘာတွေ၊ ညာတွေ၊ သဟာတွေ၊ ပွေလိ ပွေလာကို စီစဉ်ပြီး ဟိတ်ဟန်လုပ်ဖို့ မလို ပါ ဘုရား'

'သီတာဟာ ခက်တယ်၊ နင့်ကို အထင်အမြင် သေးကုန်မှာပေါ့'

'သီတာ လျှောက်ပါရစေ ဘုရား'

'ဘာတင်မလဲ၊ ဆိုစမ်း'

'ကုန်သည်ကြီးများရဲ့ သတင်းစကားအရ သက်သာပြည်ကြီးဟာ လူတွေနေတဲ့ တိုင်းပြည်ပါတဲ့ ဘုရား'

'ဟဲ့… သီတာ၊ တိုင်းပြည်ဆိုမှပဲ လူတွေမနေရင် ဘာတွေ နေတာ လဲ'

'မယ်မယ်ဘုရား၊ လူဟူ၍ ပညတ်ထားသော်လည်း လူကို လူထင်မှ လူပါဘုရား၊ လူကို လူထင်သောသူသည် သူတစ်ပါးအပေါ်မှာ အထင်မသေး၊ အမြင်မတို၊ မနာလိုဝန်တိုခြင်း မရှိ။ လူကိုမြင်ရင် မြင်သိတတ်၍ အဆင့်အတန်းကို သိပြီးသော် သူတစ်ပါး၏ အပေါ်၌ ပြုကျင့်ရန်သော ဝတ္တရားကို ပြုကျင့်မှသာ လူပါ ဘုရား။ ဒါကြောင့် သက်သာပြည်ကြီးဟာ လူများနေသော တိုင်းပြည်ဖြစ်ခြင်းကြောင့် ဘုရားသမီးတော် ရောက်ဖူးချင်လှပါသည် ဘုရား၊ မမ မနုစာရီနှင့် တွေ့လိုလှပါသည် ဘုရား'

'နွတ်ပဲကိုး သမီးတော်၊ မထော်ဘူး ထင်တယ်'

'ကိုကိုဘုရားနှင့် မလိုက်ရရင် သီတာ ငိုမှာပဲ၊ မပြတ်ငိုနေမှာပဲ' ဆိုကာ သီတာခင် မင်းသမီးကလေးသည် မဲ့၍ လာလေ၏။





ထိုသို့သော သဘောကြောင့် ဘုမ္မဝတီပြည့်ရှင် ဘုရင်မင်းမြတ်သည် သမီးတော်ကလေး သီတာခင်ကို တူတော် အိမ်ရှေ့မင်းသား ဘုန်းဝေနှင့် သက်သာပြည်သို့ ထည့်တော်မူလိုက်ရလေ၏။

ဒွါရဝတီပြည်မှ အိမ်ရှေ့မင်းသားသည် သက်သာပြည်သို့ ရောက်လတ်သော် ရွှေမြို့တော်ဝန်မင်းက ကြိုဆို၍ သံတဲတော်တွင် ခမ်းနားစွာ ထားလေ၏။ သီတာခင်ကား ထိုသံတဲ၌ တည်းခိုခြင်းမပြုဘဲ မြင်းနက်မကို စီးလျက် မနုစာရီ၏ အိမ်တော်သို့ ရွှေမြို့တော်ဝန်က အပို့ခိုင်းလိုက်သည်အတိုင်း သွားရောက်လေ၏။

သီတာခင်လည်း မနုစာရီအိမ်သို့ သိလတ်သော် လိုက်ပို့သူအား ပြန်လွှတ်လိုက်၍ ဝင်းတံခါးဝတွင် မြင်းနှင့် ရပ်နေ၏။ ထိုအခါ အမှုထမ်းတစ်ယောက်သည် ရောက်လာ၍ ဤသို့ မေးစစ်လေ၏။

'ဘယ်က ဘာကိစ္စပါတုံး ခင်ဗျာ'

'မမဘုရားနှင့် တွေ့လို၍ပါ'

စာရီသည် ဆင်ဝင်ထက်က နေလျက် သီတာခင်ကို မြင်လတ်သော် အိမ်တော်ပေါ်မှပင် 'လာ ညီမတော်' ဟု သာယာသော အသံနှင့် လှမ်းကာ နှုတ်ဆက်သဖြင့် သီတာခင်သည် မိမိ မျှော်လင့်သည်အတိုင်း အလွန်ဝမ်းသာသွားပြီးလျှင် မြင်းပေါ်မှဆင်းပြီးသော် မြင်းဇက်ကို ကိုင်ထား၍ လူပျိုတော်တစ်ယောက်သည် ထိုခဏ၌ပင် ရောက်လာ၍ သီတာခင့်လက်မှ မြင်းကိုယူ၍ ဆွဲသွင်းသွားလေ၏။

သီတာခင်သည် မနုစာရီ၏ အိမ်တော်ပေါ်သို့ ရောက်လျှင်ရောက်ချင်း မနုစာရီ၏ ရှေ့မှောက်၌ ဆရာ့ရှေ့မှောက် လိမ္မာသောတပည့် ရောက်လာဘိသကဲ့သို့ ကျုံ့ကျုံ့ကလေး ထိုင်ကာ ရှိခိုးဝပ်ချ ကန်တော့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မနုစာရီလည်း ‘အသက်ရှည်၍ ဘုန်းကြီးပြီးလျှင် ကောင်းသော အလိုဆန္ဒနှင့် ပြည့်စေသတည်း’ ဟု ဆုပေးပြီးသော် သလွန်ငယ် တစ်ခုပေါ်၌ မိမိနှင့်အတူ နေရာပေးလေ၏။

ညအချိန်၌ ပွဲတော်စာ ပြီးငြိမ်းသောအခါ သီတာခင်သည် မနုစာရီကို သာ၍ အံ့ဩ၏။ အဘယ်ကြောင့်ဆိုသော် မနုစာရီ၏ အိမ်တော်သည် တောအုပ်ကြီး၏အလယ် ရသေ့သခ်မ်းကဲ့သို့ ခြောက်ကပ် တိတ်ဆိတ်လျက် ရှိ၏။ အသီတော်၊ အဆိုတော်၊ အကတော်၊ ဖျော်ဖြေတော် ဟူ၍ လုံးဝ မရှိ။ မနုစာရီသည် တိတ်သော ပါးစပ်ဖြင့်သာ တစ်စုံတစ်ခုကို အာရုံပြုဘိသကဲ့သို့ အိမ်တော်ပေါ်၌ လမ်းလျှောက်နေလေ၏။

သီတာခင်ကား မနုစာရီနားသို့ ချဉ်းကပ်လျက် ဤသို့ ပြောဆိုလေ၏။

‘မမဘုရား၊ ညီမတော် တစ်ခု လျှောက်ထားပါရစေ’

‘ကိုင်း... ထိုင် ညီမတော်’

*

‘ဘာလဲ၊ ပြောစမ်းပါ’

သီတာခင်သည် မိမိ တရိုတသေ သိမ်းထားသော ကြယ်ရောင်ကဲ့သို့ တောက်ပသည့် ဓာတ်လုံးကလေးကို ထုတ်ကာ ပြေပြ၏။ ထိုဓာတ်လုံးကလေးကား ညအချိန် တိုက်ခန်းတွင်း၌ ထားသော ဆီမီးငါးရာ ထွန်းထားဘိသကဲ့သို့ လင်းနေ၏။

‘ညီမတော်၊ သည်ဓာတ်လုံးကလေးကို ဘယ်လို ဘယ်နည်းနှင့် ရသလဲ’





‘ဘုရားညီမတော်သည် တစ်နေ့သော သီတင်းနေ့မှာ ပျင်းပျင်းရှိလှသဖြင့် အနောက်ရေကန်တော် အတွင်း၌ ကြာပင်ကလေးများကို နုတ်ပြီးသော် ကြာဖူး၊ ကြာပွင့်၊ ကြာရိုးတို့နှင့် ကစားနေသည်တွင် လျှော်တေကို ဝတ်၊ ဝါးဘိုးပတ် ခမောက်ကိုဆောင်း၊ သန်လျက်ကို ကိုင်ပြီးသော် လူတစ်ယောက် ရောက်လာပါသည်’

‘ညီမတော် လန့်သွားသလား’

‘မလန့်ပါဘုရား’

‘ကိုင်း... ဆက်စမ်းပါဦး’

‘သည်လူက တစ်စုံတစ်ရာမျှ မဆိုဘဲ ဘုရားညီမတော်အား သည်အလုံးကလေးကို ပေးပြီးသော် ထွက်သွားပါသည်’

‘အင်း...’

‘ဘုရားညီမတော်သည် သည်ဟာ ဘာလဲဟု ပညာရှိများ၊ အမတ်ကြီးများတို့နှင့် ခမည်းတော် မယ်တော်တို့အား ပြမည် စိတ်ကူးသော်လည်း မပြရဲပါ၊ မပြလိုပါ’

‘ခုတော့...’

‘ဘုရားညီမတော်သည် ကုန်သည်များထံ မမ၏ သတင်းတော်ကို ကြားရက မမဘုရား၏ ခြေတော်ရင်းသို့ ရောက်လိုပါသည်။ မမဘုရားထံ၌သာ သည်အလုံးကလေးကို ပြသကာ ရှင်းလိုပါသည်။ ထို့ကြောင့် မမဘုရားထံ ဘုရားညီမတော် ကိုကိုဘုရားနှင့် အတင်းဖွတ်ပြုကာ လိုက်လာပါသည်’

‘ညီမတော်၊ သည်အလုံးကလေးကို နှစ်သက်ပါသလား’

‘နှစ်သက်ပါသည်’



www.burmeseclassic.com

www.burmeseclassic.com



'မနှစ်သက်နှင့်၊ နှစ်သက်ရင် အလိုရှိခြင်းနှင့်မက တွယ်ကပ်ငြိတွယ်ခြင်း ဖြစ်လာတတ်သည်။ အလိုရှိခြင်း၊ တွယ်ကပ်ငြိတွယ်ခြင်း မည်သည် အလင်းသဘော မဟုတ်၊ အမှောင်အတည့် သက်သက်ဖြစ်သည်။ မှောင်တွင်းသို့ ရောက်နေသော သူသည် ဆားဥပဒ်နှင့် ကြုံတွေ့ရတတ်သည်'

'သည်အလုံးကလေးသည် မည်သည့် အလုံးပါလဲ ဘုရား'

'ညီမတော်၊ သည်အလုံးကလေးကား ဝိဇ္ဇာများသုံးတဲ့ ဓာတ်လုံး'

'မှန်လှပါ၊ ဘယ်လို အကျိုးအာနိသင် ...'

'သည်ဓာတ်လုံးကလေးဟာ အာဟာရသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ ကာယသိဒ္ဓိ ပေါက်တဲ့ ဓာတ်လုံးကလေးနှင့် တူတယ်'

သီတာခင်ကား ကြည်၍ရွှင်သော မျက်နှာကို ပြ၏။

'ညီမတော် ဝမ်းမသာနှင့်၊ ဒါဟာ ညီမတော်မှာ အကြီးဆုံးဆိုတဲ့ အန္တရာယ်'

'အလင်းကို မိန့်တော်မူပါ ဘုရား'

'သည်ဓာတ်လုံးကို ရေစိမ်လို့ ဖြစ်စေ၊ ပျားရည်နှင့်စိမ်လို့ ဖြစ်စေ၊ တစ်စုံတစ်ခုသော အစားအစာမှာ ဓာတ်ကူးလို့ဖြစ်စေ စားသောက်ရင် အာဟာရသိဒ္ဓိကို ဖြစ်စေတယ်။ သည်ဓာတ်လုံးကိုဆောင်ပြီး တိုက်ခိုက်ရင် ကာယသိဒ္ဓိပဲ။ သည်ဓာတ်လုံးကို ငုံပြီး ခရီးသွားရင် သုံးယူဇနာခရီးကို တစ်မဟုတ်ချင်းနှင့် ပေါက်မြောက်နိုင်တယ်'

'မှန်လှပါ'

'ဒါပေမဲ့ မသုံးလိုနှင့်'

'ဘာကြောင့်ပါတုံး ဘုရား'

'လောကကို အောင်နိုင်ခြင်းဟာ လောဘ၊ ဒေါသ၊ မာနကို ချုပ်





တည်းခြင်းတဲ့။ လောဘ၊ ဒေါသ၊ မာနကို လျှော့နည်းနိုင်သမျှ လျှော့နည်းသလောက် အလိုဆန္ဒပြည့်ပြီး အောင်မြင်သတဲ့။ သည်ဓာတ်လုံးနှင့် ဓာတ်ကူးပြီး အစားအသောက်ကို စားသောက်ရင် တဖြည်းဖြည်း သည်စိတ်ဓာတ် ဝင်လာပြီး တောတွင် ပျော်ရွှင်လိုတဲ့စိတ် ဖြစ်လာမယ်။ သည်ဓာတ်လုံးနှင့် ဆေးကုလို့လည်း ရတတ်တယ်။ နောက်ဆုံး သည်စိတ်ဓာတ်ခိုင်မြဲတည်စွဲလာတော့ ဓာတ်လုံးကိုငုံပြီး တောထဲသို့ တစ်ယောက်တည်း ထွက်သွားတတ်တယ်။ အဲသည်အခါ ကိုယ်နှစ်သက်တဲ့ လူရှိရင်လည်း ကိုယ်နှင့်ခေါ်ပြီး ပျော်ပါးပေါ့။ ကိုယ့်ထက် တန်ခိုးရှိတဲ့ ဝိဇ္ဇာနှင့်တွေ့ရင် ကိုယ့်ကိုလည်း သူက အတင်းပျော်ပါးပေါ့။ တစ်ခါတစ်ခါ သူ့ထက်သူ ဝိဇ္ဇာတွေ များလာပြီးတော့လည်း ဝိဇ္ဇာမတစ်ယောက်ကို ဝိုင်းလိုက်ကာ ပျော်ပါးကြတော့ နွားမတစ်ကောင်နှင့် နွားသိုးတွေလိုပေါ့။ အဲဒါကြောင့် သည်ဝိဇ္ဇာလမ်းကို ဂန္ဓာရီလမ်းလို့ ခေါ်တယ်။ ဓာတ်လုံးကို မနှစ်သက် ထိုက်ဘူး၊ မိန်းမများ နှစ်သက်မိရင် ကိုယ်ကျိုးနည်းမယ်။ ခု ညီမတော်မှာ အရင်းအချာ အစ်ကိုတော် ရှိသေးသလား'

'မရှိပါ'

'ဒါဖြင့် ဘုမ္မဝတီပြည်ကြီးရဲ့ ထီးမွေနန်းမွေဟာ ညီမတော်ပေါ့'

'ဒါကြောင့်ကို ခက်နေပါတယ် ဘုရား'

'ဩော်... ဘာကြောင့်လဲ'

'ဘုမ္မဝတီ နေပြည်တော်ကြီးရဲ့ ထုံးတမ်းစဉ်လာမှာ ဘုရင်မများမှာ ကြင်ရာတော် မရှိရဘူး တဲ့'

'ဒါဖြင့် ...'

'မမကလည်း ကိုယ်ချစ်ခင်နှစ်သက်တဲ့ သူကို တွေ့ရင်တော့...'



www.burmeseclassic.com

www.burmeseclassic.com



'အလို... ခုတော့ ငယ်သေးတယ်လေ။ ထီးမွေနန်းမွေကိုတော့ ဆက်ခံ၊ သည်ဘုရင်ရဲ့ ထီးမွေနန်းမွေကိုတော့ ဘယ်သူ ဆက်ခံရမတဲ့လဲ'

'ဆွေတော်မျိုးတော် နီးနီးရင်းရင်းက...'

'မရှိဘူး ထား'

'အဲသည်တော့မှ မှူးကြီးမတ်ရာ သေနာပတိများက သင့်လျော်သော ကြင်ရာတော်ကို ရှာဖွေပေးမတဲ့။ ဒါပေမဲ့ သည်ကြင်ရာတော်ဟာ ဘုရင် မဖြစ်ရှိဘဲ သားတော် သမီးတော်သာ ထီးမွေနန်းမွေကို ဆက်ခံရမတဲ့'

'ဘာပဲဖြစ်ဖြစ်လေ ညီမတော် ထီးမွေ နန်းမွေကိုတော့ ဆက်ခံပါ'

'အကြောင်းကို မိန့်တော်မူပါ ဘုရား'

'လူများကို အုပ်စိုးနေတဲ့ မင်းဆိုတာ သို့မဟုတ် အစိုးတရ အကြီးအကဲဆိုတာ သိဒ္ဓိပေါက်ပြီးတဲ့...'

'မှန်လှပါ'

'အဲသည်မင်းရဲ့ စက်ရိပ်အတွင်းမှာ နိုင်ငံတော်ရဲ့ အတွင်းရှိ မည်သူမဆို ကျရောက်နေလို့ တရားရှင်မင်း၊ တရားရှင် အစိုးတရကို တော်လှန်သူ၊ မကြည်ညိုသူ ဟူသမျှဟာ ဒဏ်ခံရတယ်။ ဒဏ်ခံရတယ် ဆိုတာ ကိုယ်သွားနေတဲ့ လမ်းဟာ အမှားမှားအချွတ်ချွတ် ဖြစ်ရတတ်တယ်။ မင်းဆိုတာ ပဘာဝအလျောက် တန်ခိုးရှိလာတယ်'

'မှန်လှပါ'

'မင်းဆိုတာ အဲသည်လို ပဘာဝ တန်ခိုးရှိလာလို့ လောဘမကြီးရဘူး၊ ဒေါသမကြီးရဘူး၊ မာနမကြီးရဘူး။ ပကာသနဂုဏ် မလိုရဘူး၊ အာဏာ မလိုရဘူး။ တိုင်းသူပြည်သားတို့က ပေးသမျှနှင့် တည်ရတယ်။





တိုင်းသူပြည်သားတို့ဟာလည်း မင်းရဲ့ ကျင့်အပ်တဲ့ တရားနှင့်အညီ ကျင့်သလို တိုင်းသူပြည်သားများက သိလာကြတယ်'

'မှန်လှပါ'

'မင်းဆိုတာ တိုင်းသူပြည်သားတိုင်းရဲ့ တာဝန်ကို ခံရတယ်။ နောက်ဆုံး ညအချိန် သူခိုးဟာ ခိုးဖို့ရန် သွားတော့ ခြေကိုနင်းမိလို့ ခြေကိုက်ခံရတယ်။ အဲသည်တော့ ဆေးကုသဖို့ သမားကောင်း မရှိတာနှင့် သူခိုး သေရတယ်။ အဲသည်သူခိုး သေရခြင်းဟာ မင်းမှာ တာဝန်မကင်းဘူး၊ ဘာကြောင့်လဲဆိုရင် နိုင်ငံတော်မှာ သမားကောင်း မရှိတာဟာ မင်းရဲ့တာဝန် ဖြစ်နေတာကြောင့် ဘာမဆို တိုင်းသူပြည်သားများ မကောင်းတွေ့ရသမျှဟာ မင်းရဲ့ တာဝန်ကြီးပဲ။ ရသေ့ရဟန်းများ ဆွမ်းကွမ်း မလုံမလောက်တာဟာလည်း မင်းရဲ့ တာဝန်ပဲ။ ဘာကြောင့်လဲ၊ နိုင်ငံတော်ကို လိမ္မာအောင် တိုင်းသူပြည်သားများကို မအုပ်ချုပ်နိုင်တာကြောင့်'

'မှန်လှပါ'

'ဒါကြောင့် မင်းဟာ မကောင်းမှုကို ကိုယ်တိုင် မပြုဘဲနှင့်လည်း အပါယ်သို့ ကျရောက်ရတတ်တယ်။ ကောင်းမှုကို ကိုယ်တိုင် မပြုဘဲနှင့်လည်း နတ်ပြည်နတ်ရွာ သုဂတိကို ရောက်ရတယ်။ ဒါကြောင့် လိမ္မာတဲ့လူဟာ တရားသဖြင့် အုပ်ချုပ်မှာမို့ လိမ္မာတဲ့လူ လိုတာနှင့် ညီမလေးဟာ ခမည်းတော်ရဲ့ ထီးနန်းစည်းစိမ်ကို လက်ခံရမယ်။ တန်ခိုးကြီးအောင်လည်း လောဘ၊ ဒေါသ၊ မာန နည်းရမယ်'

'မှန်လှပါ'

*



www.burmeseclassic.com

www.burmeseclassic.com



ဒွါရဝတီမင်းသားက သက်သာပြည့်ရှင် ဘုရင်မင်းမြတ်ထံ ဝင်ရောက်ခစား၍ ပုစ္ဆာလေးချက်ကို ဖြေပေးဖို့ရန် ရက်ချိန်းတောင်းလေ၏။ ရက်ချိန်း တောင်းရန် ဘုရင်မင်းမြတ်ထံ ဝင်ရောက်သော အခါ၌ ပုစ္ဆာပါ ရွှေပေလွှာကို ယူသွား၏။ ဘုရင်မင်းမြတ်လည်း သဘောတော်တူ၍ ထိုပုစ္ဆာလေးချက်ကို ကြည့်ပြီးလျှင် နက်နဲလှပါကလားဟု မနုစာရီအားဖြင့် ဖြေဆိုရန် နေ့ရက်အချိန်ကို ကန့်သတ်လိုက်လေ၏။

မင်းသားသည် ထိုရွှေပေလွှာကို မင်းကြီးထံ မဆက်ခဲ့သေးဘဲ ပြန်ယူလာ၍ ကောင်းစွာ သိမ်းထား၏။ သို့သော် ထိုပုစ္ဆာလေးချက်ကို မဖြေမီ တစ်နေ့မှာ ထိုရွှေပေလွှာသည် ပျောက်ဆုံးသွားသဖြင့် မင်းသားသည် အလွန် အခက်ကြုံနေရတော့၍ ဤအရာကား မနုစာရီမှတစ်ပါး မတတ်နိုင်ဟု မနုစာရီထံ ဝင်ရတော့၏။

မနုစာရီလည်း မင်းသားက တင်သည်ကို မှတ်သားပြီးသော် ပြုံး၍ မင်းသမီးကလေး သီတာခင်ထံမှ ဓာတ်လုံးကို တောင်းယူဆုပ်ကိုင်ပြီးသော် 'ဦးလေး၊ ရွှေပေလွှာနှင့် အမြန်လာပါ' ဟု စိတ်စောစဉ် ခဏ၌ပင် ဝိဇ္ဇာသည် ရွှေပေလွှာကို ကိုင်လျက် ပြတင်းပေါက်မှ ချက်ချင်း ရောက်လာကာ ရွှေပေလွှာကို စာရီအား ပေးလေ၏။

စာရီလည်း 'ဦးလေး ထိုင်တော်မူပါ' ဟု ဣန္ဒြေရရနှင့် ဆို၏။ ဝိဇ္ဇာလည်း သလွန်တစ်ခုတွင် ထိုင်နေ၏။

ဘုန်းဝေနှင့် သီတာခင်ကား ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လျက်ရှိသည့် ဝိဇ္ဇာကို အံ့အားသင့်စွာနှင့် ငေးကာ စိုက်နေကြ၏။ ဝိဇ္ဇာကား ဤသို့ ဆို၏။

'မယ်တော်သခင်မ လျစ်လျူပြုတော်မူဖို့ သင့်ပါတယ်'





'ဦးလေးနော်၊ ဦးလေးတို့ကို စာရီ ပြောပေါင်း များလှပြီ၊ ဦးလေးတို့ဟာ တစ်နေ့ ဘဝကူးရမယ်၊ သိတယ် မဟုတ်လား'

'သိပါတယ်'

'အဲသည်တော့ ဝဿဝတီဘုံကို ရောက်ချင်သလား။ မိဆင်းရဲ ဖဆင်းရဲ ဝမ်းထဲဝင်ပြီး လူခြောက်ကလေး ဖြစ်ချင်သလား။ သူတစ်ပါး အပေါ်၌ အသာလိုချင်တဲ့ လူများ၊ အနိုင်လိုချင်တဲ့ လူများ၊ နှောင့်ယှက်တဲ့ လူများတို့ဟာ နောက်ဆုံးမှာ အကျကြီး ကျရလေအောင် သဘာဝက ဖန်တီးလာတတ်တယ် ဆိုတာကို သတိပြုသင့်ပါတယ်။ ဦးလေးတို့အနေနဲ့ ဗြဟ္မစိုရ်တရားကို လက်ကိုင်ထားပြီး ဗြဟ္မာ့ပြည်သို့ တက်လှမ်းဖို့ရန် မကောင်းဘူးလား'

'မယ်တော်သခင်မ၊ နားလည်ပါပြီ'

'ကောင်းပါပြီ၊ ဝမ်းသာပါတယ်'

ဝိဇ္ဇာကား ပြန်သွားလေ၏။ ထိုအခါ မင်းသားကလေး ဘုန်းဝေသည် ဤသို့ မေးလေ၏။

'မမဘုရား၊ ခု ကောင်းကင်ခရီးဖြင့် ပြန်သွားတာ ဘယ်သူပါလဲဘုရား'

'သြော်… ဝိဇ္ဇာတစ်ယောက်ပါ'

'သူဟာ ဘာကြောင့် သည်ပုစ္ဆာတွေကို လာရောက် ယူသွားပါလိမ့်မလဲ'

'နောက် သည်ပုစ္ဆာများကို ဖြေပြတဲ့အခါ ပါပါလိမ့်မယ်'

'မမဘုရားသည် ဝိဇ္ဇာများကို နိုင်ပါသလား'



www.burmeseclassic.com

www.burmeseclassic.com



'မနိုင်ပါဘူး၊ ဒါပေမဲ့ သူတို့ ကြည်ညိုကြတယ် ထင်ပါရဲ့'

'ဘာကြောင့်ပါလဲ မမဘုရား'

'သည်လိုလေ၊ မမဟာ ထွက်ရပ်လမ်းဆိုတဲ့ ဂန္ထာရီလမ်းကို ဝါသနာမပါဘူး၊ သဘောလည်း မကျဘူး။ သည်အတတ်ဟာ အကျိုးကိုထက် အပြစ်ကို များစေပါတယ်။ ဘာကြောင့်ဆို လောဘ၊ ဒေါသ၊ မာနကို တက်ကြွစေလို့။ ဒါပေမဲ့ မမဟာ တောထဲမှာ သဘာဝအလျောက် လူသူအဖော်ကင်းပြီး ကြီးပြင်းလာရတော့ သည်အတတ်ကို ဝင်စားလိုက်ရင် နည်းနည်း တီးခေါက်မိတယ်'

'မှန်လှပါ'

'အဲသည်တော့ မပေါက်နိုင်တဲ့ သူတွေ၊ ပေါက်လုဆဲဆဲ သူတွေဟာ ဆေး၊ ပြဒါး၊ သံ၊ အင်း ဆိုသလို မမထံမှာ လာပြီး သူတို့ နီးနှောကြတော့ ပေါက်သွားတာသာ များတယ်။ အဲသည် ပေါက်သွားသူတွေဟာ တစ်လမှာ တစ်ကြိမ်လောက် လာပြီး တရားနာကြတယ်။ အဲသည်တော့ သူတို့က မမကို မယ်တော်ကြီး မနုစာရီတဲ့၊ စကားကိုလည်း နားထောင်ကြပါတယ်'

'မမထံ ဓာတ်လုံးအမျိုးမျိုးတွေ...'

'မမ ဝါသနာမပါဘူး ဆိုပါပကော၊ လောကမှာ မောင်တော်ကလေး အကျင့်ကောင်းသလို သိဒ္ဓိပေါက်တယ်၊ အကျင့်နှင့်ပေါက်တဲ့ သိဒ္ဓိမှ တကယ့်သိဒ္ဓိ မောင်တော်ကလေး။ ဒါကြောင့် မမဟာ ဓာတ်လုံးကို မလိုလားဘူး။ သူတစ်ပါးက ဆဲတာ၊ နှိပ်စက်တာ၊ မကောင်းကြံတာကိုသာ လိုတယ်။ ဒါမှ ခန္တီပါရမီ အစကို မြင်နိုင်ပါတယ်'





'မမဘုရား၊ သည်စကားမျိုးကို ခုတစ်ခါသာ ကြားရတော့ ပုစ္ဆာများရဲ့ အဖြေကို မရစေကာမူ ဒါနှင့် ဘုရားမောင်တော်ကလေးမှာ အတိုင်းမသိတဲ့ အကျိုးတွေ ရလာပါတယ် မမဘုရား'

'ကောင်းပေ့... ကောင်းပေ့'

မင်းသားဘုန်းဝေသည် ရွှေပေလွှာကို ပြန်ယူပြန်လေ၏။

*

## ဒွါရဝတီပြည်မှ အမေးပုစ္ဆာ လေးရပ်ကို ဖြေပြီ

သက်သာပြည့်ရှင် ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့၏ရှေ့ မှူးမတ်ပေါင်းစုံညီသည့် ညီလာခံသဘင်၌ မနုစာရီသည် ရိုးရိုးသော တောင်သူမတို့၏ အဝတ်ကိုဝတ်၍ လာပြီးသော် ဒွါရဝတီပြည်မှ သံတမန်တို့အား ဤသို့ ဖြေပြလေ၏။ စစ်သေနာပတိ၏ မိဖုရား၊ အိမ်ရှေ့မိဖုရား၊ သီတာခင်တို့သည် မနုစာရီနှင့် ခြံရံကာ ပါလာလေ၏။

***၁။ မြင်လျက်နှင့်အကန်းကား ဘယ်သူနည်း။***

'အလိုကြီးသော သူသည် မြင်လျက်နှင့်အကန်း ဖြစ်ချေသည်'

'သမီးတော်၊ အဓိပ္ပာယ်နက်ကို ချဲ့၍ရှင်းပါလော့'

'လောကီ အိမ်ထောင်သားတို့၌ အလိုမရှိရ၊ မရှိအပ်ဟု စာရီသည် မဆို။ သို့သော် မိမိ၏အမျိုးကို မိမိသိတတ်၍ မိမိနှင့် ထိုက်တန်သည့် အလိုမျှကိုသာ ရှိရမယ်။ ရှိသင့်သည်။ ထိုသို့ အလိုရှိတိုင်းပင်လည်း မရတတ်။ မရ၍ ရအောင် ကြံဆတတ်သည်၊ ကြံဆခြင်းဖြင့်လည်း မကောင်းမှု အမျိုးမျိုးကို ပွားများစေသည်။ ထို့ကြောင့် ထိုအလိုရှိမှုကို



www.burmeseclassic.com

www.burmeseclassic.com



တင်းတိမ်ရောင့်ရဲခြင်း မရှိသောသူသည် မကောင်းမှု အမျိုးမျိုးကို ပြုကျင့်ရန် ရဲရင့်လွယ်ကူပေတော့သည်။

'လောက၌ မျက်စိမမြင်သောသူကို အကန်းဟု ခေါ်ဆိုသည်။ အကန်းသည် လမ်းသွားရာ၌ မမြင်သောကြောင့် ခလုတ်သစ်တုံးတို့ကို တိုက်မိ တိုးမိတတ်သည်။ လူကိုလည်း တိုက်မိ တိုးမိတတ်သည်။ ဆူးချုံအတွင်းသို့လည်း တိုးဝင်မိတတ်သည်။ ချောက်ကမ်းပါးသို့လည်း ကျမိတတ်သည်။

'ထို့အတူ အလိုရှိမှုကြောင့် လည်းကောင်း၊ ထိုက်တန်သည်ထက် ပိုမို အလိုရှိခြင်းကြောင့် လည်းကောင်း တင်းတိမ်ရောင့်ရဲခြင်း မရှိဘဲ ရလိုမှုကြောင့် ကြံဆ လုပ်ကိုင်တတ်ကြလေသည်။ ထိုသဘောသည် အလိုရမ္မက် ဖြစ်သည်။

'အလိုရမ္မက်သည် ကိုယ်ကျိုး ကိုယ်စီးပွားကိုသာ ရှေးရှုနေသဖြင့် သတ္တဝါများအပေါ်၌ ဖြူစင်သောစိတ်ကို မထားနိုင်၊ သတ္တဝါများအပေါ်၌ မသနားနိုင်၊ သူတစ်ပါး ကောင်းစားရေးကို ဝမ်းမမြောက်နိုင်၊ သူတစ်ပါး ကောင်းစားခြင်းနှင့် ကိုယ်၏အကျိုး ဆုံးရှုံးမှုကို လျစ်လျူမရှုနိုင်။

'ထိုသဘောကြောင့် မိမိ၏ အင်အားရှိသလောက် တရားမဲ့ ပြုကျင့်တော့မည်၊ နိုင့်ထက်စီးနင်းပြုတော့မည်။ ကိုယ်က ဝယ်ရာ၌ ကုန်ဈေးကို နှိမ့်၍ ရောင်းရာ၌ ကုန်ဈေးကို မြှင့်မည်။ ပေးစရာ၌ နည်းနည်းကိုပေး၍ ရစရာ၌ များများကြီး ယူတော့မည်။ ကိုယ်၏ အကျိုးစီးပွားကိုသာ ရှေးရှုလျက် မနာလိုခြင်း၊ ဝန်တိုခြင်း၊ စဉ်းလဲခြင်း၊ သူတစ်ပါး ပျက်စီးအောင် ကြံခြင်း၊ ကျေးဇူးရှင်ကို မသိခြင်း၊ ပညာရှိ သူတော်ကောင်းကို မသိခြင်း၊





ကျေးဇူးရှင်နှင့် ပညာရှိ သူတော်ကောင်းတို့ကို ပြစ်မှားခြင်း စသည်တို့ဖြင့် တရားတည်းဟူသော အလင်းကို မရတော့ပေ။

'ထိုအလိုရမ္မက်၌ ထင်ရှားလိုခြင်း၊ အာဏာသြဇာလိုခြင်း၊ အစိုးတရဖြစ်လိုခြင်း၊ တန်ခိုးဣဒ္ဓိပတ်ကို လိုခြင်း၊ ဂုဏ်ကြီးလိုခြင်း၊ ကာမဘောဂီ စည်းစိမ်အမျိုးမျိုးတို့ကို လိုခြင်း၊ ကာမမေထုန်မှုတို့ကို လိုခြင်း အစရှိသဖြင့် ညစ်ညူးမှုတို့ကို တပ်မက်စွဲလမ်းကာ ကြံဆ လုပ်ကိုင်ပေတော့သည်။

'ထို့ကြောင့် အလိုရှိခြင်း၊ အလိုကြီးခြင်းတို့ တည်းဟူသော အလိုရမ္မက်သည် မျက်စိရှိလျက် ကန်းခြင်းဖြစ်၍၊ နည်းနည်းလိုသော သူသည် နည်းနည်းကန်း၍ များများလိုသော သူသည် များများကန်းလေသည်။ ထိုကန်းသလောက် ညစ်ညမ်း၍ မကောင်းမှု ပွားများပြီးသော် လူရည်နိမ့်ချေသည်။ ထိုအလိုရမ္မက် နည်းသလောက် လင်းသည်ဖြစ်၍ ထိုသူသည် အလိုနည်းခြင်းနှင့်အညီ တန်ခိုးရှိသော သိဒ္ဓိရှင် ဖြစ်ချေတော့ရာ ကြံဆလုပ်ကိုင်မိတော့သည်။ ထို့ကြောင့် မျက်မြင်လျက်နှင့် ကန်းသော သူသည် အလိုရမ္မက် ကြီးသောသူ ဖြစ်သတည်း'

သဘာကား နက်နဲလေစွဟု သြဘာပေးလေသည်။

***၂။ အရောင်အဝါ ရှိလျက်နှင့် ညစ်နွမ်းနေသူကား အသူနည်း။***

'အရောင်အဝါ ရှိလျက်နှင့် ညစ်နွမ်းသောသူကား ဤသို့ပင်တည်း။

'အကြင်သူတစ်ယောက်သည် တစ်စုံတစ်ခုသော အလိုရမ္မက်ကြောင့် ကန်းသောမျက်စိရှိ၍ ကျေးဇူးရှင်၊ ပညာရှိ၊ သူတော်ကောင်း၊ မိတ်ဆွေ၊ သနားကြင်နာအပ်သူ ဟူ၍ မရှိတော့ဘဲ (၁) မမြင်နိုင်ဘဲ မိမိ အနိုင်ယူမှု၊ မိမိဂုဏ်ကြီးမှု၊ မိမိ အောင်မြင်မှု၊ မိမိအလိုဆန္ဒ ပြည့်ဝမှုတို့ကိုသာ ရှေးရှု



www.burmeseclassic.com

www.burmeseclassic.com



လျက် မိမိ၏အပြစ်ကို ဖုံးကွယ်၍ လည်းကောင်း၊ မိမိ၏အပြစ်ကို မသိ မမြင်၍ လည်းကောင်း မပြောဆို၊ မသုံးသပ်၊ မဆင်ခြင်၊ မပယ်ဖျောက်ဘဲ ကျေးဇူးရှင်ဟူ၍လည်း မသိ။ ဂုဏ်ရှင် ပညာရှင် သူတော်ကောင်း သက်ကြီးဝါကြီး စသည်ဟုလည်း မသိ။ သူတစ်ပါး၏ အပြစ်ကို ရှေးရှု လျက် နှိမ့်ချပြောဆို စွပ်စွဲပုတ်ခတ်ကာ ပြောဆိုခြင်း၊ ပြုမူလုပ်ကိုင်ခြင်းတို့ ရှိ၏။ ထိုသူသည် အရောင်အဝါ ရှိနေလျက်လည်း ညစ်နွမ်းသော သူတည်း။

'အကျဉ်းအားဖြင့်ကား အကြင်သူသည် မိမိ၏ အပြစ်ကို မသိ၍ လည်းကောင်း၊ သိလျက်နှင့် ဖုံးဖိ၍ လည်းကောင်း သူတစ်ပါး၏ အပြစ်ကိုသာ ရှေးရှုပြောဆို လုပ်ကိုင်နေ၏။ ထိုသူသည် ညစ်နွမ်းနေသော သူပေတည်း။

'အဘယ်ကြောင့်နည်း ဟူကား ထိုသို့သောသူကို သိမြင်သောသူ ဟူသရွေ့သည် မနှစ်လိုကုန်။ ထိုသူကို မုန်းသူတို့ တစ်စထက်တစ်စ များလာ၏။ ထိုသူတစ်ပါး၏ အပြစ်ကို လို၍ ရှာကြံပြောဆို လုပ်ကိုင်သော သူတို့၌ ကြမ်းကြုတ်ခက်ထန်ခြင်း၊ ရက်စက်ခြင်း၊ သူတစ်ပါးကို နစ်နာဆုံးရှုံး ပျက်စီးစေခြင်းတို့ ဖြစ်လာ၍ ထိုသူကို လူအားလုံးလောက် သို့မဟုတ် လူအများသည် သိသလောက် မနှစ်လိုခြင်း၊ မုန်းတီးခြင်း၊ ဆားပြုလုပ်လိုခြင်း တို့သည် ပေါများလာလေသည်။ ထို့ကြောင့် သူတစ်ပါးအား အပြစ်ပြုလိုသောသူနှင့် အပြစ်ပြုသောသူ ဟူသရွေ့သည် အရောင် အဝါ ရှိလျက်နှင့် ညစ်နွမ်းသောသူ ဖြစ်ရသတည်း။

'ချဲ့ပါဦးအံ့။

'သည်သို့ဆိုသော် လောကကို ပစ်ပယ်ထားရသလော။





'ဤသို့လည်း မဖြစ်နိုင်ချေ။ မဟုတ်ချေ။ လောက၌ ထုံးတမ်းစဉ်လာ သဘာဝသဘောဟု ရှိသည်။ သူတစ်ပါးအား အပြစ်ပြုလိုသော သူနှင့် အပြစ်ပြုသောသူသည် သူကိုယ်တိုင်၌ အပြစ်ရှိသည်။ သူသည် ပြစ်မှုကို ကျူးလွန်သောသူ ဖြစ်သည်။ ပြစ်မှုရှိသောသူတစ်ယောက် အပေါ်၌ ကိုယ်က အပြစ်ပြုသဖြင့် အပြစ်ရှိသူနှစ်ယောက် ဖြစ်လာလေသည်။ ထိုသူနှစ်ယောက်ကို လောက၏ ထုံးတမ်းစဉ်လာ သဘာဝသဘောက အမြဲ ဒဏ်ခတ်လျက် ရှိချေသည်။

'တစ်နည်းတုံအားဖြင့် တိုင်းပြည်နိုင်ငံတစ်ခု၌ ရာဇသတ်၊ ဓမ္မသတ်ဟု ဥပဒေစည်းမျဉ်း ရှိလေသည်။ ထိုဥပဒေသည်သာလျှင် အပြစ်ရှိသူများကို အပြစ်ဒဏ်ပေးခြင်း ဖြစ်လေသည်။ ထို့ကြောင့် အပြစ်ရှိသူနှင့် ထုံးတမ်းစဉ်လာ သဘာဝသဘော၊ ဥပဒေစည်းမျဉ်းတို့၏ အကြားတွင် ကိုယ်က အပြစ်တင်လိုခြင်း၊ အပြစ်ပြုခြင်း သဘောနှင့် မိမိကိုယ်ကို အရောင်အဝါ ညှိုးနွမ်းစေခြင်းဖြင့် မပါမဝင်စေရာ။ ထို့ကြောင့် မင်းတို့၏ ကျင့်ရာသော တရားတွင် အလိုရှိခြင်း၊ အပြစ်ပြုချင်ခြင်း၊ ဆားကို ကြောက်ရွံ့ခြင်း၊ တွေဝေဖုံးလွှမ်းခြင်း ဟူ၍ မလိုက်စားအပ်ဟု ပြထားလေသည်'

'ချစ်သမီး နက်လှချည်လား၊ ဤပုစ္ဆာတို့သည် အဖိုးတန်လှပါတကား'

'သဘာ၊ သဘာဝကို ပြောပါဦးအံ့။

'အကျိုးကို လိုလားသောသူတို့သည် သဘာဝကို ရှေးရှုရာသည်။

'မည်ကဲ့သို့နည်း၊ ခွေးတစ်ကောင်နှင့် ဝက်တစ်ကောင်သည် မစင်ကို စားသည်။ စားရာသလောဟု လူသည် ထိုခွေးနှင့် ထိုဝက်တို့ ရိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခွေးထီးနှင့် ခွေးမသည် လူတို့သွားရာ လမ်းမအနီး၌ မေထုန်မှုကို ပြုနေသည်။ အမေ ဝက်မကြီးနှင့် မွေးစ ဝက်ထီးကလေးသည် မေထုန်မှုကို လူတို့၏အနီး၌ ပြုနေသည်။ ထိုကဲ့သို့ ပြုကြရသလောဟု လူတို့သည် ထိုခွေးများနှင့် ထိုဝက်များကို အပြစ်ဆို၍ အပြစ်ပြုခြင်းဖြင့် ပြစ်ဒဏ်ထား၏။ ထိုသို့ ပြစ်ဒဏ်ထားသောသူသည် ခွေး ဝက် တိရစ္ဆာန်တို့၏ သဘာဝသဘောကို နားမလည်ရာ ရောက်နေသောကြောင့် ခွေးဝက်တို့ထက် ပြစ်မှုကို ကျူးလွန်မိရာ ရောက်နေခြင်းဖြင့် ထိုသူတို့မှာ အပြစ်ကြီးစွာ ရှိရပြီးသော် ညှိုးနွမ်းရလေသည်။

'ထို့ကြောင့် ခွေးထက် မိုက်သောသူ၊ ဝက်ထက် မိုက်သောသူဟု စကားဆိုရိုး ရှိသည်။

'ကမ္ဘာ၌ သဘာအလျောက် သစ်ပင် တောတောင် ရေမြေတို့သာမက လူတိရစ္ဆာန်တို့သည် ကိရိယာ တန်ဆာပလာများ ဖြစ်ကြသည်။ ထိုကိရိယာ တန်ဆာပလာတို့သည် မိမိတို့၏ သဘာဝအတိုင်း၊ သဘောသည် ဖြစ်လာကြသည်အတိုင်း သူ့သဘောအရ သူဆောင်သဖြင့် သူ့မှာ ဖြစ်ပျက်ရလေသည်။

'ပမာဆိုသော် ပန်းနှစ်ပွင့် ရှိသည်။ တစ်ပွင့်သည် မွှေးသောကြောင့် လူများ၏ ဆွတ်ခူးခြင်းကို ခံရသည်။ တစ်ပွင့်သည် နံသောကြောင့် လူများသည် ဂရုမစိုက်ကြချေ။

'လူတို့မှာ လူဆိုးလူမိုက်၊ ပညာရှိ၊ သူတော်ကောင်း၊ အုပ်စိုးသောသူ၊ တရားသူကြီး၊ လူညစ် စသည်တို့ ရှိသည်။ ၎င်းတို့အားလုံးသည် ၎င်းတို့၏ သဘောကို ဆောင်နေသည်။ လူဆိုး၊ လူမိုက်၊ လူညစ်တို့သည် ပြစ်မှုများကို ကျူးလွန်ကြသည်။ ထိုကျူးလွန်ခြင်းကား ၎င်း၏ သဘာဝ





အတိုင်း ဖြစ်သည်။ ထိုသို့ ကျူးလွန်ခြင်းကြောင့် လူတို့၏ ထုံးတမ်းစဉ်လာ ရာဇသတ်၊ ဓမ္မသတ်၊ တရားဥပဒေ၊ လူတို့၏ ကျင့်ထုံးအတိုင်း ၎င်းတို့မှာ တွေ့လာရမည်။

'ထိုသို့ တွေ့လာရမည်တွင် ကြားဝင်၍ အပြစ်ပြုခြင်း (ဝါ) ကိုယ်က ဒေါသထားခြင်းသည် မည်မျှလောက် ဘုန်းတန်ခိုးအာဏာ အရောင်အဝါ ရှိသောသူ ဖြစ်လင့်ကစား ညှိုးနွမ်းရလေသည်။

'ထို့ကြောင့် အရောင်အဝါ ရှိလျက်နှင့် ညစ်နွမ်းသောသူကား ကိုယ့်အပြစ်ကို ထိမ်ဖုက်၍ သူ့အပြစ်ကို လိုလားသောသူလျှင် ကတည်း'

ထိုသို့ ပုစ္ဆာနှစ်ပုဒ်ကို ဖြေပြရာ သဘာသည် သောင်းသောင်းဖြဖြ သြဘာပြုကြလေ၍ ထိုနေ့ ညီလာခံသဘင် ကွဲ။

ထိုနေ့ ညနေသော် မနုစာရီ၊ အိမ်ရှေ့မင်း မိဖုရား၊ စစ်ဘုရင် သေနာပတိ မိဖုရား၊ မင်းသမီးကလေး သီတာခင်တို့သည် ညနေခင်းကုန်သည်ကြီးများ စတည်းချရာ နေရာသို့ လှည့်လည်ကြည့်ရှုကာ နေကြလေရာ၊ လူ ရုတ်ရုတ်ရက်ရက်နှင့် စုအုံဝိုင်းဝန်းကာ နေကြသည်ကို တွေ့ရ၍ မနုစာရီသည် သွားရောက်ကြည့်ရှုနေလေ၏။

ထိုနေရာ၌ မိန်းမတစ်ယောက်သည် ဆောင့်ကြောင့်ထိုင်လျက် နှုတ်ခမ်းစူကာ နေ၏။ ယောကျ်ားတစ်ယောက်သည် စိတ်နှလုံး မကြည်သာသော မျက်နှာနှင့် ခေါ်ကာ နေ၏။ စာရီလည်း ဤသို့ မေး၏။

'ဘာဖြစ်ကြတာလဲ၊ လူများကလည်း ဝိုင်းသားကောင်းလှပါကလား'

'မမဘုရား၊ ဘုရားကျွန်မကို အတင်း လိုက်ရမယ်လို့ ခေါ်နေပါတယ် ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



'အင်း...'

'မမဘုရား၊ သူဟာ ကျေးတော်မျိုးရဲ့ဇနီး သူဌေးကတော်ပါဘုရား'

'အလို... ဘယ်ပြည်ကလဲ'

'မုဒုပြည်ကပါ ဘုရား'

'သူဌေးမင်းကလည်း ဘာကြောင့် သူ မလိုက်ချင်တာကို ခေါ်ရသလဲ။ သူဌေးကတော်ကလေးကလည်း ချော့ပြီး ခေါ်နေတာပဲ၊ လိုက်ပါတော့လား၊ ဘာကြောင့် မလိုက်ချင်ရသလဲ'

'သူဟာ ဘုရားကျွန်မကို ငေါက်ဆဲတဲ့အပြင် ခြေနှင့်ကန်၊ ရိုက်လည်း ရိုက်ပါတယ်၊ အိမ်ကလည်း နှင်ချပါတယ်။ ခုမှ ဘုရားကျွန်မကို ထပ်ပြီး နှိပ်စက်မယ်လို့ ခေါ်နေပါတယ် ဘုရား'

'မင်း ငါက မပြောချင်ဘူး။ သား နှစ်ယောက်၊ သမီး တစ်ယောက် မျက်နှာကိုများ ထောက်ပါဦး'

'ထောက်ပေါင်၊ သားသမီးလိုချင်လို့ တော့်ကို ကျုပ်ယူတာ မဟုတ်ဘူး။ မလွှဲသာလို့ သားသမီး မွေးရတာပါ။ ပြောပါလား၊ တော်ပြောမှာကို ကျုပ်သိတယ်။ တော် မပြောမီ မမဘုရားကို ကျုပ်က တင်မယ်။ မမဘုရား... ဘုရားကျွန်မ လင်ငယ်နေမိပါတယ် ဘုရား။ နေမှာပေါ့၊ တစ်ယောက် မဟုတ်ဘူး။ ရရင် ရသလောက် နေမှာပဲ။ တော် ကျုပ်ကို နှင်ချပြီးတဲ့နောက် လာမခေါ်နှင့်၊ တော်နှင့်ကျုပ် ပြတ်ပြီ။ ကျုပ်ကို အတင်းအဓမ္မခေါ်ရင် မမဘုရားထံမှာ တရားစွဲမှာပါ။ မိန်းမဆိုတာ ဘယ်တော့မှ မငတ်ဘူး၊ လုလေ ငွေတွင်းမှာ ငွေပြည့်လေ၊ သိရဲ့လား'

'မမဘုရား၊ ခု သူပြောနေတာကိုပဲ တည်းဖြတ်တော်မူပါဘုရား'





'ကိုင်း... ကိုင်း၊ ည ထမင်းစားသောက်ပြီးတော့ ကျွန်မရဲ့ အိမ်တော်သာကို သည်က ကုန်သည်ကြီးနှင့် လာခဲ့ကြ'

ထိုသို့ ပြောဆို၍ စာရီတို့သည် ပြန်ကြလေ၏။

*

ထိုနေ့ ညဉ့်ဦးယံ စောစောအချိန်၌ ထိုသူဌေးဇနီး၊ ခင်ပွန်း၊ ကုန်သည်ကြီးတို့သည် စာရီ့အိမ်တော်သို့ ခေါ်ထားသည့်အတိုင်း ရောက်လာရလေ၏။ ထိုအချိန်တွင် သက်သာပြည်မှ အိမ်ရှေ့မင်းနှင့် မိဖုရား၊ စစ်ဘုရင် သေနာပတိနှင့် မိဖုရား၊ ဒွါရဝတီပြည်မှ အိမ်ရှေ့မင်း၊ သီတာခင်တို့လည်း ရှိကြ၏။ စာရီလည်း ဤသို့ စစ်မေးတော့၏။

'ဆိုစမ်းပါ သူဌေးကတော်ကလေး'

'ဘုရားကျွန်မတို့ကို မိဘလေးပါး တင့်တင့်တယ်တယ် ထိမ်းမြားပေးထားပါသည် ဘုရား'

'အင်း... မှန်သလား'

'မှန်ပါသည် ဘုရား'

'ဘုရားကျွန်မသည် လင်ရယ်ဟု ဖြစ်လာသောကြောင့် မယားဝတ္တရားနှင့်အညီ ပြုစုပါသည်။ သူ ကြည်သာအောင် ယုယ၍ မူပါသည်။ သူ အလိုကျအောင် သ၍ စပါသည် ဘုရား'

'မှန်သလား'

'မှန်ပါသည်'

'ကန်တော့ပါဘုရား၊ မင်းများလည်း ရှိကြပါသည်။ နား၌မကြည် ဖဝါး၌ တည်တော်မူကြပါ။ ဘုရားကျွန်တော်မျိုးမမှာ ကိုယ်လေးလက်ဝန်



www.burmeseclassic.com

www.burmeseclassic.com



ရှိလာတော့ သန္ဓေကို စောင့်ရှောက် ထိန်းသိမ်းရသောအားဖြင့် သူ့ကို အကြောင်းပြုပြီး တောင်းပန်ပါသည်။ သည်တော့ သူဟာ အရပ်ပျက်များ၊ အရပ်ထဲမှ ဗိုင်းတာမများနှင့် လိုက်စားကာ ပျော်ပါးပါသည်’

‘မှန်သလား’

‘ပြုမိကြောင်းပါ ဘုရား’

‘အဲသည်တော့ ဘုရားကျွန်တော်မျိုးမလည်း “ဟာ… ငါမှ မပေါ့ မပါးဘဲ၊ ယောကျ်ားတို့ ဓမ္မတာပဲလေ” ဟု သည်းခံ အလိုလိုက်ကာ…’

‘နေဦး နေဦးဗျ သူဌေးကတော်ကလေး၊ ခင်ဗျားစကားက ယောကျ်ားတို့ ဓမ္မတာ ဆိုတော့ ကျွန်တော်တို့လည်း ပါနေတယ်။ ကျွန်တော်တော့ သည်လို မဟုတ်ဘူးဗျ’ ဟု အိမ်ရှေ့မင်းက ဆိုရာ အိမ်ရှေ့မင်း မိဖုရားလည်း အိမ်ရှေ့မင်းကိုပြုံးကာ မျက်စောင်းကလေးနှင့် သွေးနေ၏။ စစ်သေနာပတိ သုမိတ္တကလည်း ‘ဟာ… သူဌေးကတော်ကလေး၊ ကျွန်တော်တို့ ယောကျ်ားပေမယ့် သည်လိုတော့ မဟုတ်ဘူးဗျ။ ယောကျ်ားတို့ ဓမ္မတာ ဆိုတော့ ကျွန်တော်တို့ကိုလည်း ထိနေတယ်’ ဟု ဆို၍ ၎င်း၏ မိဖုရားသည် ပြုံးနေလေ၏။ ‘နမတော် မပြုံးနှင့်လေ’ ဟု သုမိတ္တသည် ဆို၏။ ဒွါရဝတီ အိမ်ရှေ့မင်းသားကလည်း ‘ဟုတ်တယ်ဗျ၊ ယောကျ်ားတိုင်းတော့ မဆိုသင့်ဘူး။ ကျွန်တော်လည်း သည်လိုဟာကို အင်မတန် စက်ဆုပ်ပါတယ်’ ဆိုရာ သီတာခင်က ‘နေပြည်တော် ရောက်တော့မှ အစ်မတော် ဘုရားကို မေးရမှာပဲ’ ဟု ပြုံးကာ ဆိုလေ၏။ သူဌေးကတော်လည်း ဆက်ပြန်၏။

‘ကိုယ်တော်တို့တော့ ဘုန်းကြီးသော ဘုရင်လောင်းမို့ သည်လိုတော့ ဟုတ်မယ် မဟုတ်ပါဘုရား’

ရယ်ကြ၏။





‘ဘုရားကျွန်မ ဆက်၍တင်ပါမည်။ သားဦး မျက်နှာမြင်ပြီး၍ လေးဆယ်ငါးရက်မှ သူ မစောင့်နိုင်သော်လည်း သြော်… ကိုယ့်ခင်ပွန်းသည်ပဲဟု သူ့အလိုကျအောင် သဘောမျှပြီး ဝတ္တရားကို ပြုပါသည် ဘုရား။ သည်လိုနှင့် ဒုတိယသား ပဋိသန္ဓေ ရှိလာပြန်တော့ ရှေးနည်းအတိုင်း၊ တတိယသမီး ပဋိသန္ဓေ ရှိလာပြန်တော့လည်း ခြိတိုးဖူးတဲ့ နွားအတိုင်းပါဘုရား၊ သည့်ထက် ထူးလာခြင်းက တတိယ သမီးကလေး တစ်ယောက် မျက်နှာမြင်၍ ဘုရားကျွန်မ ကျန်းမာလာတော့ သူကြည်သာအောင် ဘုရားကျွန်မ ဝတ္တရား မလစ်ဟင်းရဘဲ ကြံဆောင်ပြုစုပါသည် ဘုရား။ သို့သော် သူ ဘုရားကျွန်မအပေါ် မနှစ်လိုတော့သဖြင့် မသွားမလာတော့ပါ ဘုရား’

‘မှန်သလား’

‘မှန်ပါသည်’

‘ဘုရားကျွန်မလည်း မိန်းမပဲ’

‘သူဌေးကတော်၊ သူဌေးကတော့် မိန်းမထဲ မမတို့ မပါဘူး’

ရယ်ကြတော့၏။

‘ဘုရားကျွန်မလည်း ကာမဂုဏ်သားပဲ။ ထိုစိတ်ကို မကင်းပါ။ သူနှင့် အိမ်ထောင်ပြုကတည်းကပင် ငွေလို၍ မဟုတ်။ ဘုရားကျွန်မ သူဌေးသမီးပါ။ သားသမီးလို၍ မဟုတ်၊ သားသမီးဆိုတာ ဒုက္ခတစ်ခု။ ထိုစိတ်ကြောင့်၊ ထိုသဘောကြောင့် အိမ်ထောင်ပြုပါသည်။ သူ ဘုရားကျွန်မကို ပစ်ထားတော့ ဘုရားကျွန်မ မနေနိုင်၍ အိမ်က ကျွန်နှင့် ခြိမ်းခြောက်ပြီး မငြီးနိုင်ဘဲ မွေ့လျော်ကာ ပျော်ပါသည် ဘုရား။ ၎င်းကို သူချောင်းဖမ်း၍ မိသွားပါသည်။ အလွန့်ကို သဝန်ကြောင်ပါသည်။ ရသေ့



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းကြွင်းကို တစ်ကောင်တည်း ဗိုက်ကားအောင် စားချင်သည့် ခွေးလိုပါ ဘုရား'

'ဟာ… ဟာ… ဟာ… ဟာ'

'ကျွန်တော်မျိုး ချောင်းမဖမ်းပါ'

'ဘာကြောင့် မိရသလဲ'

'ကျွန်တော်မျိုး ကြွေးတောင်းရာမှ ပြန်လာသောအခါ ကျွန် "ငသောန" အိမ်ပေါ်သို့ တက်သွားသည်ကို မြင်ပါသည်။ အခန်းထဲမှ အသံကို ကြားရ၍ သွားကြည့်သောအခါ ပက်ပင်းပါ တွေ့မိသဖြင့် ဒေါသကို သည်းမခံနိုင်သဖြင့် ဆဲမိ၊ ဆိုမိ၊ ရိုက်ပုတ်မိ၊ နှင်ချမိပါသည် ဘုရား'

'သည်လိုဟာဆိုတာ လိုက်ကြည့်ရင် ပက်ပင်းပါမိမှာပေါ့။ မိရင် သည်းမခံတတ်တော့ စိတ်ကို ထိန်းမှာပေါ့။ ဒါကြောင့် မနက်က ညီလာခံမှာ ကိုယ့်အပြစ်ကို မမြင်ဘဲ သူ့အပြစ်ကိုသာ မြင်ပြီး အရေးယူနေရင် အရောင်အဝါရှိလျက် ညစ်နွမ်းသောသူဟု ပြောခဲ့သည်။

'ကိုင်း… မောင်မယ် နားထောင်ကြ။

'သူဌေး ဆိုသူကလည်း သူဌေး ပီသရတယ်။ ကိုယ့်မိန်းမ အခန်းထဲမှာ တစ်ယောက်အမြှောင်နှင့် ပျော်နေမှန်း သိမှပဲ၊ ဘာကြောင့် သွားကြည့်ရသလဲ။ မသိမှ သိအောင် ကြည့်ရတယ်။ သူတို့ကိစ္စပြီးလို့ ရယ်မောနေကြမှ သူဌေးကြီးက သွားရင် မြင်မှ မမြင်ရတော့ဘဲ၊ ဘာ ဒေါသထွက်စရာ ရှိတော့မလဲ။ အဲသည်တော့ လင်လုပ်သူဟာ မမှားဘူးလား'

သူဌေးကား တိတ်၍နေ၏။

'အိမ်ထောင်ပြုမယ်ကြံရင် မိန်းမသဘာဝကို နားလည်ရတယ်။ မိန်းမဆိုတာ စာပေကျမ်းဂန်၊ သြဝါဒကထာ၊ အလုပ်အကိုင် တစ်ခုခုတို့





နှင့် မပျော်ပိုက်ရင် များသောအားဖြင့် သူဌေးကတော်လို ဖြစ်တတ်တာဟာ သဘာဝ။ မဖြစ်ရင်တောင် မိန်းမသဘာဝမှ ချွတ်ယွင်းလို့ ကျန်းမာရေးကို ထိခိုက်တတ်သေးသတဲ့။ ဘာကြောင့်၊ အောင့်အည်းနေရလို့။ သည်တော့ ယောက်ျားဆိုတာ သည်လိုဟာကို သည်းမခံနိုင်ရင် အိမ်ထောင်မပြုနှင့်၊ ကြားလား။ အလေလိုက်နေ လူတစ်ယောက်ဟာ လူတစ်ယောက်ရဲ့ သူလိုတဲ့ အခွင့်အရေးကို လူအများအား မထိခိုက်ရင် ပေးနိုင်ရတယ်၊ ဒါမှ ယောက်ျား။ သူ ပျော်ချင်သလို ပျော်နေပေစေဦး၊ လမ်းဆုံးတော့ ရှာတွေ့မယ်'

ထိုအခါ ဆတ်ဆတ်ကြဲ ရန်တွေ့ကောင်းသော သူဌေးကတော်သည် မျက်ရည်တွေတွေ ကျဆင်းလာလျက် သူ့ခင်ပွန်း သူဌေးအား သူမှားသည်ဟု ရှိခိုးဝန်ချကာ မင်းသားတို့၏ ရှေ့တွင်ပင် တောင်းပန်လေ၏။ ထိုအခါမှ စာရီသည် သူဌေးကတော်အား ဤသို့ ဆိုလေ၏။

'သူဌေးကတော်၊ မိုးမကျမီ မြစ်ရေများဟာ ဘယ်လိုနေသလဲ'

'ကြည်ပြီး သာယာနေပါတယ်'

'မိုးကျတော့ကော'

'မိုးကျတော့ ချောင်းများ၊ မြစ်လက်တက်များမှ ရွှံ့နွံ အမှိုက်သရိုက်များနှင့် တိုက်ယူကာ စီးဝင်လာတော့ မြစ်မကြီးမှာ အဟုန်ပြင်းစွာ စီးပြီး ရေဟာ နောက်ကျုနေပါတယ်'

'အဲသည်လိုပဲ၊ မိန်းမများမှာ ဖြစ်တတ်တယ်၊ ဒါကြောင့် တစ်ယောက်တည်းနှင့်သော် ကျန်းမာ၍ နှစ်ယောက်သော် မပျော်မွေ့နိုင်ရန် မိန်းမများဟာ တွေ့လာရသတဲ့'

'မှန်လှပါ'



www.burmeseclassic.com

www.burmeseclassic.com



'မိန်းမများမှာ ဖြီးလိမ်းဆင်သခြင်းဟာ ကျန်းမာဖို့ဟု မရည်ရွယ်ဘဲ လှဖို့ဟု သဘောထားပြုခဲ့ရင် ထိုမိန်းမ၏ ဆင်သမှုသည် ထိုမိန်းမ၏ ရန်သူတဲ့'

'မှန်လှပါ'

'မိန်းမတို့သည် စာပေကျမ်းဂန်နှင့် မြဲရသည်။ မမြဲနိုင်ရင် ပညာရှိသူတော်ကောင်း၏ ဩဝါဒကထာကို သီချင်းကိုကဲ့သို့ နှစ်သက်ရမည်။ ထိုသို့ မရှိနိုင်သော် အလုပ်တစ်ခုခုနှင့် မြဲရမည်။ ထိုသို့ မမြဲချေသော် ထိုမိန်းမသည် "မိန်းမတို့သည် ဆိတ်ငြိမ်ရာအရပ်ကို ရသည်ရှိသော် မကောင်းမှု၌ ပြုမြဲတည်း" ဟူသော စာဆိုနှင့် ညီတတ်သည် သူဌေးကတော်'

'မှန်လှပါ၊ သတိရပါပြီ ဘုရား'

'ကုန်သည်ကြီး၊ ရှေ့တိုးပါရှင်။

'သည်လိုဟာကို လက်ခံပြီး ခေါ်မယူခဲ့ရဘူး၊ သူခိုးမှုနှင့် သူဌေးကတရားစွဲရင် ခံရမယ်။ ကုန်သည်ကြီး၏ အလုပ်သမားများမှာ သည်မိန်းမတစ်ယောက်တည်း ပါလာခြင်းကြောင့် အလုပ်သမား အားလုံးသည် ပျက်စီးရတတ်တယ်။ ကုန်သည်ကြီးက သည်လိုခေါ်လာလို့ သည်လိုဖြစ်ပျက်နေတော့ရင် သည်ပြည်သားများကို အတုမြင် အတတ်ရအောင် သင်ပေးနေတာနှင့် တူတယ်။ ဒါကြောင့် မှူးမတ် ပညာရှိ အချို့က နိုင်ငံတော် ပျက်ရခြင်းအကြောင်းတွင် ကုန်သည်များလည်း အကြောင်းတစ်ခုနှင့် ပါဝင်တယ်လို့ ဆိုတယ်'

'မှန်လှပါ၊ နောင်ကို သည်ကဲ့သို့ မဖြစ်စေရပါ ဘုရား'

ထိုသို့လျှင် မနုစာရီသည် ထိုသူဌေးလင်မယားအား ဆုံးမဩဝါဒ





ပေးကာ လွှတ်လိုက်ပြီးနောက် "နိုင်ငံတော်သို့ တစ်တိုင်းတစ်နိုင်ငံမှ ကုန်သည်များသည် ရာဇသတ်၊ ဓမ္မသတ်နှင့် မလွတ်ကင်းသည့် ရှုပ်ထွေးမှုများ၊ မကောင်းသော အကျင့်ရှိသူများကို ခေါ်ဆောင်ကာ သွင်းမလာရ၊ လာက ရာဇဒဏ် သင့်စေရမည်" ဟု အိမ်ရှေ့မင်းသား အမိန့်နှင့် ကြေညာရလေ၏။

သုစိတ္တမင်းသားကား ထိုအရှုပ်အထွေး ရှင်းသွားပြီးနောက် ဤသို့ဆို၏။

'အစ်မတော်ဘုရား၊ အပြစ်ရှိသူကို တစ်စုံတစ်ရာမျှ မနှိမ်။ အပြစ်မရှိသူဟု လောကက ဆိုနေသူအား ဖိလှပါလား'

'မောင်တော်၊ အပြစ်ရှိသူကို အပြစ်ရှိသည်ဟု ဆိုသော ဝန်ခံခြင်းမှာ အလွန်ခဲယဉ်းသည်။ သူတော်ကောင်းများသာ အပြစ်ကို ဖော်ပြလာလျှင် ဝန်ခံတတ်သည်။ အပြစ်ရှိသူအား အပြစ်ရှိသည်ဆိုသော်၊ ငေါက်သော်၊ ငမ်းသော်၊ မပြီးမပြတ်နိုင်အောင် ဆင်ခြေတုံ့တတ်ပေလိမ့်မည်။ ထိုအခါ ရင်ကြားမစေ့နိုင်ဘဲ ကွဲသည်ထက် ကွဲဖို့သာ ရှိ**သည်**'

'မှန်လှပါ'

'ယခုသော် ဥပါယ်တံမျဉ်နှင့် သူဌေးကိုသာ နှိမ့်ပြောက်သောသဘောနှင့် ပြောဆိုနေတော့ မိန်းမဖြစ်သူသည် သူ့အပြစ်ကိုသူ မြင်ပြီးသော် မှားမှန်းသိ၍ ဝန်ချတောင်းပန်လေတော့သည်။ ထိုအတတ်ကား ဥပါယ်တံမျဉ် အတတ်တွင် နိဒါန်းအဖြစ်နှင့် ပါနေလေသည်'

'လောက၌ သာယာအေးချမ်းစေရန် အတတ်ကား အတော်ပင်ခဲယဉ်းပါတကား' ဟု ဒွါရဝတီ မင်းသားသည် ဆို၍ စာရီလည်း ဤသို့ပြောပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ပညာရှိ သုခမိန်နှင့် ပညာရှိ သူတော်ကောင်းအား မှန်နေသော ၎င်း၏ အမူတစ်ခုကို မှားသည်ဟုဆိုသော် တကယ်ပင် မှားသလောဟု မိမိ၏ အမူကိစ္စကို ပြန်လည် သုံးသပ်တတ်သည်။ မှားသော အမှားကို ဖော်ပြသော်ကား ချက်ချင်းမြင်၍ ဆင်ခြေမတက်ဘဲ ထိုအမှားကို ပြင်တတ်ပေ၏။ ယုတ်မာသော သူတို့၌ကား ၎င်းတို့၏အမှားကို မှားသည်ဟု မည်သည့်အခါမျှ ဝန်မခံ၊ မှန်သည်ဟု ဇွတ်တိုးကာ လုပ်လေ့ရှိတတ်၏။ လုပ်၍ မရနိုင်သောအခါမှ ပျက်စီးသူ၏ အဖြစ်နှင့် နောက်ဆုံးမှ သက်ပြင်းရှူလျက် ထိုင်ရတတ်၏။

'သတိထားစရာကား သူယုတ်မာတို့ မည်သည့် အမှားကို မငြင်းဆိုနိုင်စေကာမူ ဝန်မခံ၊ ဆင်ခြေသည် ၎င်း၏ လိုရင်းသက်သေ ဖြစ်နေပေသည်။ သူတစ်ပါးကိုကား မှားသည်ဟု ရဲရဲစွပ်စွဲသည်၊ ခံဝံ့သည်။ သူတစ်ပါးအား စွပ်စွဲဝံ့သူနှင့် ဆဲဝံ့သူတို့သည် ကာလသုံးပါး၌ လူကောင်း မဖြစ်လာတတ်'

နောက်တစ်နေ့ ညီလာခံ၌–

***၃။ စားသောက်လှုပ်ရှားကာ ကျန်းကျန်းမာမာနှင့် ရှိပါလျက် လမ်းမသွားနိုင်သူကား မည်သူနည်း။***

'ထိုပုဂ္ဂိုလ်၏ အဖြေကား အတတ်ပညာ မရှိ၍ ကျိုးကြောင်းပြသောကို နားမလည်သောသူ ပါတည်း'

'ချစ်သမီးစာရီ၊ အကျယ်ကို ချဲ့ပါဦးလော့'

'အကြင်သူသည် အလုပ်နှင့်လက်နှင့် မြဲလျက်ရှိ၍ ဝမ်းစာအတွက်လည်းကောင်း၊ အဝတ်အတွက် လည်းကောင်း လုံလောက်ခြင်း ရှိပါ၏။ သို့သော် ထိုသူကား မိမိ လုပ်ကိုင်စားသောက် နေထိုင်ရေး၌ အတတ်





ပညာ မရှိသောကြောင့် သူတစ်ပါး ခိုင်းစေရာကိုသာ လုပ်တတ်၏။ သူတကာ့နောက်လိုက် အမြဲဖြစ်နေရ၏။ ထိုသူမှာ ဆရာ သို့မဟုတ် ဦးဆောင်မည့်သူ အမြဲလိုလျက် ရှိနေသောကြောင့် ထိုသူသည် လောက၌ မိမိ၏ အသက်မွေးဝမ်းကျောင်းအတွက် သူတစ်ပါးကို မှီခိုအားထားခြင်း မရှိဘဲနှင့် မလုပ်မကိုင်နိုင်။ မိမိ၏လောက လူ့လုပ်ရေး၌ တစ်ဆင့်တက်၍ တိုးတက်ကြီးပွား ကောင်းစားရန်ကား မျှော်လင့်ဖွယ်မရှိ ဖြစ်ပါသည်။ ထို့ကြောင့် ထိုသူသည် လမ်းမသွားနိုင်သောသူ ပါတည်း။

'တိုင်းပြည်နိုင်ငံတို့ မည်သည်မှာလည်း အတတ်ပညာ ကင်းမဲ့သော တိုင်းပြည်သည် မိမိ၏ တည်ရှိဆဲအခြေ၌ တည်နေနိုင်ရန် အတတ်ပညာရှိသော တိုင်းပြည်နိုင်ငံတို့ကို အမြဲမှီခိုအားထား နေရပေလိမ့်မည်။ ထိုတိုင်းပြည်သည် တစ်ဆင့်ထက်တစ်ဆင့် တိုးတက်ကြီးပွား ကောင်းစားရန်ကား မျှော်လင့်ချက်ဝေး၍ နောက်လိုက်နိုင်ငံ အဖြစ်နှင့် မည်မျှနိုင်ငံတော် ကျယ်ဝန်း၍ မည်မျှလောက် လူဦးရေ များပြားစေကာမူ တည်နေရပေလိမ့်မည်။ ထို့ကြောင့် ထိုတိုင်းပြည် နိုင်ငံသည်လည်း လမ်းမသွားနိုင်သော တိုင်းပြည် နိုင်ငံပင် ဖြစ်ချေတော့သည်'

'အင်း… လေးနက်ပါဘိ၊ အင်း… သမီးတော်ဟာ ဒါကြောင့် ငါ့တိုင်း ငါ့ပြည် ငါ့နိုင်ငံတော်မှာ လူတိုင်း စာတတ်ဖို့၊ အတတ်ပညာသင်ဖို့ စီမံတာကိုး။ သားတော်မောင် သုစိတ္တ၊ အထ မြောက်ပါရဲ့လား'

'မြောက်ကြောင်းပါ ဘုရား'

'သားတော်မောင် သုစိတ္တ၊ စစ်သည်တော်တပ်သားများ စာပေကျမ်းဂန် တတ်မြောက်၍ အတတ်ပညာ သင်ကြားရန် စီမံတာ ရုပ်လုံးပေါ်ပါရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



'ပေါ်ကြောင်းပါ ဘုရား'

'သမီးတော် အမြင်ကျယ်တယ်၊ ငါကိုယ်တော်မြတ် ဝမ်းသာပါတယ်။ ဆက်ပြီး ဖြေစမ်း'

'ထိုသို့ အတတ်ပညာ မဲ့ပြီးလျှင် စာပေကျမ်းဂန် မလိုက်စားသော တိုင်းပြည်၌ အသိဉာဏ် ကင်းမဲ့လာ၍ ကြောင်းကျိုးသဘောတို့ကို နားမလည်နိုင်သဖြင့် ယုတ္တိ၊ ယုတ္တာ မဲ့သည်တို့ကို ယုံကြည်လာတတ်ကြလေသည်။ ထိုသို့ ယုံကြည်ခြင်း များသော လူစုတို့ တည်ထောင်သော တိုင်းပြည်သည် စားသောက်လှုပ်ရှားကာ ကျန်းကျန်းမာမာရှိပါလျက် လမ်းမသွားနိုင်သော တိုင်းပြည်ဖြစ်ပါသည်။

'လမ်းသွားနိုင်မှ လိုရာခရီးသို့ ရောက်ပါမည်။ လမ်းမသွားနိုင်သော် လိုရာခရီး၊ လိုရာပန်းတိုင်သို့ မရောက်ဘဲ နေရာတွင်လဲလျက် နောက်ဆုတ်တန်လျှင် ဆုတ်ရပြီးသော် ဘဝကို ချုပ်ငြိမ်းရပါသည်'

'အင်း...'

'တိုင်းပြည်နိုင်ငံကို အဘယ်သူသည် တည်ထောင်သလဲ။ ရသေ့လား၊ သူတော်ကောင်းလား၊ ပညာရှိလား၊ ဘုရင်လား၊ မင်းမှူးထမ်းများလား။ အားလုံးသော တိုင်းသူပြည်သားတို့ ဖြစ်ပါသည်။ တိုင်းသူပြည်သားဆိုခြင်းကား ထိုတိုင်းပြည်ကို မှီနေသောသူတို့ဖြစ်၍ တိုင်းသူပြည်သားတို့သည် ကိုယ့်အချိုးနှင့်အချိုး၊ ကိုယ့်စွမ်းရည်နှင့် စွမ်းရည်ပြု၍ တိုင်းပြည်ကို တည်ထောင်နေကြလေသည်။

'ထို့ကြောင့် တိုင်းပြည်သည် လိုရာခရီးသို့ ရောက်အောင် လမ်းသွားနိုင်လိုသော် စာကိုတတ်အောင် များစွာ သင်ကြားကြရမည်။ အသက်မွေးဝမ်းကျောင်းအတွက် အတတ်ပညာ ရှိကြရမည်။ အသိဉာဏ်ရှိအောင်





စာပွဲသဘင်ပြုလုပ်၍ စာပေကျမ်းဂန်များကို လိုက်စားပြီးသော် အကြောင်းအကျိုးတို့ကို ရှာဖွေဆည်းပူး လိုက်နာကျင့်သုံးတတ်ရမည်။ သို့မှသာ ထိုတိုင်းပြည် တိုးတက်ကြီးပွား ကောင်းစားခြင်း ရှိပေမည်။

'ထိုသို့သော သဘောကြောင့် စားသောက်လှုပ်ရှားကာ ကျန်းကျန်းမာမာနှင့် ရှိပါလျက် လမ်းမသွားနိုင်သော သူသည် "အတတ်ပညာမဲ့ပြီးလျှင် ကျိုးကြောင်းပြသဘောကို နားမလည်သော သူသာလျှင် ကတည်း"'

သဘာသည် သိမ့်သိမ့်တုန်သွားအောင် ဩဘာပေးကြ၍ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးကား မနုစာရီကို အလွန့်အလွန် နှစ်သက်ခြင်းဖြစ်ကြလေ၏။ မနုစာရီလည်း နောက်ပုစ္ဆာတစ်ပုဒ်ကို ဤသို့လျှင် ဖြေရပြန်လေ၏။

***၄။ အစာစားလျက် သေနေသောသူကား မည်သူနည်း။***

'အစာစားလျက် သေနေသောသူကား လောဘ၊ ဒေါသ၊ မာန လွှမ်းမိုးနေသောသူ ဖြစ်ပါသတည်း'

'ချစ်သမီး၊ အဓိပ္ပာယ်နက်ကို ဆိုပါတုံလော့'

'လောက၌ လူတို့သည် ကြက်သေ၊ ဝက်သေ၊ ငါးသေတို့ကို နှစ်လိုကြသေး၏။ အဘယ်ကြောင့်။ အသားကို စားရသေးသောကြောင့်။ နွားသေနှင့် ကျွဲသေကိုလည်း အလိုရှိကြသေး၏။ အဘယ်ကြောင့်။ အသားကို စားရသည်ပြင် သားရေကိုလည်း ရလိုသေးခြင်းကြောင့်။ ထိုသို့ ဖြစ်သော်လည်း လူသေကိုကား လူတို့သည် မနှစ်လိုကုန်၊ မယူကြကုန်၊ စွန့်ပစ်ကြကုန်၏။ ပျောက်အောင် ဖျောက်ပစ်ကြကုန်၏။

'ထို့ကြောင့် လောက၌ လူတို့ မနှစ်လို၊ အလိုမရှိသော သူတို့သည် လူသေပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



'လောကသည် မည်သူတို့ကို အလိုမရှိပါသနည်း။ လောဘကြီး သော သူကို အလိုမရှိ။ အဘယ်ကြောင့်။ လောဘကြီးသောသူသည် သူကန်းဟု ရှည်လျား ရှင်းလင်းစွာ ချဲ့၍ ပြခဲ့ပြီ။ ထိုလောဘကြီးသော သူကို လောကသည် လိုလျှင် ထိုလောကသည် မိမိ၏ ပျက်စီးရာကို မိမိ တည်ထောင်ဖန်တီးရာ ရောက်ခြင်းကြောင့် လောကသည် လောဘကြီး သူကို မလို။ ထို့ကြောင့် လောဘကြီးသူသည် သူသေဖြစ်၏။ သံသရာ၌ ထိုလောဘကြီးသူသည် အပါယ်၌ ထပ်တလဲလဲ သေကာ ခံရမည် ဖြစ်၏'

'နက်လှပေ့'

'လူတို့သည် ဒေါသကြီးသူကိုလည်း အလိုမရှိကြ။ အလိုမရှိသော သူသည် လူတို့အတွက် လူသေ။ ထိုဒေါသသည် စိတ်လိုက်မာန်ပါ အစည်အဝေး မရှိဘဲနှင့် ပြုလုပ်တတ်သည်။ သူတစ်ပါးကို နှိပ်စက်တတ် သည်။ မိမိ၏အပြစ်ကို မမြင်၊ သူတစ်ပါး၏ အပြစ်နှင့် သူတစ်ပါးကိုသာ အပြစ်ရှာတတ်သည်။ ထိုသို့သောသူတို့၏ အကြောင်းနှင့် အကျင့်ကို ရှင်းလင်းဖြေဆိုခဲ့ပြီး ဖြစ်ချေသည်။ တိုင်းပြည်၌ ထိုသို့သော သူတို့သာ များနေလျှင် ထိုတိုင်းပြည်သည် သူသေ့တိုင်းပြည်သာလျှင် ဖြစ်၍၊ အကြီး အကဲပြု၍ တိုင်းပြည်ကို အုပ်ချုပ်သော သူတို့မှာလည်း ထိုသို့သော ဒေါသ ကြီးသူတို့သာ များနေလျှင် ထိုတိုင်းပြည်ကို သူသေတို့ အုပ်ချုပ်နေရာ ရောက်ပေလိမ့်မည်။

'ထိုသို့ ဖြစ်သည်ရှိသော် သူသေတို့ များနေ၍၊ လူသေတို့ အုပ်ချုပ် နေသော တိုင်းပြည် ဖြစ်ရတတ်လေသည်။

'ထို့ကြောင့် လောကသည် ဒေါသကိုလိုလျှင် မိမိတို့ လောင်မြိုက် ချစ်ကျွမ်းခြင်းကို ခံရရန် မီးပုံကြီးကို နှစ်လိုတမ်းတ ဖန်တီးရာ ရောက် ချေသည်။





'ထိုဒေါသကြီးသော သူတို့သည်လည်း လှည့်လည်ရအံ့သော သံသရာ၌ အပါယ်သို့သာလျှင် ဝင်ရမည်သာလျှင် ကတည်း။

'ထိုသို့သော သဘောအရ ဒေါသကြီးသော သူသည် အစာစားနေ လျက် သေသောသူတည်း။

'ထိုမှတစ်ပါး မာနကြီးသော သူသည်လည်း အစာစားနေလျက် သေသည်ထက် သေနေသောသူ ဖြစ်ပါသည်။

'အဘယ်ကြောင့်ဆိုသော် မာနကြီးသော သူသည် ကိုယ့်ကိုယ်ကိုယ် အထင်ကြီး၍ ဘဝင်မြင့်နေခြင်းဖြင့် လည်းကောင်း၊ ကိုယ်၏ သဘာဝ အလျောက် အခွင့်အရေး သာနေခြင်းကို သာယာခြင်းဖြင့် ငါ ငါဟု မိမိ ၏ ဘဝကို ယစ်မူးနေခြင်းဖြင့် လည်းကောင်း အခြားသူတို့ကို လူဟူသော အထိမ်းအမှတ်မှ ကင်းရှင်းလာတတ်ပြီးလျှင် လူတို့ ရရှိခံစားအပ်သော အခွင့်အရေးကို ပိတ်ပင်တားဆီးရုံမျှမက နှိပ်စက်ညှဉ်းပန်းမှုကိုပင် ပြု တတ်လေသေးသည်။

'ထိုမာနကြီးသော သူတို့သည် မျက်စိလည်း ကန်းသည်၊ နားလည်း မကြား။ ငါသာ အသိ၊ ငါသာ အတတ်၊ ငါသာ အလိမ္မာ၊ ငါ လုပ်သမျှ သာ အကောင်း၊ ငါတစ်ခုတည်းနှင့် ကိုယ့်ဖို့အတွက် ဘို့တစ်ခုတည်းသာ ရှိသော နွားလား ဖြစ်ချေသည် (ဝါ) တိရစ္ဆာန် ဖြစ်ချေသည်။

'ထင်ရှားမြင်လွယ်သော ဥပမာကို ဆိုမည်ရှိသော် နွားလားသည် မိမိ စားကျက်အတွင်း၌ အခြားနွားတစ်ကောင် ထောင်လာမည်ကို ထား၊ တွန်သည်ကိုမျှပင် မကြားလို။ ကျွဲပေါက်ကြီးတစ်ကောင်သည် မိမိ နယ် အတွင်း၌ အခြား ကျွဲပေါက်တစ်ကောင် ထင်ရှားလာခြင်းကို လုံးဝ မလိုလားသည့်ပြင် နယ်ကျူး လုံးဝ မခံလိုပေ။



www.burmeseclassic.com

www.burmeseclassic.com



'အချုပ်အားဖြင့်ကား မာနကြီးသူသည် အခြားသူများကို လူဟု မထင်လေ။ ထို့ကြောင့် မိမိထံ သိမ်းသွင်းမည်။ သိမ်းသွင်းမရသော် ဖိစီးမည်။ ဖိစီးမရသော် သေသည်အထိ ပြစ်ဒဏ်ပေးမည်။ ထိုမာနရှင်သည် မိမိ၏ အင်အားနှင့်အညီ သူတစ်ပါးအား မလေးစားခြင်း၊ မထီမဲ့မြင်ပြုခြင်း၊ စော်ကားနှိမ့်ချခြင်း၊ သတ်ပုတ်ညှဉ်းဆဲခြင်းတို့ကို ပြုနိုင်သလောက် ပြုနေ၍ ထိုမာနရှင်၌ လူ့တရား ဟူသရွေ့ ကွယ်ပျောက်တိတ်ဆိတ်ကာ ရှိနေလေသည်။

'မာနရှင်သည် ထိုကဲ့သို့ လောကကို ကျောက်ကန်လျက် ရှိခြင်းကြောင့် လောက၌ လူခြောက်ကလေး မွေးလာသည်ကို လည်းကောင်း၊ ဘီလူးသဏ္ဌာန် မွေးလာ၍ အသက်မရှင်သည်ကို လည်းကောင်း၊ အမိဝမ်းတွင်းမှ အင်္ဂါချို့ငဲ့စွာနှင့် မွေးလာသည်ကို လည်းကောင်း၊ ဆွံ့အ ကန်းတီးလာသည်ကို လည်းကောင်း ဇစ္ဆန္ဒပုဂ္ဂိုလ် အဖြစ်နှင့် မြင်တွေ့လာရတတ်လေသည်။

'တိုင်းပြည်တစ်ပြည်သည် မာနထောင်လွှားသော တိုင်းပြည် ဖြစ်လာခဲ့သော် မာနကြီးသောသူမှာ လောဘ၊ ဒေါသတို့ လွှမ်းမိုးနေသဖြင့် အလင်းတည်းဟူသော တရားကို မရသဖြင့် မည်သူ့ကိုမဆို မထီမဲ့မြင် မလေးမစားနှင့် စော်ကားဘိသကဲ့ ထိုတိုင်းပြည်သည် အခြား တိုင်းပြည်နိုင်ငံများကို မထီမဲ့မြင် မလေးမစားနှင့် စော်ကားခြင်း ဖြစ်လာတတ်၍၊ စော်ကားချေသော် ထိုတိုင်းပြည်သည် ချက်ချင်း ပျက်စီးနိမ့်ကျ ဆုံးရှုံးခြင်း ဖြစ်ရပြီးသော် အခြားတိုင်းပြည် လူမျိုးတို့၏ အောက်သို့ ကျရောက်ကာ နိမ့်ကျသွားရတတ်လေသည်။





'ထိုသဘာဝအလျောက် "ပညာသည် ထွန်းတန်ဆောင်၊ သမာဓိ မြင်းမိုရ်တောင်၊ မာန မြေအရောင်" ဟု ပညာရှိတို့ ဥဒါန်းစကား ထားခဲ့ လေသည်။

'ထို့ကြောင့် အစာစားနေလျက်၊ စည်းစိမ်ယစ်နေလျက် သေနေသူ သည် မာနကြီးသော သူသည်လျှင် ကတည်း'

ထိုသို့လျှင် မနုစာရီသည် ပုစ္ဆာလေးချက်ကို ဖြေပြလေရာ၊ ညီလာခံ သဘင်နှင့်တကွ ဒွါရဝတီပြည်မှ အိမ်ရှေ့မင်းသား အမှုးပြုသော သံ တစ်စုတို့သည် အထူးကျေနပ်၍ ကောင်းစွာ ရေးသား မှတ်ယူကြလေ၏။

*

မနုစာရီကား ထိုနေ့ညအချိန်တွင် သလွန်တော်ပေါ်၌ လျောင်းလျက်နေ ၏။ သီတာခင်ကား မနုစာရီ၏ သလုံးသားကလေးများကို ဆုပ်နယ်ကာ ချစ်စနိုးအားဖြင့် နေ၏။ စာရီကား ဤသို့လျှင် ချစ်ခင်စရာဖြစ်သော သီတာခင်ကို ပြောဆိုနေလေ၏။

'ညီမတော်၊ လူတို့ရဲ့ တန်ခိုးအစစ်ကို သိပြီလား'

'သိရပါပြီ'

'ဘာလဲကွယ်'

'လောဘ၊ ဒေါသ၊ မာန နည်းခြင်းပါ ဘုရား'

'အဲဒါဟာ တန်ခိုးအစစ် မဟုတ်သေးဘူး ညီမတော်၊ ဒါဟာ အကာ အကွယ် တန်ခိုးမျှသာပါ'

'တန်ခိုးအစစ်ကို မိန့်ပါဘုရား'

'နားထောင်'

'မှန်လှပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဖြူစင်ခြင်း၊ သတ္တဝါတိုင်း အပေါ်မှာ ဖြူစင်သောစိတ်ကို ထားရမယ်'

'မှန်လှပါ'

'**သနားခြင်း**၊ သတ္တဝါတို့၏ သဘာဝ ဖြစ်စဉ်ဖြစ်တန်း သဘောကို သိတတ်ပြီး ဒုက္ခိတ သတ္တဝါများနှင့် ကာမဂုဏ် ယစ်မူးနေသော သတ္တဝါများကို အထူးထားကာ သနားပြီး သတ္တဝါတိုင်း အပေါ်မှာ သနားကြင်နာရမယ်'

'မှန်လှပါ'

'သတ္တဝါများ ချမ်းသာသည်ကို ဝမ်းသာရမယ်။ ရန်သူ၏ ကောင်းစားခြင်းကို ဝမ်းသာရမယ်။

'မိမိ၏ အကျိုးစီးပွားကို လောကီရေးအတွက် လျစ်လျူပြုနိုင်သမျှ ပြုပြီး သဘာဝအလျောက် ဖြစ်ပျက်မှုမှာ ကိုယ်ကဝင်ကာ ဒေါသမပြဘဲ လျစ်လျူထားနိုင်သမျှ ထားရမယ်'

'မှန်လှပါ'

'ညီမတော်ကလေး ဘယ်လို ကသိုဏ်းများကို ထင်မြင်လွယ်ကာ အာရုံပြုနိုင်သလဲ'

'နေ ပါ ဘုရား'

'မှန်မှန် အာရုံပြုပေါ့၊ ဒါတွေဟာ တန်ခိုးတွေပဲ'

'မှန်လှပါ'

*

ထိုနောက် တစ်နေ့တွင် ဒွါရဝတီမင်းသားသည် များစွာသော အဖိုးတန် ပုလဲရှင် စသည့် လက်ဆောင်ပဏ္ဏာတော်များနှင့် မနုစာရီထံ လာရောက်





၍ ပြန်ရန်အကြောင်းနှင့် နှုတ်ဆက်လေ၏။ ဤသို့လည်း သီတာခင်ကို

ပြောလေ၏။

'သီတာ၊ နက်ဖြန် နံနက်စောစော ခရီးထွက်မယ်၊ ဧကရာဇ် ဘုရ

မင်းမြတ်ထံမှာလည်း ကန်တော့ပြီးပြီ၊ ခရီးထွက်ရန် ပြင်ဆင်ပေတော့

'ကိုကိုဘုရား ပြန်နှင့်လေ'

'အလို...'

'အလို... မလုပ်နှင့်၊ ပြန်နှင့်ပါ ဘုရား'

'ဘယ့်နှယ်... သီတာရယ်'

'ဘာဖြစ်သလဲ ကိုကိုဘုရား၊ သီတာလေ မဘုရားထံမှာ နေခဲ့ဦး

မယ်'

'မတော်တာ သီတာရယ်၊ ဘထွေးတော်ဘုရားနှင့် တော်လေ

ဘုရား...'

'အို... ကိုကိုဘုရား၊ ကိစ္စမရှိပါဘူး'

ဒွါရဝတီမင်းသားကား နှမတော် ဆိုနိုင်ခက်ခဲ၊ ပြောနိုင်ခက်ခဲကိ

လက်လျှော့၍ သံတဲသို့ ပြန်လေ၏။ သို့နှင့်ပင် နောက်တစ်နေ့ မနက်

သော် ဒွါရဝတီမင်းသားသည် နေပြည်တော်သို့ ပြန်လေ၏။

ဒွါရဝတီမင်းသားသည် ထိုသို့ ခရီးထွက်၍ ငါးရက်မြောက်သော

နေ့လယ်တွင် ဘုမ္မဝတီမြို့သို့ ဆိုက်ရောက်၍ ဘထွေးတော်ဘုရားထံ

သီတာခင် ပြန်မလိုက်လာကြောင်းကို လျှောက်တင်ရန် အရေးတကြီးနှင့်

သွားလေရာ၊ သီတာခင့် အိမ်ဝင်းအနီး၌ သီတာခင် စီးသော မြင်းမသည်

မြက်စားနေ၍ အိမ်ရှေ့မင်း၏ လုပ်ပျိုတော်တစ်ယောက်က 'ထိပ်ထား

ကလေးရဲ့ မြင်းတော် ရောက်နေပြီ' ဟု တင်၏။ အိမ်ရှေ့မင်းသားလည်း



www.burmeseclassic.com

www.burmeseclassic.com



မြင်းတော်ကို ကြည့်ပြီးသော် ပြုံး၍ 'တူလို့ပါ မောင်မင်း' ဟု ဆိုကာ ဘထွေးတော်ထံသို့ သွားရောက်လေ၏။

အိမ်ရှေ့မင်းသား ဘုန်းဝေသည် ဘထွေးတော် ခြေတော်ရင်းသို့ ဦးခိုက်မိလေရာ အလွန်အံ့သည်ထက် အံ့နေလေ၏။ အဘယ်ကြောင့် ဆိုသော် သီတာခင်သည် ခမည်းတော်နှင့် မယ်တော် ရှေ့မှာ ပျံ့နှိုင်းသမျှ ပျံ့၍ ကစားနေလေ၏။ ဘုန်းဝေသည် သီတာခင်ကို ဘထွေးတော်ရှေ့၌က လျက် နေသည်ကိုပင် မြင်မိ၏။

သီတာခင်ကား မင်းသားဘုန်းဝေကို 'ကိုကိုဘုရား၊ သီတာ့အိမ်တော်ကို ဝင်ပါဦးလား'

'အေး…'

'တူတော်မောင် ကနေ့မှ ရောက်သလား'

'မှန်လှပါ့ဘုရား'

'သီတာ ရောက်တာ နှစ်ရက်တောင် ရှိပြီ၊ သူက တူတော်မောင်တို့ လူအိုတွေကို ထားခဲ့ပြီး မြင်းနှင့် ရှေ့က ခရီးပြင်း နှင်လာတယ်လို့ လျှောက်တာပဲ'

ဘုန်းဝေကား 'ဟင်… ဘယ့်နှာလဲ' ဟု အလွန် အံ့သြနေ၏။

'တူတော်မောင်'

'ဘုရား'

'ပုစ္ဆာရဲ့ အဖြေများကို သဘောကျပါရဲ့လား'

'အင်မတန် ကောင်းလှပါတယ် ဘုရား'

'ငါ့ထံမှာလည်း ပုရပိုက်နှင့် ကူးထားခဲ့ပါကွယ်'





'နားခံတော်ကို အမိန့်တော် သတ်မှတ်ပါ ဘုရား'

'အေး…'

*

ဘုန်းဝေသည် ဘထွေးတော်ဘုရားထံက ပြန်လာ၍ နမတော် သီတာခ
ထံ ဝင်ပြီးလျှင် ဤသို့ မေးလေ၏။

'ဟ… သီတာ၊ နင် ဘယ်လိုများ ရောက်လာသလဲ'

'ကိုကိုဘုရား သိချင်သလား'

'သိချင်တာပေါ့'

သီတာခင်သည် ခတ်လုံးကလေးကို ထုတ်ပြလေ၏။

'ဒါဘာလဲ၊ မမဘုရားက နင့်အား ပေးလိုက်သလား'

'သီတာ ပြောမယ်'

'အေး… ပြောစမ်း'

သီတာသည် ထိုခတ်လုံး ရပုံအကြောင်းနှင့် ခတ်လုံးနှင့် ပတ်သက
ပြီးသော် မနုစာရီထံ မေးလိုသဖြင့် လိုက်ပါရသည့် အကြောင်းတို့ကို
ပြောပြပြီးနောက် ဤသို့လျှင် အစ်ကိုတော်အား ပြောပြလေ၏။

'မမဘုရားက ခတ်လုံးဖြစ်ကြောင်းနှင့် ခတ်လုံးရဲ့ တန်ခိုးသတ္တိ
ကို ပြောပြပါတယ်'

'အင်း…'

'ဒါနှင့် သီတာလေ ကိုကိုတို့ ပြန်သွားပြီးနောက် ခတ်လုံးကိုင်
မြင်းတော်နှင့် စိုင်းလာတော့ လေထဲမှာ သွားရသလိုပဲ၊ သိပ်မြန်တယ်'

'အင်း…'



www.burmeseclassic.com

www.burmeseclassic.com



'လမ်းခရီး တစ်ဝက်လောက်ရောက်တော့ မြင်းတော်ကို ရေချပြီး ခဏ နားနေရာ၊ ဖြတ်ဆို ဝိဇ္ဇာတစ်ယောက်ဟာ သန်လျက်ထမ်းပြီး ရောက်လာတယ်။ သည်တော့ သီတာကလေ၊ ဦးလေး ဘာလုပ်ဖို့ ရောက်လာသလဲလို့ မေးတော့ ဝိဇ္ဇာဟာ စိုင်နေတယ်'

'အင်း...'

'ဝိဇ္ဇာဟာ ဘုရားနှမကလေးရဲ့ ရုပ်ကို နိုင်ပုံရှိပေမယ့် လောဘ၊ ဒေါသ၊ မာနတို့ နည်းနေတဲ့စိတ်ကို နိုင်ဟန် မရှိတော့ တွေပြီး ကြည့်နေကာ ဘာလိုချင်သလဲလို့ မေးပါတယ်။ သီတာက ဘာမှ မလိုချင်ဘူးလို့ ပြောပြပါတယ်'

'လိုတ တလျှင် ရတဲ့ မနော့မယိဒ္ဓိ ပတ္တမြားကို မလိုချင်ဘူးလားလို့ မေးပါတယ်။ သီတာလည်း ခေါင်းခါကာ ပြပါတယ်'

'အင်း...'

'နားသာဦး ကိုကို၊ ဒါနှင့် အဲသည်ဝိဇ္ဇာက မင်း ဘာကိုမှ မလိုချင်ပေမယ့် ငါ့ကို လိုချင်ရမယ်လို့ ပြောတော့ ဦးလေးဟာ တူမချင်း၊ သမီးချင်း စာပြီး စကားပြောပါလို့ ဆိုတော့ ဝိဇ္ဇာဟာ သီတာကို အတင်းဖမ်းလိုတယ်။ ဖမ်းလိုပေမယ့် သူဟာ သီတာ့ကို ကြောက်ပုံရတယ်။ ဘာကြောင့်ဆိုတော့ သီတာဟာ လောဘ၊ ဒေါသ၊ မာန နည်းနေတယ်။ ဒါ့အပြင် မမ သွန်သင်လိုက်တဲ့ ဖြူစင်ခြင်း၊ သနားခြင်း၊ သူတစ်ပါးတရားသဖြင့် ကောင်းစားတာကို ဝမ်းသာခြင်း၊ ကိုယ်ကျိုး လျစ်လျူရှုခြင်း ဆိုတဲ့ သဘောတွေ တည်နေလေတော့ သူ ဘယ်လိုမှ အရမ်း မပြုဝံ့သလို ရှိနေပါတယ်'

'အင်း... ငါ နှလုံးပိုက်မိပြီ'





'ဒါနှင့် မြင်းပြင်ပြီး သွားတော့မယ်လုပ်တော့ ဝိဇ္ဇာက မသွားရ
တားပါတယ်။ သူ့ကို အဖယ်ခိုင်းတော့လည်း သူဟာ သွားမယ့်ခရီးက
နှောင့်ယှက်တော့မလို ကြံစည်ပုံ ရပါတယ်။ ဒါနှင့် ဖယ် ဆိုတော့ သ
မဖယ်ဘူး၊ သည်တော့ သီတာလေ သက်သာပြည်ကို ရောက်တဲ့ အချိ
ကစပြီး အားတိုင်း အာရုံပြုနေတဲ့ နေကသိုဏ်းကို အာရုံပြုလိုက်တော
ဝိဇ္ဇာဟာ လိမ့်ပြီး ထွန့်ထွန့်လူးနေပါတယ်'

'အင်း... ညီမတော်ဟာ မမဘုရားနှင့် တွေ့ရတာ သိပ်ကျေးဇူ
များတာပဲ'

'ဒါနှင့် ဝိဇ္ဇာက သီတာခင်ဟာ လုသလောက် ခက်ထန်ကြမ်းကြု
ပါကလား ဆိုတယ်။ သီတာကလည်း ဦးရီးတော်၊ သီတာဟာ ဦးရီးတော်
ရဲ့ အပေါ်မှာ ဖြူစင်တဲ့စိတ်ထားမှ တစ်ပါး ဘယ်လိုမှ မထွေပြားပါကလား
ဆိုတော့ ဝိဇ္ဇာဟာ ဘာမှ မပြောတော့ဘဲ သူ့အတတ်နှင့် ကောင်းကင်
ခရီးဖြင့် ပြန်သွားတယ်'

'မမဘုရားဟာ သိပ်ကို ဉာဏ်ကြီးပါကလား'

'ကိုကို၊ မမဘုရားက ဘယ်လိုတွေ့ရင် ဘယ်လိုလုပ်ရမယ်လို့
တစ်စွန်းတစ်စကမှ အကြံမပေးဖူးပါဘူး။ လောဘ နည်းရမယ်၊ ဒေါသ
နည်းရမယ်၊ မာန နည်းရမယ်၊ ဖြူစင်ခြင်း၊ သနားတတ်ခြင်း အစရှိတဲ့
တရားလေးပါးကို တတ်နိုင်သလောက် ဆောက်တည်ရမယ်။ အားတဲ့
အချိန်မှာ ကသိုဏ်းတစ်ခုခုကို ဖွဲ့အောင် ပွားများရမယ်။ ဒါလောက်ပဲ
သွန်သင်ပါတယ်။ ပြီးတော့လည်း ဓာတ်လုံးရဲ့ တန်ခိုးကိုတော့ ပြောပြ
တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ငါ နားလည်ပါပြီ'

'ကိုကို သည်စာတ်လုံးကို လိုချင်ရင် ယူသွားလေ'

'မလိုချင်ပါဘူးကွယ်၊ အနှစ် ရတနာတွေကို ရခဲ့မှပဲ၊ အပ ရတနာကို ဘာလုပ်ဖို့လဲ'

'သီတာလည်း မလိုချင်ပါဘူး'

'ဒါပေမဲ့ ကောင်းကောင်း သိမ်းထား၊ သူယုတ်မာ လက်ထဲသို့ ရောက်သွားရင် လောကကို ထိခိုက်လာမယ်'

'မှန်လှပါ'

*

ဒွါရဝတီ မင်းသားသည် နေပြည်တော်သို့ ပြန်ရောက်၍ ပုစ္ဆာလေးရပ်၏ အဖြေကို ခမည်းတော်အား ဆက်သလေရာ ဒွါရဝတီ မင်းကြီးသည် အလွန် သဘောကျသဖြင့် ထိုအဖြေလွှာကို ပုရပိုက်နှင့်တကွ မှူးမတ်ဗိုလ်ပါ ခြံရံလျက် မကြာမတင်မီပင် ရသေ့ထံ သွားရောက်ကာ ပူဇော်ပသ၍ ထိုအဖြေများကို ပြလေ၏။

ရသေ့လည်း အလွန် အားရနှစ်သက်လျက် မင်းကြီးအား အလိုရှိရာ စာတ်လုံးကို ယူလော့ဟု ဆေးဒန်းလုံး၊ ပြဒါးလုံး၊ သံလုံးတို့ကို ပေး၏။ မင်းကြီးလည်း လောဘ၊ ဒေါသ၊ မာနတို့၏ မီးစဟု လျှောက်ထားပြီးသော် မည်သည့် စာတ်လုံးကိုမျှ မယူဘဲ နေပြည်တော်သို့ ရသေ့ကို ပူဇော်ကန်တော့ခဲ့ကာ ပြန်လေ၏။

ဒွါရဝတီ မင်းကြီးသည် ထိုပုစ္ဆာလေးချက်၏ အဖြေနှင့် နှစ်ခြိုက်





စွာ ပျော်မွေ့လျက် မကြာမတင်မီ သားတော်အား ထီးရိပ်နန်းရာကို [illegible]ပြီးသော် မျက်ရည်ယိုရွှဲ ငိုပွဲကျင်းပလျက်ရှိသော မိဖုရားကြီး၊ နန်းတွင်း[illegible] နန်းတွင်းသားများ၊ ပြည်သူများတို့ကို နှောက်ကျောပြုခြင်းဖြင့် သက်[illegible] ပရိက္ခရာတို့ကို ဆင်မြန်းကာ လွယ်လျက် တောသို့ ဝင်လေ၏။

❒

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

## မပြေသာ

သက်သာ တိုင်းကြပ် ပြည်ကြပ်ကလေးသည် မနုစာရီအားဖြင့် နိုင်ငံတော် နယ်ပယ် အလွန်ကျယ်ပြန့်လျက် မြို့ရံဆယ်မြို့နှင့် တိုင်းကြီးပြည်ကြီး ဖြစ်လာလေ၏။ မနုစာရီ၏ သတင်းသည်လည်း အတိုင်းတိုင်း အပြည်ပြည်၌ နေနှင့် လ ကဲ့သို့ အလွန်ထင်ရှားကာ ရှိလေ၏။

မနုစာရီသည် တစ်နေ့သောအချိန်၌ ၎င်း၏အိမ် တောဥယျာဉ်တွင် တစ်ယောက်တည်း လမ်းလျှောက်လျက် ရှိလေ၏။ မနုစာရီကား မွန်မြတ်သော အကျင့်နှင့် မြဲသော သီလ ရှိသဖြင့် မိမိ၏ သီလကို အားကိုးသည် အတိုင်း အိမ်တော်၊ ဥယျာဉ်တော်၌ သက်တော်စောင့် အစောင့်အနေ မထား။ တစ်ကိုယ်တည်းသာလျှင် သွားလာနေလေ့ ရှိတတ်၏။

မနုစာရီသည် ဥယျာဉ်တွင်း၌ လမ်းလျှောက်ပြီး ခဏ၌ သပြေပင်ရိပ်တွင် အညောင်းပြေ ရပ်နားကာ ထိုင်နေရာ မနုစာရီကို ချောင်းမြောင်းနေသော လေးသည်ကြီး လေးယောက်တို့သည် တစ်ပြိုင်တည်း မြား





လေးစင်းကို လွှတ်တော့၏။ မြားတို့လည်း နေရာမှမရွေ့ ဖြစ်နေ၏။ ထိုသို့လျှင် ခုနစ်ကြိမ်တိုင် ဖြစ်နေ၏။

လေးသည်ကြီး လေးယောက်ကား အလွန် တိတ်လန့်တုန်လှုပ်ကာ ချောင်းမြောင်းနေရာမှ ထ လာ၍ မနုစာရီ၏ ခြေရင်းတွင် ဝပ်ကြတော့၏။ မနုစာရီလည်း သာယာသောအသံနှင့် ဤသို့လျှင် ဆိုလေ၏။

'အစ်ကိုတို့ ဘာများ အလိုရှိကြပါသလဲ၊ အမြင့်ခုံတန်းလျားပေါ်မှာ ထိုင်ကြပါ၊ မသင့်လျော်ပါဘူး'

'သခင်မဘုရား၊ ဤသူယုတ်မာ လေးယောက်နှင့် အမြင့်ခုံတန်းလျားသည် မလျော်ပါ'

'အစ်ကိုတို့ရယ်၊ အကျင့်ဟာ ခုံတန်းလျားနှင့် မလျော်ပေမယ့် လူဟာ လျော်ပါတယ်'

လေးသည်ကြီး လေးယောက်ကား ခုံတန်းလျားပေါ်၌ မထိုင်ဘဲ မြက်ခင်းပေါ်၌ ဝပ်လျက် နေကြသဖြင့် စာရီသည် ခုံမြင့်ကလေးပေါ်မှ ဆင်းလျက် မြက်ခင်းပေါ်တွင် ထိုင်လေ၏။

လေးသည်ကြီး လေးယောက်ကား ထိုအခါ သာ၍ မဆည်နိုင်သဖြင့် မျက်ရည်အသွယ်သွယ် ကျပြီးသော် ခေါင်းဆောင် လေးသည်ကြီးသည် ဤသို့ တင်လေ၏။

'သခင်မဘုရား၊ ကျွန်တော်တို့ လေးဦးကား အလွန် ယုတ်မာလှပါသည် ဘုရား'

'ဟင်... အစ်ကိုတို့ ဘာဆိုသလဲ'

'ကျွန်တော်မျိုးတို့ လေးဦးသည် ဗန္ဓုဝပြည်ကြီးမှ လေးသည်တော် လေးဦး ဖြစ်ပါသည်'



www.burmeseclassic.com

www.burmeseclassic.com



'ဆို… ဘာဖြစ်တာလဲ'

'သက်သာပြည်ကြီးဟာ သခင်မ၏ အစီအရင်အားဖြင့် အလွန့်အလွန် စည်ပင်သာယာ ဝပြောလာတော့…'

'ဟင်… အစ်ကိုတို့ ဒါဟာ မှားတယ်။ သက်သာပြည်ကြီးမှာ ဘုရင်မင်းမြတ်ဟာ မင်းပီသတယ်။ ကောင်းပြီလေ၊ အိမ်ကို လိုက်ခဲ့ကြပါ'

ထိုသို့ ပြောဆို၍ မနုစာရီသည် ထိုလေးသည်ကြီး လေးဦးကို အိမ်သို့ ခေါ်ဆောင်သွား၍ တင့်အပ်သော နေရာထိုင်ခင်း ပေးပြီးသော် မွန်မြတ်သော အစားအသောက်များကို ကျွေးလျက် စကားပြောဆိုနေလေရာ လေးသည်ကြီးသည် ဤသို့ ဆိုလေ၏။

'အရှင်မဘုရား၊ သခင်မ၏ အစီအရင်ဖြင့် သက်သာပြည်ကြီးသည် စည်ပင်သာယာ ဝပြောလာပြီးသော် အလွန် ပြန့်ပြောကြွယ်ဝသော နိုင်ငံတော်ကြီး ဖြစ်လာသည်ဟု ဗန္ဓဝ ဘုရင်မင်းမြတ်နှင့်တကွ မှူးမတ်စုံညီတို့ အယူရှိနေကြသောကြောင့် သက်သာပြည်ကြီး၏ စည်ပင်သာယာဝပြောမှုကို မလိုလားသည်အတိုင်း သခင်မဘုရားကို သတ်ဖို့ရန် ကျွန်တော်မျိုးတို့ လေးသည်ကြီးလေးဦးအား လွှတ်လိုက်ပါသည် ဘုရား'

'အစ်ကိုတို့၊ ဗန္ဓဝပြည်ကြီး ပြန်ရောက်တော့ တင်ကြ။ ဒါဟာ မှားတယ်၊ သက်သာပြည်ကြီးမှာ ဘုရင်မင်းမြတ်ဟာ မင်းပီသလို့ မင်းကျင့်တရားဆယ်ပါး၊ နာယကဂုဏ် ခြောက်ပါး၊ သင်္ဂဟတရား လေးပါးနှင့် ညီညွတ်တဲ့အပြင် ပညာရှိ သူတော်ကောင်းကို နှစ်လိုပြီး၊ ပညာရှိတို့ရဲ့ စကားကို ယူဆသင့်က ယူဆပြီး နိုင်ငံတော်ကို စီရင်အုပ်ချုပ်တယ်'

'သြော်… သည်လိုကိုး'

'အဲသည်တော့ မှူးကြီးမတ်ရာ သေနာပတိကောင်း၊ အိမ်ရှေ့မင်း





ကောင်းနှင့် ပြည့်စုံလာလို့ မင်းမှုထမ်းကောင်းများနှင့် တိုင်းပြည့်အသုံးကို ခံနိုင်လာတယ်'

'မှန်လှပါ'

'အဲသည်တော့ ကြည်လင်အေးမြသည့် ရှင်းသောကန်မှာ ကြာမျိုးငါးပါးသည် တင့်တယ်ဘိသကဲ့သို့ တိုင်းသူပြည်သားကောင်းတို့ ဖြစ်လာကြရတယ်။ တိုင်းသူပြည်သားကောင်းမှ တိုင်းပြည်နိုင်ငံ ကောင်းစားနိုင်တယ်။ အစ်ကိုတို့၊ မနုစာရီတစ်ယောက် သေရင် သုဓမ္မ မနုစာရီ နှစ်ယောက် ပေါ်လာမှာပေါ့။ ဘယ်အခါမဆို အုပ်စိုးသူများကို တိုင်းပြည်နိုင်ငံဟာ မှီနေရတယ်။ တိုင်းပြည်နိုင်ငံ မကောင်းခြင်းဟာ အုပ်ချုပ်စိုးမိုးနေသူများ မကောင်းလို့'

'မှန်လှပါ၊ ကျွန်တော်မျိုးကို သူတော်ကောင်းကို ပြစ်မှားမိပါတယ်။ သည်ကပြန်ရင် မင်းကြီးကို လေးနှင့် ခွင်းရမှာပဲ'

'အလိုလေး… မှားကုန်ပြီ၊ မှားကုန်ပြီ၊ သည်လို မအောက်မေ့ရဘူး။ ဒါဟာ သဘာဝ။ လူတို့မှာ ကာယကံ၊ ဝစီကံ၊ မနောကံ ရှိရာမှာ စာရီလေ မနောကံအားဖြင့် မကောင်းမှု ကျူးလွန်မိတာနှင့် ဝိပါက်ဆိုက်လာတာ။ ဗန္ဓဝပြည့်ရှင် ဘုရင်မင်းမြတ်ကို မပြစ်မှားကောင်းဘူး'

'ကျွန်တော်များမှာ ပြစ်ဝန်လေးနေပါပြီ'

''အစ်ကိုတို့ စဉ်းစား၊ ချေးညှော်ကို ရွှံ့နွံရည်နှင့် ဆေးလို့ ဘယ်မှာ စင်ကြယ်မလဲ'

'မမဘုရား ကျွန်တော်တို့ သတိရပါပြီ။ ကျွန်တော်တို့ ဗန္ဓဝပြည်သို့ မပြန်တော့ပါ၊ ရသေ့လုပ်ပြီး တောသို့သာ ဝင်ပါတော့မယ်။ ကိုင်း… ပြန်ပါတော့မယ် မမဘုရား'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လေးသည်ကြီးလေးဦးသည် တညီတည်း တင်ကြလေ၏။ ထိုအခါ စာရီသည် ဤသို့ ဆိုပြန်၏။

'အစ်ကိုတို့၊ သည်လိုဆိုရင် မပြန်ကြပါနှင့်ဦး၊ ကျွန်မရဲ့ အိမ်တော်မှာပဲ သည်ကနေ့ည တည်းနေကြပါ။ အစ်ကိုတို့ ရသေ့လုပ်မယ်ဆိုရင် ကျွန်မကပဲ ဒကာခံပါ့မယ်။

'မယ်ထိပ်ရေ... လာပါဦး၊ ဈေးသွားပြီးလေ ရသေ့ပရိက္ခရာ လေးစုံ ဝယ်ချည်ပါ'

နံနက်လင်းလတ်သော် လေးသည်ကြီး လေးဦးသည် ရသေ့အဝတ်ကို ဝတ်ရာ မနုစာရီသည် အလွန် ဝမ်းသာအားရခြင်းဖြင့် ထိုရသေ့လေးပါးကို ဆွမ်း စသည်တို့ ကျွေး၍ ရိုသေစွာ ကန်တော့လေ၏။

ရသေ့လေးပါးလည်း 'လောက၌ သူယုတ်မာနှင့် အချိန်များစွာ နေရသမျှ ကာလပတ်လုံး မကောင်းမှုသည် ပွားများလျက်၊ သူတော်ကောင်းနှင့် တစ်ရံတစ်ဆစ်မျှ တွေ့ရစေကာမူ အတိုင်းမသိသော ကုသိုလ်သဘောသည် ပွားများနိုင်ပေအံ့တကား' ဆို၍ မနုစာရီ့အိမ်မှ ပြည့်သော မျက်ရည်အေးနှင့် ကြည်နူးစွာ ထွက်ခွာသွားကြလေ၏။

ညနေခင်း၌ စာရီသည် အနီးအပါးရှိ ကလေးကလေးများကို စု၍ ကစားရင်း ပုံပြောနေသည်တွင် ရသေ့တစ်ပါးသည် ကောင်းကင်ခရီးဖြင့် လာကာ မနုစာရီ၏ ရှေ့တွင် ရပ်တော့၏။

မနုစာရီနှင့် ကလေးကလေးများတို့သည် ရသေ့ကို ကန်တော့ကြ၍ ရသေ့လည်း ဤသို့ ဆိုတော့၏။

'သမီးတော် အမြင်ကျယ်ပါပေ့၊ သည်ကလေးတွေဟာ သူတော်ကောင်း လူလိမ္မာတွေ ဖြစ်ကြရမှာပဲ'





'တင်ပါ့ဘုရား၊ အရှင်ဘုရား ဘာကိုလိုလဲ ဘုရား'

'သမီးတော်နှင့်ပင် တွေ့ချင်လို့ပဲ'

'ခင်ခင့်ခင်တို့ ကလေးတွေကို လိုက်ပို့လိုက်ကြပါကွယ်'

'အရှင်ဘုရား ကြွတော်မူပါ'

မနုစာရီသည် ရသေ့အား အိမ်တော်ပေါ်သို့ ပင့်သွား၍ မြင့်မြတ်သော နေရာ၌ ထားပြီးသော် သင့်တင့်ရာက ရိုသေစွာ ကြည်ညိုနေလေ၏။ ဤသို့လည်း လျှောက်၏။

'အရှင်ဘုရား အလိုတော်ရှိတာကို မိန့်တော်မူပါ'

'သမီးတော်၊ ငါကား ဘာကိုမျှမလို၊ သမီးတော်အား ကျေးဇူးဆပ်ရန် ကောင်းကင်ခရီးဖြင့် လာခဲ့တယ်'

'မလိုပါ ဘုရား'

'ဟုတ်ရိုးလား၊ ငါဟာ ဒွါရဝတီပြည်က ဘုရင်ပါပဲ။ သမီးတော်ဖြေဆိုလိုက်တဲ့ လေးချက်အဖြေကို တွေ့ရတာနှင့် ထီးနန်းကို သားတော်အား လွှဲအပ်ပြီး တောထွက်ကာ ကျင့်နေတော့ ဝိဇ္ဇာတွေဟာ လာပြီး ဓာတ်လုံးများနှင့် ပူဇော်ကြပေတယ်။ ဒါကြောင့် သမီးတော်ထံ လာပို့တယ်၊ ကြိုက်ရာ ဓာတ်လုံးများကို အလိုရှိသလောက် ယူပေတော့' ဆိုကာ ဓာတ်လုံးပေါင်း များစွာကို ထုတ်ပြလေ၏။

'တပည့်တော်မ မလိုပါ ဘုရား'

'ဟင်... ဘာကြောင့်လဲ'

'ဂန္ဓာရီလမ်းဖြင့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တို့၏ ဓာတ်လုံးများသည် တစ်ခုခုသော သိဒ္ဓိအားဖြင့် ပေါက်မြောက်ခြင်းရှိသည်ကို ယုံမှားဖွယ်မရှိပါ။ သို့သော် လူ၏အကျင့်အားဖြင့် ရသောတန်ခိုး မဟုတ်သော ဓာတ်၏



www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးအရသာ ဖြစ်ခြင်းကြောင့် တစ်နေ့သော အချိန်မှာ ထိုဓာတ်လုံး ကြောင့်ပင် ဘေးဥပဒ် ဖြစ်တတ်ပါသည်'

'ရှင်းစမ်းပါဦး သမီးတော်'

'ပြဒါးလုံး ဆောင်ထားသော သူအား သံဝိဇ္ဇာ၊ အင်းဝိဇ္ဇာတို့က တွေ့ရင် ထိုသူမှာ ကိုယ်ကျင့်တရား မရှိက ပါးကိုရိုက်ပြီး လုယူသွား ခြင်းကို ခံရတတ်ပါတယ်။ ထို့နည်းအတူ ဓာတ်လုံးများကို တန်ခိုးကြီး ဝိဇ္ဇာတို့က နှောင့်ယှက်တတ်လို့ ဘေးတစ်မျိုး ဖြစ်ရတတ်ပါတယ် ဘုရား'

'အင်း... အဖိုးတန်လိုက်လေ သမီးတော်၊ ငါကား အထူးဝမ်းမြောက် ပြီး သဘောပေါက်တော့ပြီ၊ ဓာတ်လုံးအားဖြင့် မြေလျှိုး၊ မိုးပျံ သွားနိုင်ခြင်း ထက် အကျင့်၏ တန်ခိုးဖြင့် ရသော ဈာန်အဘိညာဉ်သာလျှင် မြင့်မြတ် လှစွ'

'ဓာတ်လုံးကို အားကိုးအားထား ပြုမိချေသော် အကျင့်ပျက်၊ ကသိုဏ်း စသည်တို့ကို ဆောက်တည်ရာ၌ ဝီရိယလျော့ ဖြစ်လာတတ် လို့ လားရာ သုဂတိကို ဓာတ်လုံးသည် ပိတ်ပင်ခြင်း ဖြစ်တတ်ပါသည် ဘုရား'

'အင်း... ကျေးဇူးကြီးပေစွ'

ထိုသို့ ပြောဆို၍ ရသေ့သည် အိမ်ထက်မှ ဆင်းပြီးသော် ကောင်းကင် ခရီးဖြင့် ပြန်ကြွသွားလေ၏။

ထို့နောက် တစ်နေ့သောအချိန်တွင် မနုစာရီသည် အိမ်တော် ဝင်း တံခါးဝ၌ သုစိတ္တနှင့် စကားပြောဆိုနေစဉ် ရသေ့ကြီး လေးပါးသည် အလွန်ကြီးသော ပိန္နဲသီးကြီး တစ်လုံးစီ ဆွဲလျက် ရွတ်တရက် ပေါ်ရောက် လာလေ၏။





စာရီနှင့် သုစိတ္တလည်း ရိုသေစွာ ရှိခိုးဦးချ၍ နှုတ်ဆက်၏။ ရသေ့ တို့လည်း ဤသို့ အထူး ဆို၏။

'မယ်တော့်ကျေးဇူးကြောင့် သည်ဘဝတွင် အမြတ်ဘဝသို့ ဝင်ရ ပြီ၊ မယ်တော်ဖို့'

'ကိုယ်တော်တို့နှယ် အလကား တပင်တပန်း။ အိမ်တော်ပေါ် ကြွ ကြပါ'

'မယ်တော်၊ သည်ပိန္နဲသီးကို သိပါရဲ့လား'

'မဟာပိန္နဲ ခေါ်ပါတယ် ဘုရား'

'အကျိုးအာနိသင်ကို သိပါရဲ့လား'

'သိပါတယ် ဘုရား'

'မယ်တော့်ကျေးဇူး သိပ်ကြီး၊ မယ်တော် သိပ်မြင်တာကိုး။ ဝိဇ္ဇာ တွေဟာ အတော့်ကိုပွေတဲ့ သတ္တဝါတွေ၊ အလုပ်ကိစ္စ ထမြောက်မယ် ဆိုရင်ပဲ ဓာတ်လုံးတွေ လာပို့ကြတယ်၊ ကသိုဏ်းပရိကံကို အားမထုတ် ကြပါနှင့်၊ သည်ဓာတ်လုံးနှင့် နေပါ။ မြေလျှိုး၊ မိုးပျံ၊ အာဟာရသိဒ္ဓိပေါက် ဖြစ်နိုင်ပါတယ်။ ဘာကြောင့် စိတ်ကို ပင်ပန်းစေပြီး ကသိုဏ်း၊ ကမ္မဋ္ဌာန်း များကို အားထုတ်သလဲတဲ့။ မယ်တော်က နည်းပြသင်ကြားလိုက်လို့၊ ဒါမှမဟုတ် မှားမှာ'

'ဘယ့်နှယ် ကိုယ်တော်တို့'

'မောင်တော်၊ အကျင့်ကောင်းတာကို ဓာတ်တန်ခိုးဟာ ဘယ်မှီမလဲ၊ အဲသည်တော့ ဝိဇ္ဇာတွေက မကျင့်စေချင်ဘူးပေါ့'

'မှန်တယ် ဒကာတော်'

'ဟော့... ခင်ခင့်ခင်တို့၊ ကိုယ်တော်တို့အား ဆွမ်းကပ်ကြ၊ မောင်တော်



www.burmeseclassic.com

www.burmeseclassic.com



သည်ပိန္နဲသီးစေ့ တစ်အိမ်ကို စားမိရင် အကြောပေါင်းတစ်ထောင် စိမ့်ပြီး ရောဂါဥပဒ် ကင်းကွာကာ အသက်ရှည်ပါတယ်။ မောင်တော် တစ်လုံး၊ သုစိတ္တ တစ်လုံး မောင်တော် ဆောင်ကြဉ်းသွားပါ။ ဟော့ ကျော်ကြီး၊ ခမည်းတော်ဘုရားထံ သွားပို့။ မောင်တော်... ခမည်းတော်ဘုရားထံ ဝင်ပြီး အကျိုးကိုလည်း တင်လိုက်ပါ'

'မှန်လှပါ့'

မနုစာရီ ကျော်ကြားသည်ကိုကား အထူး မအံ့သြသာ။ မနုစာရီသည် သူတစ်ပါးကို အပြစ်ဖြစ်စေခြင်း နည်း၍ ကောင်းကျိုးကိုသာ ဆောင်လေသည်။ တစ်နေ့သ၌ သောက္ကတဲပြည်မှ အမတ်ကြီးနှစ်ပါးသည် မနုစာရီထံ ရောက်လာ၍ 'သယောက်အမြှောင်နှင့် ပါသွားသော မိဖုရားကို ပြန်၍ နန်းတင်ထိုက်ပါသလား၊ အဘယ်ကြောင့်' ဟု မေးလေ၏။ မနုစာရီလည်း ဤသို့ ရှင်းလင်းကာ ဆို၏။

'အပြစ်ရှိသူက အပြစ်မဲ့သူကို ဒဏ်ခတ်သင့်သလား'

'မခတ်သင့်ပါ'

'ကောင်းပြီ၊ သောက္ကတဲ ဘုရင်မင်းမြတ်သည် တိုင်းပြည်နိုင်ငံကြီးကို ပစ်ထားလျက် နိုင်ငံငယ်များကို သိမ်းဖို့ သံသေဝိဇ္ဇာခိုရ်နှင့် ကြံစည်နေတယ် မဟုတ်လား။ မနောမယိဒ္ဓိ ဓာတ်လုံးကို စီရင်နေတယ် မဟုတ်လား'

'မှန်ပါတယ်'

'မင်း တန်ခိုးကြီးတာနှင့် နိုင်ငံနယ်ပယ် မချဲ့နိုင်ဘူး၊ တိုင်းသူပြည်သား တန်ခိုးကြီးမှ။ တင်လိုက်ပါ၊ ဖေကြီးတို့ရဲ့ ဘုရင်မင်းမြတ်ကို'

'မှန်လှပါ့'





'အဲသည်တော့ သံဝိဇ္ဇာဟာ နန်းတော်ထဲမှာ အတော် အရောဝင်လာတယ်'

'မှန်လှပါ့'

'တိုတိုပဲ ဖေကြီး၊ မိဖုရားကြီးနှင့် ပလူးမိကြပြီး မိဖုရားကြီးကို ဝိဇ္ဇာက ခိုးသွားတယ် မဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါဟာ ဘယ်သူ့ အပြစ်လဲ၊ မိဖုရားကြီးဟာ ဝိဇ္ဇာက အတင်းခေါ်သွားရင် လိုက်ပါရမယ်။ မလိုက်ပါဘဲ ကလန်ကဆန် လုပ်နေရင် မင်းကြီးသိမယ်၊ သိရင် မင်းကြီးကို ဝိဇ္ဇာက သန်လျက်နှင့် ပိုင်းမှာပေါ့။ မင်းကြီးပျက်စီးမှာကို မိဖုရားကြီးက လိုပါ့မလား'

'မလိုပါဘူး'

'ဘာကြောင့်လဲ၊ သိရဲ့လား'

'မသိပါ'

'မှတ်ထား၊ ချစ်လို့။ မိန်းမဟာ ငယ်ကစပြီးတွေ့တဲ့ အချစ်ကို ဘယ်လိုမှ ပစ်မရဘူး။ တိုးလို့သာ ချစ်သာပဲ၊ မင်းကြီးအား တင်လိုက်ပါ'

'မှန်လှပါ့'

'အဲသည်တော့ မိဖုရားကြီး လော်မာပြီး ပျော်စရာနှင့် တော်တဲ့ရွာသို့ အငြိးပြေ ထွက်သွားတယ်လို့ မယိုးစွပ်နှင့်၊ မှားမယ်။ ခုလို တွေ့ရတာ မင်းကြီးကြောင့်၊ ဖေကြီးတို့ ဘုရင်ကို သည်အတိုင်း တင်ပါ'

'မှန်လှပါ့'

'မိန်းမရတနာသည် ရွှေလမင်း၏ အရောင်ကဲ့သို့ ဖြစ်သည်။ ရွှေလမင်းတို့၏ အရောင်ကို မနှစ်သက်ဖွယ်သော အချိန်အခါမှ၌ မရှိ



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ မိန်းမရတနာကို မနှစ်သက်ဖွယ်သော အခါဟူ၍ မရှိချေ။ ထို့ကြောင့် မိဖုရားကြီးအား ပြန်လည် သိမ်းပိုက်တော်မူပြီးလျှင် ရှေးကထက် သဒ္ဒါပိုပြီးသော် ချီးမြှင့်မြှောက်စားသင့်ကြောင်းကို မင်းကြီးအား တင်လျှောက်ပါလေ ဖေကြီးတို့။ အဘယ်ကြောင့်ဆိုသော် ငါ့ကို သည်အကြောင်းကြောင့် မင်းကြီးသည် ရှေးကကဲ့သို့ မနှစ်မြို့တော့ပြီဟု မိဖုရားကြီးသည် သနားဖွယ်ရာ တွေးဆကာ စိတ်မချမ်းမသာ ဖြစ်ရမည်ကြောင့်ပင် ဖြစ်ပါသည်'

'သခင်မ ဘုရား'

'ဖေကြီးတို့ ဘယ်လို ဆိုချင်ပါသေးသလဲ'

'သခင်မ အမိန့်တော်ရှိတိုင်း ဘုရင်မင်းမြတ်လည်း ဆောင်ရွက်တော်မူပါမည်။ သို့သော် ဝိဇ္ဇာသည် တစ်ဖန် ပြန်လည်၍ မိဖုရားကြီးကို ဆောင်ကြဉ်းစေသော ထပ်မံကာ အရေးမလှ မဖြစ်ရပါလား'

'သြော်… ဖေကြီးတို့က နိုင်ငံငယ်များကိုသာ နယ်ချဲ့ပြီး သိမ်းပိုက်လိုတာကိုး။ မင်းတို့ရဲ့ သဘာဝ တန်ခိုးကိုမှ နားမလည်သေးပါကလား'

'အမိန့်တော်ရှိပါ ဘုရား'

'ရှင်ဘုရင်ဆိုတာ မြေပိုင်ရေပိုင်၊ မိမိရဲ့ နိုင်ငံတော်အတွင်းမှာ ရှိတဲ့ လူတွေရဲ့ အသက်ဦးဆံကို ပိုင်တယ်။

'အဲသည်တော့ ကုသိုလ်၏ အပွင့်အသီးအားဖြင့် ယခုဘဝမှာ မင်းကြီး ဖြစ်လာရတဲ့အတွက် မင်းမိန့်ကို နိုင်ငံတော်အတွင်းမှာ မည်သူမဆို နာခံရတယ်။ မနာခံက ရာဇဝတ် သင့်ရတယ်။ အကြင်သူ တစ်ယောက်သည် ကြီးပြီးစေနိုင်သော ဂါထာရှိ၍ ကြိုးနှင့်တုပ်သော် ကျွတ်ရမည် ဖြစ်၏။ သို့သော် မင်း၏အမိန့်နှင့် အပြစ်ရှိသဖြင့် ကြိုးနှင့် တုပ်





သည်ရှိသော် ထိုကြိုးကျွတ် ဂါထာသည့် မစွမ်းတော့ချေ။ ထို့ကြောင့် ငါ၏ နေပြည်တော်အတွင်းသို့ ဝိဇ္ဇာများ မလာရဟု မင်းမိန့် ထုတ်ထားပါစေ'

'အတင်း လာခဲ့သည် ရှိသော်…'

'သြော်… ခက်တယ်။ ဖမ်းပြီး ဝိဇ္ဇာကို သတ်ကာ ချက်စားကြတာပေါ့၊ တကတဲပဲ။ ဝိဇ္ဇာဆိုတာမှာ ဆေးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ အင်းဝိဇ္ဇာ ဟူ၍ ရှိတယ်။

'အဲသည်အထဲမှာ အင်းဝိဇ္ဇာဆိုတာ ဝိဇ္ဇာတို့ရဲ့ ဘုရင်။ ဘာကြောင့်လဲ ဆိုတော့ အင်းဝိဇ္ဇာဆိုတာ အကျင့်သီလ စောင့်ထိန်းပြီး (၀ါ) ငါးပါးသော ကျင့်ဝတ်ကို ကံသုံးပါးနှင့်တကွ လုံပြီး သမထနှင့်ယှဉ်ကာ ထမြောက်အောင်မြင်လို့။ ဝိဇ္ဇာများမှာလည်း စည်းကမ်းကျင့်ဝတ် ရှိရတယ်။ ဝိဇ္ဇာဆိုတာလည်း မင်းမိန့်ကို နာခံရတယ်။ ဘာကြောင့်။ မင်းမိန့်ဆိုတာ တိုင်းပြည့်စည်း၊ လူယုတ်မာကို မ မစရ၊ အတတ်မပေးရ။ ဘာကြောင့်။ ထိုသူကြောင့် လောကပျက်မည်ကြောင့်။ အဲသည်စည်းကမ်းကို ဖောက်ဖျက်သော ဝိဇ္ဇာအား အင်းဝိဇ္ဇာက အမြဲ အပြစ်ဒဏ် ပေးနေတယ်။ အဲသည်တော့ ကျွန်မ ဖြေပြတာကိုပဲ မင်းကြီးထံ တင်လိုက်ပါ'

အမတ်ကြီးများ ပဏ္ဏာလက်ဆောင်ပြု၍ ပြန်ကြသည်။

သောက္ကတဲ ဘုရင်မင်းမြတ်ကား မနုစာရီ ဖြေကြားသည်အတိုင်း လိုက်ပါ ဆောင်ရွက်သဖြင့် စိတ်တော်ချမ်းမြေ့ သာယာနှစ်သက်သည် အားလျော်စွာ အလွန် ကျေးဇူးတင်လျက် များစွာ ကြည်ညိုနှစ်သက်ခြင်း ဖြစ်၏။ ထို့ကြောင့် မနုစာရီထံ များစွာသော အဖိုးထိုက်အဖိုးတန် ရတနာပစ္စည်း အဝတ်တန်ဆာတို့နှင့် အမတ်များကို လွှတ်ကာ ပူဇော်စေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူပင် အနိုင်နိုင်ငံက ဘုရင်မင်းတို့သည်လည်း မနုစာရီထံ လွှတ်၍ မပြတ်လောက်ပင် ပူဇော်ခြင်းကို ပြုကြ၏။ သုနာပရန္တ တိုင်းကြီးသည် ထိုသဘောအရ တစ်ပြည်နှင့်တစ်ပြည် စစ်နှင့် မဖြေရှင်းဘဲ ပြဿနာ၊ ပုစ္ဆာတို့နှင့်သာ မနုစာရီအားဖြင့် ဖြေရှင်းပေးသောကြောင့် ထိုခေတ်တွင် သုနာပရန္တတိုင်းသည် အလွန် အေးချမ်းသာယာ ရှိလေသည်။

မနုစာရီကား အလွန် သဘောထားမြင့်၍ လိမ္မာသော အမျိုးသမီးဖြစ်သည်အတိုင်း အကျင့်နှင့် ဉာဏ်ပညာသည် တွဲလျက် စွယ်စုံဖြစ်သည်နှင့်အညီ မိမိထံ ရောက်လာသော ပူဇော်မှု အမျိုးမျိုးတို့ကို မိမိ၏ထံ၌ အိမ်တော်သူ အိမ်တော်သားများတို့၏ အတွက်သာ ချန်လှပ်၍ မင်းကြီးထံသို့သာ ပို့ဆက်ခြင်း ပြုလေ၏။

တစ်ရံသောအခါ အချို့သော မှူးမတ်တို့က မည်သို့သော သဘောသို့ ဆိုက်ရောက်သည်ဟု မသိကြဘဲ မင်းကြီးထံ “ပစ္စည်းဥစ္စာ ရတနာတို့သည် မနုစာရီတွင် များစွာ ပေါကြွယ်နေသတတ်” ဟု တင်လျှောက်ကြ၏။ ပညာရှိ လေးဦးကား မနုစာရီသည် အချမ်းသာဆုံး ဖြစ်သော်လည်း ရွှေငွေဥစ္စာတို့သည်ကား တစိုးတစိမျှ မရှိဟု ကန့်ကွက် တင်လျှောက်ကြ၏။ မင်းကြီး၏ စိတ်တော်ကား ဇဝေဇဝါ ဖြစ်ပုံရ၏။ ထို့ကြောင့် မိဖုရားကြီးထံ ထိုအကြောင်းကို မေးရာ မိဖုရားကြီးသည် ဆိတ်ဆိတ်နေလေ၏။

တစ်နေ့သော ညနေချိန်တွင် ရတု၏ သာယာခြင်းကိုယူ၍ မင်းကြီးနှင့် မိဖုရားကြီးသည် မနုစာရီ၏ အိမ်တော်သို့ ရောက်ကြရာ မနုစာရီသည် အိမ်ပေါ်သို့ပင့်ချီလျက် မင်းနှင့်မိဖုရားတို့ကို တင့်အပ်သောနေရာ၌ ဝတ်ပြုပြီးသော် ခစားလျက် နေ၏။ မိဖုရားကြီးသည် မနုစာရီအိမ်၏ သာမန်မျှသော အခင်းအကျင်း အဆောင်အယောင်ကို မြင်ပြန်ရ၍ စိတ်တော် မကြည်မသာ ဖြစ်၏။





မင်းကြီးနှင့် မိဖုရားကြီးသည် တစ်ဖန် မနုစာရီ၏ ဥစ္စာတိုက်ခန်းသို့ ကြည့်ရာ ဥစ္စာတိုက်ခန်း၌ ခမောက်၊ ပလွေတို၊ နှင်တံ၊ နဖားကြိုး၊ ရသေ့ပရိက္ခရာ အစုံမျှကိုသာ တွေ့မြင်ရ၍ မိဖုရားကြီးသည် မဆည်နိုင်ဘဲ မျက်ရည်ကျကာ မိခင်သည် အခါလည်သားမျှသာ ဖြစ်သော သားဦးကို ပွေ့ဖက်နမ်းရှုပ်ဘိ သကဲ့သို့ မနုစာရီကို အားရအောင် နမ်းရှုပ်လျက် ချစ်စနိုးလှဖြင့် ဤသို့ ဆို၏။

‘ချစ်သမီးတော်၊ ဥစ္စာပစ္စည်း စုဆောင်းသိုမှီးခြင်းကို ပြုပါဦး’

‘ဥစ္စာပစ္စည်းမည်သည် ရန်သူမျှသာပါ ဘုရား’

‘သမီးတော် လိမ္မာလှပါကလား၊ သမီးတော်မှာ အိမ်တော်သည်များအတွက် လိုမယ် မဟုတ်လား’

‘ခမည်းတော်၊ မယ်တော်နှင့် မောင်တော်နှစ်ယောက် ရှိပါတယ် ဘုရား’

‘ငါ့သမီး၊ ခမည်းတော်နှင့် မယ်တော်၊ မောင်တော်များကို အင်မတန်ယုံကြည်ပြီး အားထားပါကလား’

‘အားထားကြောင်းပါ ဘုရား’

‘သမီးတော်’

‘ဘုရား’

‘လူတို့မည်သည် ကောက်ကျေ့တတ်သည်၊ စဉ်းလဲတတ်သည်ဟု သမီးတော် ပြုစုတဲ့ ကျမ်းထဲမှာ ပါပကလား’



www.burmeseclassic.com

www.burmeseclassic.com



'ရှေ့ကိုဆက်၍ ရှုတော်မမူလို့ပါ ဘုရား'

'ဆိုစမ်းပါဦး'

'အကြင်သူတစ်ယောက်သည် ကောက်ကွေ့၏။ စဉ်းလဲ၏။ ထိုသူသည် ဖြူဖြောင့်သောသူ၏ အပေါ်၌ ကောက်ကွေ့၍၊ စဉ်းလဲ၍ မဖြစ်နိုင်ပါ။ ထို့ကြောင့် ဘုန်းဘုရား သမီးတော်၏ အားထားရာ အစဉ်သည် ခမည်းတော်၊ မယ်တော်မြတ်ဘုရား မင်းနှစ်ပါးတို့နှင့် မောင်တော်နှစ်ပါးတို့ပါ ဘုရား'

မိဖုရားကြီးကား မနုစာရီကို အားမရနိုင်သော ချစ်ခြင်းဖြင့် ရင်ခွင်တွင်းမှာထားလျက် 'သမီးတော် ပျော်ပျော်သာနေ၊ ရွှေတိုက်တော်မှာ အချိန်မရွေး အလိုရှိသမျှ ထုတ်ယူသုံးစွဲဖို့ မောင်တော်ဘုရားက အမိန့်ချမှတ်ထားတော်မူလိမ့်မယ်' ပြောဆိုနေလေ၏။ ဘုရင်မင်းမြတ်ကား ပိန္နဲသီးအကြောင်း ဤသို့ စကားဆက်လေတော့၏။

'သမီးတော်၊ သမီးတော် ပို့လိုက်သော ပိန္နဲသီးကား အလွန် ထူးဆန်းလှပါကလား၊ တစ်မြွှာကိုပင် ကုန်အောင် မစားနိုင်၊ အရသာကား အတိုင်းမသိ'

'သည်ပိန္နဲသီး ရတနာကို ဖြစ်စေသော ကျောက်မြေ၌ ပေါက်ရောက်၍ မြေဆီမြေသြဇာ အလွန်ထွက်သော မြေအတွင်း၌ အမြစ်မှ သီးပါသည်။ မဟာပိန္နဲဟု ခေါ်ပါသည်။ စားသုံးသူများမှာ ရောဂါကင်း၍ အသက်ရှည်ပြီးသော် အားအင် ပြည့်ဖြိုးစေပါသည်'

'ဥယျာဉ်တော်မှာ စိုက်လို့ မရဘူးလား'

'သာမန်ပိန္နဲသာ ဖြစ်ပါမယ် ဘုရား'

'အင်း...'





'သည်ပိန္နဲက လူများကို သာဓကေ ဆောင်နေပါတယ် ဘုရား'

'ဘယ်လိုလဲ'

'မြေသြဇာကောင်းမှ အသီးအနံ့ဟာ အရသာကောင်းပြီး အကျိ
ကို ဖြစ်ထွန်းစေဘိသကဲ့သို့ လောကမှာ မြေနှင့်တူသော မိခင်များ ကောင်း
မှ တိုင်းသူပြည်သားကောင်း ဖြစ်ထွန်းနိုင်ပြီး နိုင်ငံတော် ထိပ်တန်းသို့
ရောက်နိုင်ပါသည် ဘုရား'

'အင်း... လာပြီး ဆက်သူ'

'ပိန္နဲသီးနှင့် လာ၍ ကျေးဇူးဆပ်သူ ရသေ့လေးပါးကား ဘုန်းဘုရာ
သမီးတော်ကို နိုင်ငံတစ်ခုက သတ်ဖို့ လွှတ်လိုက်တဲ့ လေးသည်ကြီး
လေးဦးပါ ဘုရား'

'ဟင်... ငါ မသိရပါလား'

'အချင်းများပြီး မင်းမာန်ပွားကြမှာကို စိုးရိမ်၍ သမီးတော် အေးအေး
နှင့် ငြိမ်းစေပါသည် ဘုရား၊ သမီးတော်မှာ စစ်သူကြီးလေးဦး အမြ
စောင့်နေပါ၍ မည်သည့်ရန်သူမျှ ရုတ်တရက် အောင်မြင်ခွင့် မရပါ'

'သမီးတော်၊ ဘယ်မှာလဲ စစ်သူကြီးလေးဦး'

'ဖြူဖြောင့်သော စိတ်ထား၊ သူတစ်ပါးအပေါ် သနားသော စိတ်
ထား၊ သူ ကောင်းစားမှုကို ဝမ်းသာသော စိတ်ထား၊ ကိုယ့်အကျိုးကို
လျစ်လျူပြုသော စိတ်ထား၊ ဒါဟာ သမီးတော်၏ စစ်သူကြီးလေးဦးပါ
ဘုရား'

'အင်း... သမီးတော်၊ ပစ္စည်းဥစ္စာများကိုလည်း စုဆောင်းပါဦး'

'သမီးတော်မှာ ရွှေအိုးကြီးလေးလုံး ရှိနေပါပြီ ဘုရား'

'ဘယ်မှာလဲ သမီးတော်'



www.burmeseclassic.com

www.burmeseclassic.com



'ရှိသေခြင်း တစ်လုံး၊ မာန်မာန နှိမ့်ချခြင်း တစ်လုံး၊ ရောင့်ရဲလွယ်ခြင်း တစ်လုံး၊ သူ့ကျေးဇူးကို သိတတ်ခြင်း တစ်လုံးပါ ဘုရား'

ဤသို့လျှင် ပြောဆိုကာ ချစ်ကြည်နေကြပြီးသော် မင်းကြီးနှင့် မိဖုရားကြီးသည် ပြန်လေ၏။

နောက်တစ်နေ့ နံနက်စောစောသော် မနုစာရီ့ အိမ်တော်မှ အပျိုတော် လူပျိုတော်များ၊ အိမ်တော် အမှုလုပ်များသည် သည်းစွာ ငိုကြွေးကြလျက် ဘုရင့်နန်းတော်သို့ သွားရောက်ကြလေ၏။ မင်းကြီးလည်း အထိတ်တလန့်နှင့် ဤသို့ မေးတော်မူလေ၏။

'ဟယ် ဘာတုံး၊ ဘာဖြစ်လာကြတာလဲ'

'မမဘုရား မရှိတော့ပါဘူး၊ ထွက်သွားပါပြီ ဘုရား'

'ဟင်...' ဟု ဘုရင်မင်းမြတ်သည် မတည်နိုင်ဘဲ မျက်ရည်ကျလျက် 'ရထားပေါင်းချုပ် ပြင်' ဟု ချက်ချင်း အမိန့်ပေးလေ၏။ မိဖုရားကြီးကား 'ငါ့သမီးကို ရှာကြပါဦး' ဟု ဆိုကာ သည်းစွာ ငိုကြွေးလေ၏။

ထိုသတင်းသည် ချက်ချင်း ပျံ့နှံ့သွား၍ သက်သာရွှေပြည်ကြီးသည် လှိုက်ဆူသွားလျက် အူသည်းပြတ်မျှ ဆံပင်ဖားလျားနှင့် ငိုကြွေးကြကုန်၏။ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီး ခေါင်းဆောင်ကာ ပြည်သူတို့ကို အိမ်ရှေ့မင်းသားနှင့် စစ်ဘုရင် သေနာပတိသည် အုပ်ချုပ်လျက် မနုစာရီ နောက်သို့ လိုက်ကြရာ မနုစာရီ စီးသွားသော မြင်းနက်ကျော်မသည် ခရီးလမ်းတွင် ရပ်နေရာမှ မင်းကြီးနှင့် မိဖုရားကြီး၏ ရှေ့တွင်ပင် ရပ်တည်မရဘဲ နှလုံးကွဲကာ လဲကျသွားလေ၏။

လမ်းခရီးခွဉ် သစ်ခက်တို့ကို စည်းချလျက် ဤသို့ ကမ္ပည်းထိုးထားခဲ့သည်ကို တွေ့ကြရလေ၏။





**လောကတွင် ကြောက်စရာပါ တကား။**

**စာရီသည် သက်သာပြည်ကြီး၏ အကျိုးကို အဆေါင်အထိပ်ရောက်အောင် ဆောင်ရွက်ပြီးခဲ့ပြီ။**

**စာရီသည် ဗြဟ္မာ့ပြည်သို့ တက်ရန် ကြိုးစားရပါတော့အံ့။**

**စာရီကို ငြိုးသို၍ မုန်းထားသော သူတို့သည် ဤစည်းကို ဖျက်၍ စာရီတောသို့ ဝင်ရာကို နှောင့်ယှက်ပါလော့။**

**သြော်... ချမ်းသာစွ၊ ချမ်းသာစွ။**

မင်းကြီးနှင့် မိဖုရားကြီးကား 'သမီးတော်၊ သမီးတော်' ဟု ဟစ်ဆိုလျက် ရထားပေါ်တွင် မေ့လျော့သွားလေသတည်း။

ဦးဘိုးသင်း
၁၃၂၀ ခု၊ ပထမ ဝါဆိုလဆန်း ၄ ရက်
(ကြာသပတေးနေ့)

www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်း ဦးဘိုးသင်း

# မနုစာရီ

- မြင်ချက်နှင့် အကန်းကား ဘယ်သူနည်း။
- အရောင်အဝါ ရှိချက်နှင့် ညစ်နွမ်းနေသူကား အသူနည်း။
- စားသောက် လှုပ်ရှားကာ ကျန်းကျန်းမာမာနှင့် ရှိပါချက် လမ်းမသွားနိုင်သူကား မည်သူနည်း။
- အစားစားချက် သေနေသောသူကား မည်သူနည်း။

ထိုထို ပြဿနာများအတွက်

ပညာရှင်သခင်မ မနုစာရီ၏ အဖြေများကား . . .။

www.burmeseclassic.com